www.burmeseclassic.com

# မြင့်သန်း

# ရောရောယောင်ယောင် မောင်ဘမောင် နှင့် ရပ်ထဲရွာထဲက ဝတ္ထုများ



www.burmeseclassic.com

www.burmeseclassic.com

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

မြန်လည်သန်စွမ်းရေး (ဒေါက်တာလှဝေ)
ဇော့ဖွာကျွာ (မောင်ရဲနိုင်)
၁

<u>မုံရွေးသမိုင်းစာစဉ်</u>
မြန်မာသမိုင်းလမ်းကြောင်းများ (ဒေါက်တာသန်းထွန်း)
မြန်မာသမိုင်းပုံ (ဒေါက်တာသန်းထွန်း)

<u>မုံရွေးမိတ်ဆက်စာစဉ်</u>
ကေးအော့(စ်) (Chaos) (ဒေါက်တာတင်လှိုင်)

<u>မုံရွေးဝတ္ထုစာစဉ်</u>
သိုးဆင်နိုင်ချောက် (စာရေးဆရာများ)
ဇာဝေဇတာ၏ လက်တင်ဝါးစာဝတ္ထုတိုများ (မြင့်သန်း မြန်မာပြန်သည်)
ဘာရှီဗစ်ဆင်ဂါး၏ ဝတ္ထုတိုများ (လင်းဆက်မြိုင် မြန်မာပြန်သည်)

<u>မုံရွေးကဗျာစာစဉ်</u>
မောင်ချောနွယ် ဆန်သွားသောအရွက်များ (မောင်ချောနွယ်)
ညီမီဂုဏ်ပွင့်ညများ (အောင်ဝေး)
နီရူဒါ (ကိုတာ မြန်မာပြန်သည်)

www.burmeseclassic.com

www.burmeseclassic.com

# ရောရောယောင်ယောင်မောင်ဘမောင်

## နှင့် ရွာထဲအရပ်ထဲကဝတ္ထုတိုများ

မြင့်သန်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် — ၂၈၈ / ၂၀၀၃ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၆၂၂ / ၂၀၀၃ (၆)

■

ပုံနှိပ်ခြင်း

ပထမအကြိမ်

■

အုပ်ရေ

၅၀၀

■

ထုတ်ဝေခြင်း

စက်တင်ဘာလ၊ ၂၀၀၃

■

မျက်နှာဖုံးဒီဇိုင်း

သန်းရွှေမောင်

■

ကွန်ပျူတာစာစီ

မိုးရွှေ

■

တည်းဖြတ်

ကိုတင်အေး

■

ထုတ်ဝေသူ — ဦးတင့်လွင် (မ)၊ သော်က၊ သော်ကစာပေ၊ ၆၀၅ – ၆ ရပ်ကွက် သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ — ဦးထွန်းလင်း၊ မိုးဝေအော့ဖ်ဆက် (ဝ၆၃၆၂) ၁၄၇၊ ၄၅လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်။

တန်ဖိုး - ၆၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


အမှာ

၁။ မြန်ချင်ပြီ ညီမောင်ရဲ့ ........................ ၁

၂။ ညဆယ့်နှစ်နာရီ၊ တစ်စက္ကန့် ............ ၁၁

၃။ ချစ်ခြင်းသည် အပြစ်တင်း၏ ............ ၂၃

၄။ ထိုယောကျ်ားက မိုက်၏။ ................ ၃၃

ထိုယောကျ်ားတို့ကား,မလိမ္မာကုန်

၅။ မောင်ဘသောင်း၏ ကောင်း၍ကောင်းခြင်းနှင့် . ၄၅

မကောင်း၍ ကောင်းခြင်းအကြောင်း

၆။ လက်နှစ်လုံး သုံးခါ ကိုမရသာ ...... ၅၇

၇။ ခင်မင်သူကလေး ........................ ၆၇

၈။ တင့်ခိုင်၊ ဆင့်မြိုင်နှင့် မြင့်ကြိုင်တို့အကြောင်း . . ၇၇

၉။ လွယ်ကူစွာပြောဆိုသင့်သောအကြောင်းများ . . . ၈၇

၁၀။ မသိ သိသိ၊ သိ သိသိ .................. ၉၉

၁၁။ ခေါင်းကောင်းကောင်းတစ်လုံး ............ ၁၀၉

၁၂။ လင်းက မမိ၊ ခေါင်းမိရသည့်အကြောင်း .... ၁၂၃

၁၃။ မာကဆစ်တစ္ဆေ .......................... ၁၃၅

၁၄။ ဆင်ခြင်ခြင်း၏ ရက်စက်မှု .............. ၁၄၉

၁၅။ သံပုရာတစ်ပင်ခြံ ...................... ၁၆၀

၁၆။ အစားထိုးထားသောဘဝအတွက် စာလုံးများ . . ၁၇၃

၁၇။ မလွှမ်းနိုင်ဘူးကဲ့ဖျာတို့ .................. ၁၈၇


www.burmeseclassic.com

www.burmeseclassic.com

# အမှာ

ဤဝတ္ထုတိုများစာအုပ်တွင် ပါဝင်သော ကျွန်တော်၏ အရေးအသားများမှာ ၁၉၉၀ ကာလ၏ နောက်ပိုင်းတွင် ရေးသားသော အရေးအသားများသာ ဖြစ်ပါသည်။ အတော်များများမှာ မဂ္ဂဇင်းများတွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ တစ်ပုဒ်နှစ်ပုဒ်သာ ယခင်က ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိသော အရေးအသားများ ဖြစ်ပါသည်။ ဤအရေးအသားများ၊ အရေးအသားဟန်များ ဖြစ်လာခြင်းမှာ အကြောင်းရှိသဖြင့် အထိုက်အလျောက် ရှင်းပြလိုပါသည်။

ပညာရပ်ဆိုင်ရာ အဆောက်အအုံများနှင့် ကျွန်တော် ဆယ်နှစ်ခန့် ကင်းကွာခဲ့ပြီးနောက် ၁၉၈၀ ကာလများ၏ စောစောပိုင်းတွင် ကျွန်တော်သည် ပညာရပ်ဆိုင်ရာ အဆောက်အအုံများအတွင်းသို့ ပြန်လည်ရောက်ရှိသွားခဲ့ပါသည်။ ပညာရပ်ဆိုင်ရာ အဆောက်အအုံများအတွင်း ပြန်လည်ရောက်ရှိသွားပြီး စနစ်တကျ လေ့လာရသောအခါတွင် ကျွန်တော်၏ ဆိုးဆိုးရွားရွား အနက်ယူမှားခဲ့ခြင်း အများအပြားကို သိရှိရ

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ အဓိကမှာ ကျွန်တော် ကျွမ်းကျင်နှံ့စပ်သည်ဟု အထင်ရှိခဲ့သော အနောက်တိုင်းဘာသာစကားအခြေခံကာ ကျွန်တော် သိမှတ်နားလည် လက်ခံ အနက်ဖွင့်ခဲ့ပုံ အတော်များများသည် ကျွန်တော်၏ ပင်ရင်း (အရှေ့တိုင်း/မြန်မာ စသည်ဖြင့် ခေါ်လိုက ခေါ်နိုင်သည်) သိမှုတွင် အခြေခံကာ၊ သိမှတ် နားလည်ခဲ့ခြင်းသာဖြစ်ခဲ့ကြောင်း သဘောပေါက်ရသဖြင့် ဖြစ်ပါသည်။

အထူးသဖြင့် ၁၉၆၀ ကာလခန့်က စတင်ပုံနှိပ် ထုတ်ဝေခဲ့သည့် အနောက်တိုင်းဘာသာ စာဖြင့်ရေးသားခဲ့သော အရေးအသား အများအပြားမှာ အစဉ်အလာ၏ ဘောင်မှ ခွဲထွက်ခဲ့ကြပါသည်။ ပညာရပ်ဆိုင်ရာ အဆောက်အအုံများသည် ငိုမို၍ စနစ်ကျလာကြကာ၊ လျင်မြန်စွာ ကြီးထွားလာကြပါသည်။ အလားတူပင် ဖန်တီးမှုဆိုင်ရာ အနုသုခုမပညာရပ်များမှာ လျှင်မြန်စွာ ပြောင်းလဲလာကြပါသည်။ ထို ပြောင်းလဲမှုများတွင် အကြောင်းပေါင်းများစွာ ရှိခဲ့ပါသည်။ ရှေးကသော် ထိုအကြောင်းပေါင်းများစွာကို ဖိုးစဉ်းမျှမသိဘဲလျက် ပြောင်းလဲသွားသော အနုပညာကို မှန်းဆ၍ သာယာခဲ့မိပါသည်။

သိမှတ်နားလည်နိုင်မှု ကွာပုံသည် မြန်လည်ဖော်ထုတ်ရာတွင် အရေးကြီးကြောင်း ရှေးကပင် ကျွန်တော် နားလည်ရန်သင့်သော်လည်း ကျွန်တော့်အနေဖြင့် သတိမမူ ဖြစ်ခဲ့ပါသည်။ ကျွန်တော်ငယ်စဉ်က ကျွန်တော့်ဖခင်ကြီး၏ မိတ်ဆွေတစ်ဦးဖြစ်သူ ရန်ကုန်တက္ကသိုလ်ဘာသာဆရာဟောင်းဖြစ်သူ ဦးတင် (မြန်ဘောင့်ဦးတင် ဟုလည်း တွင်သည်)က အင်္ဂလိပ်သတင်းစာတစ်စောင်မှ ပေးစာတွင် ရေးသားထားသော အရေးအသားနှစ်ခုကိုပြကာ "မောင်မြင့်သန်း၊ ဒီမှာဘာကွာသလဲ" ဟု မေးမြန်း

www.burmeseclassic.com

ပါသည်။ ကျွန်တော် ဖတ်ကြည့်ရသလောက်မှာ ကြီးကြီးကျယ်ကျယ် ကွာပုံမမြင်။ သို့သော်လည်း အန်ကယ်ဦးတင်က "ဒါက၊ ဘိုက ဘိုလိုရေးတာ။ ဒါက၊ တို့အရှေ့တိုင်းသားက ဘိုလိုရေးတာ" ဟု ပြောကာ ရှင်းလင်းပြပါသည်။ ဆိုလိုသည်မှာ သိမှုပုံစံ ကွာသဖြင့် ဘာသာစကားကို တည်ဆောက်ရာတွင် ကွာခြားသွားကြခြင်း ဖြစ်ပါသည်။

ဤတွင် မော်ဒန်-ပို့စ်မော်ဒန်အကြောင်း အနည်းငယ် ထည့်သွင်းဆွေးနွေးရန် လိုအပ်လာပါသည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့စဉ် ကာလအတွင်း၊ ကျွန်တော် လက်လှမ်းမီသမျှ ဖတ်ရှုပြီးနောက်၊ အရေးအသား အတော်များများ စမ်းသပ်ရေးသားခဲ့ဖူးပါသည်။ အတော်များများမှာ အနောက်၏ သိမှုပုံစံကို အခြေခံထားသော အရေးအသားမျိုး ဖြစ်ပါသည်။ တစ်နည်းဆိုသော် ပုံတူကူးထားသည့် သဘောမျိုး ဖြစ်ပါသည်။ အထူးသဖြင့် သိမ္မနှင့် သညာများကို တိုက်ရိုက် ဖလှယ်၍ မြန်မာဘာသာစကားအားဖြင့် ပြန်လည်ဖော်ထုတ်ခြင်းများ ဖြစ်လာပါသည်။ ဥပမာ- ကျွန်တော် ဖတ်ရှုခဲ့ရဖူးသော "သိုးများကို လက်နှိပ်စက် အရိုက်သင်ပေးသည်" ဟူသော Satirical Irony ကို ကျွန်တော်က ကျွန်တော်၏ အရေးအသားတစ်ခုတွင် "နွားများ၊ တွင် ကာရာရေတာ တယ်ပေး သင့် မသင့်" ဟသည်ဖြင့် ရေးသားခဲ့ပါသည်။ တဖတ်သူများကမူ Satirical Irony အဖြစ် မမြင်ဟု ထင်သည်။ ဝေဖန်ရေးဆရာတစ်ဦးကမူ ကြောင်သည်ဟု၍ပင် ဝေဖန်ခဲ့ပါသည်။ ထိုဝေဖန်ချက်မှာ ယခုသော် ကျွန်တော့်အတွက် အလွန်အကျိုးရှိသော ဝေဖန်ချက်ဖြစ်လာသည်။ ထိုစဉ်က ကျွန်တော်သည် ဘာသာစကား၏ ထိန်းချုပ်မှု နားလည်မှုကို ထည့်သွင်း

www.burmeseclassic.com

မစဉ်းစားခဲ့မိခဲ့သော အကြောင်းကို သတိပေးသလို ဖြစ်လာပါသည်။

မော်ဒန်-ပို့စ်မော်ဒန် လမ်းကြောင်းပေါ်တွင် ဖန်တီးရာ၌ ဒီလိုရေးရမယ်ဟုလည်း တွေးခဲ့မိသဖြင့် ရေစမ်းကြည့်ခဲ့ရာ ထိုသို့တွေးခဲ့ခြင်းသည်ပင် ပို့စ်မော်ဒန်လမ်းကြောင်းမှ သွေဖည်သွားခဲ့ကြောင်း၊ အနှစ်နှစ်ဆယ်ကျော်မှ သဘောပေါက်ရပါသည်။ ဆရာများ၏ ဝန့်စ်တာကျ ပို့ချမှုအောက်တွင် ပို့စ်မော်ဒန်ဟု သတ်မှတ်ထားသော အရေးအသားများကို ဖတ်ရသည့်တွင် ကိုယ့်ဘာသာ ရှက်ဖြုံးဖြုံးမိပါသည်။ ဘာသဲလ်(မ)၊ ပင်ချွန်း၊ ဗရော့တီဂန် တို့၏ အရေးအသားများကို ဖတ်ရှုရသည့်တွင် ကျွန်တော် အသိသစ်များ ရခဲ့ရပါသည်။ ကျွန်တော်တို့ သိမှုသို့မဟုတ် သိမှတ်မှုပုံစံထဲတွင် မရှိခဲ့သော အနောက်တိုင်း သိမှုပုံစံများကို မည်သို့မည်ပုံ အံဝင်အောင် သုံးမည်ဟု မစဉ်းစားဘဲ၊ အတင်းပယ္ပင် သုံးစွဲမိပုံကို ပြန်လည် တွေးကြည့်ကာ ရှက်မိပါသည်။

သို့ရာတွင် ကျွန်တော့်အနေဖြင့် ဝမ်းသာနိုင်သော အချက်တစ်ခုမှာ မော်ဒန်-ပို့စ်မော်ဒန် ဖန်တီးမှုများကို အနောက်တိုင်း အတွေးအခေါ်စနစ်များနှင့် မရောထွေးခဲ့မိခြင်း ဖြစ်သည်။ ဖန်တီးမှုသည် ဖန်တီးမှုဖြစ်ပြီး၊ ပညာရပ်ဆိုင်ရာ တင်ပြမှုများသည် သီးခြားအပြုအမူများဟု မြင်ပါသည်။ မဆီမဆိုင် စထရပ်ချရယ်လစ်တို့၏ အမြင်များ၊ ဘာသာဗေဒဆိုင်ရာ တည်ဆောက်မှုများကို ဖန်တီးခြင်းဖြင့် ရောထွေး မမြင်ခဲ့မိခြင်း ဖြစ်သည်။ ထင်စစ် ပို့စ်မော်ဒန်ကာလ၏ အနုပညာဖန်တီးမှု၏ အခြေခံမှာ လွတ်လပ်ခြင်းဖြစ်ပြီး (လွတ်လပ်ခြင်းကို တောင်းဆိုခြင်းနှင့် မရောထွေးပါနှင့်) ၎င်း၏

www.burmeseclassic.com

ဆန္ဒအတိုင်း ပြန်လည်ဖော်ထုတ်ပြခြင်းသည်သာ အခရာ ဖြစ်ပါသည်။ ဒီကော်နီစထရပ်ရှင်းတို့ ဟိုကောနီစထရပ်ရှင်းတို့ ဆစ်ကာနေဗိုင်ရာတို့၊ ဆစ်ဂနေဖိုက်တို့ ဒီ စင်ထရယ်လိုက်တို့ ဖရိုက်ဂမင့်တေးရှင်းတို့ လိုဂိုစင်တရစ်တို့ မက်တာနယ်ရေးတစ်တို့၊ ယင်းတို့သည် ဖန်တီးမှု၏ အခြေခံများ မဟုတ်ပါ။ ပညာရပ်ဆိုင်ရာ ဆွေးနွေးမှုအတွက် သိရှိရန် လိုအပ်မှု၏ အစိတ်အပိုင်းသာ ဖြစ်ပါသည်။ ပညာရှင် (သို့မဟုတ်၊ အသိအမှတ်ပြု ပညာရှင်) များ ဆွေးနွေး၊ နှီးနှောကြရန်သာ ဖြစ်ပါသည်။ ရှင်းရှင်းရေးရသော် အခြေခံအထိုက်အလျောက် မရှိဘဲ၊ နားလည်နိုင်သော အကြောင်းများလည်း မဟုတ်ပါ။

ဤစာအုပ်ပါ အရေးအသားများကို ဂရုပြုကြည့်သော် သုံးမျိုးသုံးစား ပါဝင်နေကြောင်း တွေ့ရပါမည်။ "လွယ်ကူစွာ ပြောဆိုသင့်သော အကြောင်းများ" မှာ ရှေးက ကျွန်တော် ရေးလေ့ရှိသော "ကျွန်တော်" တည်းဟူသော နာမ်စားကို သုံးစွဲ၍ ရေးသားထားသည်ကို တွေ့ရပါမည်။ "မောင်ဘမောင် ဝတ္ထုတိုများ" တွင်မူ မောင်ဘမောင်မျက်နှာဖုံးကို စွပ်၍လည်းကောင်း၊ နောက်ပိုင်းတွင် ဖော်ပြထားသော ဝတ္ထုတိုများတွင် တင်ပြနေသူကို မမြင်ရတော့သည့် အနေအထားဖြင့်လည်းကောင်း ရေးသားခဲ့ပါသည်။ စာရေးသူ၏ "ငါ" နှင့် "အတ္တ၏ရှိနေမှု" အကြား၊ ရှေးဆစ်ထားသော အရေးအသားများသာ ဖြစ်ပါသည်။ ရေးသားသူ၏ "ပါဝင်ပတ်သက်ထားသော" နှင့် "နိုင်သော" နေရာများ တွေ့ရပါလိမ့်မည်။ အရေးအသားများ အားလုံး၏အကြား၌ တူညီမှုတစ်ခုသာ ရှိပါသည်။ ဤအရေးအသားများအားလုံးကို ကျွန်တော်သည် လမ်းပေါ်က လူတစ်ယောက်အနေဖြင့်သာ ရေးသားခဲ့ပါသည်။ ယခုတော်

www.burmeseclassic.com

www.burmeseclassic.com

စာဖတ်သူ (တို့) ၏ လက်အတွင်းမှ ကျွန်တော့်အရေးအသား များသာ ဖြစ်သွားခဲ့ပါပြီ။

နိဂုံးအားဖြင့် ဆိုရသော် အရေးအသားတစ်ခုတစ်ရာအား ဖန်တီးရာတွင် ဖန်တီးသူ၏ သိနားလည်မှုသည် အရေးအကြီးဆုံး ဖြစ်ပါသည်။ ပညာရှင်များက သူတို့အလုပ် သူတို့လုပ်ကြ ပါလိမ့်မည်။ ဖတ်သူများက သူတို့၏ သိမှတ်ခံစားနိုင်မှု အတိုင်းအတာတစ်ခုအနေဖြင့်သာ ဖတ်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ဆိုခဲ့ပြီးသည့်အတိုင်း ကျွန်တော်ကမူ လမ်းပေါ်က လူတစ်ယောက်အနေဖြင့် ဤဝတ္ထုတိုများကို ရေးသားခဲ့ခြင်းသာဖြစ်၍ အားလုံးနှင့် တစ်သဘောတည်း ဖြစ်လိမ့်မည်ဟူ၍ကား မျှော်လင့်မထားပါ။

မြင့်သန်း
စက်တင်ဘာ၊ ၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com

## မြန်ချင်ဖြို ညီမောင်လှရဲ့

ဖေဟာ. . . နေဝင်တော့မယ်။ ဒီနေရာက ထိုင်ကြည့်ပြီး နေဝင်တာ၊ နေထွက်တာ ကြည့်ကြည့်နေတာ ကြာပြီ။ အလုပ်မှ မရှိဘဲကိုး။ ဒီအချိန်လောက်ဆို ဒီအနားကထိုင်ပြီး နေဝင်ပုံ ကြည့်ရတာ ဟုတ်သလိုလိုရှိတာနဲ့ လာလာပြီး ထိုင်ကြည့်နေမိရာက၊ ခုတော့ အလေ့အကျင့်ကလေးလို ဖြစ်နေတယ်။ အကျင့်ကြီးတစ်ခုရယ်လို့တော့လည်း မဟုတ်ဘူးပေါ့လေ။ ကိုယ့်မှာက ဘာမှလုပ်စရာမှ မရှိတာ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ ဝီစကီကလေး တစ်ပက် နှစ်ပက်လောက် များ ချပြီး ဒီအနားလာထိုင်နေရတာ ပိုများတောင် နိုင်သေးတယ်။ နေဝင်ပုံ ကလည်း ကြည့်ရင်း ညာဏ်ကစားရတာပေါ့လေ။ ဒီအရွယ်ရောက်တော့မှလည်း အဲဒီလို ဝီစကီလေး ဘာလေး သောက်လိုက်ရတဲ့အခါ ဦးနှောက်က အလုပ် ပိုလုပ် တယ် ခေါ်ရမလားပဲ။ နည်းနည်းပါးပါး။ ငယ်ငယ်တလို ဂေါ်ရင်ကို့သောက်တော့ ဘယ်သောက်တော့မှာတုန်း။ ခုအရွယ် က တန်ဆေး လွန်ဘေးကိုး။ မဟုတ်ပေဘူးလား။

ငယ်ငယ်တုန်းကတော့ ဟုတ်သပေါ့။ အပေါင်းရယ်၊ အဖော်ရယ်၊ ပိုက်ဆံရှိလာလို့ ဝမ်းသာတဲ့အခါရယ်၊ ဘိုင်ကျလို့ စိတ်ညစ်တဲ့အခါရယ် ဆင်ခြေမျိုးစုံနဲ့ သောက်ခဲ့ကြတာကလား။ သောက်သပေ့ဆိုတော့လည်း မူးမှကြိုက်တယ်၊ ခုလို အရသာကလေးခံပြီး သောက်ရတယ်ဆိုတာမှ မသိဘဲကိုး။ ခုတော့လည်း အဲဒီလို မမိုက်ရဲတော့ဘူး။ ပိုဆိုးတာက အပေါင်း ရယ်၊ အဖော်ရယ်ဆိုတာက ဝေးဝေးလာကြပြီ မဟုတ်လား။ မကြာခင်ကတင် ဖိုးကို့ ဆုံးသွားတာကြားရတယ်။ စိတ်မကောင်း ဘူး။ ခုထိပဲ၊ ဒါပေမဲ့ ကိုယ်ကလည်း ဘာမှတတ်နိုင်တာ မဟုတ်ဘူး။ သူ့ဘဝ၊ သူ့အဖြစ်၊ သူ့ကိုယ်၊ သူ့ခန္ဓာ၊ သူ့ရှင်၊ သူ့ဘာသာသူပဲ မဟုတ်ဘူးလား။

သူက သူ့စီးပွားရေးနဲ့သူ တစ်သက်လုံးနေလာတာ။ ကိုယ့်လို ပင်စင်တွေဘာတွေ ယူစရာလိုတာ မဟုတ်ဘူး။ ဟို တစ်ခါ ဒီလာတုန်းကတောင် ပြောလိုက်သေးတယ်။ အ သက်ကလည်း ငယ်တော့တာမဟုတ်ဘူး။ ဆင်ဆင်ခြင်ခြင် နားနားနေနေလုပ်။ လောဘတွေ ဘာတွေ သိပ်များမနေနဲ့ တော့...စသဖြင့်ပေါ့လေ။ ဒီကောင်က စီးပွားရေးသမား

www.burmeseclassic.com



မဟုတ်လား။ ခုတော့လည်း လောဘနည်းလောက်တဲ့ အရွယ်ရောက်ပြီကိုး။ သူကြည့်ရတာ လောဘနည်းလောက်ပါပြီ။ ဒါပေတဲ့ ငယ်ကျွင့်ကလေးက တယ်မပျောက်ချင်သေးဘူး။ မြေးကလေးတွေ ကောလိပ်ရောက်နေမှ သူက မြွာကလေးတွေနဲ့ သွားလာနေချင်သေးတယ်။ သူကတော့ ပြောပါရဲ့။ ငါ မသေနိုင်သေးဘူး။ မသေချင်သေးဘူးတဲ့။ ဒါကြောင့်လည်း သူက ဆေးတို့ ဘာတို့ မှန်မှန်စစ်သတဲ့။ အားဆေးတွေ ဘာတွေလည်း မှန်မှန်သောက်တယ်ထင်ရဲ့။ အယ်. . . . ဖြစ်ချင်တော့ အိမ်နေတုန်း နှလုံးရပ်သွားသတဲ့။ ချော. . . ချော၊ သေ. . . ရော။ သေတယ်ဆိုတာကလည်း ကိုယ်ကပိုင်တဲ့ကိစ္စ မဟုတ် ဘူးလို့ ကိုယ်ကထင်တာပဲ။ ဒါကြောင့်လည်း အနိစ္စလို့ ခေါ်ကြတာ ထင်ပါရဲ့။

ဒါပေတဲ့ စပ်လို့ပြောရဦးမယ်။ နေတယ်. . . သေတယ် ဆိုတဲ့ ကိစ္စဟာ ကိုယ်ကပဲ ဆုံးဖြတ်နိုင်သတဲ့။ ဟိုတစ်ခါက ဒီမှာလာပြီး တစ်ပတ်လောက် နေသွားတဲ့ ကိုရင်မောင်တင့် သားက ပြောပြသွားဖူးတယ်။ ဒီအကောင်က ဘီအေ၊ အမ်အေ အောင်ပြီး ကောလိပ်မှာ စီလိုဆိုဖီတို့ ဘာတို့ သင်လာတာ ဆိုထင်ရဲ့။ ခုတော့ စာသင်ရတာ ငြီးငွေ့လို့ အရုပ်ရေးစားနေ သတဲ့။ သူက ပြောတယ်။ နေမလား၊ သေမလား ဆိုတဲ့ ကိစ္စကို ဆုံးဖြတ်နိုင်တာကလူပဲတဲ့။ လူကလွဲလို့ တခြားသက် ရှိသတ္တဝါ တွေဟာ နေတာ၊ သေတာကို ဆုံးဖြတ်နိုင်ဘူးတဲ့။ ကိုယ်ကလည်း သူ့လောက်ဉာဏ်သွားတဲ့ အကောင်မဟုတ်တော့ သူ့ကို အတော်ရှင်းအောင် မေးယူရတယ်။ ဒါတောင် သူ ပြောတာ အကုန်တော့ ဘယ်နားလည်မှာတုန်း။ ကိုယ်ဉာဏ်မီ တလော လေးလောက်တော့ရအောင် မှတ်ထားလိုက်ရတယ်။ သူကတော့

www.burmeseclassic.com



တစ်ညနေခင်းလုံး ကုန်အောင် ရှင်းပြပါရဲ့ . . . လူ ဆိုတာ ဆုံးဖြတ်နိုင်သတဲ့။ ရွေးချယ်နိုင်သတဲ့။ အထူးသဖြင့် နေမလား၊ သေမလားဆိုတဲ့ ကိစ္စကိုတဲ့။ ဟုတ်တော့လည်း ဟုတ်သလိုပဲ။

ခက်တာက ကိုယ်ကလည်း တစ်သက်လုံး ပစ်ချခံထား ရသလို နေလာတဲ့အကောင် မဟုတ်လား။ မိဘရဲ့ကျောင်းထား၊ နောက်တော့ ဘွဲ့ရ၊ ဘွဲ့ရပြီးတော့ အလုပ်ရ၊ အမေအမေက ပေးစားတဲ့မိန်းမယူ။ အချိန်တန်တော့ ရာထူးရာခံနဲ့ ဖြစ်၊ ကိုယ့်အထက်က ညွှန်ကြားတာလုပ်။ အိမ်ကမိန်းမ ချက်ကျွေးတာစား၊ ကလေးတွေကြီးလာ၊ အိမ်ထောင်ရက်သားတွေ ကျကြ၊ နောက် ကိုယ့်အိမ်ကိုယ့်ရာနဲ့ အိမ်ခွဲသွားကြ၊ အချိန်စေ့တော့ ကိုယ်က ပင်စင်ယူ၊ အသွားကြီးကလည်း ဘာသာရေးနောက် တောက်တောက်ပါသွားတော့ ယောဂီဝတ်နဲ့ ချောင်မှာသွားနေ။ ဒီလိုနဲ့ ကိုယ်က ခုလို တစ်ကိုယ်တည်း ဖြစ်နေတာပေါ့လေ။ အိမ်တစ်လုံး၊ ခွေးတစ်ကောင်နဲ့ ကိုယ့်ရဲ့ ငယ်တပည့် ခြံစောင့်လုပ်တဲ့ ဖိုးစပ်တို့လင်မယား ချက်ကျွေးတာ စားပေါ့လေ။

ဒါကြောင့်လည်း ကိုယ်က ခက်တယ်ပြောတာ။ တစ်သက်လုံးကလည်း ဘာမှကြီးကြီးကျယ်ကျယ်၊ ရွေးချယ်ဆုံးဖြတ်လာတာ မဟုတ်ဘူး။ ကိုယ့်မှာက ဘာတာဝန်မှ ကြီးကြီးကျယ်ကျယ် မရှိခဲ့ဘူး။ ခုမှ ဆုံးဖြတ်တာတို့၊ ရွေးချယ်တာတို့ ဆိုတာတွေ လုပ်ဖို့ကလည်း ခပ်တွန့်တွန့်ပေါ့။ ဒါကြောင့် ကိုရင်မောင်တင့်ထား ပြောသွားတဲ့ကိစ္စကို လက်ခံရအောင် ဆိုတာကလည်း ခပ်ခက်ခက်ရယ်၊ ဒါပေတဲ့ သဘောတော့ အကျသား။ တကယ်ပါ လူဆိုတာ နေမလား . . . သေမလား ကို ရွေးတတ်တယ်ဆိုတာ။ ခုနေအခါမျိုးမှာ မကြာကြာ

www.burmeseclassic.com



အဲဒါမျိုးတွေ ဝဦးစားတတ်တယ် မဟုတ်လား။ ဝဦးစားတတ်တဲ့ အရွယ်ကလည်း ရောက်နေပြီမဟုတ်လား။

မဝဦးစားလို့ကလည်း ကိုယ့်မှာထွေထွေထူးထူး လုပ်စရာမှ မရှိတာ။ ပင်စင်စား ပင်စင်စားနဲ့ တော်ရုံတန်ရုံဆို ဂုဏ်ပုဒ်တစ်ခုလိုလို ဘာလိုလိုနဲ့ သေသေချာချာ တွေးကြည့်စမ်းပါ။ တွေ့တွေ့ပတ်ပတ် မပြောရရင်၊ အမှန်ကတော့ သေမလို့ စောင့်နေတာပဲ မဟုတ်ဘူးလား။ ရက်ချိန်းမရသေးတာ ကလွဲလို့ သေဘက်ကို ကျပြီးသားပဲ။ ကြည့်လေ . . . ခုဆို ကိုယ့်မှာက ဘာမှလုပ်စရာမရှိတာ။ ဘာတစ်ခုမှ မည်မည်ရရ လုပ်စရာ မရှိတာပဲ။ တစ်ခါတစ်ခါ ကိုယ့်လို ပင်စင်စားကြီးတွေနဲ့ တွေ့ရင် ရှင်ပြုတုန်း ခွေထီးဆောင်းခဲ့ကြတာကို ပါဠိစာအရသာခံပြီး စားမြုံ့ပြန်ရတာကလွဲလို့ ဘာမှ ထွေထွေထူးထူး လုပ်စရာ ရှိလို့တုန်း။ ဒီအရွယ်ကျမှလည်း ဟိုတုန်းကလို တက်တက်ကြွကြွ လုပ်ချင်တယ်ဆိုတာတွေကလည်း ဘယ်ရှိတော့မှာတုန်း။

ပြောဦးမယ်။ ဟိုတစ်လောဆီက မြောက်ဘက်က ဆရာဝန်ကလေး လင်မယားအကြောင်း စက်ပိုင်ကိုအောင်ခင်က ပြောပြလို့ ကြားရတယ်။ လင်မယားနှစ်ယောက်စလုံးက စိတ်ရင်းကောင်းကြရှာပါတယ်။ ကိုယ်တို့မိတ်ဆွေ ဆရာဝန်ကိုမောင်ကလေးရဲ့ တပည့်တောင် ဖြစ်ဖူးတယ်ထင်တယ်။ ဒီလိုဗျ။ ဖြစ်ချင်တော့ ဆရာဝန်ကလေးမှာ ဇမောလေးရှိတဲ့အကြောင်း သူ့မိန်းမက သိသွားသတဲ့။ ဆရာဝန်ကလေးကလည်း ဝိုက်ဆံက ပေါတယ်မဟုတ်လား။ အဲဒါနဲ့ အချင်းများကြတယ်ထင်ပ။ တိုတိုပြောရရင်တော့၊ ဆရာဝန်ကလေးရဲ့ မိန်းမ အိပ်ဆေးတွေ သောက်လိုက်သတဲ့။ ဒါပေတဲ့ ဆရာဝန်ကလေး သိတာက စောသွားလို့ ဘာမှမဖြစ်ဘူးတဲ့။ သူများ

www.burmeseclassic.com

www.burmeseclassic.com



တကာတွေက ဟိုပြော ဒီပြော ပြောနေကြပေတဲ့ ကိုယ်ကတော့ ဆရာဝန်ကလေးမိန်းမဟာ တယ်ဟုတ်ပါလားလို့ တွေးနေမိတယ်။ ဒီကိစ္စဟာ ကိုရင်မောင်တင့်သား ပြောတဲ့ နေမလား. . . သေမလား ကိစ္စပဲလို့ တွေးကြည့်နေမိတယ်။ ဆရာဝန်ကလေးမိန်းမရဲ့ ရွေးချယ်မှု၊ ဆုံးဖြတ်မှု စတဲ့ သတ္တိကိုလည်း ချီးကျူးမိပါရဲ့။ ဟိုအကောင်ပြောသွားတဲ့ ရွေးချယ်တာ၊ ဆုံးဖြတ်တာတွေကို ပညာတတ်တွေ နားလည်သလိုတော့ သိချင်မှသိမယ်။ နားလည်ချင်မှ နားလည်မယ်။ ဒါပေတဲ့ ရွေးချယ်ရဲတယ်၊ ဆုံးဖြတ်ရဲတယ်။ အမှန်ပြောရရင် ကိုယ့်ထက် သတ္တိရှိတာကတော့ အမှန်ပဲ။

နောက်တစ်နေ့တော့ ဂေါက်ကွင်းမှာ ဖိုးတောထွန်းနဲ့ တွေ့တယ်။ စကားစပ်မိတာနဲ့ အဲဒီအကြောင်းပြောတော့ သူက ဆဲပါလေရော။ ပြီးတော့ ပြောသေးတယ်။ ငါ့လူ မင်းသာ အိပ်ဆေးသွားသောက်လို့တော့ ဘယ်သူကမှလာပြီး ဖြေဆေးတိုက်မှာ မဟုတ်ဘူး. . . တဲ့။ ဒီတော့ ကိုယ်ကလည်း သူ့ကို ထပ်ပြီး ရှင်းပြရတယ်။ ကိုရင်မောင်တင့်သား ပြောပြသွားတဲ့ နေမလား. . . သေမလား ကိစ္စ။ ဒီတော့ ဖိုးတောထွန်းက ပြောပြန်တယ်။ ဟ၊ အချိန်တန် သွားရမယ့်ကိစ္စ၊ မင်းက ဘာလို့ လောနေတာတုန်း။ ငါက တစ်သက်လုံး ဆုံးဖြတ်ချက်တွေ ချလာပေမယ့် ဒီကိစ္စမှာတော့ ငါ့ဘာသာ မဆုံးဖြတ်ဘူး။ အချိန်ပဲပြောပြော၊ ကံတရားပဲ ပြောပြော၊ ကောင်းကင်ဘုံပဲ ပြောပြော၊ ပြောချင်ရာ ပြောကွာ။ အဲဒါတွေရဲ့ အဆုံးအဖြတ်ပဲ ခံတော့မယ်။ အချိန်တန်မှ သွားမယ်ကွာ. . . တဲ့။ ဖိုးတောထွန်းက အရင်က စက်ရှင်ဂျဒ် လုပ်လာတာ မဟုတ်လား။ ကိုယ့်လို မဟုတ်ဘူး။ အင်မတန် ထက်တဲ့လူ။ ဒါပေတဲ့ ဒီနေရာမှာတော့

www.burmeseclassic.com



ဘာလို့ အခုလိုမြင်တယ်မသိဘူး၊

တစ်ခုတော့ရှိတယ်။ ကိုယ်လည်း အရင်က ပြောဖူးသားပဲ။ မိုးစောထွန်းနဲ့ ကိုယ်နဲ့က တွေးတာကအစ မတူကြဘူး။ ကြည့်လေ၊ ဝင်စင်ယှဉ်ပြိုင်တာတောင် သူက ငြိမ်ငြိမ်နေနိုင်တာမှ မဟုတ်ဘဲ။ ရိုဝ်သာသွားပြီး ဝိန်ဖောင်းကလေးလည်း မှုတ်တယ်။ ဂေါက်သီးလေး ရိုက်လိုက်၊ ဝိဇကီလေး သောက်လိုက်လည်း လုပ်တယ်၊ အချိန်ပိုသေးရင် ကလေးတွေခေါ်ပြီး အင်္ဂလိပ်စာတွေ ဘာတွေ အလကား သင်ပေးသေးတယ်၊ အဲဒါနဲ့ပတ်သက်လို့ ပြောကြတော့ ငါက တစ်ခုခု အောက်ကျမှာ ဖြစ်နေမှ ကြောက်တာ...တဲ့၊ ကိုယ်ကတော့ ခုမှ ကိုယ်ပိုင်ရတဲ့အချိန်တွေ။ တစ်သက်လုံးက ကိုယ့်အချိန်တွေကို တခြားကိစ္စတွေမှာ သုံးလာရတာ။ ခုမှ ကိုယ့်အတွက် ရတာ။ ဒါကြောင့် ခုမှ ကိုယ့်ဘာသာပိုင်ရတဲ့အချိန်တွေ ကိုယ့်ဘာသာပဲ သုံးမယ်။ ဘာမှမလုပ်တော့ဘူး။ ထိုင်ပြီး စဉ်းစားမယ်၊ တွေးကြည့်မယ်၊ အဖန်တလဲလဲ သုံးသပ်ကြည့်မယ်။ လုပ်စရာမရှိရင် အိမ်နောက်ဖေး ဝရန်တာမှာ ထိုင်ပြီး မြက်တွေ ပေါက်လာတာကြည့်မယ်။ ခုလိုနေဝင်တာ နေထွက်တာကလေးတွေကို ထိုင်ကြည့်ရင် သာယာနေမယ်။ ဒါပဲ။ ဒီတော့ မိုးစောထွန်းက တစ်ခါက ပြောသေးတယ်။ ငါလို အလကားနေရင်း အဲဒါမျိုးတွေ ထိုင်စဉ်းစားနေ၊ မြန်မြန် ချောသွားမယ်...တဲ့။ ဒီတော့ ကိုယ်ကလည်း ပြောလိုက်ပါရဲ့၊ ချောသွားလည်း ကောင်းသားပဲ။ ကိုယ်တို့မှာက ဒီကိစ္စပဲ ရှိတော့တာမဟုတ်လား...လို့။

မဟုတ်ပေဘူးလားဗျာ။ ကိုယ့်မှာက ဒီကိစ္စပဲ ရှိတော့တာ။ ဒါကြောင့် တစ်ခါတလေ တွေးကြည့်မိတယ်။ မှူဘဝ

www.burmeseclassic.com

www.burmeseclassic.com



ဟာ မီးခလုတ်လေးများလို ဆိုရင်ကောင်းမှာပဲလို့၊ အသုံး မလိုတဲ့အခါ ပိတ်လိုက်ရုံပဲ မဟုတ်လား၊ ဟေးလေ . . . ရှိနေတဲ့ ခလုတ်လေးကိုပဲ မပိတ်ခဲ့တာလား မသိဘူး၊ ခက်တာက ကိုယ် က ငယ်ငယ်ကတည်းက ဘဝမှာအယူတွေ အစွဲတွေမရှိဘူး၊ သူ များလို ဒီကနေ့ ဘယ်သွားမယ်ဆိုတာမျိုးတွေ မှန်းမထားဘူး၊ ခလုတ်ကလေး ပိတ်ပြီးရင် ပြီးတာပဲလို့ တွေးတယ်၊ ထင်တယ်၊ အဲဒီလိုတောင် ပြောလို့မဖြစ်ဘူး၊ ကိုယ်က ယုံတယ်လို့ပြောမှ ကောင်းမယ်ထင်တယ်၊ ဟုတ်တယ်လေ၊ တကယ်လို့ ဝိုးဝေ ထွန်းတို့ တွေးသလို တွေးရင် ဘယ်သွားကြမလို့လဲဆိုတဲ့ ကိစ္စ က ပေါ်လာဦးမယ်၊

မဆီမဆိုင်ဗျာ၊ တစ်ခုသွားသတိရမိသေးတယ်၊ ကိုယ်တို့ ငယ်ငယ်က ရွှေမြှုန်းသွားကြတဲ့အခါ ခပ်ယစ်ယစ်နဲ့ ဆိုကြတာ တစ်ခုရှိတယ်၊ . : . တက်မြင်း ရွက်ဆင်၊ ရွှေမြှုန်းဆို ရွာအနောက်ဆီက ချောင်းပေါက်ကိုဝင်၊ မြန်ချင်ပြီ ညီမောင်လှ ရဲ့ . . . မြန်ချင်ပြီ ညီမောင်လှရဲ့ . . . တဲ့၊ အဲဒါက လာခဲ့တဲ့ နေရာကို မြန်ချင်တာကိုး၊ ခုတော့ ကိုယ်က ဘယ်ကလာခဲ့မှန်း မှ မသိတော့ ဘယ်ကိုမြန်ရမှန်းလည်း မသိပါဘူး၊ ကိုယ့် ဘာသာ ဘယ်မြန်ရပါ့မလဲ လို့ တွေးနေမိတာတယ်၊ ဒီလို တွေးလို့လား မသိဘူး၊ တချို့က ကိုယ့်ကို ရောရောယောင် ယောင် မောင်ဘမောင်တဲ့၊ ခေါ်တော့လည်း ခေါ်စရာပဲ မဟုတ် လား၊

ကြည့်လေ၊ ခုဆို လတောင်ထွက်လာပြီ၊ မနက်ကျရင် အရှေ့က နေထွက်လာဦးမှာပဲ၊ လထွက်လာတာ၊ နေထွက် လာတာ၊ အဲဒါတွေက တကယ်တော့ ကိုယ်ဒီနားမှာ ထိုင်ကြည့် နေတာရဲ့ ဆိုင်မှုမဆိုင်တာ၊ ကိုယ်ရှိနေတဲ့အခါ ကိုယ်သိရဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီတော့ ကိုယ်ရှိနေတာကလေးလည်း အရေးကြီးနေသေးတာပဲ။ ကိုယ်ရှိနေတော့ ယို့ယ်က ဆုံးဖြတ်နိုင်သေးတယ်၊ ကိုယ်ကပဲ ပစ်ချခံထားရသလိုနေနေ၊ ကိုယ်ရှိနေဖို့ ကတော့ လိုနေသေးတယ် မဟုတ်ဘူးလား။ ကိုယ်မရှိတော့ ဘူးတဲ့ ဘာဖြစ်သတုံး။ ဘာမှမဖြစ်ဘူး။

ပင်လယ် တာဓမနှင့် အနုပညာမွေစင်း

အတွဲ (၁)၊ အမှတ် (၂)၊ ၁၉၉၇။

www.burmeseclassic.com

# ညဆယ့်နှစ်နာရီ တစ်စက္ကန့်

ညက အိပ်ရာဝင်တာ အတော်လေးနောက်ကျသွားတယ်။ များသောအားဖြင့်တော့ ကိုယ်က စောစောကလေး အိပ်လေ့ရှိတယ်။ အိပ်ဆို ကိုယ့်မှာက ဘာမှတွေတွေထူးထူး လုပ်စရာမှ မရှိဘဲကိုး။ မနေ့ညကတော့ ကိုယ်တို့အဘိုးကြီးတစ်သိုက် ဘသော်ကြီးအိမ်မှာ ဆုံကြတယ်။ စကားမစပ် ပြောရဦးမယ်။ "အဘိုးကြီးတွေ" ဆိုတဲ့ စကားအသုံးအနှုန်းကို မိုးစောထွန်းတော မကြိုက်လှဘူး။ အသက်အရွယ်ကိုရိုပြီး လူတန်းစားခွဲခြားတာ

www.burmeseclassic.com

www.burmeseclassic.com



ပဲတဲ့။ ဒါကြောင့် ပင်စင်စားကြီးတွေ၊ အငြိမ်းစားကြီးတွေလို့ပဲ ခေါ်သင့်သတဲ့။ ကိုယ်ကတော့ သူလောက်ခေါင်းကောင်းတဲ့ အကောင်မဟုတ်တော့ ဘာမှမပြောတတ်ဘူး။ ဘာသာစကားနဲ့ ပတ်သက်ပြီး အဲဒီလိုမျိုး ခွဲခြမ်းစိတ်ဖြာတာတွေ ဘာတွေ သိပ်နားမလည်ဘူး။ ဒါကြောင့် အဘိုးကြီးပဲခေါ်ခေါ်၊ အဘိုးလေးပဲခေါ်ခေါ်၊ သေခါနီးကြီးတွေပဲ ခေါ်ဦးတော့ ကိုယ့်အနေနဲ့ ဘာမှပြောစရာ မရှိဘူး၊ အဲ ခုနကပြောတဲ့ ဘသော်ကြီးအိမ်မှာ ကိုယ်တို့အဘိုးကြီးတစ်သိုက် ဆုံတဲ့အကြောင်း ပြောရအောင်။

ဒီလိုဗျ။ ဘသော်ကြီးသမက်ကလေးက နိုင်ငံခြားက ပြန်လာတော့ ကိုယ်တို့အဘိုးကြီးတစ်သိုက်အတွက် ဂလင်ဖီးဒစ် ဝီစကီတစ်လုံး ဝယ်လာပေးတယ်။ ဂလင်ဖီးဒစ်ဆိုတာက မော့ဝီစကီဗျ။ ဒီမှာ အသောက်အစားများတဲ့ ဂျော်နီဝါကားတို့ ဘာတို့ထက် အပုံကြီးကောင်းသား။ ကိုယ်ကတော့ ဒါမျိုး ဝီစကီ မသောက်ရတာ နှစ်ပေါင်းကြာခဲ့ပြီပဲ။ အဲဒီ ဝီစကီ တစ်လုံးကို အကြောင်းပြုပြီး ကိုယ်တို့တစ်သိုက် ညဘက် ဘသော်ကြီး အိမ်မှာ ဆုံကြတာပဲ။ ဘသော်ကြီးမိန်းမကလည်း အောက် ဘက်ကဆို ထင်ပါရဲ့၊ အချက်အပြုတ်က ကောင်းတယ်။ ဒီ တော့ ကိုယ်နဲ့ဖိုးတေထွန်းနဲ့က နေ့လယ်ပိုင်း ဝေါက်ကွင်းမှာ ကိုးကျင်းရိုက်၊ အဲဒီမှာတင် ရေမိုးချိုးပြီး ဘသော်ကြီးအိမ်ကို တန်းသွားကြတယ်။ ဆရာဝန် ကိုမောင်ကလေးကတော့ နောက်မှ လိုက်လာတယ်။ တောင်ဘက်က ဆိတ်ကုလားတွေ တဲစုက မိန်းမကြီးတစ်ယောက် မမာနေတာ ဝင်ကြည့်နေလို့တဲ့။ သူလာ တော့ ဂျော်နီဝါကား အနက်ပတ်တစ်လုံး ယူလာသေးတယ်။ ဘသော်ကြီးအိမ်မှာ အရက်မလောက်မှာစိုးလို့ ထင်ပါရဲ့

www.burmeseclassic.com



ည ရှစ်နာရီလောက်ကျတော့ ကိုယ်တို့တွေ အတော်ကလေး အရှိန်ရလာလောက်တဲ့အချိန်မှာ ကော်ပိုင် ကိုအောင်ခင် ရောက်လာတယ်။ ဆည်ပေါက်ဘက်က ပြန်လာတယ်ဆိုသလားပဲ။ သူကလည်း လူပျော်ပဲ။ ဆရာဝန် ကိုမောင်ကလေးနဲ့ အလွန်တွဲတဲ့လူ။ ဒီလိုနဲ့ ကိုယ်တို့ဝိုင်းလည်း အတော်မြိုင်လာတယ်။ ဘသော်ကြီးသမက်ကလေး ယူလာတဲ့ ဝီစကီရော၊ ကိုမောင်ကလေး ယူလာတဲ့ ဝီစကီရော ချောတော့တာပဲ။ ကိုမောင်ကလေးတို့၊ ကိုအောင်ခင်တို့က အလွန်သောက်နိုင် တာကလား။ ဘသော်ကြီးတစ်ယောက်တည်းသာ အသောက်အမြူ အင်မတန် ဆင်ခြင်တာ။ ဒါတောင် ကိုယ်တို့အထဲမှာ သူကအငယ်ဆုံး။ အစားအသောက် အင်မတန် ဆင်ခြင်တာ။ ကိုယ်ကတော့ ဆင်ခြင်လှတယ်မဟုတ်ဘူး။ သတိကလေးတော့ ထားရသပေါ့။ အသက်က ငယ်မှမငယ်တော့ဘဲ။ ကိုယ်က ကိုမောင်ကလေးတို့၊ ကိုအောင်ခင်တို့နဲ့ ရွယ်တူလောက်ပဲ။ ကြီး တစ်နှစ် ငယ်တစ်နှစ်ပေါ့။

ကြုံတုန်း ကိုမောင်ကလေးအကြောင်း ပြောဝမ်းပါရစေ။ ဒီလူက လူတစ်မျိုး။ ဆရာဝန်ဆိုပေတဲ့ ဆရာဝန်အလုပ်က လွဲလို့ ကျန်တာအကုန် ဝါသနာပါတယ်။ သစ်ပင်စိုက်မယ်တဲ့။ ကြက် ဝက် မွေးမယ်တဲ့။ သီချင်းဆိုမယ်၊ ကဗျာရေးမယ်၊ လမ်းပြင် တံတားဆောက်လည်း သူပါတယ်။ အရက်သောက်တယ်၊ ဆေးလိပ်သောက်တယ်။ ဒါ. . . ကျန်းမာရေးအတွက် လေ့ကျင့်ခန်းတွေ ဘာတွေတော့ မလုပ်ဘူး။ ခေါက်သီးရိုက်တယ် ဆိုတာတောင် ကိုယ်တို့အဆွယ်ကောင်းလွန်းလို့၊ ရိုက်တာကလည်း နည်းနည်းပါ။ ကလပ်လာပြီ ဘီယာသောက်တာက များပါတယ်။ ဟိုတုန်းကတော့ စပါယ်ရှယ်လစ်ကြီးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အနားယူပြီး ဘာမှကို မလုပ်တော့ဘူး။ သူများလို အပျင်းပြေ ဆေးခန်းထိုင်တာတွေ ဘာတွေလည်း မရှိဘူး။ သို့ပေတဲ့ ဟို ဘက်ရွာတွေထဲ တဲစုတွေထဲသွားပြီး လူမမာ ကြည့်ပေးတတ် တယ်။ တစ်ခါ ကဗျာတိုင်းဆေးရုံကြီးက သူ့တပည့်တစ်ယောက် နဲ့ ဂေါက်ကွင်းမှာတွေ့တော့ သူ့ကို ဆရာကြီး ခုဘာတွေ လုပ် နေတုန်းလို့ မေးတယ်။ ဘာပြန်ဖြေတယ် ထင်တုန်း။ ကိုမောင် က "တောအရက်သောက်တယ်၊ ဆေးဘာလကား ကုတယ်" ကိုမောင်ကလေးက တကယ်ပဲ အဲဒီလိုလူမျိုး။ ကိုအောင် ခင်နဲ့များ ဆုံမိကြတဲ့အခါ ရွာနိုးကိုးပေါက်လျှောက်ပြီး သောက် သောက်စားစားပေါ့ဗျာ။

ကိုယ်လည်းဒီလိုနဲ့ ဒီမနက်တော့ အိပ်ရာက အထ နောက်ကျသွားတယ်။

သို့ပေတဲ့ ညက သောက်တဲ့အရက်တွေက ကောင်းလို့ ထင်တယ်။ ခေါင်းတွေ ဘာတွေ မကိုက်ဘူး။ မနက်စာစားဖို့ ထမင်းစား စားပွဲမှာ ထိုင်တော့ ကိုယ့်တပည့်မိုးစပ်က စားစရာ တွေ ပြင်ပေးရင်း "ဆရာကြီး ညက မိုးချုပ်တယ်ထင်ပ" လို့ မေးတယ်။ ကိုယ်ကတော့ "အေး" လို့ပဲ ဖြေလိုက်တယ်။ မိုးစပ် က အင်မတန် စကားနည်းတယ်။ ရွှေဘို တမာတော ဘက်က မေးတစ်ခွန်း ပြောတစ်ခွန်းဆိုတဲ့ လူမျိုး။ ကိုယ့်ဆီမှာ နေလာ တာ အနှစ်လေးဆယ် မကဘူး။ ကိုယ်စားဖို့ သောက်ဖို့က သူတို့ လင်မယားက လုပ်ကိုင်ပေးနေကြတာ။ ကိုယ်က ခုလို ညဘက် အပြင်ထွက်စားတဲ့ သောက်တဲ့အခါ နောက်တစ်နေ့ မနက်မှာ ထမင်းကြော်ကလေး ဘာလေး ကြိုက်ချင်တယ်။ ဒါကို မိုးစပ် တို့လင်မယားက ကောင်းကောင်းသိနေတော့ ဒီမနက် ကိုယ့်အ တွက် ထမင်းကြော်နဲ့ ကော်ဖီကောင်းကောင်းလေး နှပ်ထားပေး

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ ကိုယ် ထမင်းကြော်စားနေတုန်း မိုးစပ်က မလှမ်းမကမ်းမှာ ဟိုလိုလို ဒီလိုလို လုပ်နေတယ်။ ကိုယ်လည်း ထမင်းကြော်ကလေးစားပြီးလို့ ကော်ဖီ သောက်နေတုန်း မိုးစပ်က စားပွဲနားလာရပ်ရင်း "ဆရာကြီး ဒီနေ့ နေထိုင် ကောင်းရဲ့နော်" လို့စကား စလိုက်တယ်။ ကိုယ်နဲ့အနေကြာ နေတော့ မိုးစပ်အကြောင်းကို သိလိုက်မိတယ်။ ဒီတော့ "မိုးစပ်၊ မင်း ဘာပြောစရာရှိတုန်း" လို့ မေးလိုက်တယ်။ ဒီတော့ မိုးစပ်က "ကာဗီကလေး ပြီးအောင်သောက်လိုက်ပါဦး ဆရာကြီး" လို့ ပြောရင်း ထမင်းစား စားပွဲအနား ကပ်လာတယ်။ "ဘာဖြစ် လို့တုန်းကွ မင်းမိန်းမ နွားနို့ကုလားနောက် လိုက်သွားလို့လား" လို့ ရယ်စရာ နောက်စရာ မေးလိုက်သည်။ မိုးစပ်က မရယ် မပြုံးနဲ့ ကိုယ့်ဘေးက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်ရင်း "သတင်းကောင်းတော့ မဟုတ်ဘူး ဆရာကြီး" လို့ ပြောလိုက် ပြန်တယ်။ ပြီးတော့ မိုးစပ်က ကိုယ့်ကိုမကြည့်ဘဲ ကိုယ့်ကို ကျော်ပြီး ပြတင်းပေါက်ကို ကြည့်ရင်း "ဆရာဦးမောင်ကလေး ညက ဆုံးသွားတယ် ဆရာကြီး" လို့ ပြောလိုက်တယ်။

ကိုယ့်နား ကိုယ်မယုံမိလိုက်ဘူး။ မိုးစပ်ပြောတဲ့ စကားလုံးတွေက လေထဲမှာ ပျောက်သွားခဲ့တဲ့၊ အကြောင်းအရာက တည်နေပြီး နားထဲ အသိထဲမှာ စွဲကျန်ရစ်နေတယ်။ လေထဲက စကားလုံးတွေဟာ နိုင်နိုင်မာမာ ပြလို့မရတော့ဘဲ ပျောက်သွားပေတဲ့ သိမှုတစ်ခုထဲမှာတော့ အကြောင်းတစ်ရပ်ဟာ နိုင်နိုင်မြဲမြဲ စွဲသွားခဲ့ပြီ။ ကိုယ်ဆင်ခြင်နိုင်တဲ့ စွမ်းရည်အထဲမှာတော့ မိုးစပ်ပြောလိုက်တဲ့အကြောင်းဟာ ဘယ်လိုဆင်ခြင် ဆက်စပ်ကြည့်လို့မှ မရနိုင်ဘူး။ နားလည်လို့ မရနိုင်ဘူး။ ဒီတော့ မိုးစပ်က ဆက်ပြောတယ်။ "ဆရာကြီးအိပ်နေတုန်း ဆရာ

www.burmeseclassic.com



ဦးမောင်ကလေးတပည့် မောင်စိန် ဖုန်းဆက်တယ်။ ညက ဆရာကြီးတို့နဲ့ စားပွဲသောက်ပွဲက ပြန်လာပြီး အိမ်ရောက်တော့ ဆရာဦးမောင်ကလေးက အိုက်တယ်ကွာဆိုပြီး ရေချိုးသတဲ့။ ပြီးတော့ အိမ်ရှေ့ကပြင်နေရာမှာ ဖျာခင်းခိုင်းပြီး အိပ်တယ်တဲ့။ မနက်မိုးလင်းလို့ မောင်စိန်က သွားနှိုးတော့ ဆရာဦးမောင်ကလေး အသက်မရှိတော့ဘူးတဲ့။ ဆရာကြီးဦးဖောထွန်းလည်း ဖုန်းဆက်တယ်။ ဆရာကြီးနိုးရင် ပြောပြလိုက်လို့ ကျွန်တော့် ကို မှာထားတယ်။ ဆရာကြီးဦးဖောထွန်းနဲ့ ပြောချင်ရင် ကျွန်တော် ဆက်ကြည့်လိုက်မယ်လေ" လို့ ဖိုးစပ်က ပြောတာ ကို ကိုယ်က တော့ အသာပဲ ခေါင်းညိတ်ပြနိုင်တော့တယ်။ ကိုယ့်ခေါင်းထဲ မှာ စကားလုံးရှာလို့ မရတော့ဘူး။ ဘယ်ပြေး ထွက်ကုန်ကြ တယ်မသိဘူး။

ဘဝဆိုတာ ဒါပဲလားလို့ ကိုယ့်ဘာသာ တွေးကြည့်နေမိ တယ်။ မနေ့ည မအိပ်ခင်အထိ အသက်ရှိနေသေးတဲ့ လူတစ် ယောက်ဟာ ဒီနေ့မနက် မိုးလင်းလို့ အိပ်ရာက ထတော့ မရှိ တော့ဘူး။ ရှိတယ်. . . မရှိဘူးဆိုတဲ့ ကိစ္စဟာ ဖြစ်နေခြင်းရဲ့ အထဲမှာ ဘယ်လောက်အရေးကြီးနေပါလိမ့်။ ကိုယ်က ရှိနေ သေးတယ်။ သူက မရှိတော့ဘူး။ ကိုယ်က ရှိနေသေးတယ်လို့ ဆိုရာမှာ ရုပ်နာမ်နှစ်ခုစလုံး ရှိနေသေးတယ်။ သူက မရှိတော့ ဘူးဆိုပေမဲ့ သူ့ရုပ်ကြီး ရှိနေသေးတယ်။ သူ မရှိတော့တာ၊ သူသေသွားတာကို ကိုယ်က သိနေသေးတယ်။ ကိုယ်က ရှိနေ သေးတာကိုး။ ကိုယ်ရှိနေသေးတာကို သူက မသိတော့ဘူး။ သူကမှ မရှိတော့ဘဲကိုး။ ခုလို စဉ်းစားကြည့်နေနိုင်တာက ကိုယ်က ရှိနေသေးတာကိုး။ ရှိနေလို့ စဉ်းစားကြည့်နိုင်တာပေါ့။ မဟုတ်ပေဘူးလား။ စဉ်းစားနိုင်လို့ ရှိတယ်ပြောရမလား။ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ဟုတ်ပုံမရဘူး။ ရှိနေလို့သာ စဉ်းစားနိုင်တယ်လို့တော့ ကိုယ်က ထင်တယ်။ ဒါကြောင့် ရှိနေဖို့တော့ လိုတယ်။ ရှိနေဖို့ကတော့ အရေးကြီးနေတယ်လို့ ကိုယ်က ထင်တာပဲ။ မဟုတ်ပေဘူးလား။ ကိုယ်စဉ်းစားကြည့်လို့ မရနိုင်ခင်မှာဘဲ ဖိုးစံက ဆရာကြီးဦးစောထွန်းကို ခေါ်လို့ရပြီဆိုတာနဲ့ ကိုယ်လည်း ဖုန်းလှမ်းယူလိုက်မိတယ်။ ဖုန်းပေါ်မှာ ဖိုးစောထွန်းနဲ့ ဘာတွေပြောမိကြမှန်းတောင် မမှတ်မိတော့ဘူး။ ဖိုးစောထွန်းက ကိုမောင်ကလေးအိမ်ကို သွားဖို့ နာရီဝက်အတွင်း လာခေါ်မယ်ဆိုတာပဲ မှတ်မိလိုက်တော့တယ်။

ဒီလိုနဲ့ ကိုမောင်ကလေးအိမ် ရောက်သွားကြတယ်။ ဟိုရောက်တော့ လူအတော်ရောက်နေကြပြီ။ တိုင်းဆေးရုံက သူ့တပည့်တပန်း ဆရာဝန်ကြီးတွေကအစ သူ့ဆေးကုပေးနေကျ ရွာထဲက လူတွေ၊ ဆိတ် ကုလားတွေအဆုံး အတော်များများ ရောက်နေကြတယ်။ ကိုယ်ကတော့ လူစုံမသိဘူး။ ကိုမောင်ကလေးတပည့် မောင်စိန်က ကိုယ်တို့နှစ်ယောက်ကို ခေါင်းရင်းဘက်မှာ နေရာချပေးတယ်။ အတော်ကြာတော့ ဥပမိရှပ်ကောင်းကောင်းနဲ့ လူတစ်ယောက်က ကိုယ်တို့ဆီလာပြီး ဆရာကြီးတို့ စီစဉ်ချင်တာရှိရင် ပြောပါ။ စီစဉ်ပါလို့ ပြောတယ်။ ကိုယ်ကတော့ ဒါမျိုးတွေ မစီစဉ်တတ်တာနဲ့ ဖိုးစောထွန်းကိုပဲ "ခင်ဗျားသာ ကြည့်စီမံပေးလိုက်ပါ" လို့ပြောလိုက်မိတယ်။ ခက်တာက ကိုမောင်ကလေးမှာ အိမ်ထောင်မရှိ၊ သားမယား မရှိဘဲကိုး။ နီးနီးစပ်စပ် ဆွေမျိုးဆိုတာတောင် ဘယ်သွားရှာရမှန်း မသိဘူး။ ဖိုးစောထွန်းနဲ့ မြို့မျက်နှာဖုံးတချို့ ပြောဆိုနေကြတုန်း ကိုယ်လည်း တသာထပြီး ကိုမောင်ကလေး ရုပ်အလောင်းပြင်ထားတဲ့ နေရာ အနား သွားကပ်ရပ်ပြီး ရုပ်အလောင်းကို ကြည့်နေမိ

www.burmeseclassic.com



တယ်။ အဲဒီတုန်း သူငယ်တစ်ယောက်က ဆရာကြီးထိုင်ပါလို့ ဆိုပြီး ခုံတစ်လုံးချပေးတော့ ကိုယ်လည်း ကိုမောင်ကလေးရဲ့ ရုပ်အလောင်းဘေးမှာ အသာထိုင်ရင်း ကြည့်နေမိတယ်။ မနေ့ ညက သူနဲ့ပြောခဲ့ဆိုခဲ့ကြတာတွေ ဘွားသတိရနေမိတယ်။ သူ့ အနားယှဉ်ပြီး ကိုယ်တို့မြို့ကလေးကို ပြောင်းလာတာ၊ သူနဲ့ သိရကျွမ်းရတာ၊ ပျော်ခဲ့ရယ်ခဲ့ကြတာတွေ သတိရတော့ ပြုံးများ တောင် ပြုံးလိုက်မိသေးတယ်။ သူကတော့ မပြုံးနိုင်တော့ဘူး။ သူက မရှိတော့ဘူး။ မရှိဘူးဆိုပေတဲ့ ဘယ်ရောက်သွားသလဲ လို့ ကိုယ်ကတော့မပြောနိုင်ဘူး။ သိလည်း မသိဘူး။ သိလည်း မသိချင်ဘူး။ ကိုယ်သိနေတာကတော့ ကိုယ်က ရှိနေသေး တယ် ဆိုတာပဲ။ သူက မရှိတော့ဘူး။ ခုတွေ့နေရတာက မနေ့ညက ပျော်ပျော်ပါးပါး စားတုန်းသောက်တုန်းက ရှိခဲ့တဲ့ ဆရာဝန် ကိုမောင်ကလေး မဟုတ်တော့ဘူး။ ကိုမောင်ကလေး မှာ ရှိခဲ့တဲ့ဟာတွေ တစ်ခုမှမရှိတော့ဘူး။ ဒါကြီးကို ရုပ်အလောင်း ပဲ ခေါ်ခေါ်၊ ဘာပဲခေါ်ခေါ်၊ ခေါ်ချင်ရာသာ ခေါ်တော့။ မနေ့ညက ကိုမောင်ကလေးတော့ မဟုတ်တော့ဘူး။ လမ်းပေါ်က ကျောက်စရစ်ခဲတွေနဲ့ ဒီဟာကြီး၊ မြစ်ထဲက ရေတွေနဲ့ ဒီဟာကြီး၊ ဒီဟာကြီးနဲ့ ထိုင်နေတဲ့ ကုလားထိုင်၊ ဘာကွာခြားတာရှိသလဲ။ ဘာမှကွာခြားတာ မရှိဘူးလို့ ကိုယ်တော့ထင်တယ်။

စိတ်ထဲမတော့ သိပ်မကောင်းလှဘူး။ သို့ပေတဲ့ ဝမ်းတော့ မနည်းလှဘူး။ ကိုယ်လည်း တစ်နေ့တော့ ဒီလမ်းပဲ သွားရမှာ ကိုး။ လူဖြစ်နေရတာအတွက် ပြီးပြည့်စုံအောင် သေပေးရဦး မှာကိုး။ လူ့ဘဝလို့ ပြောဆိုနေကြတာက မွေးတာက သေတဲ့ အထိ မဟုတ်ဘူးလား။ ဒီတော့ လူရဲ့အဖြစ်အကြောင်းကို ပြောရင် သေတာကို ချန်ထားလို့မရဘူး။ မသေသေးရင်ဘဝ က မပြီးသေးဘူး။ သေတို့ သေပေးရဦးမှာ။ တာဝန်က

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသေးတယ်။ ခုတော့ မမျှော်လင့်ဘဲ ဖြစ်သွားရတာ ဖြစ်ပေတဲ့ ကိုမောင်ကလေးက တာဝန်ကျေသွားသလိုပဲပေါ့။ ကိုယ်တို့မှာက မွေးကတည်းက ကြွေးဟောင်းပါလာသလိုပဲ။ ရက်ချိန်းမရှေသေးလို့ စောင့်နေရသလိုပဲ။ ခုတော့ ကိုမောင်ကလေး က ရက်ချိန်းရသွားတာပဲပေါ့။ တာဝန်ကျေသွားသလိုပဲ။ ကိုယ့်အနေနဲ့ စိတ်မကောင်းနေလိုက်မိတာက ကိုယ်တို့ဟာ ဘယ်တော့မှ ပြန်မတွေ့ကြတော့ဘူး ဆိုတာပဲ။

ဘယ်လောက်ကြာအောင် ကိုမောင်ကလေးရဲ့ ရုပ်အလောင်း ကို ကြည့်ရင်း တွေးနေမိလိုက်တယ် မသိဘူး။ ဖိုးတောထွန်းက ပခုံး လာပုတ်လိုက်ရင်း၊ ကိုင်း. . . ပြန်ကြရအောင်လို့ ပြောမှ ပတ်ဝန်းကျင်ကို ပြန်ပြီး သတိရမိလိုက်တယ်။ မော့ကြည့် လိုက်တော့ အလောင်းစင်ရဲ့ တခြားဘက်မှာ မျက်ရည် တွေတွေကြီး ကျနေတဲ့ ကိုအောင်ခင့်ကို တွေ့လိုက်ရတယ်။ ဖိုးတောထွန်းက ကျပ်စီစဉ်နိုင်တာတွေ စီစဉ်ပေးခဲ့ပြီလို့လည်း ပြောတယ်။ ပြီးတော့ ပင်စင်စားကြီးတွေလည်း တစ်ယောက် ပြီး တစ်ယောက် ချောကုန်ပြီ သိပ်မကျန်တော့ဘူး။ ဒီအထဲ မင်းပါသွားလို့ မဖြစ်သေးဘူး။ လာ၊ သွားစို့လို့ ခေါ်ရင်း ကိုယ့် လက်မောင်းကို လှမ်းကိုင်လိုက်တယ်။ ဒီတော့ ကိုယ့်စိတ်ထဲမှာ သူ့ကိုပြောရက်ပလေတယ်၊ သေခြင်းတရားဆိုတာ သူကများ ပိုင်တယ် ထင်နေသလား မသိဘူးလို့ တွေးရင်း အမှတ်မထင် တဟားဟားနဲ့ ရယ်လိုက်မိတော့တယ်။

ဖိုးတောထွန်းနဲ့အတူ အသုဘ လာမေးတဲ့လူတွေ၊ ပိုင်းဝန်း လုပ်ကိုင်နေသူတွေကတော့ ကိုယ့်ကို တအံ့တဩနဲ့ ကြည့်နေ ကြလေရဲ့။

www.burmeseclassic.com

## ချစ်ခြင်းသည် အပြစ်ကင်း၏

ကိစ္စကား ကိုယ့်အိမ်က ကုန်နဲ့ကို ချက်ပြုတ်ကျွေးမွေးရင်း စောင့်ရှောက်နေကြတဲ့ ဖိုးစစ်တို့လင်မယားကိစ္စပဲ။ ကိုယ်ကလည်း ဒီကလေးကသား ကိစ္စတွေထဲ မပါချင်ပါဘူး။ ဒါပေမဲ့ ဖိုးစစ်တစ်ယောက် မလိုအပ်ဘဲ ဒေါသဖြစ်မှာလည်း ပူတယ်။ သူ့သမီးကလေးဆိုတာကလည်း ကိုယ်ကပဲ ကောင်းကောင်းထားပေးခဲ့လေတော့ ကိုယ့်သမီးလိုလည်းဖြစ်နေတော့ ဝင်ပါရတော့တာပေါ့။ ဒီလိုဗျ။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးစပ်သမီးလေး ယဉ်မိက တက္ကသိုလ်က ဘွဲ့ကလေးရပြီးတော့ အထက်တန်းပြဆရာမလုပ်တော့တယ်။ မဂ္ဂီဆာနားမှာဆိုတော့ အဲဒီမှာနေတဲ့ ဖိုးစပ်ကြီးညီအငယ်ဆုံးကောင်ကျော်စိန်တို့မိသားစုနဲ့ နေတယ်ပေါ့။ တစ်လ နှစ်လ၊ တစ်ခေါက်နှစ်ခေါက်လောက် ဒီကို ပြန်သပေါ့ဗျာ။ ဒီလိုမဟုတ်လည်းဖိုးစပ်တို့လင်မယားက ကြုံတဲ့အခါ ဝင်တွေ့တတ်ကြတယ်။ဟိုက ကျော်စိန်တို့လင်မယားကလည်း သားသမီး မရှိလေတော့ယဉ်မိကို အလွန်စောင့်ရှောက်ရှာတာ။ ကျော်စိန်ဆိုတဲ့ ကောင်က ကျောင်းဆရာလုပ်တွက်။ ခုတော့ မော်တော်ဆိုင်ကယ် တစ်စီးနဲ့ရွာရိုးကိုးပေါက်လှည့် ကျွန်ုပ်ပြားနေတယ် ထင်ပါရဲ့။ ဖိုးစပ်လိုမဟုတ်ဘူး။ ဟိုအကောင်က ဝဝဖိုင့်ဖိုင့်။ နဖူးက ပြောင်ပြောင်။သူ့မိန်းမကလည်း ဈေးထဲမှာ မိနပ်ဆိုင်တွေ ဘာတွေရှိတယ်။ဒီတော့ ယဉ်မိ အဲဒီမှာနေရတာ အလွန်အဆင်ပြေပေါ့။

တစ်နေ့တော့ ကျော်စိန် ပေါက်ချလာတယ်။ အမှန်တော့ကျော်စိန်လာတာက အဆန်းမှမဟုတ်တာ၊ ဒီကောင်ကဒီဘက်လာလာပြီး ချိုးပစ်၊ ချိုးတည် လုပ်တတ်တယ်။ ကိုယ့် ခြံထဲမှာသူချစ်ကားတလေးထားပြီး တစ်နေ့ကုန် တောင်မိုး တက်ပြီးချိုးပစ်လေ့ရှိတယ်။ ဒီတစ်ခါတော့ အဲသလိုမဟုတ်ဘူး။ အဲဒီတုန်းက ကိုရှင်မောင်တင့်သားလည်းရောက်နေတာကိုး။ ကျော်စိန်နဲ့ ကိုရှင်မောင်တင့်သားကလည်း အဖွဲ့ကျတယ်။ နှစ်ယောက်စလုံးက သောက်လည်း သောက်နိုင်တယ်ဗျ။ အဲဒီနေ့က တောင်နိုးတွေ ပေနေတာနဲ့ပဲ ကိုယ်လည်း လမ်းလျှောက် မထွက်နိုင်တာနဲ့နောက်ဖေးဝရန်တာမှာ ကိုရှင်မောင်တင့် သားနဲ့ စကားစမြည်ပြောနေကြတယ်။ အဲဒီတုန်း ကျော်စိန် ရောက်လာတာပဲ။ဒီတော့လည်း ကိုရှင်မောင်တင့် သားက သူနဲ့ပါလာတဲ့ ဝီစကီ

www.burmeseclassic.com

တစ်ပုလင်း ဖောက်ဖြစ်သွားတာပေါ့။ အဲဒီတုန်းက ဖိုးစပ် တို့လင်မယားက ညနေဈေးသွားကြတယ်။

လိုရင်း ပြောရရင်တော့ဗျာ။ ကျော်စိန်လာတာက ယဉ်မိ ယောကျ်ားပေးစားဖို့ ကိစ္စပဲ။ ကျော်စိန်ပြောလို့ သိရတာက ယဉ်မိ ကောလိပ်ကျောင်းနေကတည်းက ကောင်ကလေး တစ်ယောက်နဲ့ ကြိုက်နေတာ။ ကောင်ကလေးကလည်း သူလိုပဲ ကျောင်းဆရာတဲ့။ အရင်က ရန်ကုန်မှာတဲ့။ ခုတော့ ဒီကို ပြောင်းလာတာ ကိုးလ၊ ဆယ်လလောက် ရှိသွားပတဲ့။ အဲဒါ သူက ကောင်ကလေးနဲ့လည်း စကားပြောဆိုကြည့်တယ်။ မကြာခင်ကလည်း ကောင်ကလေးအစ်ကိုကြီးဆိုတာက တာဝန် နဲ့ ခရီးသွားရင်း လမ်းကြုံဝင်လာပြီး ကျော်စိန်တို့ပဲ ကြည့်စီမံ ပေးဖို့ အပ်သွားလေတော့၊ ကျော်စိန်လည်း ဒီပေါက်ချ လာရ တော့တာပဲတဲ့။ ဒီတော့ ကျော်စိန်က ထုံးစံအတိုင်း "ဒါဆရာ ကြီးတာဝန်ပဲ။ ဆရာကြီးက အသက်အကြီးဆုံး"လို့ ပြောတယ်။

ထုံးစံအတိုင်းလို့ ပြောတာကို ကိုယ်က နည်းနည်း ရှင်းရ လိမ့်မယ်။ တခြားတော့မဟုတ်ပါဘူး။ အရင်ကတည်းက ဒီ ကောင်က ပြောလေ့ရှိလွန်းလို့ပါ။ ကိုယ်တို့ စကားပြောလေ့ ရှိတိုင်း တစ်ခုခုဆုံးဖြတ်စရာ၊ မှတ်ချက်ချစရာများ ရှိလာခဲ့ရင် ဒီကောင်က "ဆရာကြီး၊ ဆရာကြီးက အသက်အကြီးဆုံး၊ ဆရာကြီးမှာ တာဝန်ရှိတယ်" လို့ ပြောလေ့ရှိသတဲ့။ ကိုယ်က အသက်ကြီးတာတော့ အမှန်ပေါ့။ သို့ပေသိ နေရာတကာမှာ အသိဆုံးတော့ မဖြစ်နိုင်ဘူးထင်တယ်။ ဒါကြောင့် "ဟကောင်၊ ဒီကိစ္စက မင်းတကူးတကနဲ့ ငါ့အိမ်ပေါ်တင်လာတာ။ မင်းနဲ့ ညီအစ်ကိုနှစ်ယောက် ကြည့်ရှင်းကြပေါ့" လို့ ပြောလိုက်တယ်။ အဲဒီတော့မှ ကျော်စိန်က "ဆရာကြီးရယ်၊ ယဉ်မိဟာ ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



သမီးလိုပါပဲ။ "ဆရာကြီးမပါလို့ ဘယ်ဖြစ်မှာတုံး။ ကိုဖိုးစဝ်ဒေါ်သာ၊ ဆရာကြီးလည်း အသိသားပဲ။ သန်းယဉ်မကိုတော့ ကျွန်တော် အနည်းအကျဉ်း ပြောပြထားပြီးသားပါ။ သန်းယဉ်မက အမေဆိုပေသိ ဆရာကြီးတို့ ကျွန်တော်တို့ သင့်တယ် ထင်ရင် ပြီးတာပဲလို့ ပြောမှုတယ်။ ကိုဖိုးစဝ်ကသာ သူ့သမီးကလေး ငယ်သေးတယ်ထင်နေတာ။ ကျွန်တော်ချည်းပြောရင်၊ ထထိုးနေမှာဗျ" လို့ ပြောတယ်။ ကိုယ်ကလည်း ရယ်ရင်း "မင်းစေတနာက ထိုးရင်းထိုး ငါ့ကိုထိုးစေတော့ဆိုတဲ့ စေတနာမျိုး မဟုတ်လား" ပြောလိုက်မိတယ်။

အဲဒီအခါ ကိုယ်တို့ပြောတာ နားထောင်နေတဲ့ ကိုရင်မောင်တင့်သားက "နေစမ်းပါဦး ဦးလေးစိန်ရဲ့၊ သူတို့ချင်းက ကြိုက်နေကြတာ မဟုတ်လား၊ ဘာပြဿနာရှိလို့တုံး" လို့ ဝင်မေးတယ်။ ဒီတော့ ကျော်စိန်က ရှင်းပြတယ်။ "ဒီလိုကွ ဖိုးစဝ်ကြီးက သူ့သမီးကို ဆိုင်ကဝယ်လာတဲ့ ကော်ပတ်ရုပ်ကလေးများလို မှန်ဗီရိုထဲထည့် ကြည့်နေချင်တာ၊ သူ့တစ်သက် သူ့သမီးလေးကို ဒီလိုပဲထားချင်တာ။ ဒီလိုပဲ ထားချင်ရုံမကဘူး၊ ဒီလိုပဲ နေလိမ့်မယ်လို့ ထင်ထားတာ။ ဒီပြင် တည့်တည့် ပြောရရင်တော့ကွာ၊ မင်းနဲ့မင့် ဆရာဝန်မကလေး ဘာတဲ့၊ အယ်မလီ၊ ဟုတ်ပြီ၊ မင်းတို့နေတာထိုင်တာမျိုးလည်း သဘော ကျပုံရတယ်။ တစ်ခါက ယဉ်မိကိုတောင် ပြောသေးဆိုပဲ၊ "ဦးလေးတင့်သားနဲ့ သူ့မိတ်ဆွေ ဆရာဝန်မကလေးကို ကြည့် ဝမ်းဘယ်လောက်သဘောကျဖို့ ကောင်းသလဲ" တဲ့။ ဒီတော့ ကိုယ်တို့သုံးယောက် မျက်လုံးတွေ ဆိုင်သွားကြတယ်။ ပြီးမှ ကိုယ်က ကိုရင်မောင်တင့်သားကို ပြောလိုက်မိတယ် "ကိုင်း ဒီကိစ္စ မင်းလည်းပါတယ်။ ဖိုးစဝ်တို့လင်မယား ပြန်လာတဲ့

www.burmeseclassic.com



အခါ ဖိုးစပ်ကြီးကို နားဝင်အောင် ရှင်းပြသေး တာပေါ့"

ကိုယ်တို့လည်း ဖိုးစပ်တို့လင်မယား ဈေးက အပြန်ကို စောင့်ကြရင်း စကားဆက်ကြတဲ့အခါ ကိုရှင်မောင်တင့်သားက "ဘာဖြစ်လို့ ကျွန်တော်နဲ့ အယ်မလီရဲ့ဆက်ဆံရေးကို ဦးလေးစပ်က သဘောကျရတာလဲ" လို့ ကျော်စိန့်ကို မေးတယ်။ ဒီတော့ လည်း ကျော်စိန်က ရှင်းပြတယ်။ "ငါလည်း အသေအချာ တော့ မပြောနိုင်ဘူး။ တစ်ခါက ဖိုးစပ်ကြီးက သူ့သမီးကို အိမ်ထောင်ရေးအကြောင်း ဘာအကြောင်း ပြောတုန်း၊ ငါ့ရှေ့ တင် မင်းတို့ကို နမူနာပေး ပြောတာ ကြားရဖူးတယ်။ သမီး၊ ဦးလေးတင့်သားကို ကြည့်တဲ့။ သူနဲ့ သူ့မိတ်ဆွေ ဆရာဝန် မလေးဟာ ခုချိန်ထိ တစ်ယောက်နဲ့တစ်ယောက် သူငယ်ချင်း တွေလိုပဲတဲ့။ သူတို့ဟာ ငယ်ငယ်ထဲက အတူ ကြီးလာကြပြီး၊ သူငယ်ချင်းတွေ ဖြစ်နေကြတာ ခုထိပဲတဲ့။ အဲဒီ ချစ်ခြင်းဟာ အမြစ်ကင်းတယ်တဲ့။ ဒီတော့ အနားက နားထောင် နေမိတဲ့ငါ က မနေနိုင်လို့ ဝင်ပြောမိသေးတယ်၊ "ကောင်းတော့ ကောင်း ပါကွာ။ သို့ပေသိ၊ လူတိုင်းနေနိုင်တဲ့ကိစ္စမျိုးမှ မဟုတ် တာလို့ ပြောလိုက်မိတယ်" ဒီတော့၊ ကိုရှင်မောင်တင့်သားက ပြုံးတယ်။ ကျော်စိန်ကပဲ ဆက်ပြီး မင်းတို့ဟာက ဘာခေါ်လဲ၊ ပလာတို နစ်လားလို့ မေးတယ်။ ကိုယ်ကတော့ ဘာမှန်းမသိဘူး၊ သို့ပေ တဲ့ မသိသလို သိသလိုနေလိုက်တယ်။ ကိုရှင်မောင်တင့်သား က ပြုံးလို့သာ နေတော့တာကိုး။

ဒီတုန်း ဖိုးစပ်တို့လင်မယား ပြန်လာတယ်။ လာတာနဲ့ သန်းယဉ်မက အရိပ်အကဲသိတော့ သူ့ယောကျ်ားကို "သွား၊ ဆရာကြီးတို့နဲ့ စကားပြောချေ။ ကျွန်မ အမြည်းလုပ်ပေးမယ်" လို့ ပြောရင်း ဖိုးစပ်ကို ကိုယ်တို့ဆီ လွှတ်လိုက်တယ်။ ဖိုးစပ်က

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့လို အရက်ကြိုက်တတ်တာ မဟုတ်ဘူး။ ဘီယာကလေး တစ်ပုလင်းလောက်ကို တစ်နာရီလောက်ကြာအောင် သောက်တဲ့ လူမျိုး၊ ဖိုးစိုက ကိုယ်တို့ဝိုင်းမှာ ထိုင်မယ်လုပ်ရင်း၊ ဘာတွေ များ ဆွေးနွေးနေကြတုံးလို့ ဆိုတယ်။ ဒီတော့ ဖိုးစိုအတွက် ဘီယာပုလင်း ဖောက်နေရင်း ကိုရင်မောင်တင့်သားက "ဦးလေး စိုးသိမ်း၊ ယောက်ျားလေးစားဖို့အကြောင်း ပြောနေကြတာ" လို့ တည့်တည့်ကြီး ပြောလိုက်ပါလေရော။ ဖိုးကျော်စိန်ရော၊ ကိုယ် ပါ ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။ ဒီနေ့မှ ဖိုးစိုကလည်း စိတ်ကောင်းဝင်နေပုံရတယ်။ "ကောင်းသားပဲ၊ ဒါ့ထက် မောင် ရင်တို့ကတော့ ဘယ်တော့လက်ထပ်ကြမှာတုံး" လို့ ကိုရင်မောင် တင့်သားကို ပြန်နောက်လိုက်တယ်။ "ကျွန်တော် တို့က ကြီးပြီ။ ကျွန်တော်ဆို ဒီနှစ် လေးဆယ့်ငါး ရှိသွားပြီ။ အယ်မလီဆိုရင် လည်း ကျွန်တော့်ထက် သုံးနှစ်တည်း ငယ်တာ။ ယဉ်မိတို့က ငယ်သေးတယ်။ ကိုင်း၊ ထိုင်ပါဦး။ ကျွန်တော်တို့ အေးအေး ဆေးဆေး ပြောကြတာပေါ့" တဲ့။

ဒီလိုနဲ့ တိုတိုပြောရရင် ဖိုးစိုကို သူ့သမီးအိမ်ထောင်ချဖို့ ကိစ္စ ပြောဖြစ်သွားကြတယ်ပေါ့။ ပထမတော့ ဖိုးစိုကြီးက သိပ်မကြိုက်ချင်ဘူး။ ဒါပေမဲ့ ကိုယ်တို့ဘက်မှာက စကား ပြောကောင်းတဲ့ ကျောင်းဆရာလူထွက်နှစ်ယောက် ပါတာကိုး။ ကိုရင်မောင်တင့်သားရယ်၊ ကျော်စိန်ရယ်လေ။ အဆုံးတော့ ဆရာကြီးတို့ သင့်သလိုပဲ ဖြစ်ရတာပေါ့။ ဒါပေတဲ့ ဖိုးစိုတာ နဂိုတုန်းက စိတ်ထဲမရှင်းပုံပေါ်နေတဲ့ ကိုရင်မောင်တင့် သားနဲ့ သူ့သူငယ်ချင်း ကောင်မကလေးအကြောင်း မေးတယ်။ "ကျွန်တော်တို့ကတော့ ဒီလိုပါပဲ ဦးလေးစိုးရာ။ ချစ်ခြင်းမှာ အနှောင်အတည်း မထားတဲ့သဘောပေါ့။ ချစ်ခြင်းရဲ့ နောက်

www.burmeseclassic.com



ယက်တွဲအဖြစ် ဘာမှထည့်မထားဘူး။ ချစ်ခြင်းကို အနှီးသား ဆုံးအနေအထား တစ်ခုမှာပဲ ထားတယ်၊ အခိုကတော့ ဒါပဲ" လို့ ဖြေတယ်။ ဒီတော့မှပဲ ကိုယ်တို့သုံးယောက် သား အစက တည်းက နားမလည်ပုံရတဲ့ အကြောင်းတစ်ခုဟာ တရားဝင် နားမလည်ဘူး ဖြစ်သွားတော့တာပါပဲ။ ဒီတော့ ကျော်စိန်ကပဲ "မောင်ရင် ရှင်းတော့ရှင်းဦး၊ တို့ခေါင်းအေးအေး ထားရမယ့် အစွယ် ကျကာမှ ရှုပ်မထားခဲ့နဲ့ဟော့" လို့ ပြောတယ်။

ဒီအခါ ကိုရင်မောင်တင့်သားက ကိုယ့်ကိုဦးတည်ပြီး ဒီလိုပြောတယ်။

"ဒီလို ဘခွေးရေ၊ ကျွန်တော်တို့ အခုထိုင်နေကြတဲ့ လူတွေအားလုံးဟာ မချစ်ဖူးတဲ့လူ၊ မချစ်ခဲ့ဖူးတဲ့လူ မရှိဘူး၊ အချစ်မခံရဖူးတဲ့ လူတော့ ရှိကောင်းရှိမယ်။ ဒါကိုတော့ ကျွန်တော်တို့ မပြောနိုင်ဘူး။ ဒါပေတဲ့ ချစ်ခြင်းကို ချစ်ခြင်း အတိုင်း လက်မခံကြဘဲ နောက်ဆက်တွဲ ဆင့်ပွားချဲ့ကားထားတဲ့ နားလည်မှုတွေအနေနဲ့ လက်ခံကြတာများတယ်။ ဥပမာ ချစ်ခြင်းကို ပိုင်ဆိုင်မှုအဖြစ်၊ သွေးသားတော်စပ်လို့မှုအဖြစ်၊ ပုဂ္ဂလိကကျေနပ်လို့မှုအဖြစ်၊ ပြန်လည်အချစ်ခံရခြင်းကို တန်ဖိုး တစ်ခု ဂုဏ်ရည်တစ်ခုအဖြစ်နဲ့ ပိုပြီး နားလည်လက်ခံကြတယ်။ ဒီအခါ ချစ်ခြင်းရဲ့ မူဂုဏ်တွေ စစ်မှန်မှုတွေ ပျောက်ဆုံးသွား တယ်"

ခုမှ ကိုယ်တို့ ခုကျတွေ့တော့တာ။ သင်းပြောတာ ရှင်း လေရှုပ်လေကိုး။ ဖိုးကျော်စိန်ကတော့ ကျောင်းဆရာ လုပ်တွက် ဆိုတော့လည်း ကိုယ်တို့ထက် ပိုနားလည်ပုံရတယ်။ ဒီတော့ သူကပဲ မေးနိုင်တယ်။ "မောင်ရင်ပြောချင်တဲ့ 'ချစ်ခြင်း' ဆိုတာ က ဘာတဲ့ဆိုတာပြောဦးကွ" လို့ပြောတယ်။ "ဒီလို ဦးလေးစိန်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ 'ချစ်ခြင်း' ဆိုတာ 'ချစ်ခြင်း'ပဲ။ ဘာသာစကားနဲ့ တည်ဆောက်ထားတဲ့ 'အသံ' တစ်ခုပဲ၊ ဒီထက်ဘာမှမပိုဘူး၊တစ်နည်း ခပ်ကျယ်ကျယ်မြန်မြန် ပြောချင်ရင် 'ချစ်ခြင်း' ဟာ သမုတိ သဘောဆောင်တဲ့ အသံတစ်ခုပဲ။ ဒါကြောင့် အလွန်အဆွေးနေတဲ့ တချို့ဆရာကြီးတွေက 'ချစ်ခြင်းသည် မြဲ၏' 'ချစ်ခြင်းသည် ဝဋ်မှန်၏' အသဖြင့် ရေးကြတာပေါ့၊ ဟုတ်တာပေါ့။ 'ချစ်ခြင်း' က 'ချစ်ခြင်း' ပဲကိုး၊ မြဲတာပေါ့။ အသံ ကသာ ပြောင်းလဲသွားတာ။ 'ချစ်ခြင်း' အပေါ် နားလည်မှု ကသာ ပြောင်းလဲသွားတာ" လို့ ကိုရင်မောင်တင့်သားက ပြောတယ်၊ ဒီတော့ ကိုယ်လည်း မနေသာဘူး၊ ဟန်ဆောင် လွှတ်လို့ နေလို့မဖြစ်တော့ဘူး၊ ကလေးကလား ဆန်ချင် ဆန်နေမယ်၊ မေးတော့မေးရဦးမှာလို သဘောရတယ်၊

ဒီတုန်း ကို ရင်မောင်တင့်သားက ဆက်ပြောတယ်။ "ချစ်ခြင်းကို ငယ်စဉ်အခါက စိတ်လှုပ်ရှားမှုတွေ၊ သွေးသားတောင်းဆိုမှုတွေ အခြေခံပြီး လက်ခံတဲ့အခါ ချစ်ခြင်းရဲ့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေဟာ အများကြီးပဲ၊ ပြီးတော့ ဒီလိုမဟုတ်တော့ဘူး။ ချစ်ခြင်းကို ဆင်ခြင်တုံတရားနဲ့ ကြည့်လာကြတယ်။ တစ်နည်းပြောရင်တော့ အတွေ့ရာ ကြီးတဲ့ အခါ နားလည်တဲ့ ချစ်ခြင်းဟာ တန်ဖိုးအားဖြင့် ပြောကြစတမ်း ဆိုရင် ငယ်စဉ်က ရူးမူးမိုက်မိုက်ချစ်ခြင်းနဲ့ မတူတော့ဘူး။ တန်ဖိုးပိုရှိလာတယ်၊ ဆင်ခြင်တုံတရားနဲ့ လက်ခံတဲ့အချစ်ဟာ တန်ဖိုးပိုကြီးပါတယ်" လို့ ဆိုတယ်။ ဒီတုန်း ကျော်စိန်က သူ့အစ်ကိုဦးစပ်ကြီးကို နောက်တယ်။ "ဟေ့ မောင်စပ် မင့်သမီး ယောက်ျားမြန်မြန် ပေးစားရင် ပေးစား၊ မတော်လို့ သူတို့အသွားအခေါ် မှားတွေဖြစ်လာရင် တစ်သက်လုံး ယောက်ျားမရှာဘဲ နေ

www.burmeseclassic.com

www.burmeseclassic.com



လို့ မင်းနဲ့ငါ အိမ်ဦးခန်းက တင်ကျွေးနေရဦးမယ်" တဲ့။ ဒီတော့ ဖိုးစံက ရယ်တယ်။ ကိုယ်လည်းမနေသာဘူး။ မေးစရာတော့ မေးဖြစ်လိုက်တယ်။ "မင်းပြောတာက 'ချစ်ခြင်း' ဟာ အသီးတစ်ခုသက်သက်ပဲဆိုတော့ ဟုတ်ပါ့မလားကွာ" လို့ မေးတော့ ကိုရင်မောင်တင့်သားက "ဒီလိုလေ ဘဒွေးရဲ့. . ." အစချီပြီး ရှင်းတော့တာကိုး။

"ချစ်ခြင်းမှာ ဆိုးတာကောင်းတာ၊ မှန်တာမှားတာ မရှိဘူး။ ချစ်ခြင်းကို လက်ခံသုံးစွဲတဲ့သူမှာသာ အဲဒီတန်ဖိုးဖြတ်မှုတွေ ရှိတာ။ ဒါကြောင့် လူတွေမှာ ချစ်ခြင်းရဲ့အနေအထားဟာ မတူကြတာပေါ့။ တစ်နည်းပြောရရင် ချစ်ခြင်းဟာ လက်ခံ သုံးစွဲတဲ့သူအပေါ်မှာ တည်တာ။ ကိုယ့်အကြိုက်၊ ကိုယ့်ဘဝနဲ့ ယှဉ်ပြီး တည်ဆောက်ယူကြတာ။ တစ်ထပ်တည်းကျတဲ့ ချစ်ခြင်းနှစ်ခု ဘယ်တော့မှမရှိနိုင်ဘူးလို့တောင် ဆိုကြတယ်။ ခပ်လွယ်လွယ်ပြောရရင်၊ ဘဒွေးနဲ့ ဒေါ်ဒေါ်လေးအကြောင်း ပြန်စဉ်းစားကြည့်လေ။ ဘဒွေးနဲ့ ဒေါ်ဒေါ်လေးတို့က လူကြီးတွေ ပေးစားလို့ အကြောင်းပါတာမဟုတ်လား။ ဒါပေတဲ့ အိမ်ထောင် တစ်ခုရယ်လို့ ဖြစ်လာတဲ့အခါ ချစ်ခြင်းဟာ သူ့ဘာသာ ရောက်လာတာပဲ။ ဘဒွေးတို့အိမ်ထောင်ရေးဟာ အသက်ထက်ဆုံးမြဲတယ် ဆိုရမှာပဲ။ မြဲတာဟာ တခြားအကြောင်းတွေ ကြောင့်ပဲ။ ဘဒွေးတို့က 'ချစ်ခြင်း' ကို 'ချစ်ခြင်း' ထက် ပိုပြီး နေရာမပေးခဲ့ဘူး မဟုတ်လား. . ."

ခုတော့ ကိုယ့်မှာ ပိုစဉ်းစားစရာ ဖြစ်ရတာပေါ့။ သင်းပြောသလိုပဲ။ ကိုယ်တို့လင်မယားအကြား ချစ်တယ်. . . မချစ်ဘူးဆိုတဲ့ကိစ္စကို တစ်ခါမှ မေးစမ်းတောင်မကြည့်မိကြဘူးကိုး။ ခုမှ နိဗ်သာမှာ ဘာဝနာပွားနေတဲ့ ကျောင်းအမကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို "နင်နဲ့ငါနဲ့ ချစ်ခဲ့ကြဖူးသလား" လို့ သွားမေးပြန်ရင်လည်း အလကား အဘော်ခံရဦးမှာ။ ကိုယ့်ဘဝမှာတလည်း ချစ်တယ် ဆိုတဲ့ကိစ္စဟာ တစ်ခါကမှ မကြီးကျယ်ခဲ့တာကိုး။ တက္ကသိုလ် ကျောင်းသားဘဝကဆိုလည်း မျက်စိကျတာတို့၊ ဘာတို့တော့ ရှိခဲ့တာကိုး။ ဒါကလည်း လူငယ်တို့ဘာသာဘာဝ မဟုတ်လား။ ခုမှပဲ ကိုယ့်ဘာသာ စဉ်းစားကြည့်ရတယ်။ ဘာတဲ့ 'ချစ်ခြင်း' ဆိုတာ ငယ်ငယ်က နားလည်ခဲ့တဲ့ တပ်မက်မှုဆိုတာကတော့ ချစ်ခြင်း မဟုတ်ဘူးဆိုတာ သင်းပြောလို့ သဘောပေါက်မိသလို တော့ ရှိသား။ အသက်ကပဲ ခုနစ်ဆယ်ကျော်လာတော့ စဉ်းစားရတာကိုက သိပ်စိတ်ဝင်စားစရာ မကောင်းတော့ဘူး။ ရေစက်လမ်းထဲက တောပြန်ကြီး ဗိုလ်အောင်လင်းပြောသလို ပြောရရင် "ခုနေတော့ ခြင် ဘာလို့ကိုက်တယ်" ဆိုတာက ပိုစိတ်ဝင်စားစရာပဲ။ ဒါပေတဲ့ စဉ်းစားကြည့်နေချင်တယ်။ အဲဒါကို ကိုယ်ကပြောပြတော့ ကိုရင်မောင်တင့်သားက "ဘာမွေး ဘယ်သူက စဉ်းစားခိုင်းလို့တုံး။ ကိုယ့်အတွက် ဘာမှ အကျိုးမရှိတော့တဲ့ကိစ္စတစ်ခုကို ဘာလို့စဉ်းစားနေတော့ မှာတုံး" တဲ့။ ဒါလည်း ဟုတ်တုတ်တုတ်။ 'ချစ်ခြင်း' ဆိုတာက 'ချစ်ခြင်း' ပဲတဲ့။ ဘာမှမဟုတ်ဘူးတဲ့။

ဒီတုန်း သန်းယဉ်မ ရောက်လာတော့ စကားပြတ်သွား ကြတယ်။ ဗိုးစဝ်ကြီးက သူ့မိန်းမကို သူ့သမီးအိမ်ထောင်ချဖို့ ကိစ္စ ပြောတယ်။ ကျော်စိန်နဲ့ ကိုရင်မောင်တင့်သားက ခပ် လှမ်းလှမ်းက ပျံနေကြတဲ့ ငှက်တစ်အုပ်ကို ကြည့်ပြီး နိမိတ်တည် တဲ့အကြောင်း ပြောနေကြတယ်။ ကိုယ်ကတော့ တောင်နိုး နောက်ဘက်ကို ဝင်တော့မယ့် နေရောင်ခြည်ကို ကြည့်ပြီးသာ ယာနေမိသလား၊ ဝမ်းနည်းနေမိသလား မသိဘူး။ စဉ်းစားစရာ

www.burmeseclassic.com



မလိုဘူးလို့ဆိုကာမှ စဉ်းစားစရာတွေ အပုံကြီးပဲ။ မအိပ်ခင် တော့ မိုဂါဒွန် တစ်ပြားလောက်တော့သောက်မှ ထင်တယ်။ ဒီအတိုင်းဆိုရင် အိပ်ပျော်တော့မှာ မဟုတ်ဘူး။

ရှုံ့သစ် မဂ္ဂဇင်း၊ အမှတ် ၃၃၊ ဇန်နဝါရီ ၂၀၀၀

www.burmeseclassic.com

www.burmeseclassic.com

## ထိုယောကျ်ားကား မိုက်၏၊
## ထိုယောကျ်ားတို့ကား မလိမ္မာကြကုန်

အင်း . . . ခင်မျှားနဲ့တောင် မတွေ့တာကြာပြီကိုး၊ မတွေ့ဆို အိမ်မှာ ကိုရင်မောင်တင့်သားနဲ့ သူ့မိတ်ဆွေ ရောက်နေလို့။ ကိုရင်မောင်တင့်သားတော့ ခင်မျှား တွေ့ဖူးသားမဟုတ်လား။ ဟိုတုန်းက ကောလိပ်ကျောင်းမှာ ဖီလိုဆိုဖီတို့ ဘာတို့ သင်နေတဲ့အကောင်လေ၊ ခုတော့ အရှုပ်ရေး တမေ့နေတဲ့ ကောင်လေများ၊ သူနဲ့ပါလာတဲ့ မိတ်ဆွေဆိုတာက ကျောင်းဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးဆိုပဲ။ ပြည်ဘက်ကလို့ ဆိုတယ်။ လူက ခပ်ဖိုင့်ဖိုင့်ရယ်။ လူက လူအေးဗျ။ ကိုယ်တို့ ညနေတိုင်း ဝီစကီလေး ဘာလေး သောက်ပြီး ငြင်းခုံတဲ့အခါ သူက နားထောင်သမား။ ငြင်းခုံတယ်ဆိုလို့ ပြောရဦးမယ်၊ ကိုရင်မောင်တင့်သားက ငြင်းခုံတယ်လို့ဆိုရင် အာယာတဖြစ်လို့မှသဘောပါသတဲ့။ ဒါကြောင့် အသိပညာတစ်စုံတစ်ရာအတွက် အချေအတင် နှီးနှောခြင်းလို့သာ ခေါ်သင့်တယ်တဲ့။ ကိုယ်တော့ သိပ်သေသေချာချာ မသိဘူး။ သို့ပေတဲ့ နားထောင်လို့တော့ ခပ်ကောင်းကောင်း။ နှီးနှောတယ်ဆိုတော့လည်း အာယာတနည်းတယ်လို့ ဆိုနိုင်သပေါ့လေ။ ထားပါတော့၊ ဘယ်လိုခေါ်ခေါ်။ ငြင်းတော့ ငြင်းတဲ့သဘောထင်ပါရဲ့။ ပညာပါပါကလေး ပြောကြတာနဲ့ ထဆဲကြတာတော့ ကွာမှာပေါ့။

ဝီကောင် ကိုယ့်ဆီက ပြန်သွားတာ ဘာကြာသေးလို့လဲ။ ချက်ချင်းတောင် ပြန်ရောက်ပုံမရပါဘူး။ သူ့မိတ်ဆွေ ကျောင်းအုပ်ဆရာကြီးကို ပြည်မှာဝင်တွေ့တော့ ကျောင်းအုပ်ဆရာကြီးက စိတ်နေမကောင်း ဖြစ်နေရှာဆိုကိုး။ စိတ်နေမကောင်းဆိုတော့ တစ်မျိုးမထင်ပါနဲ့။ သူ့ခမြာ အလုပ်ကများတော့ စိတ်ပင်ပန်းနွမ်းနယ်တဲ့သဘောပေါ့။ ဘိုလိုတော့ စထရက် ခေါ်တယ်ထင်ပ။ အဲဒါနဲ့ပဲ ကျောင်းကလည်း ပိတ်ထားတုန်းဆိုတော့ နားနားနေနေ နေရအောင်ဆိုပြီး ကိုယ့်ဆီခေါ်လာတာတဲ့။ သူတို့က ကောလိပ်ကျောင်းတုန်းက မိတ်ဆွေဆိုပေတဲ့၊ ခရိုက် ချင်းက တယ်ကွာသကိုး။ ကျောင်းအုပ်ဆရာကြီးက မနက်ဆို စောစောထ၊ ဆည်ပေါက်ဘက်ကို လမ်းလျှောက်။ တစ်ခါတစ်ရံ ကိုယ်နဲ့ဂေါက်ကွင်းဘက်ထိ လျှောက်ကြအား၊ ကိုယ်နဲ့ လမ်းလျှောက်တဲ့အခါတော့ လမ်းမှာ တော၏လှပခြင်း၊ တောင်၏

www.burmeseclassic.com



လုပ်ခြင်းများကို ကိုယ့်ကိုရှင်းပြတတ်တယ်။ တစ်ခါတလေ တောအလှ တောင်အလှနဲ့ ဆက်စပ်တဲ့ကဗျာတွေ ဘာတွေ ရွတ်ပြတယ်။ ညွှတ်ယ်ပြောရင်လည်း ကိုယ်ကတော့ ခံရမှာပဲ။ သူပြောပြ ရွတ်ပြ ဖတ်ပြတော့မှပဲ ကိုယ်နေတဲ့တောအရပ် ဒေသက်သာယာမှုန်း သိတော့တယ်။

ကျောင်းအုပ်ဆရာကြီးက မနက်ဆိုလည်း အချိန်မှန် အိပ်ရာကထ၊ ညဆိုလည်း ကိုယ်တို့စကားဝိုင်းသိမ်းမှ အိပ် တာ၊ ကိုယ်တို့လို ဝီစကီတွေ ဘာတွေ မသောက်ပေတဲ့ ကိုယ် တို့စကားဝိုင်းမှာ ရေနွေးကြမ်းသောက်ပြီး နားထောင်တတ် တယ်။ သူက ကိုရင်မောင်တင့်သားလို သိပ်ဆွေးဆွေး နွေးနွေး မရှိလှဘူး။ သူ စိတ်ဝင်စားတာများရှိရင် ဒီတ်ကပ်ထဲက စာ အုပ်ကလေး ထုတ်ထုတ်ပြီး မှတ်တယ်။ များသော အားဖြင့်က ခေါင်းတညိတ်ညိတ်နဲ့ နားထောင်လေ့ရှိတာကိုး။ ဒါကြောင့် လည်း ကိုရင်မောင်တင့်သားက ဆော့ခရတ္တိတို့ ပလေတိုတို့ရဲ့ တပည့်မဟုတ်ဘူး၊ ဆရာကြီး ဒေါက်တာ ခင်မောင်ဝင်းတပည့် ဖြစ်လို့ ပြောဖူးတယ်။ ဟုတ်ပါရဲ့ဗျား၊ သူတို့ဆရာ ဒဿနဗေဒ ပါမောက္ခဆရာကြီး ဒေါက်တာ ခင်မောင်ဝင်းဆိုရင်လည်း သူများတကာ ဆွေးနွေးခြင်းခံ ကြရင်ဖြင့် သူက ပြုံးပြုံးကြီးနဲ့ ဆေးတံကြီးခဲ နားထောင်နေတတ် တာကိုး။ အင်း... ဆွးခါ တိုက်က ဆရာတော်ကြီး ဦးဝိသုဒ္ဓ စကားနဲ့ပြောရရင် ပညာရှိ သတဲ့ လူများက တယ် အမှတ် အသားရှိတတ်တာလို့သာ ဆိုရ တော့မှာပဲ။

ကျောင်းအုပ်ဆရာကြီးက စထရက် ရနေတယ်သား ဆိုရတယ် လုပ်ရိုးလုပ်စဉ် တယ် ပျက်ပုံမရဘူး။ ညစဉ် အိပ် ခင် ဒိုင်ယာရီတွေ ဘာတွေ ရေးသေးတာ။ မနက်ဆိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်နာရီ ထိုးပဟေ့ဆိုတာနဲ့ ထမင်းစား စားပွဲမှာ လက်မက်ချည်သောက်ဖို့ အသင့်ဖြစ်နေတတ်တယ်။ ကိုရင် မောင်တင့်သားကတော့ အိပ်ချင်တဲ့အချိန်အိပ်၊ ထချင်တဲ့ အချိန်ထ၊ ကိုယ်တို့ ထမင်းစားတဲ့အခါ သူက စားချင်မှ စားတာကလား။ တစ်ညနေတော့ ကိုယ်တို့ ဝီစကီသောက်နေကြရင်း မင်းမှာ မင်းအဖေလို စည်းနဲ့ကမ်းနဲ့ နေတတ်တာကလေးများ မရှိဘူးလား။ ဥပမာဏွာ အချိန်လေးစားတာတို့ ဘာတို့ မရှိ ဘူးလားလို့ မေးကြည့်မိတယ်။ ဒီတော့ မောင်မင်းကြီးသားက ဘာပြန်ဖြေတယ် ထင်သလဲ၊ ဆရာ့ရွေးရာ. . . တဲ့။ နေဦး။ သူက ကိုယ့်ကို ဘဗွေးခေါ်တာက သူ့အဖေညီ ကျောင်းဆရာ မောင်ခန့်နဲ့ ကိုယ်နဲ့က ရွယ်တူ၊ မောင်ခန့်ကို ဘဗွေးခေါ်ရာက ကိုယ့်ကိုပါ ဘဗွေးခေါ်တာပါ။ ဘဗွေးရာ လောကကြီးဟာ ဘယ်တုန်းကမှ စနစ်တကျ ရှိခဲ့တာမဟုတ်ဘူး၊ လူတွေကသာ လောကကြီးကို အမျိုးမျိုးသတ်မှတ်ကြတာ။ ဒီအချိန်တော့မြင့် ဒါလုပ်ရမယ်၊ ဟိုအချိန်တော့မြင့် ဟိုဟာလုပ်ရမယ် မဟုတ်လား။ ဒီလိုလုပ်ခြင်းအားဖြင့် လူတွေဟာ သူ့ဘာသာ ကစဉ့် ကလျားဖြစ်နေတဲ့ လောကကြီးနဲ့ လိုက်လျောညီထွေစွာ နေနိုင် အောင် အားမထုတ်တာ ပေါ်လွင်လာတာပဲ၊ သူ့ဘာသာ ဖြစ်နေတဲ့ လောကကြီးနဲ့ တတ်နိုင်သမျှ လိုက်လျောညီထွေမှု ရှိအောင် နေတတ်ဖို့ လိုတယ်မဟုတ်လား. . . တဲ့။

ဟုတ် မဟုတ်တော့ မသိဘူး။ သူပြောမှပဲ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရမလိုလိုတောင် ဖြစ်မိတော့တယ်။ ဒါနဲ့ကိုယ်က ဘယ်နှယ်တုံး ကျောင်းအုပ်ကြီးရေ့ သူ့မိတ်ဆွေကို လှမ်းမေးမိတယ်။ ဒီတော့ ကျောင်းအုပ်ဆရာကြီးက မြုံးမြုံး အဘနှုတ် သူက တစ်သက်လုံး ဒီလိုမြင် ဒီလိုတွေး ဒီလိုနေလာတာ၊ သူက

www.burmeseclassic.com



အမှန်တရားဆိုတာ ဟုတ္တလမ်းဖွာနိပဲလို့ ယုံတာကိုး။ သူ ယုံသလို သူမြင်သလို သူများယုံရမယ်၊ မြင်ရမယ်လို့ ဆိုတော့၊ ကျွန်တော်တို့က ခင်ဗျား မှားတယ်လို့ နင်တဲခေါ မပြော သာဘူး မဟုတ်လား. . . တဲ့။ ဒီလိုတော့လည်း ဟုတ်သား ကလား၊ ကိုယ်က ကိုယ့်ဘာသာ တွေးမိရာယ်။ ဒီလို တွေးတတ် ကြလို့လည်း သင်းတို့သူငယ်ချင်း ပေါင်းဖြစ်ကြတာကိုး လို့လည်း စဉ်းစားမိပြန်တယ်။ ဒီလို နားလည်တတ်တဲ့လူ၊ ကိုယ်ပြောချင်တာက ကျောင်းအုပ်ဆရာကြီးလို နားလည် တတ်တဲ့ လူ၊ ဆင်ခြင်တတ်တဲ့လူက ဘယ်လိုလုပ်ပြီး သောက မှားနေတဲ့အခါ ကိုရင်မောင်တင့်သားလိုလူက ဘယ်လိုဖြစ်လို့ သောက မရှိ သလို နေနိုင်တယ်ဆိုတာ ကိုယ့်ဘာသာကိုယ်တော့ စဉ်းစား ကြည့်လို့ မရပြန်ဘူး။

ဒါနဲ့ တစ်နေ့ည ထမင်းစားပြီး အိမ်နောက်ဘက် ဝရန်တာမှာ ထိုင်စကားပြောကြတော့ ကိုယ်ကပဲ သူ့ကို မေးမိတယ်။ . . . မင်းမှာ သောကခေါ်-ခေါ်၊ စထရက်ခေါ် ခေါ်၊ ခေါ် ချင်ရာ ခေါ် ကွာ၊ အဲဒါမျိုးများ မင့်ဆီ မရှိဘူးလား. . . လို့ ဆိုတော့၊ ခင်ဗျား၊ ဘာမွေးရာ၊ လောကမှာ ငါသေရတော့မယ် ဆိုတဲ့ အသိ ထက်ပိုပြီး သောကဖြစ်စရာ၊ ဝမ်းနည်းစရာ၊ ကြေကွဲ စရာ ဘယ် ရှိပါမတုံး လို့ ပြောတယ်။ ဒီတော့မှ ကိုယ်လည်း စိတ်ပူသွားမိ တယ်။ ဒီကောင် မပြောကောင်း မဆိုကောင်း၊ ရောဂါတွေ ဘာ တွေများ ရှိနေလို့လားဟဲ့။ ဒါကြောင့် ဆရာဝန်တွေ ဘာတွေ များ ဘယ်ရွေ့ဘယ်မျှပဲ နေရမယ်များ ပြောထားလို့ လားလို့ တွေးမိတယ်။ ဒီကောင်က ကိုယ်အင်မတန် ရင်းတဲ့ မိတ်ဆွေရဲ့ သားဆိုတော့လည်း ကိုယ့်မှာ အထိုက်အလျောက် တာဝန်က ရှိတာကိုး။ ဒီတော့ ကိုယ်က တည့်တည့်ပဲ မေးရတာပေါ့ . . .

www.burmeseclassic.com



မင်းကို ဆရာဝန်တွေ ဘာတွေက ပြောပြီလား၊ ဘယ်နှ ဘယ်မျှပဲ နေရမယ်ဆိုတာ. . . လို့ မေးမိတယ်။ ဒီတော့ ကိုရင်မောင်တင့်သားနဲ့ သူမိတ်ဆွေ ကျောင်းအုပ် ဆရာကြီးတို့ နှစ်ယောက်သား ဝါးခနဲ ရယ်ကြတော့တာကိုး၊ ကိုယ်လည်း ကိုယ်က မေးလိုက်မိတာကိုး၊ သင်းတို့နှစ်ယောက်သား အရယ် ရပ်တော့မှ ကိုရင်မောင်တင့်သားက. . . ဘကြွေးရဲ့ လူဆိုတာ မွေးဖွားပြီးကတည်းက သေဒဏ်က ကျပြီးသား မဟုတ်လား၊ ဆိုကြပါစို့၊ မွေးဖွားပြီးတဲ့နောက် သေဆုံးဖို့ဟာ လူမှာ တာဝန်တစ်ရပ် ဖြစ်နေခဲ့ပြီ မဟုတ်လား. . . တဲ့၊ ဘကြွေး မမှတ်မိတော့လို့ပါ။ တစ်ခါကလည်း ဘကြွေးနဲ့ ကျွန်တော် ဒီနေရာမှာ ထိုင်ရင်း ကျွန်တော်ရှင်းပြဖူးပါတယ်၊ ဘဝရဲ့ ဖြစ်နေခြင်းမှာ အဓိကအကျဆုံးဟာ သေခြင်းပဲ၊ ဒီအသိ ရှိနေခြင်းကြောင့် ပေါ်ပေါက်လာတဲ့ သောက၊ ပရိဒေဝဟာ အင်မတန် မြင့်မြတ်တယ်ဆိုတာကို ကျွန်တော် ပြောချင် တာပါ. . . တဲ့။

ဒီလိုတော့လည်း ဟုတ်သားကလား၊ သို့ပေတဲ့ အားအား ယားယား အယ်သူက ဒီကိစ္စကို တွေးနေမှာမို့လဲ။ ကိုယ် ကိုယ်တိုင်လည်း ဒီအမြင်မျိုးတော့ ရှိတယ်၊ သဘောလည်း ကျမိပါရဲ့၊ သို့ပေတဲ့က သူတို့လို မတွေးတတ်၊ မပြောတတ်ကိုး။ ဒါနဲ့ပဲ ကျောင်းအုပ်ဆရာကြီးက ကိုယ့်ကို ရှင်းပြတယ်။ နှစ်ဆယ်ရာစု အတွေးအခေါ်ထဲက. . . ဘာပါလိမ့် ထားပါတော့ ဗျာ. . . အဲဒီအတွေးအခေါ်အကြောင်း၊ သူကတော့ ကျောင်း ဆရာ မဟုတ်လား၊ ကိုရင်မောင်တင့်သားလို မဟုတ်ဘူး၊ ကိုယ့်ကို ကျောင်းသားတစ်ယောက်လို နားလည်အောင် ရှင်းပြ ရှာတယ်၊ ကိုယ်လည်း ပညာအတော်ရသွားတယ် ဆိုရမှာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သင်းတို့ ခုခေတ်လူငယ်တွေက ကိုယ်တို့နဲ့ယှဉ်ရင် အဖတ်အမြ က များတယ်မဟုတ်လား။ ဘဝအတွေ့အကြုံသာ အသက် အရွယ်အရ နည်းချင်နည်းမှာ။ တတွေ့တော့ များရှာကြတယ်၊ အတွေ့အကြုံ. . . အတွေ့အကြုံ။ သတိရတုန်း ပြောပြစမ်း ပါရစေ။

တစ်နေ့ နေ့ခင်းပိုင်း ကိုယ်နဲ့ကျောင်းအုပ်ဆရာကြီးနဲ့ ဂေါက်ကွင်းဘက်ကို လမ်းလျှောက်ကြတယ်။ ကိုရင်မောင်တင့် သားကတော့ ထုံးစံအတိုင်းပေါ့။ စာအုပ်တစ်အုပ်ဖတ်ရင်း အိမ်မှာ ကျန်ရစ်ခဲ့လေရဲ့။ ဂေါက်ကွင်းရောက်တော့ ဖိုးတောထွန်းနဲ့ ဆရာဝန် ကိုမရှသာ တွေ့တယ်။ သူတို့နှစ်ယောက်သားလည်း ဂေါက်ရိုက်ဖို့လာတာ ကွင်းရောက်တော့ မှင်းတာနဲ့ ဒီယာ ထိုင်သောက်နေကြသတဲ့။ ကိုယ်လည်း သူတို့နဲ့တွေ့တော့ တစ်ခွက်တစ်ဖလားတော့ ကြိတ်လိုက်တာပေါ့။ ကျောင်းအုပ် ဆရာကြီးကတော့ ထုံးစံအတိုင်း လက်ဖက်ရည်သောက်၊ မုန့်စား ပေါ့။ နေလေး နည်းနည်းချိုလာတဲ့အခါ အိမ်ပြန်ကြမယ် လုပ်တော့ ဆရာဝန် ကိုမရှသာက လမ်းလျှောက်ပြန်ကြရအောင် များလို့ ဆိုတော့၊ ကိုယ်တို့က ဘယ်ကန့်ကွက်ပါ့မလဲ။ နဂိုထဲက လမ်းလျှောက်ထွက်လာကြတာ မဟုတ်လား။ ဒီတော့ ဖိုးတော ထွန်းက အကြံပေးတယ်။ . . . ရေစက်လမ်းဘက်က သွားကြရ အောင်တဲ့၊ ရေစက်လမ်းက ဖြတ်၊ ဘုရားဝင်းထဲကဖြတ်၊ ရေ ကန်ကိုကျော်လိုက်ရင် ကိုယ်တို့အားလုံးနေတဲ့ အပိုင်းကို ရောက်ကရော။ လိုရင်း တိုတိုပြောရရင် ကိုယ်တို့အဖွဲ့ ရေစက် လမ်းထဲရောက်လို့ လမ်းတစ်ဝက်လောက်လည်း ရောက်ရော ဘယ်သူ့ကို သွားတွေ့တယ် ထင်သလဲ။ တောမြန်ကြီး ဦးဘ ဖောင်လင်းကိုပေါ့။

www.burmeseclassic.com



မင်းများတောင် တွေ့ချင်တွေ့ဖူးမှာ။ အဲဒီဘက်မှာ မသိသူ ခပ်ရှားရှား၊ လူပုံက ထောင်ထောင်မောင်းမောင်းရယ်၊ ခင်မောင်ရင့်ဘိုကေမျိုးနဲ့ အမှန်မတော့ တောပြန်ဆိုတာ ဟိုစဉ်က တော်လှန်ရေးကာလလောက်က တောခိုတာပါ။ နောက် ဒီဘက်ခေတ်ထဲရောက်တော့ တပ်ထဲမှာ ဗိုလ်မှူးကြီး ကနေ အနားယူတာဆိုထင်ပါရဲ့။ ဖိုးစောထွန်းနဲ့က ငယ်ပေါင်း ပိုရင်းတယ်။ မနိုင်ရင်ကာတွေပေါ့ဗျာ။ ကိုယ်နဲ့ကတော့ ဒီကျမှ သိပေတဲ့ အင်မတန်ခင်ပါတယ်၊ တွေ့တွေ့ချင်း ဖိုးစောထွန်း ကပဲ ဖိုးအောင်လင်း နေ့ခင်းကြောင်တောင် လမ်းထဲမှာ ဘာ လုပ်နေတုံးလို့ စကားစလိုက်ရာက ကိုယ်တို့တစ်သိုက် လမ်း လယ်ကြီးမှာ စကားဖွဲ့ဖြစ်သွားကြတယ်။ ဒီတော့ ဗိုလ်အောင် လင်းကြီးက မနက် မနက် ဘုရားဝင်းထဲက လမ်းလျှောက်က ကျွပ်ပြန်လာရင် ဒီနားက ခွေးဝဲစားမ တစ်ကောင်က ဟောင် နေကျဗျ။ ဒီနေ့တော့ ဟောင်တာ မတွေ့လို့ ခုနေ့ခင်းပိုင်း မှာများ တွေ့လိုတွေ့ငြား လာကြည့် တာတဲ့။ ကားတွေဘာ တွေများ ကြိတ်သွားသလားလို့ ပူလို့ ထွက်ရှာနေတယ်ဆိုပဲ။ ကိုယ်တို့ကတော့ ပြုံးမိတယ်။ ဖိုးစောထွန်းကတော့ အားရပါးရ ရယ်ရင်း ဖိုးအောင်လင်းရာ ခွေးဝဲစားမ သူ့ဘာသူ ကားတိုးတိုး သန်းထီပေါက်ပေါက် မင့်အပူလားလို့ဆိုတယ်၊ ဒီတော့ ဗိုလ်အောင်လင်းကြီးက ဟာဗျာ ခွေးလည်းအသက်နဲ့ပဲလို့ ဆိုတယ်။ တကယ်တော့ ဗိုလ်အောင်လင်းကြီးက ပုတတ်ပင် တတ်တယ်။

ပုဆို ဖိုးလင်းလို့ ဘုရားဝင်းထဲ လမ်းတွေဘာတွေ လျှောက်ပြီးပဟေ့ဆိုရင် ရေဒီယိုတစ်လုံးနဲ့ တစ်ကမ္ဘာလုံး မင်း သတင်းမျိုးစုံ နားထောင်တော့တာပဲ။ ဂျပန်မှာ ငလျင်လှုပ်သည်

www.burmeseclassic.com

www.burmeseclassic.com



သူ ပူတာပဲ။ ဘယ်လယ်စကားမှာ ရေခဲတောင်ပြိုလည်း သူ ပူတာပဲ၊ သူ့ဘာသာသူ ပူရုံပူပြီးတာမဟုတ်ဘူး၊ ဟိုလူ ဖုန်းဆက်မေး၊ ဒီလူ ဖုန်းဆက်ပြောနဲ့၊ သူ့အိမ်မှာကလည်း သူ့လို ပူတတ်ပင်တတ်တဲ့ သမီးအပျိုကြီးနှစ်ယောက်ကလည်း ရှိသေးတာ၊ ခင်ဗျားလည်း သိသားပဲ၊ အပျိုကြီး လူပျိုကြီး ဆိုတာက ပူစရာမရှိရင် ရှာထိုင်က ပြောင်ကိုင်းကျိုးတာတောင် ရှာကြံပူ တတ်တာမျိုး မဟုတ်လား၊ ဒီတော့လည်း ဗိုလ်အောင်လင်း ကြီးအတွက် အမေဖော်ရတာပေါ့။ ဘာတဲ့ ကျောင်းအုပ်ဆရာကြီး ပြောတဲ့စကားနဲ့ ပြောရရင် အပူ ကူးစက်မှု လွယ်ကူသွားတယ် ပေါ့ဗျာ၊ နေဦး၊ ဗိုလ်အောင်လင်း ကြီးတို့ ပူပုံ တစ်ခုပြောပြ ဦးမယ်။

တစ်ခါက နမိုးနီးယားဆိုလားဖြစ်လို့ ဗိုလ်အောင်လင်းကြီး ဆေးရုံတင်ရတယ်၊ လူကြီးဆိုတော့ ပူကြရတာပေါ့ဗျာ၊ ဒါနဲ့ သူ့သားသမီးတွေ စောင့်ကြည့်ရတယ်၊ ဘယ်လိုက ဘယ်လိုဖြစ် တယ်ဆိုတာ၊ ဒီတော့ သူ့သားအကြီးကောင်က ပြောပြတယ်။ . . . ဒယ်ဒီက ညတစ်နာရီလောက်ဆို အိပ်ရာက ထတတ် တယ် . . . တဲ့၊ ပုံမှန်ပေါ့ဗျာ၊ လူကြီးဆိုတော့ အပေါ့ အပါး သွားတယ်ပေါ့ဗျာ၊ . . . သူ အိပ်ရာထတဲ့ အချိန် လောက်မှာ ရေစက်ဆိုက ဒရုမ်တောင်ကလေးက ည နာရီ တစ်ချက်တီး နာရီသံချောင်း ခေါက်လေ့ရှိတတ်တယ် . . . တဲ့၊ အဲဒီညကျ တော့ ခပ်စောစောပိုင်း ဗိုလ်အောင်လင်းကြီး မအိပ်ခင်က သူ့သားအလတ်ကောင် ဆရာဝန်က သူ့အဖေ စိတ်လှုပ်ရှားမှု များပုံရတယ်၊ သွေးကလေး ဘာလေး တိုးချင်ပုံ ရတယ်ဆိုပြီး မအိပ်ခင် သွေးကျဆေးလေး စိတ်ငြိမ်ဆေးလေး ပေးကြသ ပေါ့ဗျာ၊ . . . ဒါကြောင့် အဲဒီည ဒယ်ဒီ အိပ်ရာကတစ်ရေးနိုး

www.burmeseclassic.com



တော့ နစ်နာရှိကျော်နေပြီ။ ဒါပေမဲ့ ဗိုလ်အောင်လင်းကြီးက တော့ ခါတိုင်းလိုပဲ အောက်မေ့ပြီး အိပ်ရာထဲကနေ သံချောင်း ခေါက်သံ စောင့်နားထောင်နေတာ။ အတော်ကြာလို့ သံချောင်း ခေါက်သံ မကြားတဲ့အဆုံး စိတ်ပူလာတာနဲ့ ထီးကလေး အသာ ဆွဲပြီး ရေစက်ထဲ သွားတော့တာ ပေါ့. . . တဲ့။ အဲဒီည က လည်း မိုးကြီးလေကြီး ကျတာကိုး။ ဟိုရောက်တော့မှ ဒရစ် ကောင်ကလေးနဲ့တွေ့လို့ကောင်ကလေး က "အဘ၊ အခု ညနစ် နာရီခွဲနေပြီဗျ" လို့ ဆိုမှ ဗိုလ်အောင်လင်းကြီးခမျာ သူ့အိပ်ပျော် သွားမှန်း သိရှာတယ်။ အဲဒီညကစလို့ ဗိုလ်အောင် လင်းကြီး အဖျားမိ ဖျားတော့တာ ပါပဲ။

အဲသလို၊ အဲသလို။

ဗိုလ်အောင်လင်းကြီးတို့ ပုံက။ ဒါနဲ့ပဲ ကိုယ်တို့လည်း သူနဲ့ အတော်ကြာ စကားရပ်ပြောကြရင်းက စကားစ အတော် ဖြတ်ယူကြရတယ်။ ကိုယ်တို့မထွက်ခင် ကိုယ်ကပဲ. . . အစ်ကိုကြီး အမှုအပင် ချော့ဦး. . . လို့ ပြောတော့၊ အေး. . . ငါလည်း ချော့ပါတယ်. . . တဲ့။ ဒီတော့ မိုးတောထွန်းကြီးက ဘာချော့ တာလဲ မင်းက။ မိုးလင်းတာနဲ့ အမူ မင်းဆီမလာမှာစိုးလို့ အိမ်တံခါးဖွင့်စောင့်နေတဲ့ ကောင်ကများလို့ ဝင်ပြောလိုက် သေးတယ်။ ဆရာဝန် ကိုမရသာကတော့ နေထိုင်ကောင်းရင် ပြီးတာပါပဲ ဗိုလ်မှူးကြီးရာလို့ ဆိုတယ်။ ဒါနဲ့ပဲ ကိုယ်တို့လည်း ရေစက်လမ်းဘက်က ထွက်လာခဲ့ပြီး တိုတိုပြောရရင် အိမ် ရောက်လာတယ်ပေါ့။ အိမ်ရောက်လို့ ဝိတက်သောက်နေတဲ့ ကိုရင်မောင်တင့်သားနဲ့ တွေ့တော့ သူက ဘာမွေးတို့ နည်းနည်း ပါပါး ချိမြင့်ပါဦး ဆိုတာနဲ့ ကိုယ်တို့လည်း ဝိတက်သောက်ရင်း စကားဝိုင်းဖြစ်ကြမြန်တယ်။ အဲဒီတော့လည်း ဗိုလ်အောင်လင်း

www.burmeseclassic.com



ကြီး အကြောင်း ပြန်ပြောဖြစ်ကြတာပေါ့။

ဒီတော့ ကိုရင်မောင်တင့်သားက တစ်ခုပြောတယ်။ ဘဒွေးတို့ အရမ်းအရမ်း အနံ့ကယ်ဗိုလ်နဲ့အောင်လင်းကြီးကို အပူတွေ၊ စထရက်တွေ လျှော့နိုင်းမနေနဲ့။ အပူဟာ သူ့ဘာဝ။ စထရက်ဟာ သူ့ဘာဝပဲ။ အဲဒါတွေနဲ့ အသက်ရှင်နေတာတဲ့။ အဲဒီတော့မှ အင်မတန် နှုတ်နည်းတဲ့ ဆရာဝန် ကိုမရသာက ဟုတ်တယ်ဗျ၊ ခင်ဗျားတို့တစ်တွေ အတင်း ဗိုလ်မှူးကြီးကို အပူတွေ လျှော့နိုင်းမနေနဲ့၊ သူလိုလူမျိုးက အပူကလေး၊ စထရက်ကလေးမှ နေနိုင်တာတလား။ ဒါကြောင့် ကျွန်တော်က သူ့ကို နေထိုင်ကောင်းအောင် နေဖို့သာ ပြောရတာ. . လို့ ပြောတယ်။ ဒီတော့ ကိုယ်က ကျောင်းအုပ်ဆရာကြီးဘက် လှည့်ကြည့်ပြီး ဘယ့်နှယ်တုံးဆရာကြီးလို့ မေးမိတယ်။ ကျောင်းအုပ်ဆရာကြီးက ကိုရင်မောင်တင့်သားဘက်ကို မေးထိုးလိုက်ရင်း မပြောတတ်ပါဘူး အဘရာ၊ သူပြောသလိုပဲ ကျွန်တော်တို့ လောကကြီးဟာ ဘယ်တုန်းကမှ စနစ်တကျ မရှိဘူးလို့ပဲ ပြောရတော့မှာပဲ ထင်ပါရဲ့. . . တဲ့။

ကိုယ်ကတော့ သင်းတို့လို ပညာတတ်မဟုတ်တော့ ဘာဘာညာညာ မပြောတတ်ဘူး။ သို့ပေတဲ့ ရံဖန်ရံခါ ရေးတော့ ကြည့်တတ်တယ်။ ဒီတော့ ကိုရင်မောင်တင့်သား ပြောသလို ကိုယ်တို့တစ်တွေဟာ တိုက်ဆိုင်မှုတစ်စုံတစ်ရာက ဖြစ်လာတာတွေလား။ စနစ်တကျမရှိဘဲ ဖြစ်နေကြတာတွေလား။ သေဒဏ်ကျပြီးသား လူတွေလား။ တစ်ခုခုဟာ တစ်နေရာရာမှာ လွဲနေသလား။ တစ်ခုခုထဲမှာ တစ်စုံတစ်ရာဟာ လွဲမှားနေသလား။ သေသေချာချာတော့ မပြောတတ်ဘူး။

တစ်ခုခုတော့ တစ်ခုခုပဲ။

ရနံ့သစ် မဂ္ဂဇင်း၊ ဇူလိုင်လ ၁၉၉၉

www.burmeseclassic.com

www.burmeseclassic.com

## မောင်ဘသောင်း၏ ကောင်း၍ကောင်းခြင်းနှင့် မကောင်း၍ ကောင်းခြင်းအကြောင်း

ဒီလိုဗျ၊ ကိုရင်မောင်တင့်သားက ကိုယ့်ဆီအလာ ကျောက်ဆည်ဘက်က ဖြတ်လာတော့ လမ်းဘေးသစ်ပင်ရိပ်အောက်မှာ ခေါင်းမြီးခြုံနဲ့ အသက်ကြီးကြီး လူတစ်ယောက် ပုံဆွဲနေတာတွေ့လို့ ကားရပ်ကြည့်တယ်ဆိုပဲ၊ ဒီတော့ ခေါင်းမြီးခြုံနဲ့ လူကြီးဟာ တခြားလူမဟုတ်ဘဲ မောင်ဘသောင်း ဖြစ်နေတော့ တာကိုး။ ကိုရင်မောင်တင့်သားကတော့ ဦးလေးသောင်းလို့ခေါ်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခေါ်ဆို မောင်ဘသောင်းက သူ့အဖေ ကိုရင်မောင်တင့် ညီ မောင်သုခကြီးနဲ့ ရွယ်တူကိုး။ အရွယ်တင် တူတာမဟုတ် ဘူး။ အဝ၀ တွေးတာခေါ်တာကပါ တူတယ်တောင် ဆိုနိုင် တယ်။ ကိုရင်မောင်တင့်သားကတော့ အတော် ခင်ရှာတယ်၊ ဒါနဲ့ပဲ မောင်ဘသောင်းကို ကိုယ့်အိမ် လိုက်ခဲ့ဖို့ ကိုရင်မောင် တင့်သားက ခေါ်ရာက၊ မောင်ဘသောင်းလည်း ကိုယ့်အိမ်ပေါ် ရောက်လာတော့တာပဲ။

ကောလိပ်တုန်းကဆို မောင်ဘသောင်းတို့ မောင်သုခကြီး တို့က ကိုယ်တို့ထက် ငယ်တယ်။ သုံးနှစ်လောက်တောင် ငယ် မယ်ထင်တယ်။ အဲဒီတုန်းက ဂုဏ်ထူးတန်းတက်နေတဲ့ ဖိုးစောထွန်းတို့ကဆိုတယ် မျက်စိပေါ်မွေးရှုတာကိုး။ မောင်ဘ သောင်းကိုရော မောင်သုခကြီးကိုပါ။ ဖိုးစောထွန်းတို့ လုံးသိုက် ကဆို သူတို့နှစ်ယောက်ကို "ဘယ်လိုဘယ်လိုက အရူးတွေ ကောလိပ်ရောက်လာသလဲ မသိပါဘူးကွာ" လို့တောင် ပြောကြ တာ။ ပြောဆို ဒီလိုရှု၊ မောင်ဘသောင်းတို့ မောင်သုခ ကြီးတို့ ဆိုတာက ထင်တာလုပ်တဲ့လူမျိုးတွေ။ ထင်တာလုပ်တယ် ဆိုပေသိ အရမ်းကာရောတော့ မဟုတ်ဘူးဗျာ။ သူတို့က တကို အလွန်မှတ်နိုင်ကြတာ။ တစ်ခါတလေ အတန်းကြီးသမားတွေ ကတောင် သူတို့ကို အားကိုးရတယ်၊ အထူးသဖြင့် အင်္ဂလိပ်စာ အဖတ် အလွန်ကောင်းတာ၊ အလွန်တော်တာ။

ဘယ်လိုပြောရမတုံး။ စာမတ်ကြီး တထဲကအတိုင်းနေတယ် ဆိုတဲ့ လူမျိုးတွေပေါ့ဗျာ။

မောင်ဘသောင်းကလည်း တစ်မျိုး၊ သူ ကောလိပ် ရောက်တော့ ဆရာဘသောင်းတို့က နာမည်တစ်လုံးနဲ့ ဖြစ်နေ ပြီး သခင်တွေ ဘာတွေ ဖြစ်နေပြီး' ဖိုးစောထွန်းတို့နဲ့ တ

www.burmeseclassic.com



တန်းတည်းမှာတောလည်း ကိုဘသောင်းဆိုတာ ရှိတယ်။ နောက်တော့ ဒီစီတွေ ဘာတွေ ဖြစ်သွားတဲ့လူပေါ့ဗျာ။ ဒီတော့ တောလိပ်ကျောင်းမှာ နာမည်တူချင်း ကွဲပြားအောင် ဂုဏ်ထူး တန်းက ဘသောင်းကို ကိုဘသောင်းလို့ ခေါ်ပြီး အိုင်အေက ဘသောင်းကို မောင်ဘသောင်းလို့ ခေါ်ကြတာ။ တချို့ ကတော့ ပိုသေချာအောင် ပေါက်တက်ကရ မောင်ဘသောင်းလို့ ခေါ်ကြတယ်။ အမှန်တော့လည်း ကျောင်းသားကြီးတွေက ချစ်စနိုးနဲ့ ခေါ်တာပါ။ ဒီစီဖြစ်သွားတဲ့ ကိုဘသောင်းကြီး ကတောင် "လူတွေက ပေါက်တက်ကရ မောင်ဘသောင်းလို့ ခေါ်ကြပေတဲ့ မောင်ဘသောင်းက ကျုပ်တို့ထက် တဖတ်နိုင် တယ်" လို့တောင် ပြောဖူးတယ်။

မောင်ဘသောင်းတို့က အညာဘက်က ကြေးရတတ်တွေဗျ။ ယာတွေ ဘာတွေ အများကြီးပိုင်ကြတာပေါ့။ ဒီမြင် မောင်ဘသောင်းအဖေနဲ့ ဦးလေးက နွားသားစပ်တာ အင်မတန်ဝါသနာပါတာ။ အဲဒီတုန်းက နွားကို စီးမွှားဖြစ်မွေးတာတို့ ဘာတို့က မရှိသေးဘူး။ မောင်ဘသောင်း အဖေနဲ့ ဦးလေးက နွားသားစပ်ရင်း ကိုယ်တို့ဆီမှာ စီးမွှားဖြစ်မွေးနိုင်တဲ့ လူတွေပေါ့။ ဒီတော့ သူ့မှာက ငွေရေး ကြေးရေး ပူရတယ်မရှိဘူး။ မောင်သုခကြီးတလည်း သူလိုပဲ။ သူလိုပဲလို့ ဆိုရတာ၊ ကိုရင်မောင်တင့်တို့ အသိုးက မြင်းဝန်ဆက်တွေ၊ မြင်းကွန်း အရေးတော်ပုံကာလမှာ အရေးနိမ့်တော့ အောက်ပြည် အောက်ရွာဘက် ဆင်းလာတဲ့လူတွေပေါ့ဗျာ။ ဒါလည်း ကိုရင်မောင်တင့်တို့ မောင်သုခကြီးတို့က ပြောလို့ သိတာ မဟုတ်ဘူး။ တစ်ခါက ကိုယ့်ပြည်မြို့ရောက်တုန်း ကျောင်းဆရာ ဆရာတို့က ပြောလို့သိရတာ ဆိုတာက ကိုရင်မောင်တင့်နှမ မခင်ရွှေရဲ့ ယောက်ျား။

www.burmeseclassic.com

www.burmeseclassic.com



ထားပါတော့။ မောင်ဘသောင်းဆီ ပြန်သွားရအောင်။ မောင် ဘသောင်းရော၊ မောင်သုခကြီးပါ ဘီအေအောက်တန်း ပြီးတဲ့ နှစ်က ကောလိပ် ပြန်မလာကြတော့ဘူး။ မောင်သုခကြီး ပြန်မလာတာက မဆန်းဘူး။ သူက နဂိုကတည်းက ပညာရေး စနစ်တို့ ဘာတို့ ကို သိပ်ယုံတဲ့အကောင် မဟုတ်ဘူး၊ မယုံဘူး ဆိုတာက သူ့အ မြင်မှာ လူဆိုတာက ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တယ် ဆိုတဲ့ သူ့အစ်ကို ကိုရင်မောင်တင့် ပြောစကားလိုပဲ။ တအုပ် ဖတ်ရင် အက္ခရာစဉ်အတိုင်း "က" ကနေ စဖတ် ပြီး "အ" ရောက်ရင် တစ်လောကလုံး သိလောက်ပြီဆိုတဲ့ အမြင်ရှိတဲ့ ကောင်ကြီးဗျ။ မိဘက ကောလိပ် သွားချေဆိုလို့ ကောလိပ်ရောက်လာတဲ့ ကောင်ကြီးဗျ။ အဲဒီနှစ်က မောင်ဘ သောင်းနဲ့ မောင်သုခကြီးတို့ ပြန်မလာကြတော့ ကိုယ်တို့တန်း ကြီးသမားတွေက အတော်ပျင်းသွားကြတယ်။ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ သင်းတို့ဆီက ထူးထူးဆန်းဆန်း အတွေးအမြင်တွေ ကြားရတတ်တာကိုး။

မောင်ဘသောင်းက မောင်သုခကြီးထက် သာတာတစ်ခုက ကောလိပ်ကျောင်းသူတွေက သူ့ကို ကျကြတာကလား။ မောင်သုခကြီးကတော့ သူ့ကို ကျောင်းသူတွေက ရှိသဲ့သို့များ ပြောရင် "နင်တို့ နိုင်ငံစားဖို့ နွားတွေ ဂုဏ်ထူးတန်းမှာ ရှိသဟဲ့။ အဲဒီသွား နမ်းကြိုးတပ်ကြချေ" လို့ ပြောလေ့ရှိတယ်။ မောင်ဘသောင်းကတော့ မွှန်ရည်တယ်။ ဒါကြောင့် ကျောင်းသူတွေ ပါးစပ်များမှာ ကိုဘသောင်းမှ ကိုဘသောင်း ဖြစ်တော့တာကိုး။ ဟောလ်ခင်နှာတွေမှာ အငြိမ့်တွေဘာတွေ လုပ်ကြတဲ့အခါ "မျိုးကတောင်းမည်. . ." အစချီလို့ ဘာဘာ ညာညာ ဆိုတဲ့ သီချင်းဟာ မောင်ဘသောင်းကြီးကို ရည်ပြီး ဆိုတာဆိုပဲ။ မောင်ဘ

www.burmeseclassic.com

www.burmeseclassic.com



သောင်းကို မီဘချင်း ရင်းနှီးတဲ့ ရေနံချောင်းဘက်က တွင်းနို
တွင်းစားမျိုးထဲက တစ်ယောက်နဲ့ စေ့စပ်တယ်ကြားရပေတဲ့
ဒီကောင်ကြီး အိမ်ထောင်ပြုတယ်လို့ တော့ မကြားလိုက်ရဘူး။
ဗိုးကိုတစ်ယောက် မဆုံးခင်ကဆို စကားစပ်တဲ့အခါ ပြောမိကြ
တယ်၊ ဗိုးကိုက "မောင်ဘသောင်း ယူမယ့်မိန်းမများ ငါသေနား
မိပါသေး" လို့ ပြောလေ့ရှိတယ်၊ တခြားကြောင့်တော့ မဟုတ်
ပါဘူး၊ ကိုယ်ပြောခဲ့သလို မောင်ဘသောင်းတို့က ထင်ရာလုပ်
တတ်ကြလို့ပါ။

မောင်ဘသောင်း ရောက်လာတဲ့ညပဲ ကိုယ်တို့လည်း
နောက်ဘက် ဝရန်တာမှာ ထိုင်ကြရင်း စကားစမြည် ပြောဖြစ်
ကြတယ်၊ "ဦးလေးသောင်းက ဘရန်ဒီ ကြိုက်တယ်ဆိုလို့
မန္တလေးမှာဝင်ပြီး ဘရန်ဒီရယ်၊ ဖန်ခွက်ရယ် ဝင်ဝယ်ခဲ့တယ်"
လို့ ကိုရင်မောင်တင့်သားက ပြောသေးတယ်၊ ကိုယ်ကလည်း
ဘာမှန်းမသိတော့ "ဘရန်ဒီ ဝယ်တာကတော့ ဟုတ်ပါတယ်၊
ဖန်ခွက်ကတော့ကွာ ငါ့အိမ်မှာ အများကြီးရှိပါတယ်" လို့
ပြောတော့၊ သင်းက ခုလို ပြန်ပြောတယ်၊ "ဘဒွေးအိမ်က
ဖန်ခွက်တွေက ရေသောက်တာ၊ အရက်ဆိုတာက သူ့ခွက်နဲ့
သူ သောက်ရတယ်" တဲ့။ ပြန်တော့ပြောဦးမလို့ပဲ၊ သို့ပေတဲ့
ကိုယ်ကိုယ်တိုင်က သိမထားတဲ့ကိစ္စဆိုတော့ သိပ်ပြောလို့
မကောင်းဘူး၊ အရက်ကို သူ့ဖန်ခွက်နဲ့သူ သောက်ရတယ်
ဆိုတဲ့ကိစ္စ ဗိုးတောထွန်းကြီး ပြောဖူးတာလည်း ကိုယ်က
နည်းနည်းကြားဖူးတယ်၊ သိပ်မရေရာတဲ့ ကိစ္စဆိုတော့၊ သိပ်
ဝင်မပြောတာဘဲ ကောင်းတယ်လို့ ကိုယ်က မှတ်ထားလိုက်တယ်။

ပြောကြဆိုကြရင်းက၊ ဒီဘရန်ဒီကို သူ့ခွက်နဲ့သူ သောက်
မှ ကောင်းသလား၊ သင့်သလားဆိုတဲ့ ကိစ္စက ခေါင်းထဲက

www.burmeseclassic.com

www.burmeseclassic.com



သိပ်မထွက်ဘူး။ ဘရန်ဒီ သောက်ရင်း အသားလသွားပြီး၊ တခြားဖန်ခွက်တစ်လုံးထဲ ထည့်သောက်ကြည့်ရင် ကောင်းမလား တောင် စဉ်းစားမိတယ်။ အဲဒီတုန်း ကိုရင်မောင်တင့်သားက သူ့ဦးလေး ဦးသုခ အနိစ္စရောက်သွားကြောင်း သူ ကြားခဲ့ရတဲ့ ကောလိပ်ကျောင်းသားဘဝအကြောင်းတွေ မောင်ဘသောင်းနဲ့ ပြောနေကြတယ်။ ဒီတော့ ကိုယ့်အနေနဲ့ သိချင်နေတာကလေး တစ်ခု သတိရမိလိုက်တယ်၊ အဲဒါက မောင်ဘသောင်းနဲ့ မောင်သုခကြီးတို့ နှစ်ယောက်သား ကျောင်းကိုပြန်မလာတဲ့ အကြောင်းရင်းပဲ။ မောင်သုခကြီး ကျောင်းပြန်မလာတာ က တော့ သူ့အစ်ကို ကိုရင်မောင်တင့် ပြောပြဖူးလို့ အထိုက် အ လျောက် သိထားရတယ်။ မောင်ဘသောင်းကတော့ ဘာလို့ မပြန်လာသလဲဆိုတာ မရေရာဘူး၊ စကားစပ်မိလို့ ပြောရ ဦးမယ်။ မောင်ဘသောင်းတို့ မောင်သုခကြီးတို့ ကျောင်း ပြန်မလာတဲ့အကြောင်း ပြောတဲ့အခါ ဟိုဘက်ဟောလ်က ဆရာဖေအောင်ကတောင် ရယ်စရာ ပြောသေးတယ်။ "မြဝတ် ရည်ကလေးမှာတား ကျောင်းသို့ မပြန်ရတော့ချေ ပေါ့ကွာ" တဲ့။

ပြောရင်းဆိုရင်းပဲ ကိုယ်သိချင်နေတဲ့အကြောင်းဆီ ရောက်လာတော့ ကိုယ်ကပဲ မေးလိုက်မိတယ်၊ "ဘယ်လိုက ဘယ်လိုဖြစ်လို့မင်း ကျောင်းပြန်မလာတာတုံး မောင်ဘသောင်းရဲ့" လို့ ပြောတော့၊ မောင်ဘသောင်းက "ပြောရရင်တော့ ရယ်စရာပဲ ကိုကြီးဘမောင်" လို့ ပြန်ပြောတယ်။ ဒီတော့လည်း ကိုယ်က "ဒီလိုဆို ရယ်ကြရအောင်ပေါ့ကွာ" လို့ ပြန်ပြော မိတယ်။ အဲဒီတုန်း သန်းယဉ်မက မိတ္တီလာက ယူလာတဲ့ နို့ခဲကို ခရမ်းချဉ်သီးနဲ့ ကြော်တာ လာပေးတော့၊ ကိုယ်တို့

www.burmeseclassic.com

www.burmeseclassic.com



အတွက် အမြည်းကောင်းသွားတာပေါ့။ စပ်လို့ ပြောရဦးမယ်။ ကိုယ်တို့အရွယ်လောက် ရောက်တဲ့အခါ ခုလို နည်းနည်းပါးပါး သောက်ရင်၊ အမြည်းကလေးလည်း ပါမှလည်း၊ ကောင်းတယ် ထင်တယ်။ ကိုရင်မောင်တင့်သားကတော့ အဲသလို ကြိုက်ပုံ မရဘူး။ တစ်ခါက ကိုယ်တို့ ဝီစကီသောက်ကြတုန်း ဖိုးဇောထွန်း က ထင်တယ်၊ ဝီစကီကို ရေနဲ့ရောတာတောင် ကိုရင်မောင်တင့် သားက "သူ့ဘာသာ ကောင်းနေတဲ့ရေကို ဘာလို့ ဝီစကီနဲ့ ရောရတာတုံး အနန်ကယ်ရာ" လို့ နောက်တောက်တောက်နဲ့ မှတ်ချက်ချတာ ကြားရဖူးတယ်။ ထားတော့၊ ဒီကိစ္စ နောက်မှ ပြောကြရအောင်။ ခုတော့ မောင်ဘသောင်းအကြောင်းပဲ ပြောရအောင်၊

"ဒီလိုဗျ၊ ကိုကြီးဘမောင်" လို့အစချီပြီး မောင်ဘသောင်းက သူ့အကြောင်း ပြောတယ်။ "တစ်နေ့၊ ကျွန်တော်လည်း ဖျင်း ဖျင်းရှိတာနဲ့ နွားခြံထဲ လိုက်သွားမိတယ်။ အဲဒီမှာ အမေတို့ ဦးလေးတို့ ကြီးမှူးပြီး သားစပ်ကြတာကိုး။ အဲဒီမှာပဲ ဘာတွေ့ရ သလဲဆိုတော့ သားစပ်ဖို့ မလိုဘဲ အသားအတွက် မွေးဖို့ နွား တချို့ကို သင်းခနေတာတွေ့ရတယ်၊ ကိုကြီးဘမောင် လည်း တွေ့ဖူးမှာပါ။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ကြရတာ ဆိုတော့ နွားဟိုသင်းကို ထုပစ်ကြရတာ။ ဒီတော့ အသင်းခံ ရတဲ့ နွားက မျက်ရည်များတောင် ကျတယ်။ အဲသလိုပဲ သားစပ်တဲ့နေရာ မှာလည်း စီးတင်မယ့် နွားမက လိုတယ် မလိုဘူး မသိဘူး။ နွားထီးကြီးက ဆန္ဒရှိတယ် မရှိဘူးဆိုတာ ထည့်မစဉ်းစားဘဲ၊ အတင်းဖြစ်အောင် လုပ်ကြရတာတွေ တွေ့ပြီး၊ စိတ်ထဲတစ်မျိုး ဖြစ်မိတယ်။ သနားတာ၊ ဘာဘာ ညာညာ စသဖြင့်တွေ ဖြစ် တာ။ အဓိကကတော့ အကျိုး သက်ရောက်မှု၊ တန်ဖိုးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



မှုဆိုတဲ့ အပိုင်းမှာ နားမလည်နိုင်ဘူး ဖြစ်သွားတယ်" ဒီတော့ ကျွန်ုပ်က မေးရပြန်တယ်။

"နေစမ်းပါဦး၊ မောင်ဘသောင်းရဲ့၊ ဘယ်လို အကျိုးသက်ရောက်မှုတွေ၊ တန်ဖိုးတွေများတုံး"

"ဒီလိုလေ၊ ကျွန်တော်တို့ အောက်တန်းတုန်းက ယုတ္တိဗေဒ သင်ခဲ့ကြရတယ် မဟုတ်လား။ အဲဒီမှာ ယုတ္တိနည်းလမ်းတကျ မှန်ကန်တာ၊ ဆင်ခြေပုံစံအရ မှန်ကန်တာတွေ ရှိတယ်လေ။ နည်းလမ်းတကျ မှန်ကန်တာ၊ ပုံစံအရ မှန်ကန်တာတွေဟာ တကယ့်ဘဝမှာ အမြဲမမှန်နိုင်ဘူးလို့ ကျွန်တော် မြင်မိတယ်။ ခပ်လွယ်လွယ်ပြောရင် တကယ့်ဘဝမှာ ယုတ္တိဗေဒဟာ အမြဲတမ်း ပုံသေယူလို့တော့ မရနိုင်ဘူးလို့ ပြောရမှာပဲ၊ ကောင်းကျိုးကို ဦးတည်ပြီးလုပ်ရာမှာ ပုံစံချပြီး အမြဲကောင်းမယ်လို့ မှတ်မထားနိုင်ဘူးဗျ။ အကျိုးစီးပွား တစ်စုံတစ်ရာ မျှော်ကိုးပြီး လုပ်ရာမှာ အမြဲအကောင်းချည်း မဖြစ်နိုင်ဘူး။ အသင်းခံရတာမျိုးကတော့ ရှိမှာပဲ"

မောင်ဘသောင်းက စကားပြောတာ ခဏရပ်ပြီး ဘရန်ဒီ သောက်လိုက်ပြန်တယ်၊ ကိုယ်ကတော့ သဘောပေါက် သလိုလို မပေါက်သလိုလိုပဲ။ ဘယ်လိုက ဘယ်လို၊ နွားသားစပ်တာနဲ့ ယုတ္တိဗေဒကို သွားပြီး ဆက်ကြည့်နိုင်တယ်လို့ မဆိုနိုင်ဘူး။ သို့ပေတဲ့ စကားဝင်ထောက်ရင်း "အင်း ဆက်စမ်းပါဦး" လို့ စကားကူလိုက်တယ်၊ ဒီတော့ မောင်ဘသောင်းက ဆက်ပြန်တယ်၊ "ဒီလိုလေ၊ ကိုကြီးဘမောင်ရဲ့။ နွားသားစပ်တာ၊ သင်းတာတွေကို ကြည့်ရင် ကောင်းတယ် မှန်တယ် ဆိုတာ တစ်ဦးချင်းစီရဲ့ အဆုံးအဖြတ်တွေပဲ။ ရည်မှန်းရင်းကတော့ ကောင်းဖို့ချည်းပဲ၊ သို့ပေတဲ့ နွားတိုင်းမှာ အကောင်း

www.burmeseclassic.com



ချည်း မဖြစ်နိုင်ဘူး။ ဒီမှာပဲ၊ ကျွန်တော်က ခင်မြင့်မိုးနဲ့ ကျွန်တော်တို့ စေ့စပ်ထားတဲ့အကြောင်း သွားစဉ်းစားမိတယ်။ မိဘတွေကတော့ ကောင်းစေချင်တာပဲ။ ကျွန်တော်တို့မှာ ဘာတွေဖြစ်လာမယ်လို့ ကျွန်တော်တို့ မပြောနိုင်ဘူး။ မပြော နိုင်ရတာက ကောင်းတယ် မှန်တယ်ဆိုတာမှာ ပုံသေကားချပ် မရှိလို့ပဲ။ ပုဂ္ဂလိကအမြင်၊ အတွေ့အကြုံတွေပေါ်မှာ အခြေခံ တာလို့ ပြောကောင်းပြောကြမယ်။ ကျွန်တော့်အမြင်မှာတော့ ကောင်းတယ် မှန်တယ်။ မကောင်းဘူး မမှန်ဘူး ဆိုတာတွေ ဟာ ကန့်သတ်ပြလို့ မလွယ်ဘူးလို့ မြင်တယ်။ " ဒီလိုလေ၊ ကိုကြီးဘမောင်ရဲ့။ ကောင်းတယ် မှန်တယ်ဆိုတာ သူ့ဘာသာ နေလို့ရတဲ့ ကိစ္စမဟုတ်ဘူး။ မကောင်းဘူး မမှန်ဘူးဆိုတာ မရှိဘဲ သူ့ဘာသာ ရှိမနေနိုင်ဘူး"

ကိုယ်ကတော့ ဘာမှဝင်မပြောနိုင်ပြန်ဘူး။ မောင်ဘသောင်းက စကားပြောတာ နားလိုက်တုန်း၊ တောက်လျှောက် ငြိမ်ပြီး နားထောင်နေတဲ့ ကိုရင်မောင်တင့်သာက ခုလို ဝင်ပြောတယ်။ "ငရုတ်သီးများ စားသလိုပေါ့၊ ဘဇွေးရာ" တဲ့။ ဒီတော့၊ ကိုယ့်မှာ ဘာကို ဘယ်လိုနားမလည်နိုင်မှန်းမသိ ဖြစ်ရတယ်။ မောင်ဘသောင်းက ဘရန်ဒီခွက် လက်ကကိုင်ရင်း ဟုတ်သကွာ၊ အဲဒီဥပမာက အရှင်းဆုံးပဲ" လို့ ဝင်ပြောတယ်။ သူကပဲ ခုလို ဆက်ပြောပြန်တယ်။ "ကိုကြီးဘမောင်ရာ၊ ကျွန်တော်တို့ ထမင်းစားတဲ့အခါ လက်ဖက်စားကြတဲ့အခါ ငရုတ်သီးစိမ်းများ ကိုက်ကြသလိုပေါ့။ ငရုတ်သီးစိမ်းဆိုတာက ဘယ်မှာချိုလို့တုံး။ စပ်မှန်းသိရက်နဲ့ စားကြတာကလား၊ စပ်တာ မကောင်းသလား၊ ချိုတာ ကောင်းသလားဆိုရင်၊ ချိုတာ ကောင်းတယ်လို့ ပြောကြမှာပဲ။ သို့ပေတဲ့ စပ်တာကိုကြိုက်တဲ့ အရသာကလေး ရှိချင်

www.burmeseclassic.com

www.burmeseclassic.com



တော့ အကောင်းအဖြစ်နဲ့ လက်ခံကြပြီး စားကြရတာ မဟုတ်လား။ စားတဲ့လူကသာ တန်ဖိုးထားတော့ ပြောင်းသွားတာ မဟုတ်လား"

"ဒီလိုမြင့်တော့ ဟုတ်သပေါ့ကွာ" လို့ ကိုယ်က မယုတ်မလွန် ပြောလိုက်တယ်။ ဒီတော့ မောင်ဘသောင်းက "ဒါပဲ၊ ကိုကြီးဘမောင်ရဲ၊ ကျွန်တော်တို့ရဲ့ ဖြစ်ပျက်နေတဲ့ဘဝထဲမှာ ကောင်းလို့ ကောင်းတာရှိသလို၊ မကောင်းလို့ ကောင်းနေတယ်လို့ လက်ခံထားတာလည်း ရှိနေတယ်။ လူတွေအနေနဲ့ တစ်ခါတစ်ခါ တကယ့်အနေအထားကို မမြင်ဘဲ၊ သူတို့နဲ့ သဘောချင်းမကိုက်ညီရင် မကောင်းဘူး ဆုံးဖြတ်နေကြတာ၊ တကယ်တော့ ကောင်းတယ် မကောင်းဘူးဆိုတာ ဖြစ်ပျက်တစ်ခုအတွင်းမှာ ရှိနေတဲ့ တစ်ခုတည်းသော အနေအထားတစ်ရပ်ပဲ၊ ဒီတော့၊ ကောင်းလို့ကောင်းတာ ရှိနေသလို၊ မကောင်းဘူးလို့ ထင်မြင်နေတာလည်း၊ ကောင်းတာထဲက လာတာပဲကိုး။ မဟုတ်ပေဘူးလား"

ကိုယ့်အတွက်ကတော့ ခေါင်းရှုပ်လို့ သစ်ပင်အောက်သွားထိုင်နေတာ၊ လမုသီးကြီး ပြုတ်ကျလာတာနဲ့ တိုးရောဆိုတာမျိုး ဖြစ်မိတယ်။ ဒီတော့ မေးရပြန်တယ်။ "မောင်ဘသောင်းရာ၊ မင့်ရေတ်သီးကိစ္စ၊ နွားရေသင်းတဲ့ ကိစ္စ၊ ဦးတင်တဲ့ ကိစ္စတွေ ထားဖယ်ပြီး၊ မင်းကျောင်းပြန်မလာတဲ့ အကြောင်း ပြောစမ်းပါဦး"

"ဒီလို ကိုကြီးဘမောင်ရဲ့" လို့ အစချီပြီး မောင်ဘသောင်းက ပြောပြန်တယ်။ "အဲဒီကိစ္စတွေ ဖယ်ထားလို့ မဖြစ်ဘူးဗျ။ ကျွန်တော် အဲဒါတွေကြောင့် ကျောင်းကို မပြန်တော့တာပဲ။ ကောင်းတယ် မကောင်းဘူးဟာ ကျွန်တော်တို့အထဲက ဖြစ်တာ

www.burmeseclassic.com



ပဲ။ ကောင်းလို့ ကောင်းတာနဲ့၊ မကောင်းလို့ ကောင်းတာပဲ ကွာမယ်။ ဒီတော့လည်း ကျွန်တော်ကျောင်းကိုပြန်ပြီး စာတွေ အများကြီး ဖတ်နေမယ့်အစား ကျွန်တော့်ဘဝတိုတိုလေး အထဲမှာ ကျွန်တော်ကောင်းတယ်ထင်တာ၊ လုပ်သင့်တယ် ထင်တာပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ အဖေတို့ အမေတို့ကို ပြောပြီး အိမ်ကထွက်ပြီး ပုဂံဘက်မှာ ကြုံသလို နေတယ်။ နောက်တော့ အရုပ်ရေးတယ်၊ အဖေတို့ အမေတို့ ဆုံးသွားတော့ လုပ်ငန်းကိုင်ငန်းမှန်သမျှ ကျွန်တော့်နှမ မြတင်တို့လင် မယားကပဲ ဆက်လုပ်တယ်၊ ကျွန်တော်ကတော့ ခုလိုပဲ စိတ်ပါရင် အရုပ်လေးဘာလေး ရေးတယ်။ စိတ်ထဲ ရှိရာ သွားလာနေတော့တာပဲ။ အာလုပ်လုပ် ဘယ်လိုနေနေ ကောင်းတယ် မကောင်းဘူးဆိုတာထက် ကောင်းလို့ကောင်း တယ်ဆိုတာနဲ့ မကောင်းလို့ ကောင်းတယ်ဆိုတာ သိရင် ပြီးတာပဲ မဟုတ်လား"

ကိုယ့်အတွက်ကတော့ အတော်ခက်တယ်။ အသက်ကလည်း ကြီးလာတော့ တွေးတာခေါ်တာ မမြန်တော့ဘူး။ ဒီတော့ လက်ထဲကိုင်ထားတဲ့ ဘုရန်ဒီခွက်ကလေး အသာ ကိုင်ရင်း တပိုးတပါးသွားမလို့လို့နဲ့ သူတို့ကို "ခဏကွာ" လို့ အသာ ပြောပြီး ကိုယ့်အခန်းထဲကို လာခဲ့တယ်။ အခန်းထဲရောက် တော့ ဘရန်ဒီခွက်ထဲက ဘရန်ဒီကို ကိုယ့်အိပ်ရာဘေးက စားပွဲ ပေါ်မှာရှိတဲ့ ဖန်ခွက်ထဲ အသာပြောင်းထည့်ပြီး အသာ အရ သာခံသောက်ကြည့်လိုက်မိတယ်။ ကိုယ့်အတွက်တော့ သိပ်မ ထူးသလိုဘဲ၊ တစ်ခုပဲ ကိုယ်တွေးလို့ရတယ်။ ဒီအတိုင်း တော့ ဖြင့် ဒီညလည်း ဇိုဂါဒွန်နှစ်ပြားလောက် သောက်အိပ်ရလိမ့် မယ်။

စတိုင်သစ် ၂၀၀၀

www.burmeseclassic.com

www.burmeseclassic.com

## လက်နှစ်လုံးသုံးခါ ကိုမရသာ

တစ်ခါတစ်ခါ ကိုယ်တို့အဖွဲ့ထဲမှာ ပါလာတတ်တယ်။ လူက ပေါင်ကောင်းကောင်းရှယ်။ အသားကတော့ ကိုယ်တို့လို မညိုဘူး၊ ခပ်ဖြူဖြူရယ်၊ တစ်ခါတစ်ခါတော့ ဆေးပြင်းလိပ်သောက်တယ်။ သူ့ဆေးပြင်းလိပ်က ကိုယ်တို့ မောင်သုခကြီးတို့သောက်တာမျိုး ခပ်ပြင်းပြင်းကြီးမဟုတ်ဘူး။ အနံ့ကလေးက ခပ်ချိုချိုရယ်၊ ကိုရင်မောင်တင့်သားကပြောတော့ ဟာဗာနာဆေးမှာတို့ရိုက်ကိုနဲ့တဲ့။ ဒီကိစ္စ ကိုယ့်ကိုတော့ မမေးနဲ့။ ကိုယ်လည်း

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကောင်ပြောလို့ ကြားဖူးတာ။ သိပ်သေချာတာတော့ မဟုတ်ဘူး။

ဒီလိုဗျ၊ ကိုမရသာက ဆရာဝန်ကိုမောင်ကလေး ဆုံးပြီးတော့ ကိုမောင်ကလေးအိမ်ကို ဝယ်လိုက်တဲ့သူပဲ။ သူနဲ့ ကိုမောင်ကလေးက အတူတူ ဆရာဝန်ဖြစ်ကြတာ။ မနိုင်ရင်ကာတွေပဲ။ အရင် ကိုမောင်ကလေး ရှိစဉ်ကတည်းက ဒီကိုလာနေကျ ဆိုတော့ ကိုယ်တို့နဲ့က ရင်းနှီးသားဖြစ်နေတယ်။ ကိုမောင်ကလေး ရှိစဉ်ကတည်းက "မောင်ကလေး၊ မင်းသေရင် မင်းအိမ်ကို ငါ့ကို ရောင်းဖို့မှာခဲ့" လို့ ကိုမောင်ကလေးကို ပြောလေ့ရှိတယ်။ ဆရာဝန်ကိုမောင်ကလေးကလည်း သူ့အိမ်က လူတွေကို "ငါသေရင် အိမ်ကို မရသာကြီး ရောင်းလိုက်" လို့ မှာခဲ့သတဲ့။

ကိုမောင်ကလေး ဆုံးသွားပြီးတော့ ကိုယ်တို့တစ်တွေ လွမ်းနေကြတုန်း ကိုမရသာကြီး ရောက်လာတာပဲ။ ကိုမောင်ကလေးနဲ့တော့ တခြားစီပဲ။ ကိုမောင်ကလေးက လုပ်ချင်ရာလျှောက်လုပ်သလောက်၊ ကိုမရသာကြီးက အေးတယ်။ စည်းနဲ့ကမ်းနဲ့ နေတယ်ဆိုတဲ့ လူမျိုး၊ ဒါပေတဲ့ ကိုယ်တို့အားလုံးနဲ့အဆင်ပြေတယ်၊ ဖိုးစောထွန်းနဲ့ကတော့ မကြာမကြာ ငြင်းကြလေ့ရှိတယ်။ ငြင်းဆို နှစ်ယောက်စလုံးက စနစ်သမားတွေကိုး၊ ကိုယ့်စနစ် သူ့စနစ် သိပ်မလျှော့ချင်ကြဘူး၊ တစ်ခါကများဆိုရင် ဝေါက်ကွင်းမှာ ဝေါက်ရိုက်ပြီးလို့ ဘီယာထိုင်သောက်နေကြတုန်း "ကောင်းတယ်" ဆိုတဲ့ စကားလုံးနဲ့ "ကောင်းသားပဲ" ဆိုတဲ့ စကားလုံးတွေရဲ့ တန်ဖိုး မတူပုံ ငြင်းကြတာ၊ ကလပ်ပိတ်ချိန်ရောက်တာတောင် မပြီး ကြဘူး။ အဲဒီတုန်းက ကလပ်မှာ လူကြီးလုပ်နေတဲ့ ကိုဘအေး ကြီးက အရင်က တော်မရှင်နာ လုပ်လာတဲ့ ကိုဘအေးပေါ့ဗျာ၊ သူ့

www.burmeseclassic.com



လာပြီး "ဟော၊ ငါ့မှာဆားစာဘွက် ရထားတဲ့ ခြောက်လုံးပြူး နှစ်လတ်ရှိတယ်။ ဟောဟိုက ဆယ့်သုံးကျင်းနဲ့ ဆယ့်လေး ကျင်းအကြားက လျှိုထဲသွားပစ်ကြစေ" လို့ ပြောပြီး ပွဲသိမ်း ပစ်ရထယ်။

တစ်ခါကလည်း ဂေါက်ရိုက်ရင်း စကြွင်းလိုက်ကြတာ၊ နှစ်လလောက် ကြာသွားတယ်။ ဒီလိုဗျ၊ အဲဒီတုန်းက ဖိုးကို လည်း မဆုံးသေးဘူး၊ ပြောရရင်တော့ ကိုမရသာနဲ့ ဖိုးစောထွန်း တို့ ငြင်းကြရပြီဆိုရင် ဖိုးကိုနဲ့ သိပ်မကောင်းဘူး။ မြစ်ပုံက ဒီလို၊ တစ်နေ့ ကိုယ်တို့ဂေါက်သီးရိုက်ဖို့ တီခုံပေါ် တောင် ရောက်လို့ ကိုယ်ကတောင် ရိုက်ပြီးပြီ၊ ကိုယ့်နောက်က ကိုမရသာ ရိုက်တယ်။ အဲဒီတော့ ရပ်ကြည့်နေရင်း ဖိုးကိုက ဖိုးစောထွန်း ကို တိုးတိုးပြောလိုက်တယ်။ ကိုယ်ကတော့ မကြားလိုက်ဘူး။ ကိုယ်ကလည်း စပ်စပ်စုစု မလုပ်မိဘူး။ ပထမ ကျင်းပြီးလို့ ဒုတိယကျင်းရိုက်ဖို့ ခုံပေါ် လျှောက်လာကြတော့ ဖိုးကိုက "ဟော ရနိုင်ကြီး၊ မင်းရိုက်တာကြည့်ရတာ နည်းနည်းလေး လိမ်နေ တယ် ထင်တယ်" လို့ ပြောပါလေရော။ ဒီတော့ ကိုမရသာက "ကျုပ်တစ်သက်လုံး ဒီလိုပဲရိုက်လာတာ" လို့ပဲ ပြန်ပြောတယ်။ ဒီမှာ ထုံးစံအတိုင်း ဖိုးစောထွန်းက အာနိုးပါးလ်မားက ဘယ်လို၊ ဂယ်နီပလေယာကြီးက ဘယ်လို စသဖြင့် နည်းပညာတွေ ဝေငှ တော့တာကိုး။

ခင်ဗျားလည်း သိပါလိမ့်မယ်။ ဂေါက်သမားဆိုတာက ဦးတဲ့လူက ဆရာလုပ်တတ်တာကိုး။ ပိုဆိုးတာက ဘယ်သူကမှ ဆရာအလုပ် သိပ်မခံချင်ကြတာပဲ။ ဒီတော့ အဲဒီနေ့က ဆယ့် ရှစ်ကျင်းသာ ပြီးသွားတယ်၊ ဖိုးစောထွန်းနဲ့ ကိုမရသာတို့ ငြင်းလို့ မပြီးကြတော့ဘူး။ ရိုက်ရင်း လမ်းမှာ ကိုယ်က ဒီကို ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောရသေးတယ်။ "မင်းကွာ၊ အလကားပြဿနာ သွားရှာတယ်" လို့။ ဒီတော့ ဖိုးကိုကပြောတယ် "ဟာ၊ မင်းနဲ့ငါနဲ့ တွဲရတော့ သူတို့နှစ်ယောက်ကို နိုင်ဖို့မလွယ်ဘူး၊ ခုတော့ ငြင်းရင်းနဲ့ရင်း တောရိုက် တောင်ရိုက်တွေ ဖြစ်ကုန်ပြီ" တဲ့။ ဟုတ်တော့ဟုတ်သဗျ။ အဲဒီနေ့က သူတို့ကို ထွေးအပ်နဲ့ နိုင်တယ်။ ကလပ်ဟောက်(စ)ထဲ ပြန်ရောက်တော့ ဒီဖိုးကို စလိုက်တဲ့ပြဿနာက မပြီးသေးဘူး။ ဒါပေတဲ့ ပြဿနာရဲ့ အနေအထားက ပြောင်းသွားတယ်။ ဖိုးစောထွန်းက "ဂေါက်သီးရိုက်ရာမှာ အရေးကြီးတာက ဘောလုံး တည့်တည့်သွားဖို့ပဲ" လို့ ဆိုတယ်။ ကိုမရွာ အလိုကတော့ "တည့်တည့် မတည့်တည့်၊ ကိုယ်ကရောက်စေချင်တဲ့နေရာမှာ ဘောလုံး ရောက်ဖို့ဟာ အဓိကပဲ" တဲ့။

ဒီတော့ ကလပ်ထဲမှာ စားကြသောက်ကြရင်း ဆက်ငြင်းကြတယ်။ ဂေါက်ကလပ်ထဲမှာဆိုတော့ လူတိုင်းဝင်ပြောနိုင်တဲ့ ကိစ္စဆိုတော့ တော်တော်ကျယ်ကျယ်ပြန့်ပြန့် ဖြစ်သွားတယ်။ ဟိုလူ ဒီလူက ဝင်ပြောကြစရာ ဖြစ်သွားတယ်။ ဒီတော့ ဘီယာသောက်ရင်း ဖိုးကိုကို "မင်းမြင်လား၊ ဒီကိစ္စ တော်တော်နဲ့ ပြီးမှာမဟုတ်တော့ဘူး" လို့ ပြောတော့၊ ဖိုးကိုက "ဘာမောင်ရာ၊ သောက်စရာရှိတာ သောက်စမ်းပါ၊ နည်းစနစ်ဆိုတာ ပညာရှိတွေ ငြင်းတာ၊ မင်းတို့ ငါတို့အလုပ် မဟုတ်ပါဘူး" တဲ့၊ ပြီးတော့ "နောက်ထပ် ဘီယာ အလကားသောက်ရအောင် ငါလုပ်လိုက်ဦးမယ်" လို့ ပြောရင်း၊ ငြင်းခုံနေကြတဲ့ လူတွေကို ခဏရပ်ဖို့ ဖိုးကိုက မတ်တတ်ရပ်ရင်း လက်ကာပြတယ်။ ဒီတော့ အားလုံး ရယ်သွားကြတယ်။ ဖိုးကိုက ပြောတယ် "ငြိမ်း နေလို့တော့ အလကားပဲ၊ သေတော့ငြိမ်းမှာ မဟုတ်ဘူး။

www.burmeseclassic.com



ဒီတော့ ဒီလိုလုပ်ပါလား၊ တနင်္လာနေ့ ကလပ်ပိတ်တယ်။ တို့လေးယောက်လာပြီး ရိုက်ကြမယ်။ ဘယောင်နဲ့ ငါကတော့ အဖော်ပေါ့ကွာ။ မင်းတို့နှစ်ယောက်က မင်းတို့နည်းနဲ့မင်းတို့ ရိုက်ကြ။ ကလပ်က ဘယ်သူပဲဖြစ်ဖြစ် စိတ်ပါတဲ့သူတွေလည်း လိုက်ကြည့်ကြပေါ့ဗျာ၊ ဒိုင်လူကြီးသဘောပေါ့။ အနိုင်အရှုံးတော့ မဟုတ်ဘူးပေါ့ကွာ။ တို့ဘာသာဆုံးဖြတ်မယ်။ ကိုယ်ကြိုက်တာ ကိုယ်ယူသဘောပေါ့။ ဒါပေတဲ့ လိုက်ကြည့်တဲ့ လူတွေကိုတော့ မင်းတို့က ဘီယာတိုက်ပေါ့ကွာ" တဲ့။

ဒီတော့ ကိုမရှသာကြီးက ထပြီး ဖိုးစောထွန်းကို လက်ကမ်းလိုက်တယ်။ ဖိုးစောထွန်းကလည်း ပြုံးပြီး သူ့လက် ပေးပြီး နှစ်ယောက်သား သဘောတူတယ်ဆိုတဲ့အနေနဲ့ လက်ဆွဲနှုတ်ဆက်လိုက်ကြတယ်။ လိုရင်း ပြောရရင်တော့ အဲဒီ တနင်္လာနေ့မှာ ရိုက်ကြတော့ ကိုယ်တို့ ဘီယာ အတောအား သောက်ရတာကလွဲလို့ ဘာမှထူးမလာပါဘူး။ သို့ပေတဲ့ ကိုယ်က ကိုမရှသာ ပြောတာကို လက်ခံတယ်။ ရိုက်လိုက်တဲ့ ဘောလုံးက ဘယ်လောက်ကြီးတည့်တည့် ကိုယ်က ကျစေချင်တဲ့ နေရာမှာ မကျခဲ့ရင် နောက်တစ်ချက်ရိုက်တာ နည်းနည်း ခက်နိုင်တယ်။ ဒီတော့ တည့်တည့်ရိုက်နိုင်ဖို့က နောက် တစ်ချက်အတွက် မြင်ဆင်ထားနိုင်ဖို့လောက် အရေးမပါတော့ သလိုပဲ။ ထားတော့ဗျာ၊ ဒီကိစ္စ။ ကိုယ်ကပြောချင်တာ ကိုမရှသာအကြောင်း။ ကိုမရှသာက ညည်းစနစ်ရှိတယ်ဆိုရာမှာ ဖိုးစောထွန်းထက် သာတယ်။ သူ့ညည်းစနစ်တိုင်းမှာ သူ့ဆင်ခြေ ရှိတယ်။ သူ့ဆင်ခြေကို သူများလက်ခံဖို့ မလိုဘူး။ သူများ လက်ခံတာ မခံတာကလည်း သူ့အလုပ်မဟုတ်ဘူး။

ဥပမာတစ်ခု ကိုယ်ပြောပြမယ်။ ကိုယ်တို့အသင်းကြီးတွေ

www.burmeseclassic.com



အရက်သောက်ကြတဲ့အခါ ကိုယ့်နည်းကိုယ့်ဟန်နဲ့ သောက်ကြလေ့ ရှိတယ်။ ခက်ပိုင်ကိုအောင်ခင်ဆိုရင် ကတ်တီဆာက်ဆိုတဲ့ ဝီစကီကို ဆော်ဒါအများကြီးထည့်ပြီး တစ်နေကုန်သောက်နေတာ။ ဖိုးစောထွန်းကျတော့ ညနေ ငါးနာရီ မကျော်မချင်း ဝီစကီ မသောက်ဘူး။ ဘီယာကလေးဘာလေးပဲသောက်တယ်။ ဖိုးကိုကျတော့ ဘာသောက်သောက် မြေပဲဆီကြော်ကလေး၊ မြေပဲဆားလှော်ကလေးပါမှ သောက်တယ်။ ကိုယ့်ဆီ မကြာခဏ လာတတ်တဲ့ မောင်ဘသောင်းတို့ ကိုရင်မောင်တင့်သားတို့ကျတော့ သောက်တဲ့အရက်အမျိုးအစားနဲ့ဖန်ခွက်နဲ့ မလိုက်ဖက်ရင် မသောက်ကြဘူး။ ကိုမရသာကတော့ ဝီစကီပဲ သောက်တယ်။ သောက်တဲ့အခါ ဝီစကီကိုဖန်ခွက်ထဲ လက်နှစ်လုံးပဲထည့်တယ်။ လက်နှစ်လုံးထည့်တယ်ဆိုတော့ လက်နှစ်လုံးပဲ သောက်တယ်လို့ ထင်ကြလိမ့်မယ်။ ဒီလိုတော့လည်း မဟုတ်ဘူး၊ လက်နှစ်လုံးကို သုံးခါလောက်အနည်းဆုံး ထည့်သောက်တတ်တယ်။ ဒါကြောင့် ဖိုးကိုကသူ့ကို "လက်နှစ်လုံးသုံးခါ ကိုမရသာ" လို့ နာမည်ပေးထားတာ။

တစ်ခါတော့ ကိုယ်က မနေနိုင် မထိုင်နိုင်နဲ့ ပြောကြည့်မိတယ်။ "ခင်ဗျားဗျာ၊ လက်နှစ်လုံးသုံးခါ ထည့်နေမယ့်အစား၊ တစ်ခါတည်း ဖန်ခွက်အပြည့် ထည့်ထားပါလား" လို့ ပြောလိုက်တယ်။ ဒီတော့ ကိုမရသာက "အဲဒီလိုတော့ ကျွန်တော်မသောက်တတ်ဘူး" တဲ့။ ဒီတော့ ကိုယ်က "ဘာလို့တုံး" ထပ်မေးတယ်။ ကိုမရသာက ဘာပြန်ပြောတယ်ထင်တုံး။ "မကြိုက်လို့" တဲ့။ "ဘာလို့ မကြိုက်ရတာတုံး" လို့ ကိုယ်လည်းထပ်မေးမိပြန်တယ်။ ဒီတော့ ကိုမရသာက "ကြိုက်တာမကြိုက်တာမှာ ဆင်ခြေမရှိဘူး။ မကြိုက်တာဟာ မကြိုက်

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ကြိုက်တာဟာ ကြိုက်တာပဲ” တဲ့။ ကိုယ့်အဖို့တော့ အတော်ကသိကအောက်နိုင်သွားတယ်။ တစ်သက်လုံး ကြိုက်တယ်၊ မကြိုက်ဘူးဆိုတာက ဆင်ခြေရှိမယ်ထင်တာကိုး။ ဒီတော့ မေးရပြန်တယ်။ “ခင်ဗျားပြောသလိုဖြင့် ကြိုက်တယ်၊ မကြိုက်ဘူးဆိုတာမှာ ဆင်ခြေမရှိဘူးလား” လို့၊ ကိုမရသာက ရယ်ပြီး၊ ခုလိုပြောတယ်။ “ကြိုက်တာဟာ ကြိုက်တာပဲ၊ မကြိုက်တာဟာ မကြိုက်တာပဲလို့ ပြောတာဟာ ဆင်ခြေပဲ၊ ထပ်ပြနေစရာမလိုတဲ့ ဆင်ခြေတွေပဲ။ နှစ်နဲ့ နှစ်ပေါင်းရင် လေးရတယ်ဆိုတာမျိုးပဲ။ လေး ဘာဖြစ်လို့ရသလဲဆိုရင် နှစ်နဲ့ နှစ် ပေါင်းလို့ လေးရတယ်ဆိုတာထက်ပိုပြီး ဖြေရှင်းလို့မရဘူး။ ထပ်ပြီး ဆင်ခြေပေးစရာမလိုတော့တဲ့ ဆင်ခြေပဲ၊ ဆင်ခြေ ပါပြီးသား ဆင်ခြေပဲ” တဲ့။

ဒီလိုတော့လည်း ဟုတ်သားကလား၊ ကိုယ်ကြိုက်တဲ့ သီချင်းတစ်ပုဒ်ရှိတယ်။ တောင်ဇမ္ဗူပိုင်ဆိုတဲ့ မန္တလေးမြို့ဖွဲ့ ယိုးဒယားပဲ။ အားရင်၊ ဂေါက်ရိုက်ရင် ညည်းနေမိတတ်တဲ့ သီချင်းပဲ။ တသားတွေ အဓိပ္ပာယ် သေချာသိသလားဆိုတော့ ကိုယ်လည်း သေချာအဓိပ္ပာယ် မသိဘူး၊ သို့ပေသိ ကြိုက်တာပဲ။ ကိုမရသာ ပြောသလိုတော့ ကြိုက်တာဟာ ကြိုက်တာပဲ။ ထပ်ပြီး ဆင်ခြေပေးစရာမှ မလိုတော့ဘဲ။ ကိုမရသာဆီက အဲဒီစကား ကြားပြီးကတည်းက ကိုယ်ကတော့ အတော် သဘောကျနေတယ်။ ဖိုးစောထွန်းကို ပြောပြတော့၊ မကြိုက် လှဘူး၊ သူ့ မကြိုက်တာနဲ့တော့ မဆိုင်တော့ဘူး။ သူ့အလုပ်ပဲ။ ဒါနဲ့ ပြောရဦးမယ်၊ ဒီ ကြိုက်တယ်၊ မကြိုက်ဘူးကိစ္စ၊ တစ်နေ့ မှာ၊ ကိုယ့်အိမ်နောက်က ဝရန်တာမှာ ထိုင်ပြီး စားသောက် ကြရင်း ဖိုးကိုက ကိုယ်တို့တစ်တွေ အိမ်ထောင်ကျခဲ့ကြတဲ့

www.burmeseclassic.com



အကြောင်းတွေ ပြောတယ်။ ဟိုပြော ဒီပြော ပြောကြရင်းက ဖိုးကိုကပဲ ဘာသွားပြီး သတိရမိတယ်မသိဘူး "ဟော့ ရန်ကုန်ကြီး၊ မင်းနဲ့ ခင်လှဖရွှေနဲ့ ဘယ်လိုညားကြတာတုံး" လို့ မေးလိုက်တယ်။ ပြီးတော့ အားလုံးကို လှမ်းပြောလိုက်သေးတယ် "ဒီကောင်တွေ လင်မယား တယ်ချစ်ကြတာပဲ" တဲ့။ ဒီတော့ ကိုမရသာက "ကျွန်တော်တို့ခေတ်က လူကြီးတွေ စီမံပေးတဲ့ခေတ်လေ။ ကျွန်တော် ဘီလပ်က ပြန်လာတာနဲ့ လူကြီးတွေက ပေးစားတာ" လို့ ဖြေတယ်။

ဒီတော့ ဖိုးကိုက ထပ်မေးပြန်တယ်၊ "ငါကြားတော့ မင်းနဲ့နှီးစံပယ်ကျော်နဲ့ ကောလိပ်မှာ အတော်တွဲကြသေးဆို၊ သူ့အစ်ကို နှီးခင်ကျော်က ငါ့ကိုပြောတာ။ ငါက မင်းနဲ့ယူတယ်ဆိုတော့ နှီးစံပယ်ကျော် ထင်တာ" ကိုမရသာက အတော်ကြာ ဘာမှပြန်မပြောဘူး။ ခပ်လှမ်းလှမ်းမှာ မြင်ရတဲ့ မှောင်ရိပ်ထဲက တောင်စွန်းကလေးကြည့်နေတယ်၊ ပြီးမှ သတိပြင်းကလေး အသာချရင်း ဝီစကီကုန်နေတဲ့ ဖန်ခွက်ကို လှမ်းတိုင်လိုက်တော့ ကိုယ်ကပဲ ပုလင်းလှမ်းယူပြီး ဝီစကီ လက်နှစ်လုံးထည့်ပေးလိုက်တယ်။ ဝီစကီကို အသာငုံလိုက်ပြီးမှ ကိုမရသာက "ကျွန်တော် ခင်လှဖရွှေတစ်ယောက်ပဲ ယူပါသဗျာ" လို့ ပြုံးပြီး ဖြေလိုက်တယ်။ ဒီတော့ ဖိုးကိုအနားမှာ ထိုင်နေတဲ့ ဖိုးစောထွန်းက "မင်းလို မဟုတ်ဘူးကွာ" လို့ ဖိုးကိုကို လှမ်းပြောလိုက်တော့ ဝိုင်းရယ်ကြရတယ်။ ဖိုးကိုက အိမ်ထောင်ဆက်များတာကိုး၊ ဒါနဲ့ စကားလမ်းကြောင်းပြောင်းပြီး ဖိုးကိုနဲ့ လိုက်ကြိုက်ခဲ့သမျှ မိန်းမတွေ၊ တွဲခဲ့သမျှ မိန်းမတွေအကြောင်း ရောက်သွားတယ်။ ကိုယ်ကတော့ မတင်မကျကြီး ဖြစ်နေပြန်တယ်။ ကိုမရသာ ပြောမှုတဲ့ ကြိုက်တယ်၊ မကြိုက်ဘူးဆိုတာမှာ ဆင်ခြေရှာတာ

www.burmeseclassic.com

www.burmeseclassic.com



တော့ မှန်တယ်။ ဆင်ခြေမရှိတာကို ဆင်ခြေမရှိတာနဲ့ အစားထိုး ပြောင်းပစ်လို့ရသလားဆိုတာ သိချင်တယ်။ ကိုယ်က ကိုမရသာ အနားကပ်ထိုင်နေတော့ မေးလိုက်မလို့ပဲ။

ဒါပေတဲ့ မမေးဖြစ်လိုက်ဘူး။ အဲဒီတုန်းက ကိုမရသာ ဝီစကီသောက်နေတာလည်း လက်နှစ်လုံးသုံးခါ မကဘူး။ ခြောက်ခါလောက် ရှိနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## ခင်မင်သူကလေး

ခင်ဗျားက စလိုက်တော့ရင် ပြောရဦးမယ်။ တစ်ခါက ကိုယ်ပြောဖူးသလိုပဲ။ အသက်ကြီးလာတယ်ဆိုတာက ဂုဏ်ယူစရာလား၊ တန်ဖိုးတစ်ရပ်လား၊ ဒါမှမဟုတ်ရင် သေမယ်လို့ ထိုင်စောင့်နေတာပဲလားဆိုတာ၊ ခုတော့ ကြာလာတာနဲ့အမျှ သေတော့သေမှာပဲ ရက်ဆွဲထားတာနဲ့တူလာတယ်။ ဗိုးစောထွန်းကတော့ အဲသလိုပြောရင် မကြိုက်လှဘူး။ သူက အမြဲ ပြောလေ့ရှိတယ်။ "ဗိုးကိုတို့များ သေတာတောင် ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ဟာနဲ့ကျသလဲ။ မင့်လို သေဖို့စဉ်းစားပြီး သေတာမဟုတ်ဘူး။ ဘယ်လောက် နိပ်သလဲ" တဲ့။ ဟုတ်ပါတယ်။ သေရင်တော့လည်း ဖဲသလိုသေရတာက ဟုတ်တုတ်တုတ်ကိုး။

သို့ပေတဲ့ မသေခင် ကိုယ်က စဉ်းစားချင်တယ်။ စဉ်းစားတယ်။ ဘာတယ်ဆိုတော့လည်း ကိုယ့်ကို ကိုရင်မောင်တင့်သားတို့ သူ့မိတ်ဆွေ ပြည်က ကျောင်းအုပ်ဆရာကြီးတို့ရဲ့ ဆရာကြီး ဒေါက်တာခင်မောင်ဝင်းကြီးတို့ စဉ်းစားတာမျိုးနဲ့ မရောနဲ့ဗျား။ ဟိုက ပညာတတ်၊ စဉ်းစားဖို့ကို စနစ်တကျ ပညာသင်လာတာ။ ကိုယ်က ပင်စင်ယူပြီး အကြံပေး လုပ်နေတုန်းက သူနဲ့ အစည်းအဝေးတွေမှာ ဆုံဖူးတယ်။ ဆွေးနွေးဖို့ တစ်ခုခုများ ပြဿနာအဖြစ် တင်လိုက်ရင် ကိုခင်မောင်ဝင်းကြီးက "ဆရာတို့ ဒီတော့ ကျွန်တော်တို့ ဘယ်ကစပြီး စဉ်းစားကြမတုံး" လို့ စပြီး ပြောလေ့ရှိတယ်။ ဟုတ်သပေါ့ဗျာ။ စဉ်းစားတာ ဘယ်ကစကြရမယ်ဆိုတာကို သိဖို့လိုတာပေါ့။ ကိုယ်ပြောချင်တာကလည်း ဒါပဲ။ သို့ပေသိ ဒါက ပညာတတ်လို့ စဉ်းစားဖို့ကို စနစ်တကျ စဉ်းစားတယ်ဆိုတော့ စရမယ့်နေရာ၊ ရပ်ရမယ့်နေရာ ရှိရမှာပေါ့။ ကိုယ်လိုကောင်မျိုးအတွက်တော့ ကိုယ်တို့စကားမှာရှိသားပဲ၊ ရောက်တတ်ရာရာ စဉ်းစားတယ်ဆိုတာ။

ခုလိုပေါ့ဗျာ။ ထွေလီကာလီ လုပ်စရာမရှိတဲ့အခါ၊ ဂေါက်ကွင်းဘက် မသွားတဲ့အခါ၊ ညနေဆို ဒီနားမှာထိုင်ရင်း တောင်စဉ်ရေမရ စဉ်းစားနေတတ်တယ်။ ဒီခုံကလေးပေါ် ထိုင်တဲ့အခါ လျှိုကြီးကိုကျော်ပြီး တောင်နံရဲ့ တခြားတစ်ဘက် လှမ်းမြင်ရတာကိုး။ လျှိုထဲက သစ်ပင်တွေကာ ခံနေတော့ မြင်ရတယ်ဆိုရုံပဲ။ ဟိုဘက်က လျှိုကြီးရဲ့ထိပ်မှာရှိတဲ့ ဂေါက်

www.burmeseclassic.com



ကွင်းရဲ့ ကျင်းနံပါတ် ၁၃ က ဝရင်းရှယ်၊ ၁၄ ရဲ့ တီနဲ့ရှယ်တော့ မိုးတိုးမိုးတိတ် မြင်ရတယ်။ အဲဒါက ဂေါက်ကွင်း အစပ်ကိုး။ ဂေါက်ကွင်းနဲ့ လမ်းကလေး ခြားနေတဲ့ လမ်းရဲ့နောက်ဆုံးအိမ်က ဆုံးသွားတဲ့ အိုင်စီအက်(စ)ဦးလှဘောကြီး အိမ်ပဲ။ ပေါ်တီနားလောက်က လှမ်းကြည့်ရင် မြစပ်က နွယ်သာကီပင်ရောင်စုံတွေ တွေ့ရလိမ့်မယ်၊ အဲဒီ နွယ်သာကီ ပင်တွေ အဆုံးနားမှာ ကိုယ်အခုထိုင်နေတဲ့ တန်းလျားမျိုး တစ်လုံးရှိတယ်။ ဒီကနေတော့ မမြင်ရဘူး။ ဦးလှဘောကြီး ရှိစဉ်ကတော့ ညနေဆို ကိုယ်အခုထိုင်သလိုပဲ လျှိုဘက်ကို ကြည့်ရင်း ထိုင်လေ့ရှိတယ်။ အဲဒီဘက်ကများ ထိုင်ကြည့်ရင် ဒီဘက်တောင်ကြောကို ခု ဒီက မြင်ရသလိုပဲ မြင်ရမယ် ထင်တယ်။

ခုနေတော့ အဲဒီခုံတန်းလျားကလေးပေါ်မှာ မဓောမြထိုင်ကောင်းထိုင်နေလိမ့်မယ်၊ ဟိုတစ်ခါက တောင်းစပ်မိတော့ ညနေတိုင်း သူလည်း အဲဒီမှာထိုင်တတ်ကြောင်း ပြောပြဖူးတယ်။ နေဦးဗျာ မဓောမြ ဘယ်သူဆိုတာ ပြောဦးမှ။ မဓောမြက ဦးလှဘောကြီးရဲ့ တူမ၊ ခုထိ အိမ်ထောင်မပြုသေးဘူး၊ ဦးလှဘောကြီးဘက်က တူတစ်ယောက် တူမတစ်ယောက်ပဲ ရှိတယ်၊ လိုရင်းပြောရရင်တော့ ဦးလှဘောကြီး ဆုံးသွားတော့ မဓောမြနဲ့ သူ့မောင်က ဦးလှဘောရဲ့ ရန်ကုန်ကနဲ့ ဒီက အိမ်တွေ ကို အမွေရလိုက်ကြတယ်၊ တကယ်တော့ မဓောမြက ရန်ကုန်အိမ်ရတာဆိုပဲ၊ သို့ပေမဲ့ သူ့မောင်နဲ့လဲပြီး ဒီအိမ်ကို ယူလိုက်တာဆိုပဲ၊ ပင်စင်ယူပြီး အေးအေးလူလူ နေချင်လို့တဲ့၊ မဓောမြက အထက်တန်းကျောင်းမှာ ကျောင်းအုပ်တွေ ဘာတွေ လုပ်လာတာ၊ အိုလပ်သွားပြီးတောင် အိမ်ဒီယူဖူးတယ် ထင်တယ်၊ မိန်းမထဲမှာတော့ စိတ်ရင်းကောင်းတယ်။ ပွင့်လင်းတယ်ခေါ်ရမယ်။

www.burmeseclassic.com



ကိုယ်နဲ့ကတော့ တိုစဉ်ကတည်းက သိတာ။ ဦးလှဘေကြီးနဲ့ကတော့ ဆရာတပည့်လိုကိုး။ ဒီတော့လည်း ရင်းနေတာပေါ့။ အဲဒီတုန်းက ကိုယ်ကလည်း အလုပ်အတွက် အလှည့်စောင့်နေတော့ ကျောင်းမှာ ကျူတာဝင်လုပ်နေတယ်။ ဦးလှဘေကြီးကလည်း သူ့တူမကို စောင့်ရှောက်ဖို့ မှာထားလေတော့ မစောမြတို့ ဟောလ်တွေ ဘာတွေတော့ သွားခဲ့ဖူးတာပေါ့လေ။ ဒါကလည်း မှာကြောင်းသာကြောင်းရယ်ပါ။ နောက်ပိုင်းမလည်း ရန်ကုန်မှာ အစည်းအဝေးတွေ ဘာတွေမှာ တွေ့နေကြသေးတာ။ ကိုယ်ပဝင်စင်ယူပြီး ဒီကို အပြီးပြောင်းလာမှ အားလုံးနဲ့ အဆက်အသွယ် ပြတ်သွားကြတာကလား။ အမှန်ပြောရရင် မစောမြ ဒီကိုပြောင်းလာတာတောင် ကိုယ်ကမသိဘူး။ မစောမြ ဒီကို ပြောင်းလာတုန်းက ဖိုးကိုတောင် မဆုံးသေးဘူး။ ဖိုးကိုက မမျှော်လင့်ဘဲ မစောမြကို တွေ့လိုက်လို့ ကိုယ်တို့လည်း မစောမြ ဒီကိုပြောင်းလာတာ သိရတာပဲ။ ဖြစ်ချင်တော့ ဒီလို။ တစ်နေ့ ပေါက်ရိုက်ကြရင်း ၁၄ တီခုံမှာ ရိုက်ဖို့ အလှည့်စောင့်နေတုန်း ဖိုးကိုက အပေါ့သွားချင်တာနဲ့ တီခုံနောက်က တောစပ်ကလေးက လမ်းကလေးရဲ့ ဟိုဘက်ခြမ်းမှာရှိတဲ့ ဦးလှဘေကြီး အိမ်ဘေးဘက် သွားတော့ကျုပ် ခုနပြောတဲ့ နွယ်သာကီ ပင်တန်းရှိတဲ့ဘက် မြင်ရတာကိုး။ အပေါ့သွားရင်း လှမ်းကြည့်တော့ ဦးလှဘေကြီးဝင်းထဲက သစ်ပင်ရိပ်မှာ မိန်းမတစ်ယောက် တာဆိုင်ဖတ်နေတာတွေ့ရတော့ ဖိုးကို အသေအချာ လှမ်းကြည့် တယ်။ လားလား မစောမြ ဖြစ်နေသတဲ့။

အဲဒီနေ့က ကိုယ်က ဖိုးစောထွန်းတို့နဲ့ ရိုက်တော့ စောပြီးနေတယ်။ ဖိုးကိုတို့ အဖွဲ့ထဲမပါဘူး။ ဖိုးကိုတို့အဖွဲ့ ရိုက်ပြီး တက်လာတယ်ဆိုတာနဲ့ ဖိုးကိုက ကိုယ်တို့စားပွဲ တန်းလာပြီး

www.burmeseclassic.com



"ဟကောင် ဘမောင်၊ ငါ မစောမြကို တွေ့ခဲ့တယ်" လို့ ပြောတော့တာပဲ။ ဒီတော့ ကိုယ်တို့လည်း ပြောနေတဲ့စကား ရပ်ပြီး ဖိုးကိုပြောတာ နားထောင်ရတာပေါ့။ တကယ်တော့ သူတွေ့ခဲ့တာပဲ၊ ဘာမှ အထွေအထူး မပါဘူး။ ဆရာဝန် ကိုမရသာကတော့ "သေချာရဲ့လားဗျာ" လို့ မေးတယ်၊ ဒီတော့ ဖိုးကိုကတောင် ပြောသေးတယ် "ဟေ့ ဖိုးကိုတို့က မိန်းမ တစ်ယောက်ကို တစ်ခါမြင်ရုံနဲ့ သေသထိ မမေ့ဘူး" လို့ ပြောတယ်၊ ဒါကို စိုးတေထွန်းက "ဖိုးကိုပြောတာ ငါတော့ ယုံသဟေ့၊ ဒီကောင်က ယောက်ျားတွေကိုသာ မသိချင်ယောင်ဆောင်တတ် တာ" လို့ အရွှန်းဖောက်ရင်း ထောက်ခံလိုက်တယ်၊ ကိုယ် ကတော့ ဘာမှပြန်မပြောမိလိုက်ဘူး၊ မြှန်းခနဲကြားရတဲ့ သတင်းတစ်ခုမို့လား မသိဘူး၊ စိတ်ထဲကတော့ တစ်မျိုးဖြစ်မိ တယ် ထင်တယ်၊ ဦးလှဘောကြီးအိမ်မှာဆိုတော့ မစောမြ ဟုတ်မှာပါပဲလို့ပဲ တွေးလိုက်မိတယ်၊ ကိုယ်ပြောခဲ့သလို မစောမြက ဦးလှဘောကြီး တူမကိုး။

ကိုယ်က ဘာမှမပြောတော့ ဖိုးကိုကပဲ "ဟကောင် ဒီလို လုပ်၊ အခု အစောကြီးရှိသေးတယ်၊ ဒီကအပြန် ခဏ လှည့် ဝင်သွားရအောင်" လို့ ဆိုတယ်၊ ဒီတော့ စိုးတေထွန်းက "ပဋိသန္ဓာရ စကားကလေးများဆိုရတာပေါ့ကွာ ဘမောင်ရာ" လို့ ဝင်ဖြေတယ်။ တကယ်တော့ မစောမြနဲ့ ကိုယ်က ခင်တာပါ။ သံယောဇဉ်ကလေးတွေ ရှိကောင်းရှိနိုင်တာမျိုးကိုး။ မဟုတ်ပေ ဘူးလား။ ကိုယ်ကတော့ အဲဒီလိုပဲ မြင်တယ်၊ ဖိုးကိုကတော့ တစ်မျိုးမြင်မယ်၊ စိုးတေထွန်းတောင် ကိုယ့်ကို မစောမြနဲ့ တစ်မျိုး မြင်ပုံရတယ်။ ဖိုးကိုက မင်းမှ သိမှာပဲလို့ ပြောလိုက်တဲ့ စကားကို ကိုယ့်အနေနဲ့ အတော်ရှည်ရှည်ဝေးဝေး မြန်မြွေး

www.burmeseclassic.com



နေလိုက်ပါတယ်။ ဒီတော့ ကိုယ်တစ်ခု သတိရမိလိုက်ပြန်တယ်။

တစ်ခါက ရန်ကုန်မှာ အစည်းအဝေးတစ်ခု သွားကြရတယ်၊ မြန်းစားကြီး ခေါ်တဲ့ အစည်းအဝေးကိုး၊ ဒီတော့ ကိုယ်ရယ်၊ တိုင်းပညာဝန်ရယ်၊ မစောမြရယ်၊ တစ်ဘက်က ကိုတင်စိုးရယ်၊ လေယာဉ်ပျံနဲ့အတူ သွားကြရတယ်။ မစောမြက အဲဒီတော့ ကျောင်းအုပ်ကြီး ဖြစ်နေရုံမကဘူး တိုင်းက အလုပ်တွေတောင် တွဲလုပ်နေရတယ်ထင်တယ်။ နှစ်ရက်လောက်ကြာတော့ ကိစ္စပြီးလို့ ပြန်မယ်လုပ်တဲ့အခါ တိုင်းပညာဝန်ကို ရန်ကုန်က ခဏ ခေါ်ထားလိုက်တယ်။ ကိုတင်စိုးကတော့ အစည်းအဝေး နောက်တစ်ခုရှိလို့ နောက်ရက်မှ ရထားနဲ့ ပြန်မယ်ဆိုတယ်၊ ဒီတော့ ကိုယ်နဲ့မစောမြပဲ ပြန်ကြရဖို့ ဖြစ်လာတာပေါ့။ ဖြစ်ချင်တော့ အဲဒီနေ့က လေယာဉ်နောက်ကျမှ ထွက်မယ်ဆိုတယ်။ အဲဒါကလည်း စောစောက မသိကြဘူး၊ ကိုယ်တို့ကို အကြိုအပို့လုပ်ရတဲ့ သူငယ်က ကားပေါ်ကျမှ ပြောတာ။ ဒီတော့လည်း ကိုယ်က လေယာဉ်ကွင်းမှာသွားပြီး အချိန်ဖြုန်းမနေချင်ဘူး။ ဒါနဲ့ပဲ ကားနောက်ခန်းမှာပါလာတဲ့ မစောမြကို အချိန်ရလို့ ဈေးလေးဘာလေးများ ဝယ်ချင်သေးသလား မေးမိတယ်။

မစောမြက "ကောင်းသားပဲ အစ်ကို၊ အချိန်ရရင်တော့ စတော့ဈေး ဝင်လိုက်ရအောင်" လို့ ဆိုတယ်။ ဒီတော့ဗျာ၊ လိုရင်းပြောရရင် စတော့ဈေးဝင်ပြီး မစောမြက ဈေးဝယ်တယ်။ ဒီတော့ ကိုယ်ကလည်း ကားပေါ်မှာ ငုတ်တုတ်ထိုင်မနေချင်တော့ ဟိုကြည့်ဒီကြည့် လုပ်နေရင်း မစောမြ ဈေးဝယ်တဲ့နောက် လိုက်လျှောက်သွားမိတယ်။ ဘယ်လိုက ဘယ်လိုဖြစ်တယ်တော့ မသိပါဘူး၊ မစောမြနဲ့ ကိုယ်နဲ့ စတော့ဈေးထဲမှာ တတွဲတွဲနဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ်ဆိုတဲ့ သတင်းဖြစ်လာတယ်။ အဲဒီတုန်းက ခေသးကျောင်းတက်နေတဲ့ အကြီးကောင်ကတောင် "အမေ၊ အမေနဲ့ အန်တီလေး မစောမြ သတင်းတွေကြားတယ်၊ သင်ဆင်ခြင်ခြင် နေဦး" လို့ ဟောက်သွားဖူးသေးတယ်။ အဲဒီ ကုန်းကဆို ကိုယ့်မှာလည်း လူတကာကို ရှင်းပြနေရတာ။ မစောမြ နားပေါက်သွားတော့ သူ့ခများ ရက်ရွာမှာပေါ် တစ်နေ့တော့ အိမ်လာပြီး အိမ်က ကျောင်းအစ်မကို လာရှင်းပြ တယ်။ တကယ်တော့ ကိုယ်ကလည်း ရှင်းပြပြီးသားပါ၊ ကျောင်းအစ်မကတော့ "မမ ကိုဘမောင်ကိုလည်း ယုံတယ်၊ မစောမြကိုလည်း ယုံတယ်၊ ဒီလို ပြောကြဆိုကြတာတွေက ရှိနေမှာပဲ။ အလေးမထားပါနဲ့" လို့ ပြန်ပြောလိုက်တယ်။

ကိုယ်တို့မှာလည်း အဲဒီတော့မှပဲ တစ်ယောက်မျက်နှာ တစ်ယောက် ရဲရဲကြည့်ပြီး ပြောရဲဆိုရဲဖြစ်ရတယ်။ စပ်မိလို့ ပြောရဦးမယ်ဗျာ၊ အိမ်က ကျောင်းအစ်မတို့ကျတော့ တွေးခေါ် ပုံက တစ်မျိုးရယ်၊ မစောမြ အိမ်လာသွားပြီးတဲ့နောက် ကိုယ်က မေးကြည့်ဖူးတယ် "ခင်ဗျား တကယ်ယုံတာလား၊ ရသေ့စိတ်ဖြေ ပြောတာလား" လို့ ဆိုတော့၊ ကျောင်းအစ်မကြီး က "တကယ်ပါ၊ ကျွန်မ လူတွေကိုယုံတယ်။ လူတွေကိုလည်း ယုံသင့်တယ်၊ လူတွေအားလုံး သံသယတွေနဲ့ နေကြရင် လိမ်တယ် ညာတယ်ဆိုတာတွေ ရှိနေမှာမဟုတ်တော့ဘူး၊ လောကကြီးတစ်ခုလုံး ဟုတ်တာတွေချည်းပဲ ဖြစ်နေလို့ ဖျင်းစရာ တောင် ကောင်းနေဦးမယ်" တဲ့၊ ဒါတော့လည်း ဟုတ်သလိုပဲ၊ ကိုယ်ကပဲ အဲဒီလောက် ညာက်မသွားတော့ အသေအချာ နားမရှင်းဘူး။ ထားတော့ဗျာ ဒီကိစ္စ၊ မစောမြအကြောင်း ပြန်ဆက်ရတောင်း၊ နောက်တော့ မစောမြလည်း ယုံမိုးရှင်းနဲ့

www.burmeseclassic.com



တခြားပြောင်းသွားတယ်။ ကိုယ်လည်း ရန်ကုန်ပြန်ပြောင်းရတယ်။ သို့ပေတဲ့ တွေ့မှုတော့ နေကြသေးတာပေါ့လေ။ ကိုယ်တို့စိတ်ထဲ မရှင်းစရာမှ မရှိတာ။

ဒါနဲ့ပဲဗျာ၊ အဲဒီနေ့က ကိုယ်တို့စားသောက်ပြီး ဦးလှဘောကြီးအိမ်ဘက် ထွက်လာခဲ့ကြတယ်။ အခန့်သင့်ပဲ မစောမြကို တွေ့တယ်။ ကိုယ်တို့ကိုတွေ့တော့ သူ့ခမျာ ဝမ်းသာသွားပုံရတယ်၊ မျက်ရည်များတောင် ဝဲလို့ပဲ။ "အစ်ကို ဒီမှာရှိနေတယ်လို့ သိတော့နေတယ်၊ စောမြလည်း ဒီမှာ အထိုင်မကျသေးတော့ ဘယ်မှာရှာရမှန်းမသိဘူး" လို့ ပြောရှာတယ်၊ "ဒီဂေါက်ကွင်းမှာ ပင်စင်စားတွေ ရိုက်ကြတယ်လို့ ကြားလို့ တစ်နေ့ ဝင်စုံစမ်းမယ်တောင် စိတ်ကူးရှိတယ်" လို့ ပြောသေးတယ်။ သတိရလို့ ပြောလိုက်ရဦးမယ်၊ အဲဒီတုန်းက ဖိုးကိုက တစ်ခု ပြောသေးတယ်။ "မစောမြ၊ ငါနဲ့ ဘမောင်နဲ့က တစ်နှစ်ကြီး တစ်နှစ်ငယ်ပဲ၊ အတန်းတော့ အတူတူပဲ၊ နင်က သူ့တော့ အစ်ကိုလို့ခေါ်တယ်၊ ငါ့တော့ ဆရာဦးကိုလို့ ခေါ်တယ်၊ ဘာလို့တုံး။ ငါလည်း အစ်ကိုလို့ ခေါ်နိုင်ပါတယ်။ အားနာစရာ မရှိပါဘူး" လို့ ပြောတယ်။ မစောမြခမျာ ရှက်သွားပုံတော့ ရတယ်။ ဒါပေတဲ့ မစောမြက "အစ်ကိုဘမောင်ကတော့ ငယ်ကတည်းက နှုတ်ကျိုးနေတာပါ၊ ဒီအရွယ်ကျမှတော့ ဆရာဦးကို ကို အစ်ကိုလို့ ပြောင်းခေါ်လို့ရမယ် မထင်ဘူး" လို့ ပြုံးပြီး ပြန်ပြောလိုက်တယ်။ အဲဒီနောက်တော့ တွေ့ရာလေးပါး ပြောဖြစ်ကြတယ်။ နောက်ရက် တစ်ရက်ချိန်းပြီး ကိုယ်တို့တစ်တွေကို ထမင်းဖိတ်ကျွေးသေးတယ်။ ဒီတော့ ကိုယ်ကလည်း အိမ်က ဖိုးစပ်တို့လင်မယားကို စီစဉ်ခိုင်းပြီး မစောမြနဲ့ သူ့တူမ ဆရာဝန်မကလေးကို ပြန်ပြီး ထမင်းဖိတ်ကျွေး

www.burmeseclassic.com

ဖြစ်တယ်။ ကျန်တဲ့သူတွေကလည်း အပြန်အလှန် ဖိတ်ကျွေးကြလို့ မစောမြလည်း ကိုယ်တို့အသိုင်းအဝိုင်းထဲ ရောက်လာတယ်။ စိုပြေတဲ့ ပင်စင်စားများဘဝကလေးတစ်ခုကို ဖန်တီးကြရသပေါ့ဗျာ။ ဒါတောင် မစောမြအိမ်မှာ ထမင်းစားတဲ့ညက အပြန်မှာ ဖိုးကိုက ပြောသေးတယ်။ "ဘမောင်တို့ကတော့ ဟန်တယ်ဟေ့။ သူ့အိမ်က ကျောင်းအစ်မကြီးကလည်း ရိပ်သာမှာပဲ အရိုးထုတ်မယ်လို့ ဆုံးဖြတ်၊ မစောမြကလည်း အငြိမ်းစားယူပြီး ဒီပြောင်းလာ။ ဟန်ကိုကျလို့" တဲ့။

ကိုယ့်အနေနဲ့တော့ ဘာမှမပြောတော့ပါဘူး။ ဖိုးကိုလို လူမျိုးကလည်း ရှင်းပြလို့ရမှာ မဟုတ်ဘူး။ ဒီတော့လည်း နှုးသလို ကြောင်သလို လုပ်ပစ်လိုက်ရတယ်။ ဒါတင် ဘာဟုတ်သေးတုံး။ အခု သမားတော်ကြီးဖြစ်နေတဲ့ အကြီးကောင်က ဟိုတစ်ခါ ဒီကိုလာရင်း "အခုဆို မေမေလည်း ရိပ်သာမှာပဲ နေနေတော့ အန်တီလေး မစောမြက ပင်စင်ယူပြီး ဒီပြောင်းလာတာ အတော်ပဲ။ အဖေလည်း သိပ်မပျင်းရဘူးပေါ့" လို့ ပြုံးစိစိနဲ့ ပြောသေးတယ်။ ကိုယ်လည်း ခုတော့ ဘာမှ ပြန်မပြောချင်တဲ့အရွယ် ရောက်ခဲ့ပြီထင်တယ်။ သို့ပေတဲ့ဗျာ။ ခုလို ဒီခုံတန်းလျားကလေးမှာ လာထိုင်တော့ တစ်ခုမှတ်မိလိုက်မိပြန်တယ်။ မစောမြ ဒီကိုလာပြီး ညစာစားတဲ့ညနေက သူတို့တူဝရီးနှစ်ယောက်သား မြို့ထဲကို လျှောက်ပြရင်း ဒီခုံတန်းလျားလေးအနား ရောက်တော့၊ ကျွန်မအိမ်မှာလည်း ဒီလိုခုံတန်းလျားကလေးတစ်ခု ရှိတယ်လို့ ပြောတယ်။ ကိုယ်ကလည်း နေစောင်းတဲ့အခါ ဒီခုံတန်းလျားကလေးမှာ ထိုင်တတ်ကြောင်း ပြောပြမိတယ်။ ဒီတော့ မစောမြက သူလည်း ဒီရောက်စကတည်းကပဲ သူ့ခြံထဲက အဲဒီခုံကလေးမှာထိုင်ပြီး

www.burmeseclassic.com



ဒီဘက်ကို ကြည့်နေတတ်ကြောင်း ပြောပြတယ်။ "အစ်ကိုအိမ် မှန်းတော့ မသိဘူး၊ လျှိုထဲက သစ်ပင်တွေ ကာနေလို့ ဒီဘက် လည်း သေသေချာချာတော့ မတွေ့ရဘူး။ ဒါပေမဲ့ ဒီဘက်ကို လှမ်းကြည့်ရင်း ထိုင်နေရတာ ကြည်နူး နေမိတတ်တယ်။ အခု တော့ အစ်ကိုအိမ် ဒီဘက်မှာရှိနေတယ် ဆိုတော့ ပိုအားရှိရ တာပေါ့" လို့ ပြောတယ်။ အဲဒီတုန်းကိုယ်လည်း အမှတ်မထင် မစောမြရဲ့တူမ ဆရာဝန်မကလေးဆိုတာကို လှမ်းကြည့်လိုက် မိတယ်။ သူငယ်မကလေးက ကိုယ် လှမ်းကြည့်လိုက်တာ သိပုံ မရဘူး။ သူ့အဒေါ် ပြောလိုက်တဲ့ စကားကို နားထောင်ရင်း လျှိုဘက်ကိုကြည့်ပြီး ပြုံးနေတယ်။ တစ်ခုခုတော့ တွေးမိနေပုံရ ပါရဲ့။

အင်းလေ. . .။ ခုလို နေစောင်းချိန်မျိုးမှာ ဆိုရင်မြင့် လျှိုတွေရဲ့ တခြားဘက်က ခြံကြီးထဲမှာ မစောမြတစ်ယောက် ခုံတန်းလျားကလေးပေါ်မှာထိုင်ရင်း ဒီဘက်ကို ကြည့်နေလိမ့် မယ် ထင်တယ်။ ။

မဟေသီ၊ ၂၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# တင့်နိုင်၊ ဆင့်မြိုင်နှင့် မြင့်ကြိုင်တို့အကြောင်း

## အပိုင်း(တစ်)

၁-၁

ပရော့ကြီးနိုင်းပြီး နှစ်အတော်ကြာမှ တိမ်းပါးသွားသော အမို ပေါ် ဆွဲမိ၏ သားများကို တရားဝင်အားဖြင့် တင့်နိုင်၊ ဆင့်မြိုင်နှင့် မြင့်ကြိုင် ဟု အမည်မှည့်ခေါ်ခဲ့ကြပါသည်။ မြင့်ကြိုင်မှာ နှိုသာဖြစ်သည်။ သူ့အောက်တွင် တစ်ဦးတည်းသော သမီးမိန်းကလေး ဆယ်တင်ကို မွေးသည်။ (ရှင်းလင်းချက် ၁ ရှု

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါ။) တင့်နိုင်မှာ အကြီးဆုံးဖြစ်၍ မြင့်ကြိုင်မှာ သားများ အနက် အငယ်ဆုံးဖြစ်သည်။ သို့ဖြစ်၍ ဆင့်မြိုင်မှာ သူ၏ သဘောဆန္ဒနှင့် ကိုက်ညီသည်ဖြစ်စေ မကိုက်ညီသည်ဖြစ်စေ သားအလတ်နေရာ ရရှိသွားသည်။ သို့အတွက်လည်း အရပ် အခေါ်၊ ရွာအခေါ်တွင် ဆင့်မြိုင်သည် အလတ်ကောင်သာ ဖြစ်တော့သည်။ ဆင့်မြိုင်၏ (အထူးသဖြင့်၊ ရပ်ထဲရွာထဲတွင်) တရားဝင်နာမည်မှာ အရေးမပါ။ "အုန်းပန်းကြီးသား အလတ် ကောင်" သို့မဟုတ် "ဆွဲမိသား အလတ်ကောင်" ဟု ဆိုသည် နှင့် မည်သူမည်ဝါ ဆိုလိုကြောင်း သိကြရသည်၊ ဖုန်းမြေ အနားတွင် တည်ထားသော အောင်မင်္ဂလာကျောင်းမှ ဘုန်းကြီး ဦးအရိယကမူ ဆင့်မြိုင်အား ခေါ်ရှုနိုင်းလိုသည့်အခါ "ဟိုအ ကောင်တွေထဲက အလတ်ကောင်" ဟူသာ ခေါ်ဝေါ် ပြောဆို လေ့ရှိသည်။ တင့်နိုင်မှာမူ အမြဲလို တင့်နိုင်သာ ဖြစ်သော် လည်း၊ မြင့်ကြိုင်ကမူ ဘုန်းကြီးဦးအရိယက ရံဖန်ရံခါ "ဟိုအ ကောင် အငယ်ကောင်" ဟူ၍ ညွှန်းလေ့ရှိသည်။ သို့ဖြစ်၍ ဘခွေးလေး ဦးအုန်းပန်းက သူ့သားများတွင် သူတို့ ဖြစ်မှုနေ ခြင်းနှင့် တစ်သားတည်းဖြစ်နေသော ဂုဏ်ပုဒ်များ ရှိခဲ့သည်ဆို ခြင်းကို မည်သူမျှ မငြင်းသာချေ။ သို့သော် ထိုဂုဏ်ပုဒ်များမှာ သူတို့မဟုတ်ခဲ့ချေ။ အနီးခေါ် ဆွဲမိ မျက်ကွယ် ပြုသွားသည်တွင် ဘခွေးလေးဦးအုန်းပန်းက သားများ (နှင့် သမီးဖြစ်သူ) ကို "ပညာအရာမှာ ပေါက်မြောက်အောင်သာ အားထုတ်ကြ မင်းတို့ဝန် အဘနိုင်တယ်" ဟု အားပေးရင်း သူကိုယ်တိုင်ဦး စီး၍ ယာများကို ကိုင်ခဲ့သည်။ သို့ရာတွင် တင့်နိုင် အလယ် တန်းပြီးသည့်နှစ်တွင် ဘခွေးလေး ဦးအုန်းပန်းမှာ သိန်းကြီး ရှုသည့်ဖက်ရာမှ ငန်းဖမ်းကာ (ရှင်းလင်းချက် ၁ ကြည့်ပါ)

www.burmeseclassic.com



ရုတ်တရက် ကွယ်လွန်သွားခဲ့သည့်အတွက် သူတို့ အားလုံး မိမဲ့ဖမဲ့ ဖြစ်ကြရလေတော့သည်။

၁-၂

တင့်နိုင်မှာ ဖခင်စကား လိုက်နာ၍ စာကြိုးစားသူ ဖြစ်သည်မှာ မှန်၏။ သို့ရာတွင် (ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) အရပ်စကားဖြင့်ဆိုသော် အကျိုးပေးနည်းသူ ဖြစ်သည်။ မိဘ နှစ်ပါး မျက်ကွယ်ပြုသွားခြင်းသည် သူ၏ ရည်မှန်းထားရင်း အကြောင်းများကို ပြောင်းလဲသွားစေခဲ့သည်။ အကျိုးတစ်ခု တစ်ရာတိုင်းသည် မိမိပြုသော တိုက်ရိုက် အကြောင်းတရား များကြောင့် ဖြစ်သည်ဟု (ဤနေရာတွင်) ဆိုရန် ခက်သွားသည်။ ဘဲ့ရွှေလေး၏ညီဖြစ်သူ ပွဲစားကြီး ဦးဉာဏကမူ မိမဲ့ဖမဲ့ မောင်နှမတစ်သိုက်အား တာဝန်ယူမည်ဟု ဆိုသော်လည်း တင့်နိုင်က အပြည့်အဝ လက်မခံ။ "ကျွန်တော့် ညီများနှင့် နှမကိုသာ မြို့တွင် ကျောင်းထားပေးပါ။ ယာများကို (ရှင်းလင်း ချက် ၃ တွင် ကြည့်ပါ) ကျွန်တော် ဆက်ကိုင်ပါမည်" ဟုဆိုသည်။ အစ၌ ဘဲ့ရွှေ၏ညီဖြစ်သူက လက်မခံလိုသော်လည်း တင့်နိုင်ကို ယုံကြည်သူဖြစ်၍ အစဉ်အလာအတိုင်း ဆက်၍ ယာများကို ကိုင်စေခဲ့သည်။

တင့်နိုင်၏အားထုတ်မှုကို အသိအမှတ်ပြုလာကြရသည်။ ယာများ ဖြစ်ထွန်းသည်။ ခြေပဲဈေး၊ နှမ်းဈေး ကောင်းလာသည်။ ဆင့်ဖြိုး၊ မြင့်ကြိုင်နှင့် ဆယ်တာင်တို့ မြို့မှ ဦးလေးတော်သူ ဦးဉာဏအိမ်တွင်နေကာ ခရစ်ယာန်ဘုန်းကြီးနှင့် မယ်သီလရှင် အုပ်ချုပ်သော ခရစ်ယာန်ဘာသာ အခြေခံသော

www.burmeseclassic.com



ကျောင်းတွင် အလယ်တန်း၊ အထက်တန်း တက်ကြသည်။ ကျောင်းပိတ်ရက်များတွင် မြင့်ကြိုင်နှင့် ဆယ်တင်တို့သာ အရပ်သို့ အပြန်အပြုများကြသော်လည်း ဆင့်မြိုင်မှာ ဦးဥက္ကာ ၏ သားဖြစ်သူ ဝေလျံဥက္ကာနှင့်အတူ ရွှေမြို့တော်သို့ သွားရလေ ရှိတတ်သည်။ အထက်တန်း စတက်သည့်နှစ်မှာပင် ရွာသို့ အရောက်အပေါက် နည်းလာခဲ့သည်။ လုပ်ငန်းကိုင်ငန်း အတွက် မြို့တက်၍ ဦးဥက္ကာထံ လာသည့်အခါတိုင်း တင့်နိုင်က သူ့ညီနှင့် ညီမတို့ကို တစ်ရာမျိုး ကိုးဆယ်မျိုး မေးလေ့ရှိသည်။ ပွဲစားကြီး (နှင့် ပွဲစားကတော်တို့) က တွေ့သော် တင့်နိုင်အား ဆူတတ်သည်။ "မင်းညီတွေ ညီမတွေအတွက် အာမှမပူပါနဲ့။ ဘုန်းပန်းကြီးကျောင်း တို့မှာရှိတယ်" ဟု ဆိုလေ့ရှိသည်။ စီးပွား ဖြစ်ထွန်းမှုတွင် အခြေခံကာ ပွဲစားကြီးကတော်က နောက်ပိုင်း တွင် တင့်နိုင်အား "သား မောင်တင့်နိုင်" ဟု ပြောင်းလဲ ခေါ်ဝေါ်လာသည်။

၈-၄

အရပ်သို့ မြင့်ကြိုင်နှင့် ဆယ်တင်တို့ ကျောင်းပိတ်ရက်များတွင် ပြန်လာသောအခါ အရပ်ကလူများ (၎င်းတွင် ဘုန်းကြီးဦးအရိယ အပါအဝင်)က "အလတ်ကောင် တစ်ကောင်ကော" ဟု မေးလေ့ရှိကြသည်။ ဆင့်မြိုင်ကို အရပ်မှ "အလတ်ကောင်" ဟု သတ်မှတ်ခေါ်ဆိုနေကြချိန်တွင်ပင် သူတက်သော ခရစ်ယာန် ဘာသာ အခြေခံကျောင်းတွင် ဆယ်မီဥက္ကာ ဟူ၍သာ သိကြ သည်။ (ရှင်းလင်းချက် ၄ ကြည့်ပါ) သို့ရာတွင် "အလတ်ကောင်" "ဆင့်မြိုင်" "ဆယ်မီဥက္ကာ" သည် ဘာသာစကားကို အခြေခံ သော အမည်သတ်မှတ်ခေါ်ဆိုခြင်းတွင် ထွေပြားလာမှုယ

www.burmeseclassic.com



ဖြစ်သော်လည်း သူ၏ရှိနေမှုမှာ အရင်ကအတိုင်းသာ ဖြစ်သည်။ သို့ရာတွင် မောင်နှမသုံးယောက်သားအနက် ကာလ၊ ဒေသနှင့် ပယောဂတို့နှင့်အတူ သို့မဟုတ် ရွေ့ပြေးလိုက်ပါနိုင်သူမှာ ဆင့်မြိုင် ဖြစ်သည်။

ဆင့်မြိုင်မှာ ကျောင်းစာတွင် စိတ်မပါ။ ဝေလျံဥက္ကာနှင့် လိုက်မကျက်ညီသည်။ နောင်သော် ပွဲစားကြီး၏ အဆက်အသွယ်များအားဖြင့် ဆင့်မြိုင်နှင့် ဝေလျံဥက္ကာတို့ နိုင်ငံခြားသင်္ဘော လိုက်သွားကြသည်။ "ကြီးပွားနေကြသည်" ဟူသော သတင်း ကြားရတတ်သည်မှ လွဲ၍ အခြားဘာမျှမကြားရ။

၁၀-၄

တင်နိုင်သည် ယာသမားဖြစ်ရန် ဇာတာပါသည်ဟု အရပ်မှ မွေးစီနောက်မီတို့က ပြောကြသည်။ အကြောင်းမှာ တင်နိုင်၏ အစီအမံအောက်တွင် ယာများဖြစ်ထွန်းလွန်းလှသည်။ ပွဲစားကြီး လင်မယား၏ယာများနှင့် ပတ်သက်သော လက်ရှိဖြစ်လာသည်။ ၎င်းတွင် အမြော်အမြင်ကြီးသော ပွဲစားကတော်ကြီးက တူမ ဖြစ်သူ မူလတန်းကျောင်းဆရာမ မလှမြင့်နှင့် တင်နိုင်ကို နေရာချပေးလိုက်တော့သည်။ မလှမြင့်မှာ ကျောင်းဆရာမပီပီ အတွက်အချက်ကောင်းသည်။ သို့ဖြစ်ရကား တင်နိုင် ဦးစီး လုပ်ကိုင်နေသော ယာလုပ်ငန်းများတွင် စာရင်းဇယား မှန်မှန် ထိကျမှုရှိလာသဖြင့် အယိုအဖိတ်နည်းလာကာ တင်နိုင်နှင့် မလှမြင့်တို့သည် စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း ဖြစ်လာတော့ သည်။ သားဦးရသောနှစ်တွင် တိမ်မြင်ဆောက်နိုင်ကြသည်။

ထိုနှစ်က မြင့်ကြိုင် ကောလိပ်ဝင်သည်။ သယ်တော်နှင့် ဦးဥက္ကာသမီး (ရှင်းလင်းချက် ၅ ကြည့်ပါ) တို့ အသိတန်း

www.burmeseclassic.com



ခြေကြသည်။ မြင့်ကြိုင်နှင့် ဆယ်တာဝတ်တို့နှစ်ဦးစလုံး ရွာဘက်သို့ အလာနည်းလာကြပြီ ဖြစ်သည်။ ရွာမှ လူများသည် "အလတ်ကောင်" အကြောင်း များများမေးစမ်းခြင်း မရှိကြတော့။ တင့်နိုင်ကိုယ်တိုင်ကလည်း သူ၏ညီနှင့် ညီမတို့အကြောင်း အမြဲလို မပြောတော့။ နောင်နှစ်တွင် တင့်နိုင်သားကလေးကို ကင်ပွန်းတပ်သောအခါတွင်မူ မြို့မှပွဲစားကြီးနှင့် ပွဲစားကြီး၏ ကတော်တို့ အမှူးပြုကာ ဆွေစုံမျိုးစုံ လာကြသည်။ တောလိပ် ကျောင်းအားရက်ဖြစ်၍ မြင့်ကြိုင်တစ်ယောက် အလှူပြီးနောက် ဆယ်ရက်ခန့် ခိုးဆက်၍ ရွာတွင်နေသည်။

မြင့်ကြိုင်မှာ ငယ်စဉ်ကပင် စာအဖတ်အမြဲများသည်။ အောင်မင်္ဂလာကျောင်းမှ ဦးဇင်း ဦးပဏ္ဍိနှင့် ကျောင်းနေဖက် ဖြစ်သည်။ (ရှင်းလင်းချက် ၆ ကြည့်ပါ) အလှူမတိုင်မီကပင် မြင့်ကြိုင်သည် အောင်မင်္ဂလာကျောင်း၌ လာနေသည်မှာ အလှူပြီး၍ ပြန်သွားသည်အထိဖြစ်၏။ ညနေတိုင်း သူတို့ နှစ်ဦးသား မြစ်ဘက်သို့ လမ်းလျှောက်လေ့ရှိကြပြီး မိုးအတော် ချုပ်စပြုမှ ကျောင်းသို့ ပြန်တက်ကြသည်။ အောင်မင်္ဂလာ ကျောင်းမှ ကျောင်းသားကြီးတို့စကားအရ မြင့်ကြိုင်မှာ ကျောင်း နေရင်း ကဗျာရေးရာ၊ ရွှေမြို့တော်မှ ထုတ်ဝေသော မဂ္ဂဇင်း တစ်ချို့တွင် ထည့်သွင်းပုံနှိပ်ခံရသည်ဟု သိရသည်။ ဦးဇင်း ဦးပဏ္ဍိကိုယ်တိုင် စာအဖတ်အမြဲများသည်။

၁-၅

တင့်နိုင်နှင့် မလှမြင့်တို့ တတိယကလေး မျက်နှာမြင်ပြီးစတွင် မြင့်ကြိုင် အရပ်သို့ပြန်လာသည်ကို တွေ့ကြရသည်။ ဘွဲ့ရ ၍ ရွှေမြို့တော်သို့ ဆင်းကာ အလုပ်လုပ်တော့မည်ဖြစ်၍

www.burmeseclassic.com



အစ်ကိုကြီးအား လာ၍နှုတ်ဆက်ခြင်းဖြစ်သည်ဟု ဆိုသည်။ တင့်နိုင်တို့အိမ်တွင် မနက်စာ၊ ညစာ စားသော်လည်း အောင်မင်္ဂလာကျောင်းတွင်ပင် တည်းသည်။ ဦးဇင်း ဦးပဏ္ဍိ ဖတ်ရန် မဂ္ဂဇင်းအများအပြား ယူလာခဲ့သည်။ ကျောင်းသားကြီးများထံမှ ကြားသိရသည်မှာမူ မြင့်ကြိုင်တစ်ယောက် အောက်ပြည်အောက်ရွာသို့ ဆင်းကာ စာရေးဆရာဖြစ်ရန် အားထုတ်တော့မည် ဖြစ်သောဟူ၏။

သုံးလခန့်ကြာသောအခါ ခရီးသွားရင်း ဒုရင်ဇိုင်းလ်တွင် တင့်နိုင် ပိုးထိ၍ ဆုံးသည်။ (မှင်းလင်းချက် ၇ ကြည့်ပါ) များမကြာမီ မလှမြင့်နှင့် ကလေးများ ပွဲစားကြီးမိသားစုနှင့် အတူနေရန် ရွာမှထွက်သွားကြသည်။ ယာများအတွက် ပွဲစားကြီးအစီအမံဖြင့် ဆက်လက်လုပ်ကိုင်ကြသည်။

BURMESE CLASSIC

အပိုင်း (တစ်)

နိဂုံး

ယခုအခါ ရွာတွင် တင့်နိုင်၊ ဆင့်မြိုင်နှင့် မြင့်ကြိုင်တို့ ညီအစ်ကိုများအကြောင်း ပြောဆိုခြင်းမရှိသလောက် ဖြစ်နေပါပြီ။ သက်ရှိထင်ရှားရှိနေသူ၊ မရှိတော့သူများ အမှန်ပင် "ရှိ" နေသေးသော်လည်း ရွာ၏ဝန်းကျင်တွင် ထို "ရှိနေခြင်း" မှာ တိမ်ကောပျောက်ဆုံးခဲ့ပြီ ဖြစ်သည်။ ရွာ၏ဝန်းကျင်တွင်မူ သူတို့အကြောင်းမှာ လေထဲတွင်ရှိသော အသံများအဖြစ်သာ ရှာဖွေနိုင်ကြပါသည်။ ဘာသာစကားအတွင်း၌မူ မရှိတော့ခြင်းနှင့် ရှိနေခြင်းသည် ရှေးအခါကများကဲ့သို့ပင် စည်ပင်လျက်ရှိပါသေးသည်။ ရုပ်၊ ဖြုန် ရှိခြင်းနှင့်ယှဉ်သော ရှိမှုအတွက်

www.burmeseclassic.com

www.burmeseclassic.com



အနီးစပ်ဆုံး သဲလွန်စမှာ ရွှေမြို့တော်သို့ ထွက်ခွာသွားသော မြင့်ကြိုင်အား ရွှေမြို့တော်မှ ဘုရားဖူးပြန်လာခဲ့သော ကားထောင်ဆရာ ကိုလှမောင်က တွေ့ရှိခဲ့သည်ဆိုသော အချက်သာ ဖြစ်ပါသည်။ ကိုလှမောင် အဆိုအရ မြင့်ကြိုင်မှာ ရွှေမြို့တော်၏ဘုရားကြီးအနီးနေ သတ္တဗေဒဆိုင်ရာ ပါရဂူဆရာကြီးတစ်ဦးထံတွင် ပြာလမ်း (ရှင်းလင်းချက် ၈ ကြည့်ပါ) လိုက်နာရန် တပည့်ခံနေသည်ဟု သိရပါသည်။ ကိုလှမောင် မည်သို့တွေ့ခဲ့ကြောင်း၊ သိခဲ့ကြောင်းကို မည်သူကမျှ မေးခွန်းမထုတ်ခဲ့သဖြင့် သူ၏ပြောပြချက်တို့မှာ ခိုင်မာမှု ရှိ/မရှိ ကို မည်သူမျှ အာမခံနိုင်ကြလိမ့်မည်မဟုတ်။

## အပိုင်း (နှစ်)
## ရှင်းလင်းချက်များ

BURMESE CLASSIC

(၁) အရိုးလေး သွေးဆုံးခါနီးတွင် မွေးသည်ကတစ်ကြောင်း၊ မွေးကင်းစတွင် မမာသည်ကတစ်ကြောင်း၊ အငိုသဲမြစ်သည်က တစ်ကြောင်းတို့ကြောင့် ဗေဒင်ကျွမ်းသော ဘုန်းကြီးဦးအရိယ၏ တပည့် ကပ္ပိယ ဦးလှစိန်က "ဆယ်တင်" ဟု အမည်ပေးခြင်း ဖြစ်သည်။ အဖွားလေးနှင့် အရိုးလေးတို့ တိမ်းပါးသွားပြီးနောက် အဖွားလေးဘက်မှ ဦးကြီးတော်သူက မြို့တွင် ကျောင်းထား ပေးသည်မှာ ဆယ်တန်းအောင်သည်အထိ ဖြစ်၏။ ရေနံ ပိုက်လိုင်းများအတွက်လာသော ဂျာမန်လူမျိုးတစ်ဦးနှင့် အကြောင်းပါပြီး ခင်ပွန်းသည်နှင့်အတူ လိုက်နေကြောင်း ကြားသိရသည်။ ဘိုနာမည် ဆယ်လီဟု ပြောင်း၍ မှည့်ခေါ် သည် ယခုထက်ပို၍ မဖော်ပြတော့ချေ။

www.burmeseclassic.com



(၂) မြို့နယ်ဆရာဝန်ကြီးကမူ Tetanus ဆိုလား၊ ဘာလား ပြောကြောင်း ကြားလိုက်ရသူအချို့၏ စကားအရ သိရပါသည်။ အကျယ်သိလိုခဲ့သော် နီးစပ်ရာဆေးပညာရှင်များထံ စုံစမ်းပါ။

(၃) ဤတွင် ဦးဥက္ကာ၏ယာမျှား အပါအဝင်ကို ဆိုလိုသည်။

(၄) ဆင့်မြိုင်၊ မြင့်ကြိုင်နှင့် ဆယ်တင်တို့မှာ ဦးဥက္ကာက ခရစ်ယာန်အခြေခံကျောင်းတွင်ထားရာ ကျောင်း၏လုပ်ထုံးအရ အင်္ဂလိပ်အမည်များ ပေးရသည်။ ဆင့်မြိုင်မှာ ဆယ်မီ ဖြစ်လာပြီး၊ မြင့်ကြိုင်မှာ မိုက်ကယ်ဖြစ်လာသည်။ ဆယ်တင်မှာ ဆယ်လီဟု ခေါ်တွင်သည်။ ဦးဥက္ကာမှာ အုပ်ထိန်းသူ အဖြစ် လက်မှတ်ထိုးရသဖြင့် သူတို့၏နာမည်နောက်တွင် ဦးဥက္ကာ၏နာမည်ကို ထည့်ရသည်။ သို့ဖြစ်၍ သူတို့၏ ကျောင်းအမည်အပြည့်အစုံမှာ ဆယ်မီဥက္ကာ၊ မိုက်ကယ်ဥက္ကာ၊ ဆယ်လီဥက္ကာ ဟူ၍ဖြစ်သည်။

(၅) ဆယ်တင်နှင့် အသက်မတိမ်းမယိမ်းဖြစ်ပြီး၊ အိမ်အမည် ကျောင်းအမည် နှစ်ခုစလုံးမှာ မေဘဲလ်ဥက္ကာဖြစ်သည်။ နောင် တိုင်းမင်းကြီးကတော် ဖြစ်သွားသောအခါ မေဥက္ကာ ဟု ခေါ်ဝေါ်ကြသည်။ ဒေါ်မေဥက္ကာဟု အမည်တွင်သည်။ အကျယ်ဆိုရန် မရှိ။

(၆) ဦးဇင်း ဦးပဏ္ဍိမှာ မြင့်ကြိုင်နှင့် ကိုရင် အတူစည်းခဲ့ကြသည်။ ငယ်အမည်မှာ မောင်ညက်ဖြစ်၍ မြင့်ကြိုင်က ဦးဇင်း ဦးပဏ္ဍိကို ယခုတိုင် "ကိုရင်မောင်ညက်" ဟု ခေါ်လေ့ရှိသေးသည်။ ဘုန်းကြီးဦးအရိယ ပျံလွန်တော်မူသောအခါ အရပ်ကပိုင်း၍ တောင်းပန်ကြသဖြင့် အောင်မင်္ဂလာကျောင်းတွင်ပင် ကျောင်းဆက်ထိုင်သည်။ မုံရွာသို့ စာတက်ရန် ပြန်

www.burmeseclassic.com

www.burmeseclassic.com



တော့ရေး

(၇) အချို့က ကသစ်ကာန်တွင်ဟု ဆိုကြသည်။ မသေချာ။

(၈) ဆရာဦးနေခွန်း၏ တပည့်ဖြစ်သူတစ်ဦးကမူ လက်ဝဲ လက်ယာ ပြောလမ်းလိုက်စားခြင်းဟု ဆိုသည်။ ကျွန်တော် ကျွမ်းကျင်သော ဘာသာရပ်မဟုတ်၍ အကျယ် ရှင်းမပြနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## လွယ်ကူစွာ ပြောဆိုသင့်သောအကြောင်းများ

"ကျွန်တော် ရေသွားငုပ်တဲ့အခါတိုင်း စိတ်ချမ်းသာတဲ့အကြောင်း တစ်ခုရှိတယ်။ ရေအောက်မှာ စကားပြောစရာ မလိုဘူး၊ ပြောလို့မရဘူး။ အသံ/စကားလုံးနဲ့ တည်ဆောက်ထားတဲ့ ဘာသာစကား မလိုဘူး။ တစ်ခါတစ်ခါ ဘာသာစကားနဲ့ ဆက်သွယ်လို့ မရတာလည်း ခပ်ကောင်းကောင်း. . ."

ဝိုင်းစောင်းနေသော စိတ်ကူးထည်များ (၁၉၉၃)မှ

www.burmeseclassic.com

www.burmeseclassic.com



ရွာ၌ ကျွန်တော်သည် လူပိုသာဖြစ်ပါသည်။ မြို့တွင်မူ ကျွန်တော့်အတွက် အထိုက်အလျောက် နေရာရှိပါသည်။ မြို့သူမြို့သားများ ပြောလေ့ရှိသော ဘာသာစကား၊ အကြောင်းအရာ၊ အဖွဲ့အနွဲ့ထဲတွင် ကျွန်တော် ဝင်ဆံ့ပါသည်။ ဆင်ခြင်တုံတရား နည်းပါးသော မြို့ပေါ်က ကောင်ကလေးများက မြို့ပြခံစားမှုဟုခေါ်သော်လည်း၊ ဘာမှန်းညာမှန်း မသိသည့် စပ်ကျစိတ်ကူးပုံစံအတွင်း ခေါင်းလန်းနှင့် ဆန်ကော မကွဲသော ကျွန်တော်၏ ညက်ရည်ညက်သွေးမှာ အလွန်အသုံးတည့်ပါသည်။ ဘွဲ့မရသော သို့မဟုတ် ဘီအေမှ မအောင်ခဲ့သော တိုင်စတိန်းနှင့်ယှဉ်လျှင် ကျွန်တော့်မှာ ပြစရာ ဘွဲ့လက်မှတ်အများအပြားရှိသဖြင့် ကျွန်တော့်ကိုယ်ကျွန်တော် အလွန်ဂုဏ်ယူပါသည်။ အဖေမှာ ရွာမှ ကြေးရတာတ်ဖြစ်၍ ကျွန်တော်သည် အထိုက်အလျောက် မကြောင့်မကြ နေနိုင်သူဖြစ်ပါသည်။ ဘခွေးလေး ကိုထွန်း ကမူ ကျွန်တော်နှင့် တစ်သဘောတည်း မဟုတ်ပါ။ ကိုယ့်ပါးစပ်နဲ့ကိုယ်စား၊ ကိုယ့်ပါးစပ်နဲ့ ကိုယ်ပြောရတဲ့ဟာများ၊ မင်းမြို့ပြသမားလုပ်ရတယ်လို့" ဟု ကျွန်တော့်ကို ပြောလေ့ရှိပါသည်။ ကျွန်တော့်ကို တရားဝင် အမည်မခေါ်ဘဲ "ကျောင်းဒကာ့သား" ဟူ၍သာ ခေါ်လေ့ရှိသော အရီးလေး မရွှေညာကမူ "မင့်ကို ကျောင်းဒကာက ကျောင်းမှာထားတာဟာ အများပဲ။ မဖအေးသန့်ကဆို ပြောလေ့ရှိတယ်။ သူ့မောင် ကျောင်းဒကာဟာ ဘာလို့များ သူ့သားကို ခေတ်မီစေချင်သလဲ မသိဘူး" တဲ့ ဟူ၍ အထောက်အထားဖြင့် စကားဆိုပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ရံဖန်ရံခါ တွေးမိတတ်ပါသည်။ "အဖေဟာ ငါ့ကို ဘာလို့ ဘိုကျောင်းမှာထားတာတုံး" ဟု မေးလေတိုင်း ဦးလေးတိုမောင်ခနို့က

www.burmeseclassic.com



"ဟာကောင်းရဲ့ မင့်အဖေဟာ အမြော်အမြင်ကြီးတယ်။ ခုခေတ်က သေစာရှင်စာ တတ်ရုံပြီးတဲ့အခါမျိုး မဟုတ်တော့ဘူး" ဟူ၍ ဖြေလေ့ရှိပါသည်။ ဤသည်ကို ကျွန်တော် ဘဝင်မကျနိုင်သော်လည်း ဦးလေးခန့်မှာ စကားနည်းလွန်းသူဖြစ်၍ "ဘာကြောင့်. . ." "ဘယ်လို. . ." စသည်တို့ကို ရှင်းပြလေ့မရှိပါ။ တစ်ခုသော ဆင်ခြေအဖြစ် ဦးလေးကိုမောင်ခန့်က ပေးလေ့ရှိသည်မှာ "မင်း ကြီးလာတော့ သိမှာပေါ့ကွာ. . ." ဟူ၍သာ ဖြစ်ပါသည်။

ယခုအခါ ကျွန်တော် အရွယ်ရောက်လာခဲ့ပါပြီ။ အရပ်စကားဖြင့် ခပ်လွယ်လွယ်ပြောရသော် ကြီးလာခဲ့ပါပြီ။ နှစ်စဉ်လိုပင် ကျွန်တော် ရွာသို့ရောက်တတ်ပါသည်။ ရွာတွင် အဖေအမှူးပြု၍ ဘထွေးလေးကိုထွန်းပ၊ အရီးကြီး မအေးသန်း၊ အရီး မရွှေညှာ၊ ဦးလေး ကိုမောင်ခန့် စသူတို့ မရှိကြတော့ပါ။ သူတို့၏ ရှိနေခြင်းအစား ရွာ၏အုတ်ဂူဖြူဖြူကလေးများကို တွေ့ရနိုင်ပါသည်။ အဖေတို့ညီအစ်ကိုမောင်နှမများထဲတွင် အရီးလေး မရွှေညှာတစ်ယောက်သာ သက်ဆိုးအရှည်ဆုံးဟု ခေါ်ရပါမည်။ သူ ကွယ်လွန်ချိန်တွင် အသက် ရှစ်ဆယ်ကျော် ကိုးဆယ်နားပင် ကပ်နေခဲ့ပါချေပြီ။ အရီးလေး မကွယ်လွန်မီ အထိ၊ ကျွန်တော်ရွာရောက်၍ စကားစမြည် ပြောကြရင်း စကားအရ ငြင်းကြသည့်အခါတိုင်း အရီးလေးက "ဟဲ့ ကျောင်းဒကာ့သား။ ဘိုကျောင်းဆင်းလို့ မတွေးရဘူး၊ ကိုယ့်အရပ်၊ ကိုယ့်ရွာကလူတွေနဲ့ ပြောတဲ့အခါ ကိုယ့်ရွာ ကိုယ့်အရပ်မှာ တွေးသလိုတွေးပြီး၊ ကိုယ့်အရပ် ကိုယ့်ရွာက လူတွေပြောသလို ပြောရတယ်"ဟု ပြောလေ့ရှိပါသည်။ အရီးလေးမှာ ငယ်စဉ်ကပင် ကျွန်တော့်ကို ထိန်းသိမ်းစောင့်ရှောက်လာသူဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အမိုးလေးကိုပြန်၍ မငြင်းပါ။ မငြင်းနိုင်သည့် သာမက မငြင်းရဲပါ။ အမိုးလေး မရွေးညာပြောတိုင်း အမှန် ချည်းမဟုတ်ပါ။ ယုတ္တိနည်းလမ်း တကျ ထုတ်လုပ်ထားသော နိဂုံးများ မဟုတ်သဖြင့်၊ အမိုးလေး ပြောသည်တို့ကို ကျွန်တော် က မှားသည်ဟုဆိုသော် လောလောဆယ် သက်ရောက်မည့် အကျိုးတရားတစ်ခုမှာ ကျွန်တော့် အတွက် စားအိမ်သောက် အိမ်တစ်ခု လျော့သွားခြင်းသာ ဖြစ်မည်။ ဤသို့လည်း အဖြစ်မ ခံနိုင်ပါ။ အသက်ရှင်နေသည် မှာ အစာစားဖို့မဟုတ်ဘူး။ အစာစားနေသည်မှာ အသက်ရှင်ဖို့ စသည်ဖြင့် ဘာဘာညာ ညာ ပြောသံများ ကြားရဖူးပါသည်။ မည်သူတွေက မည်သို့ ပြောပြော၊ ကျွန်တော့်အဖို့မှာမူ ဝိုက်ဆာ လာလျှင် အစာစား ချင်ပါသည်။ အစာစားပြီးမှ ဘာကြောင့် စားရသည်ဆိုသည်ကို ဆက်တွေးပါရစေ။

ဆိုခဲ့ပြီးသည့်အတိုင်း ရွာ၌အဖေတို့၏ မွေးချင်းများ၊ ပေါက်ဖော်များ မရှိကြတော့ပါ။ သို့ရာတွင် ရွာသည် ကျွန်တော့် အပေါ် မစိမ်းသကဲ့သို့ ကျွန်တော်ကလည်း ရွာအပေါ် မစိမ်း နိုင်ပါ။ နှစ်စဉ် ရွာသို့ပြန်သည့်အခါတိုင်းတွင် အတိတ်များ သည် ဟောင်းနွမ်းမသွားဘဲ၊ ဖျိုလွင်သောအတိတ်များအဖြစ် သာ တည်နေကြပါသည်။ ထို့ကြောင့်လည်း ဗီဒီယိုအခွေ ကဲ့သို့ ပြန်ကြည့်ချင်တိုင်း ကြည့်၍ရမည်ကဲ့သို့ ဖြစ်နေပါသည်။ ဗီဒီယိုအခွေကို ပြန်ကြည့်တိုင်း ကြည့်ပြီးသားများသာ ပေါ်လာ တတ်သော်လည်း ကြည့်ရှုခံစားသူ၏အသိမှာ တစ်သားတည်း မဟုတ်တော့ပါ။ ထိုအတူပင် အတိတ်များသည် နုဖျိုနေလင့် ကစား၊ အသစ်ထပ်မံ ဖန်တီးနိုင်စွမ်း မရှိတော့သည့် ဟောင်းနွမ်း ခဲ့ပြီဖြစ်သော ဖြစ်နေခြင်း၏ ဘောင်အတွင်းမှ ခုန်ထွက်မလာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့။ အဖေတို့ ရှိခဲ့ခြင်းသည် အသိသက်သေအဖြစ်သာ ရှိတော့သည်။ အုတ်ဂူများသာ မရှိခဲ့လျှင် အဖေတို့ ရှိနေခြင်းကို ရုပ်ဝတ္ထုအထောက်အထားအဖြစ် သက်သေပြရန်ပင် မရှိသလောက်ဖြစ်ခဲ့ပါပြီ။ ကျွန်တော်နှင့် သက်တူရွယ်တူများ အနက် တိမ်းပါးသွားကြသူများ ရှိခဲ့ပါပြီ။ အနီးလေး မရွှေညာ၏ သမီးစိမ်းမြသည်ပင် ယခု ကျောင်းအမကြီး ခေါ်စိမ်းမြ ဖြစ်နေပါပြီ။ ကိုရင်ညာဏ်နှင့်ပင် တိုက်အုပ်ဖြစ်နေခဲ့ပါပြီ။ ရွာတွင် ပညာတတ်များ ပေါ်လာခဲ့ပါပြီ။ စာတတ်သူများ ပေါ်လာခဲ့သဖြင့်လည်း အရုပ်ကြည့်လို့ရသော မဂ္ဂဇင်းများ တွင်ကျယ်သောအခါကြီးအတွင်း မဂ္ဂဇင်းဆိုသည်များကို အရုပ်ကြည့်ရန် ငှားလာတတ်ကြပြီ။ "ဘခွေး မြို့ပြစ်စားမှုဆိုတာ ဘာတုံး၊ ပြောပြစမ်းပါဦး" ဟု တူအရွယ်၊ မြေးအရွယ်များက မေးကြသောအခါ ကျွန်တော်သည် ကျွန်တော်ဖြတ်သန်းလာခဲ့ရသော ကာလတရားကြီးအတွင်း အပျင်းပြေ ခရီးထွက်နိုင်ရန် ကြိုးပမ်းမိရပြန်သကဲ့သို့ ကာလတရားကြီး၏ ရက်စက်ယုတ်မာမှုကို သတိရလိုက်ပါသည်။ ကာလတရားကြီးကို ဘာလို့ ရပ်တန့်မထားကြတာတုံးဟု ရင်ထဲတွင် တောင်းဆိုနေမိပါသည်။ ကျွန်တော်သည် အဖြေပေးချင်သူ မဟုတ်ပါ။ မေးခွန်းများကိုသာ မေးချင်နေပါသည်။ မေးခွန်းများကို ရိုးရိုး အဖြေပေးရမည်လား။ မေးခွန်း ပြန်ထုတ်ရင်း အဖြေပေးရမည်လား၊ ကျွန်တော် မပြောတတ်ပါ။ ထိုအခါမျိုးတွင် သူ့အမေ ခေါ်သကဲ့သို့ "ကျောင်းဒကာ့သား" ဟု ခေါ်လေ့ရှိသော စိမ်းမြက ဤသို့ဆိုလေ့ရှိသည်။ "ဟဲ့၊ ကျောင်းဒကာ့သားရဲ့၊ နင်အခုမိက အမှားကဲ ဘာလဲသိလား။ အစ်မတို့ ပြောပြော နေတာ နင်မှတ်မိလား။ နင့်ကို ဘိုကျောင်းမှာ ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ဟဲ့" ဗိုင်းမြန်၏ စနစ်တကျမဟုတ်လှသော ဆင်ခြင်ခြင်းပုံစံအကြောင်း အရှည်အကျယ် ကျွန်တော် မရှင်းပြချင်ပါ။ တစ်ချိန်တည်းမှာပင် အဆက်အစပ် မရှိလှသော အတိတ်နှင့် အမှားတို့ကို ဆက်စပ်ပစ်ကာ နေ့စဉ်ဘဝအတွင်း ဆွဲသွင်းလာပုံကို ကျွန်တော် နားမလည်ပါ။ သိချင်းထဲကလိုပင် ဖြစ်ပါသည်။ ယယ်ယယ်တုန်းကမူ ပီတောက်တွေ ပွင့်လျှင် လွမ်းသလို ဆွေးသလို ဖြစ်ရသော်လည်း၊ ယခုအခါတွင်မူ ပီတောက်ပန်း ဆိုသည်မှာ ညီဝိုဝို့နှံ၍ အမှိုက်ရှုပ်သည်ကလွဲ၍ ဘာမျှ မဟုတ် တော့။

ကာလတရားကြီး၏ ဆန့်ထွက်နေမှုအတွင်း ကျွန်တော်သည် ကျွန်တော်၏ ပြောင်းလဲနေသော အသိတို့နှင့် လိုက်လျောညီထွေစွာ နေနိုင်အောင် အားထုတ်နေသော်လည်း ရှာတက်သို့ သွားမိသည့်အခါတိုင်းတွင် အသိတို့၏ ဖွေပြားလာမှုဒဏ်ကို ခံရပါသည်။ မြို့ဘက်မှနေ၍ ဘိုကျောင်းမှ သင်ပေးထားသည့် အတွေးပုံစံများအရ ရွာသည်လည်းကောင်း၊ ရွာဝန်းကျင်သည်လည်းကောင်း၊ ရွာ၏လူမှုအဖွဲ့အစည်းအဝေးတို့သည် လည်းကောင်း လှုပနေဆဲ ဖြစ်ပါသည်။ ဝီဇကီကောင်းကောင်း တစ်ခွက် နှစ်ခွက် သောက်၍ တွေးသောအတွေးများထဲမှ ရွာနှင့်စပ်ဆိုင်သော အတွေးများသည် အလွန်သာယာဖွယ် ဖြစ်နေခဲ့သေးသည်။ ဝင်စစ် အတွေးထဲတွင် ဘာသာစကား မပါသည့် အတွက် အရာရာမှာ လှပနေဆဲဖြစ်ပါသည်။ ထို့ပြင် အတွေးသည် ကာလတရားကို အသိအမှတ်ပြုထားသည် မဟုတ်ပါ။ အတိုင်းအတာတစ်ခုအတွင်း မရှိသော ကျွန်တော့် အတွေးတို့မှာ လှပ သာယာနေဖွယ် ဖြစ်သည်သာမက၊ ပျော်ရွှင်ဖွယ်လည်း ဖြစ်နေသည်မှာ မငြင်းနိုင်တော့ပါ။ ရံဖန်ရံခါ မြို့မြို၏ အာလူးကြော်နှင့် ဝီဇကီတို့တွင် အခြေခံ တည်ဆောက်လိုက်

www.burmeseclassic.com



သော ကျေးလက်ဆိုင်ရာ မြို့ပြခံစားမှု၌ အခြေခံထားသော မြို့ပြမှ ကျေးလက်သို့ ခံစားကြည့်ခြင်းများသည် ဘာသာစကား၏ ပရိဝုဏ်အတွင်း၌ အသိစာနာသစ် တစ်အုပ်ထုတ်နိုင်ရန် အားထုတ်နေကြသည်ဟု ထင်ပါ၏။ သို့အတွက်လည်း သူကြီးဘုရား ရွာသားကောင်းမှု အမြင်အတွင်း အကျိုးတူ လူနေမှုဘဝကို ရိုးသားကျေနပ်စွာ လက်ခံခဲ့ကြသော ရွာမှကလေးများ နားလည်ရန်၊ ကျေးလက်မှ ခံစားကြည့်သည့် မြို့ပြခံစားနားလည်မှု၏ ကျေးလက် ပကတိအလှအပများနှင့် ခံစားမှုများအကြောင်း ရှင်းပြနိုင်ရန် ကျွန်တော် နည်းလမ်း ရှာကြည့်နေမိပါသည်။

နှမဝမ်းကွဲ စိမ်းမြနှင့် အကြောင်းပါသဖြင့် နေရင်းထိုင်ရင်း ကျောင်းဆရာဖြစ်လာသူ မြောက်ရွာမှ ကျွန်တော့်ယောက်ဖ ကိုငွေလှမှာ ကျွန်တော် အားအကိုးရဆုံး လူတစ်ယောက် ဖြစ်ပါသည်။ ရွာတွင် ကျွန်တော်နေသမျှ ကာလပတ်လုံး "ငွေလှရေ" ဟု တလိုက်လျှင် လို-တ-ရ သကဲ့သို့ ဖြစ်ပါသည်။ အထူးသဖြင့် မြို့တွင် အထက်တန်းကျောင်းအထိ ပညာ သင်ဖူးသော ငွေလှမှာ ကျွန်တော်ကြိုက်သော ဝီစကီနှင့် ရင်းနှီးပြီးသား ဖြစ်နေခြင်းသည်ပင် တိုင်း၍ယက်ထားသော ပတ္တလားသာ ဖြစ်တော့၏။ တစ်နေ့ တူများ၊ မြေးများအား လေထဲ၌ တည်သောမြို့ပြနှင့် ကျေးလက်ခံစားမှုများအကြောင်း မစားရဝခမန်းပြောပြီးချိန်လောက်တွင် ငွေလှက ဝီစကီပုလင်းနှင့် ဖန်ခွက်ထည့်ယူလာသော လွယ်အိတ်ကို ထောင်ပြရင်း "နောင်ကြီးရေ နွားများရေချိန်တန်ပြီဗျ" ဟု ဆိုပါသည်။ တစ်ဆက်တည်းပင် "ဒီကနေ့ မြစ်ဘက်သွားကြရအောင်၊ နောင်ကြီးလည်း မြစ်ဘက်မရောက်တာ ကြာပြီမဟုတ်လား" ဟု ဆိုပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မြစ်ဘက်သို့ လျှောက်လာကြစဉ် ပေါင်းခဲ့ပြီ မြစ်သော အကြောင်းတစ်ခုကို သတိရမိလိုက်ပါသည်။ ထို့ကြောင့်လည်း ငွေလှအား ဤသို့မေးလိုက်မိသည်၊

"ငွေလှရေ၊ တာကြီးအဆုံးနားက ပွဲစားကြီးဘုရား နောက်ဘက်မှာ သောင်းရင်တို့ထန်းတော ရှိသေးလား"

"ထန်းတောရှိသပေါ့ နောင်ကြီးရာ။ သောင်းရင်တော့ ဘယ်ရှိတော့မှာတုံး။ သူ့သားတွေ၊ တူတွေတော့ ဆက်လုပ်နေကြလေရဲ့"

ထိုအခါ ကျွန်တော်က ကျွန်တော့်ဆန္ဒ ပြောပြလိုက်ပါသည်။

"ဒီလိုလုပ်ကွာ၊ တို့ အဲဒီသောင်းရင်တို့တဲသွား ထန်းရည်သောက်ကြရအောင်"

ငွေလှက သိပ်သဘောကျပုံမရသော်လည်း အတိုက်အခံမပြောဘဲ၊ ထူးဆန်းသောစကားတစ်ခွန်း ပြောပါသည်။

"ရ ရပါမလား မသိဘူး၊ ဒီနေ့က ထန်းတက်သမားတွေကို ကျောင်းအမကြီးက အဖိတ်၊ ဥပုသ်နေ့တွေမှာ ထန်းရည်မရောင်းရဘူးလို့ မှာထားတယ်။ အဲဒီနေ့တွေမှာ ကျောင်းအမကြီးက လည်ပေါ်ကျောင်းမှာ ထန်းသမားတွေ မိသားစုတွေ ထမင်းကျွေးသဗျ"

"နေစမ်းပါဦး၊ မင့်မိန်းမက ဘာလို့ ပေါက်ပေါက်ရှာရှာတွေ လုပ်နေရတာတုံး" ဟု ကျွန်တော် မေးမိလိုက်ပါသည်၊ ထိုအခါ ငွေလှက

"ပြောမျှား မပြောတတ်ပါဘူးဗျာ၊ အဲဒီနေ့တွေဆို ကျောက်လမ်းတစ်ဘက်က ကုန်စုံဆိုင်မှာ ဘီယာ အအေးနှံ ရောင်းကောင်းသပေါ့၊ ထန်းရည်မရတော့ လူတွေက ဘီယာ

www.burmeseclassic.com

www.burmeseclassic.com



သောက်ကြတာပေါ့။ နောင်ကြီး အာသီသရှိရင်ပြော။ ဇဲဒီဆိုင်မှာ ဘီယာတဲဆိပ်မျိုးစုံရတယ်" ဟု ဆိုပါသည်။

ကျောင်းရင် သားများ၊ တူများ ဆက်လုပ်နေသေးသော ထန်းတဲမှာ နှစ်ပေါင်း အစိတ် သုံးဆယ်ခန့်ကအတိုင်း တွေ့ရှိသော ကျွန်တော် ဆိုပါရစေ။ ကျွန်တော် တောင့်တလျှက်ရှိသော ကာလတရားများအား ရပ်တန့်ထားခြင်းကို ကမ္ဘာမြေပြင် တစ်နေရာတွင် နှလိမ့်မည်ဟု ကျွန်တော် မျှော်လင့်ထားမိသည်မှာ မမှားကြောင်း ကျွန်တော်မှုပ်မိပါသည်။ ဇဲအတွင်းမှာမူ ဘက်ထရီနှင့် ဖွင့်ထားပုံရသော ကက်ဆက်မှ သီချင်းကို နားထောင်ရင်း မငွလင်းဖတ်နေသော သူငယ်တစ်ဦးကို တွေ့ရပါသည်။ သူဝတ်ထားသော မဒိုနာပုံနှင့် တီရှပ်မှာ ချေးမှုန်များ ကပ်နေပုံရသဖြင့် သစ်သစ်လွင်လွင် မဟုတ်ပါ။ ငွေလှက တိုးတိုးကြိတ်ကြိတ်ဖြင့် ကောင်ကလေးအား ဘာတွေပြောနေသည်ကို မသိသော်လည်း၊ အဆုံး၌ ကျွန်တော့်ကို "ရယ်နောင်ကြီး၊ ကျောင်းဖမေအကိုနဲ့ ယောက်ျားဆိုတော့လည်း သူမရောင်းရဲဘူးပေါ့။ ကျောင်းအမကြီးဆီ ဒီသတင်းမရောက်ရဘူးလို့ ကျွန်တော်အာမခံမှ သူက ချနိုင်းမယ်လို့ပြောတာ" ဟု ပြောပါသည်။ ကျွန်တော်လည်း မြေကြီးပေါ်တွင် အသာထိုင်လိုက်ရင်း သူငယ်လေးအား "ဟာကောင်၊ မင့်တက်ဆက်ကြီး ခဏပိတ်ထားလိုက်စမ်းပါကွာ၊ နေဝင်းပါပြီ။ မင်းက ကျောင်းရင်သားလား" ဟု မေးမိလိုက်ပါသည်။ သူငယ်လေးက "ကျွန်တော် ဦးခင်မောင့်သားပါ" ဟု ဆိုရင်း "ဘာလို့လဲ၊ သီချင်း မကြိုက်ဘူးလား" မေးခွန်းထုတ်ပါသည်။ ကျွန်တော်ကလည်း တည့်တည့်ပင် ပြေလိုက်ပါသည်။ "ရစ်ကီမာတင်သီချင်း နားထောင်ချင်ရင် မင့်ထန်းတဲ ငါမလာဘူး" သူငယ်ကလေး

www.burmeseclassic.com



သည် ကျွန်တော့်ကို အထူးအဆန်းသဖွယ် ကြည့်နေပါသည်။ ကျွန်တော်က "မင်းဦးလေး၊ သောင်းရှင်လုပ်လေ့ရှိတဲ့ ကြက်ဥချိုးနဲ့ အလျှော်ခံတဲ့ ထန်းရည်များ ရသေးလား..." ဟု၍ မေးလိုက်သောအခါ သူငယ်ကလေးမှာ မှိန်၍ တုံ့အားသင့်သော မျက်နှာဖြင့် ကျွန်တော့်ကို ပြန်ဖြေပါသည်။ "ဘာတဲ့၊ ကြက်ဥချိုး...။ ဦးလေးသောင်းရှင် ဆုံးတာကြာပြီ" ကျွန်တော် နိုင်မိလိုက်သည်မှာ ရုစ်ကီမာတင် နားထောင်တတ်သော ထန်းတဲထဲက သူငယ်လေးသည် ကြက်ဥချိုးဖြင့် တည်သော ထန်းရည်ကို ကြားဖူးပုံမပေါ်သည်မှာ တရားပါပေသည်။ ကျွန်တော်သာလျှင် ကာလတရားအစေသနှင့် ကာလတရားတရှင်အကြား၌ ညှပ်မှုညှပ်ပိတ် ဝိတ်မိနေခဲ့ပုံရပါသည်။ ထို့ကြောင့် ငွေလှကို အသာလက်တို့၍ မူလတာစီအစဉ်အတိုင်း မြစ်ဘက်သို့ ထွက်လာခဲ့ပါတော့သည်။

အိုမင်းနေခဲ့ပြီဖြစ်သောမြစ်သည် သိက္ခာရှိစွာ စီးဆင်းနေပုံမှာ အရင်ကအတိုင်း ဖြစ်သည်။ ရွာ၏သုသာန်ကို မြစ်ဘက်မှ မြင်ရနိုင်ပါသည်။ နှစ်ဝဉ် ကျွန်တော်ရွာပြန်လာတိုင်း တိုးပွားနေသည်မှာ သုသာန်ထဲမှ အုတ်ဂူကလေးများသာ ဖြစ်ပါသည်။ ယခုနှစ်တွင် ထူးခြားနေသည်မှာ သုသာန်အများတွင် မြစ်ဘက်သို့လှည့်ကာ စိုက်ထူထားသော ဘီယာကြော်ငြာ ဆိုင်းဘုတ်ကြီးနှစ်ခု ဖြစ်ပါသည်။ မြစ်ထဲတွင် ခရီးသွားသူများ အမျှင်းပြေစေရန်လည်းကောင်း ရေငတ်ပြေစေရန်လည်းကောင်း ရည်၍ စေတနာသုံးတန် ဘာသာပြဌာန်းကာ စိုက်ထူပေးထားပုံရသော ဆိုင်းဘုတ်ကြီးများအတွက် ဘီယာကုမ္ပဏီကြီးများကို ကျေးဇူးပင် တင်၍နေမိပါသေးသည်။ ကျွန်တော့်အား ငွေလှက မေးခွန်းတစ်ခု မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



“နောင်ကြီးရော တစ်ခုလောက်ပြောပြစမ်းပါ၊ ခုတစ်လော ကောင်ကလေးတွေ ပြောနေတာ ကြားကြားနေရတယ်၊ ခေတ်ပြိုင်ခံစားမှုဆိုတာ၊ ဘာတဲ့ ခေတ်ပြိုင်ခံစားမှု. . .”

ငွေလုကိုကြည့်၍ ကျွန်တော်အဖြေဟု ထင်ရသော အဖြေတစ်ခု ပေးမိလိုက်ပါသည်၊

“ဟကောင် ငွေလု၊ ဧရာဝတီမြစ်ကြီးကိုကြည့် စကော့တလန်ကလာတဲ့ ဝိစကီကိုသောက်ပြီး တောတွေးတောင်တွေး မလုပ်နဲ့၊ မင်းနောက်ထပ် ပေါက်တက်ကရတွေမေးရင် မင်းကို ငါ မြစ်ထဲကန်ချမိလိမ့်မယ်”

ကိုယ်တိုင်မတွေ့ရသေးသော်လည်း လေထဲတွင် အနက်မမှန်ရသေးသည့် စကားလုံးပေါင်းများစွာသည် ကျွန်တော့်ကို ပြောင်လှောင်နေကြသည် ထင်၏၊

www.burmeseclassic.com

www.burmeseclassic.com

## မသိ သိသိ၊ သိ သိသိ

ပွင့်ဖူးက နေ့ခင်းအိပ်ရာထတဲ့အခါ ငိုလေ့ရှိတယ်။ အဲဒီ အချိန်မျိုးမှာ သူ့အမေမ သန်းမြက ထမင်းအိုးတည်နေကျ။ သူ့အမေကျော်ရှင်ကတော့ ယာထဲမှာ ဒိုင်မှာ ဘုန်းကြီးကျောင်းမှာ တစ်နေရာရာမှာ ရှိလိမ့်မယ်။ ပွင့်ဖူး အိပ်ရာကထလို့ ချေးနှစ်ချောင်းမှုတ် ငိုတယ်ဆိုတာနဲ့ သူ့အမေမက "ဟဲ့သားလေး ရွာထိပ်က အဘဒင်ကြီး လာလိမ့်မယ်နော်" ဆိုပြီး ပြောလေ့ရှိတယ်။ ဒီတော့ ပွင့်ဖူးက အငိုတိတ်ပြီး "ကြကြွတ်ကြွတ်ကြ

www.burmeseclassic.com

ဆာကြီးလား” လို့ ပြန်မေးလိုက်တယ်။ ဒီတော့ သူ့အမေက “ဟုတ်တယ် သားလေးရဲ့၊ ရွာထိပ်က အဘခင်ကြီးလေ၊ သတ္တုကျွတ်ဆရာကြီးလေ” လို့ ပြန်ပြောလေ့ရှိတယ်။ ဒီတော့ ပွင့်ဖူးလည်း သူ့ရင်ဘတ်ပေါ်မှာ တင်အိပ်လေ့ရှိတဲ့ ဖန်းမော်တာဘက် အဝိုင်းကလေးကို ကောက်ကိုင်ရင်း၊ အသာငြိမ်ပြီး သူ့အမေ ထမင်းအိုးတည်ရာ မီးဖိုဘက် သွားလေ့ရှိတယ်။

အိမ်မှာ ကျော်ရင်ရှိနေတဲ့နေ့တွေမှာတော့ သူ့မိန်းမက အဲဒီလို ပြောရင် ကျော်ရင်က သိပ်မကြိုက်ဘူး၊ မကြိုက်ပုံက နှစ်မျိုးလို့တောင် ပြောရမယ်၊ “ကလေးကို အဲသလို မခြောက်ပါနဲ့ဟာ” လို့လည်း ပြောတဲ့အခါပြောတယ်။ မဟုတ်ရင် “သူ့ဘာသူနေတဲ့ အဘခင်ကို နင်ပြောပုံက သရဲသဘက်ကျနေတာပဲ” လို့လည်း ပြောတတ်တယ်။ ကျော်ရင်က တကယ်တော့ ဒီအရပ်သားမဟုတ်ဘူး။ သူက သက်ကယ်သောင်ဘက်က သန်းမြနဲ့ညားမှ ဒီရောက်တာဆိုတော့ ဒီမှာ ငါးနှစ်လောက်ပဲ ရှိသေးတယ်။ လူကောင်းကလေးပါ။ မြို့မှာ အလယ်တန်းအထိ သွားကျောင်းတက်ဖူးတယ်။ ဒီကောင်က ကျောင်းက ထွက်ပစ်တာ တစ်နှစ်စောသွားလို့၊ မဟုတ်ရင် ဟယ်ရီတန် ခုနစ်တန်းအောင်ဦးမှာ။ တပေလေးဘာလေး တတ်တော့ အရပ်ကလည်း အားကိုးရတယ်။ မြို့သွားတဲ့အခါလည်း ပေါက်ပေါက်ရောက်ရောက်ရှိသေးရဲ့။ တိုက်အုပ်ဘုန်းကြီးဆိုရင် ကျော်ရင် မြို့သွားတဲ့အခါ စာအုပ်တွေဘာတွေ မှာနေကျ။ ရွာထိပ်က အဘခင်တို့၊ သူကြီးဟောင်းစံမြတို့ ဆိုရင်လည်း အဲဒီလိုပဲ။ ကျော်ရင်နဲ့ ဟိုဟာဒီဟာ မှာနေကျ။

ကျော်ရင့်စိတ်ထဲမှာ သိပ်ဘဝင်မကျနေတာ တစ်ခုတော့ ရှိတယ်။ အဲဒါ သူ့မိန်းမက သားကလေးပွင့်ဖူးကို ခြောက်တဲ့

www.burmeseclassic.com



အခါမှာ အဘခင်ကို သတ္တကမ္ဘာ့ဆရာကြီးလို့ ခေါ်တဲ့ကိစ္စပဲ။ သွမိန်းမကတောင်မကဘူး။ အရပ်ထဲမှာလည်း အဲဒီလို ခေါ်ကြ ညွှန်းကြတယ်။ အဘခင်ကလည်း ဘာလုပ်စားမှန်းတော့ ကျော်ရင်လည်း သေသေချာချာ မသိဘူး။ လယ်ပိုင်ချောင်းပိုင် ရှိပုံတော့မရဘူး။ ဒါပေတဲ့ ဘုန်းကြီးကျောင်းမှာဖြစ်ဖြစ်၊ အလှူ တွေ ဘာတွေမှာဖြစ်ဖြစ်၊ အဘခင်ကတော့ ထိပ်ဆုံးမှာပဲ။ ပါဠိပါဠ်သားတွေလည်း ရွတ်နိုင်တယ်။ စကားစပ်မိလို့ ပြောတဲ့ အခါ "ဟိုစဉ် ငယ်တုန်းက တို့များ ဆရာတော်ကြီးဦးပဏ္ဍိဆီမှာ တလိုက်ကြစဉ်က" လို့ ဆိုပြီး ပြောတတ်ပြုတတ်တာကိုတော့ ကျော်ရင် သတိထားမိတယ်၊ ဒါကြောင့်လည်း တစ်ခါက အဘခင်နဲ့ စကားပြောနေကြရင်း "အဘက လူ့ပြန်တော်လား" လို့တောင် မေးဖူးတယ်။ အဲဒီတုန်းကတော့ အဘခင်က ပြုံးပြုံးကြီးလုပ်နေတယ်။ ဘာမှပြန်မပြောဘူး။

ဒီအရပ်မှာက စာတွေဘာတွေ သိပ်မတတ်ကြတော့ အရင်ကဆိုရင် အကြောင်းကြီးငယ်ရှိရင် အဘခင်ကြီးနဲ့ ဘုန်းကြီးကျောင်းက တိုက်အုပ်ကိုပဲ အားကိုးကြရတာ။ အဘခင်ကို တိုင်ပင်ကြတဲ့အခါ နှမ်းမြင်ကနွားနဲ့ ဆိုင်လာလို့၊ လျှောက်လွှာတွေဘာတွေ ရေးစရာချွတ်စရာရှိရင် အဘခင်က တိုက်အုပ်ဘုန်းကြီးလေးဆီသွားပြီး အရေးနိုင်းဖို့ ညွှန်းတတ် တယ်။ "ကိုယ်တော်ကလေးက လက်ရေးလက်သား ကောင်း တယ်။ ဖုံးစာဆိုတာက လက်ရေးလက်သားကောင်းမှ ဖုံးမင်းက ဖတ်တာကလား။ ကျုပ်ကြီးပြီ။ လက်တွေကတုန်၊ မျက်စိက မှုန်ဆိုတော့ ရေးလို့မကောင်းလှဘူး" လို့လည်း ပြောလေ့ရှိတယ်။ တစ်နည်းပြောရရင်တော့ အဘခင်ဟာ ဒီအရပ်က တစ်ဦး တည်းသော ပညာရှိကြီးပဲ၊ အရပ်က အားကိုးရတဲ့ စာတတ်

www.burmeseclassic.com

www.burmeseclassic.com



ပေတတ် ပညာရှိကြီးပဲ။ ကျော်ရင်က သန်းမြနဲ့အကြောင်းပါပြီး ဒီရောက်လာတာဆိုတော့ ဒီကလူတွေအကြောင်း ရင်းရင်းမြစ်မြစ် သိပ်မသိသေးဘူး။

တကယ်တော့ ကျော်ရင့်စိတ်ထဲမှာ သိချင်နေတာ နှစ်ခု ရှိနေတယ်။ သတ္တုကျွတ်ဆိုတာ ဘာလဲ၊ အဘခင်က ဘာကြောင့် သတ္တုကျွတ် ဆရာကြီးဖြစ်ရတာလဲ။ သူနားလည်ထားတာက ဆရာကြီးဆိုရင် ဆေးဆရာကြီးတို့၊ ကျမ်းရေးတဲ့ဆရာကြီးတို့ စတာမျိုးကိုး။ အဘခင်ပြောပုံဆိုပေါက်ကရမြင့် အင်မတန် ကျွမ်းတတ်တဲ့လူမျိုးပဲ။ ဆေးဆရာတော့ ဟုတ်ပုံမရဘူး။ ဒီတော့လည်း အခွင့်သင့်ရင်ဖြင့် တိုက်အုပ်ကိုယ်တော်ကလေး ကို မေးဦးမှပဲလို့ ကြံထားတယ်။ ဒီအကြံအစည်ဟာ တစ်ညနေ တော့ ပြည့်တော့တာပဲ။ အဲဒီညနေ ကျော်ရင်က ဘုန်းကြီး ကျောင်းသွားရင်း နောက်တစ်နေ့ သူမြို့တက်မယ့်အကြောင်း သွားလျှောက်တယ်။ ဆရာတော်တို့၊ တိုက်အုပ်တို့ မြို့မှာ လိုတာမှာရအောင်လို့ ပြောလိုက်တော့ တိုက်အုပ်ကိုယ်တော် က "ကျုပ် မြစ်ဘက်အညောင်းဖြေ လမ်းလျှောက်ဦးမယ်ဗျာ" လို့ ပြောတော့ ကျော်ရင်အတွက် အခွင့်အရေးတစ်ရပ် ဖန်ဆင်း ပေးလိုက်သလိုပဲ။ ဒီတော့ "တပည့်တော်လည်း လိုက်ခဲ့မယ်" လို့ ကျော်ရင်က ပြောလိုက်တယ်။ ဘုန်းကြီးကလည်း "ကောင်း သပေါ့ဗျာ၊ စကားလေးဘာလေး ပြောရတာပေါ့" လို့ ဆိုတယ်။

ဒီလိုနဲ့ မြစ်ဘက်လျှောက်ကြရင်း လမ်းမှာ ကျော်ရင်က သူသိချင်တာကို ဘုန်းကြီးကို မေးတယ်။ ဒီတော့ ဘုန်းကြီးက ခုလို ပြန်ပြောတယ်။

"သတ္တုကျွတ်ဆိုတာတော့ ကျုပ်နည်းနည်းပါးပါး ကြားဖူး တယ်၊ အဂ္ဂိရတ်ကျမ်းတွေမှာ ပါတယ်ဗျ။ စိန်၊ ဆေး၊ အင်း

www.burmeseclassic.com



တန်း၊ ဇဝက်သာ၊ ခုဋ္ဌာ၊ ဟင်းနိုင်း၊ လက်ချား ခုနစ်မျိုးကို ပေါင်းထိုးတာပဲ၊ ဘယ်လိုထိုးမှန်းတော့ ကျွန်မသိဘူး။ အဲဒီက ရတဲ့ မြာကို ပုံမှန်စားရင် သိဒ္ဓိပြောက်ဆိုပဲ။ ဒါလောက်ပဲ ကျွန်ုပ်လည်းသိတယ်။ ဒကာကြီးဦးခင်ကို ဘာလို့ သဗ္ဗကွဗ္ဗညု ဆရာကြီးလို့ ခေါ်မှန်းတော့ ကျွန်မမသေချာဘူး။ တစ်ခါတလေ သူပြောဆိုနေတဲ့အခါ ကျွန်ုပ် နားစွင့်မိတာကတော့ သဗ္ဗကွဗ္ဗညု ကျမ်းထဲမှာ ဘာဆိုတယ် ညာဆိုတယ်လို့ သူက ညွှန်းတာကိုး။ ဒါ့ကြောင့် သဗ္ဗကွဗ္ဗညုဆရာကြီးလို့ ခေါ်ဆိုကြတာ ထင်ပါရဲ့"

ဘုန်းကြီးပြောတာက မယုတ်မလွန်ပါ။ ဒါပေမဲ့ ကျော်ရင်က သိပ်အဝင်မကျဘူး၊ ဘာမှထပ်မပြောဘူး။ ဒါကို ဘုန်းကြီးက ရိပ်မိလိုက်ပုံရတယ်။ ဒီတော့ ဘုန်းကြီးကပဲ ဆက်ပြီး ပြောပြန်တယ်။ "ဒီလိုလုပ်ဗျာ၊ ခင်ဗျား မနက်ဖြန် မြို့သွားတဲ့အခါ မြို့တောင်ဖျားက သုသာန်ဟောင်းထိပ်မှာ ဣန္ဒြိတာရာမကျောင်းဆိုတာ ရှိတယ်။ အဲဒီကိုဝင်၊ တိုက်အုပ် က ကျွန်ုပ်နဲ့စာလိုက်ဖက်၊ ဝါကတော့ ကျွန်ုပ်တို့ထက်ကြီးတယ်။ သူက ရွှေမိနောက်မီ၊ ဒီဘက်အရပ်ကိုလည်း ကျွမ်းတယ်။ အဲဒီက အရင် ပထမဆရာတော်ကြီးက ဒီအရပ်ကပဲ၊ အဲဒီ ဆရာတော်ကြီးလက်ထက်ကိုလည်း မီလိုက်တယ်။ ကိုယ်တော် ကြီးက ဘုရားကိုစွ၊ ဘုန်းကြီးကိုစွသာမကဘူး၊ ရပ်ကိုစွ ရွာကိုစွ ဝသဖြင့် အကုန်နှံ့စပ်တယ်။ ကုန်ကုန်ပြောရရင် တစ်လောကလုံး သူ မသိသလောက်ပဲ၊ အင်မတန် 'စွမ်း' နိုင်သကိုး။ ဘွဲ့ ကတော့ ဦးစန္ဒိမာတဲ့"

ဒီတော့မှ ကျော်ရင်လည်း အတော်ကလေး ကျေနပ် လိုက်တယ်။ နောက်တစ်နေ့ မြို့တက်တော့ အဲဒီက တိုက်အုပ် ဦးစန္ဒိမာနဲ့ တွေ့ရအောင် မြို့မှာပဲ ညအိပ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးနဲ့ တွေ့လို့ လျှောက်တဲ့အခါမှာတော့ ဦးစန္ဒိမာက တကယ့်ကို ရှေ့မီနောက်မီ၊ မသိတာမရှိလောက်အောင် စွမ်းတာ သူတွေ့ရတော့တယ်။ တိုက်ဆိုင် ဦးစန္ဒိမာက ခုလို ရှင်းပြတယ်။

"သဏ္ဌာန်ကွဲ ဆိုတာကတော့ ခင်ဗျားတို့ ဘုန်းကြီး ပြောပြသလိုပဲ၊ ဒကာကြီးဦးဒင်ကို သဏ္ဌာန်ကွဲဆရာကြီးလို့ ခေါ်ကြတာကတော့ အကြောင်းရှိတယ်။ ဒီလိုဗျ။ ခင်ဗျားပြောတဲ့ ဒကာကြီးဦးဒင်ကို ငယ်ငယ်က မောင်ဒင်လို့ ခေါ်ကြတယ်။ ကျုပ်နဲ့ကျောင်းကို စာချဖို့ပြောင်းလာတော့ သူက ဒီမှာရှိတယ်။ သူ့အဘမ မိုးထိလို့ အနိစ္စရောက်သွားတော့တာ သူ့မှာ စိတ်လေနေဆို ထင်ရဲ့။ ငယ်ငယ်နဲ့ မုဆိုးဖိုဖြစ်သွားတာကိုး။ အဲဒါကလည်း ခင်ဗျားတို့ဆီက သူကြီးဦးစံမြရဲ့အဖေ ဦးစံထားကြီးက ခေါ်လာပြီး ဆရာတော်ကြီးကို အပ်ထားတယ်။ ဦးစံထားနဲ့ အရင်က ဒီက ဆရာတော်ကြီးတွေက တစ်ရပ်တည်းသားတွေ။ ဒီတော့ မောင်ဒင်က ကျောင်းမှာပဲနေ ကျောင်းမှာပဲစားပေါ့။ ကပ္ပိယသဘောမျိုးပေါ့ဗျာ။ အဲဒီတုန်းက ကျောင်းကြီးပေါ်မှာက ကပ္ပိယဒကာကြီး ဦးကျော်ကလည်း ရှိနေသေးတော့ မောင်ဒင်ကြီးက အောက်ကျောင်းတို့ ဆွမ်းစားဆောင်တို့မှာ လုပ်ရကိုင်ရတယ်။ ခက်တာက မောင်ဒင်မှာ ပညာပါရမီ မပါဘူးဗျ။ စာသင်လို့ မတတ်ဘူး။ ဘုန်းကြီးကြီးက နိုင်းလို့ ကျုပ် အတော်သည်းခံသင်ကြည့်သေးတယ်"

ဒီတော့ ကျော်ရင် မျက်လုံးပြူးသွားတယ်။ ဘုန်းကြီးမျက်နှာကို အားနာသင့်တဲ့အနေနဲ့ လှမ်းကြည့်လိုက်ပေမဲ့ ဘာမှ ဝင်မပြောဘဲ ဆက်နားထောင်နေလိုက်တယ်။ ဒီတော့ ဦးစန္ဒိမာက ဆက်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဒီကာဓေန လှမ်းကြည့်စမ်း၊ ဟိုက ဆွမ်းချက်ရုံနဲ့ စည်းရိုးအကြားက တဲကလေးတွေ့လား၊ အခုတော့ ထင်းရုံပေါ့ဗျာ။ အရင်ကတော့ ဖိုရုံကလေးပဲ။ အဲဒီမှာ ကျောင်းဆရာ ကိုမောင်ခန့်တို့ ဆေးကိုယ်စားလှယ် ကိုအေးမောင်တို့ တစ်ခါတလေ မြို့ထဲက ရွှေကုန်သည် ဦးဟန်စိန်ကြီးတောင် ပါသေးသဗျာ၊ သူတို့က အဲဒီ [illegible] ထိုင်ကြတာကိုး၊ ဘာဖြစ်အောင် ညာဖြစ်အောင် ထိုင်ကြ [illegible] ကိုခုပါဘူး။ လူကြီးတွေ အဖျင်းမြေ သမဘာလောက် ထင်တယ်။ ရေနွေးကြမ်းသောက်ရင်း အင်္ဂလိပ် တလေးဘာလေး ထိုင်းငြင်းကြတာပေါ့။ အဲဒီ ဖိုရုံလေးက မာဒင်ကြီး အလုပ်ရုံပဲ။ အဲဒီမှာ မာဒင်က မီးသွေးထည့်၊ ဖားဖိုကြီးကို ခွဲ၊ ပြာကျုံး စသဖြင့်ပေါ့ဗျာ၊ လုပ်ရှာတယ်။ ဆရာတော်ကြီးကတော့ နေ့လယ် နေ့ခင်း မကျိန်းတဲ့အခါ အဲဒီ သွားစကားပြောတတ်တယ်၊ သမ္မာကျမ်းဆိုတဲ့ စကားလုံးကို အဲဒီဖိုရုံကလေးက မာဒင် နားယဉ်သွားတာပဲ။ အဲဒီက ရတာပဲ"

ဘုန်းကြီးက ပြောနေရာက ခဏနားတော့ ကျော်ရင်က စိတ်ရှင်းသွားအောင် ခုလို မေးလိုက်မိတယ်။

"ဒီလိုဖြင့် အဘဇင်က စာတွေဘာတွေ မတတ်ဘူးလား ဘုရား"

ဒီတော့ ဦးစန္ဒိမာက ကျော်ရင့်ကို မင်းဒီလိုတော့ဖြင့် ငါ့ကို မေးမယ်ဆိုတာ ငါအသိသားပဲဆိုတဲ့ အကြည့်မျိုးနဲ့ကြည့်ရင်း "မတတ်ပေါင် ဒါ့လူရာ" လို့ ဖြေလိုက်တယ်။ ပြီးမှ ဆက်ပြောပြန်တယ်။

"မာဒင်ကြီးက တသင်လို့သာမတတ်တာ၊ မှတ်ဉာဏ်ကောင်းတဲ့နေရာတော့ အကောင်းသားဗျ။ လူမိုက်လှကလည်း

www.burmeseclassic.com

www.burmeseclassic.com



သိတယ်။ ဒကာကြီး သတိထားမိသလား၊ ဘုရားရှိခိုးတွေ ငါးရာငါးဆယ်ထဲက ဟာတွေကို မာဒင်က လက်တန်းရွတ်တတ်တယ်။ အဲဒါ ဒီက ဦးဇင်းတွေ၊ ကိုရင်တွေဆီက အကြားနဲ့ မှတ်ပြီး ရွတ်တာပဲ၊ သူရွတ်တဲ့အထဲ ဟုတ်တာလည်းပါ မဟုတ်တာလည်း ပါပေါ့ဗျာ။ ဥပမာ အာတာနာဋိယလိုဟာမျိုးကို ဘုရားရှိခိုးအနေနဲ့ မာဒင်ကြီးရွတ်တာ ကြားဖူးတယ် မဟုတ်လား။ တစ်ခုက ခင်ဗျားတို့သိ၊ ဒီမှာ သူလိုရွတ်နိုင်တဲ့လူ မရှိတော့လည်း သူရွတ်ပြသမျှ အဟုတ်ထင်နေကြတာပေါ့ဗျာ၊ မဟုတ်ဘူးလား"

ကျော်ရင်အဖို့ကတော့ "တင်ပါ့ဘုရား" လို့ပဲ ပြောနိုင်တယ်။

"ဒကာကြီးဦးစံမြ သူကြီးဖြစ်လာတော့ သူ့ကို လက်တိုလက်တောင်းခိုင်းရအောင် ရွာပြန်ခေါ်သွားတာ၊ အဲဒီကတည်းက မာဒင်ရွာမှာ အခြေချသွားတယ် ထင်တယ်။ အခု သူနေတဲ့အိမ်နေရာကလေးဟာ အရင်က မှန်းမြေဗျ၊ ဘယ်သူမှ မနေကြဘူး။ ဦးစံမြက သူ့အိမ်ကလေးတစ်လုံး ဆောက်ပေးထားတာ၊ သူကြီးလူဆိုတော့လည်း ဘယ်သူကမှ မြုန်မြုမနေရဲဘူးပေါ့ဗျာ၊ သူ့ပါးစပ်က ရွတ်ပြသမျှ အဟုတ်ထင်နေကြတာ"

ဘုန်းကြီးက နားလိုက်ပြန်တယ်။ ဒီတုန်း ကျော်ရင့်ပါးစပ်က "သစ္စာကမ္ဘာ့ဆရာကြီး ဆိုတာက. . ." လို့ ထွက်သွားတော့ ဘုန်းကြီးက "ဟ၊ ဒကာရဲ့ ခင်ဗျားတို့အရပ်က ယာသမား ကိုင်းသမားတွေနေတဲ့အရပ်။ ဘယ်သူကများ ဖိုးတိုးလို့တုံး၊ ဘယ်သူကများ နားလည်လို့တုံး။ ဒီတော့ မာဒင်ကြီးက သူထင်ရာကို သစ္စာကမ္ဘာ့ လုပ်ပစ်နေတာပေါ့ဗျ" လို့ ဖြတ်ပြီး ပြောလိုက်တယ်၊ ဒီတော့ ကျော်ရင်လည်း တင်ပါ့ဘုရား ဆိုတာ သုံးခါလောက် ပြန်ပြောရင်း ဦးဝန္နမာကို ဝတ်ချလိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



တော့တယ်။ အဲဒီတုန်း ဘုန်းကြီးက သူ့အနားမှာရှိနေတဲ့ ဗန္ဓုလတိုက်ထုတ် ဗလာစာအုပ်ထဲက စာရွက်တစ်ရွက်ကို ဆုတ်ပြီး ဖောင်တိန်နဲ့ စာတစ်ကြောင်း ရေးလိုက်တယ်။ ပြီးတော့ ကျော်ရင့်ကို လှမ်းပေးလိုက်တယ်။

"ကြုံတဲ့အခါ အဲဒါလေး ဖတ်ကြည့်နိုင်းဗျာ၊ ဒကာလည်း စိတ်ရှင်းသွားအောင်ပေါ့" လို့လည်း ပြောလိုက်သေးတယ်။ ဘုန်းကြီးကို လှမ်းကြည့်လိုက်တော့ ဘုန်းကြီးကလည်း သူ့ကို ပြုံးကြည့်နေတယ်။ ဒီလိုနဲ့ ကျော်ရင် ရွာပြန်ရောက်လာတယ်။ ရောက်တာနဲ့ ခါတိုင်းလို ရွာအပြင်ဘက်က အသာပန်းပြီး အိမ်နဲ့နီးတဲ့ဘက်က မသွားတော့ဘူး။ အဘဒင်အိမ်ရှိတဲ့ ရွာ အရှေ့ဘက်ကို သက်သက်လျှောက်လာလိုက်တယ်။ အဘဒင် အိမ်နားရောက်တော့ အဘဒင်ကို လှမ်းရှာလိုက်မိတယ်။ အခန့်သင့်ပဲ အဘဒင်က ကပြင်မှာထိုင်နေတယ်။ ကျော်ရင်က လှမ်းနှုတ်ဆက်ရင်း မြို့က ပြန်လာတဲ့အကြောင်း၊ ဟိုပြော ဒီပြော ပြောလိုက်တယ်။ အဘဒင်ကပဲ "ရေနွေးကြမ်းလေး သောက်ဦးလေကွာ" လို့ လှမ်းပြောတာနဲ့ ကျော်ရင်လည်း အဘဒင်ထိုင်နေတဲ့ ကပြင်မှာ ဝင်ထိုင်လိုက်တော့တယ်။

ဝပ်စိစပ်ရာ တစ်ခု နှစ်ခု ပြောနေရင်း ကျော်ရင်က အိတ်ထောင်ထဲက စာရွက်ကလေးထုတ်ပြီး "အဘရာ၊ ကြုံတုန်း ဒါလေးကြည့်ပေးစမ်းပါ။ အဘပြောနေကျ သတ္တကျမ်းထဲက ဓာတ်ခုနစ်ပါး သိချင်လို့ မြို့ရောက်တုန်း သိတဲ့ကိုယ်တော် တစ်ပါးကို ရေးခိုင်းလာတာ။ မှန် မမှန်ကလေး ကြည့်ပေး စမ်းပါ" လို့ ပြောလိုက်တယ်။ အဘဒင်ကလည်း ခပ်လွယ်လွယ်ပဲ စာရွက်ကို လှမ်းယူပြီး ကြည့်လိုက်တယ်။ ပြီးတော့မှ "မှန်ပါ တယ်ကွာ၊ မြို့က ကိုယ်တော်တွေက တော်ပြီး တတ်ပြီးသား

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပဲဟာ" လို့ ပြောရင်း ကျော်ရင့်ကို စာရွက်ပြန်ကမ်းလိုက်တယ်။ ကျော်ရင်က စာရွက်ကို ဘာမှမကြည့်ဘဲ အသာခေါက်ပြီး အိတ်ထောင်ထဲထည့်လိုက်ရင်း "ဒီလိုဖြင့် အဘာရေကျွန်တော် ပြန်ဦးမယ်" လို့ ပြောပြီး ထိုင်ရာက ထလိုက်တယ်။ ပြီးတော့ အသာပဲ အဘခင်အိမ်က ထွက်လာခဲ့တယ်။

အိမ်ဘက်ကို လျှောက်လာရင်း ကျော်ရင့်ခေါင်းထဲမှာ တွေးစရာတွေ ပေါ်လာတယ်။ လူတွေအားလုံး လက်ခံထားတာက အမှန်လား။ ငါသိတာက အမှန်လား၊ ငါသိတာကို တခြားလူတွေ သိဖို့လိုသလား။ တခြားလူတွေ သိထားတာနဲ့ ငါသိထားတာရဲ့အကြားမှာ ဘယ်လိုညှိမလဲ စတဲ့ အတွေးသံသရာနဲပေါင်း ဝင်လာတယ်။ အိမ်ရောက်ခါနီး ချောင်းကူးတံတားကလေးကို ကျော်မယ်လုပ်တုန်း မြှုန်းဆို အိတ်ထောင်ထဲက စာရွက်ကလေး သတိရမိတယ်။ ဒီတော့ ထုတ်ပြီး ကြည့်လိုက်မိတယ်။ ဦးစန္ဒိမာ ရေးပေးလိုက်တာက "မူ၊ သိ၊ နု၊ နု၊ မ၊ ခူ၊ ရ"တဲ့။ သူ့ဘာသာ အသာပြုံးလိုက်မိတယ်။ စိတ်ထဲမှာတော့ ကိုယ်က သိလို့ပြောလိုက်မိတာ သောမနဿဖြစ်ကြရင် ကောင်းရဲ့။ မတော်၊ ကိုယ်ကအကောင်းပြောရက်နဲ့ သမ္မုလာပလို့ ထင်ကြရင် ငါလည်း အလကားဒေါသဖြစ်ရမယ်လို့ တွေးလိုက်မိတယ်၊ ဒီတော့ ငါသိတာကို ဘယ်သူ့မှ မပြောတာ အကောင်းဆုံးပဲလို့ တွေးလိုက်ပြန်ရင်း လက်ထဲက ဦးစန္ဒိမာ ရေးပေးလိုက်တဲ့ စာရွက်ကလေးကို အသာချေပြီး ချောင်းထဲ ပစ်ချလိုက်တော့တယ်။

အိမ်ဘက်ကို ဆက်လျှောက်လာရင်း ဟုတ်ဟုတ် မဟုတ်ဟုတ် သဗ္ဗညုဘုရားအရာကြီးအားကိုးနဲ့ ငါ့သားလေးမွှင့်မှုကို အငိုတိတ်အောင်တော့ ချော့လို့ရနေတာပဲ လို့ ကျော်ရင်က တွေးလိုက်မိတယ်။

www.burmeseclassic.com

## ခေါင်းကောင်းတောင်းတစ်လုံး

တကယ်တော့ ဆည်မပါက်သူကြီး ဦးကံရနဲ့ လုံးလုံးချည်းဆိုင်တဲ့ ကိစ္စလို့ မပြောနိုင်ဘူး။ ဒါပေမဲ့ ဦးကံရကြီးက စိတ်ရင်းကောင်းကောင်းရှိတယ်။ သူ့ရွာနဲ့ဆိုင်ဆိုင် မဆိုင်ဆိုင်၊ သူလုပ်နိုင်တာ ဝင်လုပ်ပေးတာပဲ။ ဒါကြောင့်လည်း ဇောင်မင်္ဂလာကျောင်းက ကိုယ်တော်တွေက အားကိုးကြတယ်၊ သူတို့လိုတာရှိလည်း ဦးကံရကိုပဲ ပြောကြတယ်။ တကယ်ဆိုတော့ ဇောင်မင်္ဂလာကျောင်းက စမ်းတွင်းဘက်မှာပါတယ်။ စမ်း

www.burmeseclassic.com

www.burmeseclassic.com



တွင်းက ဟိုဘက်သူကြီးအပိုင်မှာပါတယ်။ ဟိုဘက်က သူကြီး ကလည်း လူကောင်းပါ။ ဒါပေမဲ့ ဟိုဘက်သူကြီး အပိုင် ရွာ ကလေး ငါးရွာဖြစ်နေတော့ သူကြီးက ဒီဘက် သိပ်မလာနိုင ဘူး။ သူနေတဲ့ရွာနဲ့ကလည်း လှမ်းတာကိုး၊ ကြည့်ရတာ စမ်း တွင်းကို ဦးကံရကြီးနဲ့ အပ်ထားပုံရတယ်၊

အောင်မင်္ဂလာကျောင်းက လှမ်းကြည့်ရင် ဆည်ပေါက်က သချိုင်းကို လှမ်းမြင်ရတယ်၊ ဒီဘက်တစ်ကြောက သချိုင်းတွေ ထဲမှာတော့ ဒီသချိုင်းက ဇရပ်က အကောင်းဆုံးပဲလို့ ပြောရ မယ်၊ အုတ်ခံဇရပ်ကိုး၊ တခြားက ဇရပ်တွေက နှီးမိုးဇရပ်တွေ များတယ်။ အဲဒါကလည်း သူကြီးကောင်းမှုပဲ ပြောရမယ်၊ ဆည်ပေါက်ဘုန်းကြီးကျောင်းနဲ့ စမ်းတွင်းက ဘုန်းကြီးကျောင်း တွေမှာ ရေလှောင်ကန်တွေ ဆောက်ကြတော့ ပိုတဲ့ သဲတွေ၊ အုတ်တွေ၊ ဘိလပ်မြေတွေ သူကြီးက ပြန်ဝယ်ပြီး ဆည်ပေါက် သချိုင်းက ဇရပ်ကို ပြန်မြင့်ထားတာပဲ၊ တချို့ နှမ်းပါးတဲ့ သူတွေဆို အဲဒီမှာပဲ သရဏဂုံတင်ကြရတာ၊ ဒါတင်ဘယ်က မလဲ၊ စမ်းတွင်းက လူတွေတောင် ဆည်ပေါက်က သချိုင်းမှာ ချတတ်တယ်။

အရင်ကတော့ နယ်ကျော် မချရဘူးတဲ့ ဘာတဲ့ ပြောကြ တာပဲ၊ ဒါပေမဲ့ အောင်မင်္ဂလာကျောင်းကို ကျောင်းထိုင်ဖို့ ရောက်လာတဲ့ ဘုန်းကြီးကလေး ဦးပညာသာမီလက်ထက်မှာ ပြောင်းသွားတယ်၊ ဘုန်းကြီးလေးက ဦးကံရကို "သူကြီး သဘောတူရင် ရပါသော်ကော" လို့ ပြောတယ်ဆိုပဲ၊ အမှန် တော့ စမ်းတွင်းက လူတွေသေရင် ဖုန်းမြေကိုဖြတ်ပြီး ဟိုးဘက်က ညောင်ကန်နဲ့ ညောင်ပင်ဝင်းအကြားက သချိုင်း မှာ သွားချကြရတတ်တယ်။ ခက်တာက အသုဘ[illegible]ရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတွေက ဖုန်းမြေပေါ်က မြှုပ်မသွားချင်ကြဘူး။ နောက် တစ်ချက်က ညောင်ကန်က ကောင်တွေက ဖြစ်သလို မြှုပ်ပစ် တတ်တယ်လို့ ပြောကြတယ်။ ဆည်ပေါက်မှာက ချမ်းသာဖိုး ရှိတာကိုး၊ ဆည်ပေါက်မှာမြှုပ်ရင် ချမ်းသာဖိုးက မြေကြီး တူးတာတောင် သပ်သပ်ရပ်ရပ်တူးတာ၊ ပါးစပ်ကလည်း ပြောလေ့ရှိတယ်။ "အခုနေမလှူခဲ့ကြပေတဲ့၊ ချမ်းသာဖိုး လက်ထဲမှာတော့ အသေလှူကြရမယ်" တဲ့။

ချမ်းသာဖိုးဆိုတာ အရင်ကတော့ ဆည်မြောက်ထိပ်က ဘုန်းကြီးကျောင်းက မောင်ရွှေပဲ၊ မောင်ရွှေက ပေါ်သွပ်သွပ်လို့ ပြောရမယ်ထင်တယ်။ တချို့ကလည်း သူငယ်နာ မစင်ဘူး လို့လို့ ပြောကြတယ်။ အရင်ကတော့ ဘုန်းကြီးကျောင်းနောက်က ထင်းထားတဲ့ တဲမှာအိပ်တယ်။ ကျောင်းက ကပ္ပိယကြီးတွေနဲ့ ဝိုင်းလုပ်၊ အရပ်ထဲမှာ ခိုင်းစရာရှိရင် ခေါ်ခိုင်းကြ၊ အရွယ် ရောက်လာတော့ ထန်းတောထဲတွေ ဘာတွေမှာ သွားလုပ်ကိုင် ပေးရင်း ထန်းရည်မူးလာတယ်။ အဲဒါကို ဘုန်းကြီးဦးသုဇာတက သိသွားတော့ ကျောင်းကနေ နှင်ထုတ်လိုက်တယ်။ အဲဒီက စလို့ မောင်ရွှေလည်း ကြုံရာအိပ်၊ ကြုံရာစား ဖြစ်သွားတယ်။ များသောအားဖြင့်တော့ မြေအိုးမီးဖုတ်တဲ့နေရာတွေနားမှာ ထန်းပလပ်ကို ခင်းအိပ်တာများတာပဲ၊ နောက်တော့ ဆည်ပေါက်ရဲ့ တစ်ဦးတည်းသော သုဘရာဇာမောင်ဆိတ်နဲ့ အပေါင်းအသင်းဖြစ်ပြီး မောင်ဆိတ်ကြီးတဲမှာ အိပ်တတ်တယ်။ သချိုင်းမှာလည်း မြေတူး၊ အလောင်းမြှုပ် စတာတွေ လုပ်လာ တယ်။

မောင်ရွှေတစ်ယောက် ဇာတာစန်းတက်ချင်လို့ပဲလား မသိဘူး။ တစ်ညနေ အရပ်ထဲမှာ မောင်ရွှေက အလောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်လောင်းကို ရေမိုးချိုးပေးနေတုန်း မောင်ဆိတ်တဲ့ မီးလောင်တယ်။ အဲဒီတော့ မိုးကအစောကြီးလေးချုပ်နေပြီ၊ အရပ်ထဲက လူတွေကလည်း သချိုင်းဘက်က မီးရောင်တွေ့တယ်ဆိုပေတဲ့ ညဆိုတော့ ထန်းသမားတွေ မီးမြိုက်ကြတာလည်း ဖြစ်ချင်ဖြစ်မှာလို့ ထင်ပြီး သိပ်ဂရုမစိုက်ကြဘူး။ အောင်မင်္ဂလာကျောင်းက ကျောင်းသားကလေးတွေက သွားကြည့်တော့မှ မောင်ဆိတ်တဲ့ မီးလောင်တာ၊ အထင်နဲ့ပြောကြပုံက မောင်ဆိတ်တစ်ယောက် မူးမူးနဲ့အိပ်ပျော်သွားတုန်း တဲဝမှာ မွှေးထားတဲ့ မီးကလွင့်ပြီး တဲမီးလောင်သွားပုံပဲတဲ့၊ အသေအချာတော့ မပြောတတ်ဘူး။ ဒါပေတဲ့ ပြဿနာက မီးထဲ မောင်ဆိတ်ပါသွားတာပဲ။ အတိုချုံးပြောရရင်တော့ မောင်ဆိတ် မီးထဲပါသွားတဲ့အတွက် မောင်ရွှေ အလိုလိုနေရင်း ဆည်ပေါက်ရဲ့ သုဘရာဇာ ဖြစ်သွားတော့တယ်။

တကယ်တော့လည်း မောင်ရွှေ သုဘရာဇာ တရားဝင်ဖြစ်သွားရတဲ့ကိစ္စမှာ ဘုန်းကြီးဦးပညာသာမိတို့၊ သူကြီးဦးကံရတို့ တိုက်တွန်းတာတွေလည်း ပါတယ်။ ဘုန်းကြီးလေးက ဆည်ပေါက်ထိပ်က ကျောင်းက ဦးသုဇာတလို မဟုတ်ဘူး။ ဦးသုဇာတက ဒွာရက၊ အင်မတန် စည်းကမ်းကြီးတယ်၊ ကျပ်တယ်။ ဦးပညာသာမိကတော့ ရွှေကျင်ထွက်ပေတဲ့ ခေတ်မီတယ်။ မောင်ရွှေကို ဆုံမတာတောင် သူရာမေရယ. . . မူးယစ်မေ့လျော့ခြင်းကို မဖြစ်စေနဲ့ကြားလား။ ဘုရား တရား သံဃာ ဆိုတာကို မမေ့ရဘူး စသဖြင့် နာခံသာအောင် ပြောတတ်တယ်။ တစ်ခါတလေ မောင်ရွှေတစ်ယောက် ကျောင်းနားကဖြတ်ပြီး သီချင်းတအေးအေး လျှောက်မြည်သွားတာ ကြားရရင် ဘုန်းကြီးလေးက "တောင်လေမြူတော့၊

www.burmeseclassic.com



မောင်ရွှေလည်း မူးရောပေါ့” လို့ အနားမှာရှိတဲ့ တစ်ယောက်ယောက်ကို ပြောတတ်တယ်။ နေ့ခေါင်းရင် တောင်ဘက်က လေချိုလာတတ်တာကိုး။

မောင်ရွှေကို ဆည်ပေါက်က သချိုင်းအတွက် တရားစင်သုံးဘုရားဇာ ခန့်ရတာ လွယ်တော့မလွယ်လှဘူး။ မောင်ရွှေက ရှူးပေါ်ပေါ်ဆိုပေတဲ့ ဘုန်းကြီးကျောင်းထွက်ဆိုတော့ စာလေးဘာလေးက တတ်တယ်၊ ကြားဖူးနားဝလေးတွေကလည်း ရှိတယ်၊ မောင်ဆိတ်ကို မြှုပ်ပြီးတာနဲ့ ဘုန်းကြီးလေးနဲ့ ဦးကံရကြီးက ဇရပ်ကလေးပေါ်မှာထိုင်ရင်း မောင်ရွှေကို သချိုင်းကုန်းကိစ္စ အသုဘကိစ္စတွေ မင်းပဲ တာဝန်ယူတော့ကွာ ဆိုတော့ မောင်ရွှေက ခုလို ပြောသတဲ့။

“ဘုန်းကြီးနဲ့သူကြီးရဲ့ ကျေးဇူးက ရှိနေတော့ ကျွန်တော် လုပ်ပါမယ်။ လူတွေတော့ ကျွန်တော်ကို စန္ဒာလ မခေါ်ကြပါစေနဲ့”

ဘုန်းကြီးလေးကတော့ ပြုံးနေတယ်၊ ဘာမှမပြောဘူး။ ဒီတော့ သူကြီးဦးကံရက မနေနိုင်တော့ ပြန်မေးတယ်။

“ဘာလို့တုံး။ ဟကောင်ရဲ့”

“ဟာ. . . သူကြီးမင်းနှယ်၊ စန္ဒာလဆိုတာက အမျိုးတွေ ဇာတ်တွေ နိမ့်တဲ့လူတွေကို ခေါ်တာ။ ကျုပ်က မျိုးကောင်းရိုးကောင်းထဲက လာတာဗျ” လို့ မောင်ရွှေက ဖြေတယ်။ ဒီတော့ ဦးကံရကြီးက ထပ်မေးပြန်တယ်။ “ဒီလိုဖြင့် မင်းကို ဘယ်လိုခေါ်စေချင်တုံး” မောင်ရွှေက သူကြီးကို ကြည့်ပြီး စိတ်ပါအားရနဲ့ ပြန်ဖြေပြန်တယ်။ “သုဘရာဇာပေါ့၊ ကျုပ်က အသုဘရဲ့ရာဇာပေါ့။ သုဘရာဇာဆိုတာ ရာဇာတစ်မျိုး။ ကျုပ်အတွက် ဂုဏ်ရှိတယ်ဗျ” ဘုန်းကြီးလေးကတော့ “ဟုတ်ပ

www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ဟုတ်ပကွာ" လို့ ပြောရင်း အသံထွက်အောင် ရယ်တော့တာပဲ။ သူကြီးကလည်း မျက်ရည်များထွက်အောင် ရယ်ရင်း "မင်းသဘောကျ ဖြစ်စေရမယ်ကွာ" လို့ ပြောရင်း အာမခံတယ်။ အဲဒီကစပြီး မောင်ရွှေလည်း ဇရပ်ကလေးပေါ်မှာ ညတိုင်း အိပ်တယ်။ မြာသို၊ တပို့တွဲလောက်ကျရင်သာ သူအိပ်တဲ့ နေရာကလေးမှာ ထန်းပလပ်ကလေးတွေ ကာအိပ်ရလေ့ရှိတယ်။ အဲဒီကျ အေးတာကိုး။ မောင်ရွှေတစ်ယောက် တရားဝင် သုဘရာဇာဖြစ်လာကာမှ ချမ်းသာဒိုးလို့ နာမည်တွင်လာတာပဲ။ အဲဒါက ဒီလို။

တစ်နေ့ ညနေဘက် ဧအောင်မင်္ဂလာကျောင်းထဲ မောင်ရွှေ ရောက်လာတယ်။ ဘာရယ်တော့ မဟုတ်ပါဘူး။ ဘုန်းကြီး လေးကလည်း ကျောင်းသားကလေးတွေနဲ့ ထင်းရုံနားက အုတ်ခုံပေါ် ထိုင်စကားပြောနေကြတုန်းဆိုတော့ အခန့်သင့်ပဲ မောင်ရွှေလည်း ဘုန်းကြီးလေးကို ဝပ်ချပြီး တောပြော တောင် ပြောတွေ ဝင်ပြောတယ်။ အဲဒီတုန်း ဘုန်းကြီးလေးက "မောင် ရွှေ အခု မင်းက သုဘရာဇာကြီးဖြစ်နေတော့ နာမည် တော့ ပြောင်းမှ၊ နာမည်ကောင်းကောင်း ခံ့ခံ့ညားညားပေါ့ကွာ" လို့ ပြောတယ်။ ဒီတော့ မောင်ရွှေက "တပည့်တော် တနင်္လာသား ဘုရား" လို့ ပြောတယ်။ အဲဒီတုန်း အနားမှာရပ်နေတဲ့ ဦးဇင်း ကလေး ဦးခေမာက ခုလို ဝင်ပြောသတဲ့။

"မောင်ရွှေဘဝက အတော်ချမ်းသာတာဘုရား။ နေတော့ ဇရပ်မှာ၊ စားတော့ အရပ်ကကာ၊ သွားတော့ မိနပ်မပါ။ ဘယ် လောက်များ အပူအပင် ကင်းသလဲ"

အဲဒါကို နားထောင်နေတဲ့ ဦးပညာသာမိက မောင်ရွှေကို ခုလို ပြောတယ်။ "မောင်ရွှေ ဦးဇင်းပြောတဲ့အတိုင်းဆိုရင်တော့

www.burmeseclassic.com



ချမ်းသာတာပဲ၊ နေ့နံလည်းသင့်တယ်။ မင်းနာမည် ချမ်းသာလို့ ပြောင်းကွာ။ ချမ်းသာသမှ မကုန်နိုင် မခန်းနိုင်အောင် ချမ်းသာတော့ ချမ်းသာအိုးလို့ ခေါ်မကွာ" လို့ ပြောတယ်။ မောင်ရွှေလည်း အတော်ကြီး ဝမ်းသာသွားပုံရတယ်။ ချက်ချင်းပဲ ဘုန်းကြီးလေးကို ဝတ်ချပြီး "ဘုန်းကြီး၊ ကျုပ် သူကြီးကို ပြေးပြောရဦးမယ်" လို့ ပြောပြီး ထပြေးပါလေရော။ အဲဒီနေ့က စပြီး မောင်ရွှေဟာ ချမ်းသာအိုး ဖြစ်သွားရုံတင်မကဘူး။ လူတွေ့ရင် "ကျုပ်နာမည် ချမ်းသာအိုး၊ နေတော့ ရပ်မှာ၊ တဲတော့ အရပ်တကာ၊ သွားတော့ မိနပ်မပါ" လို့ ရွတ်ပြလေ့ရှိတယ်။

အဲဒီလိုနဲ့ အားလုံး အဆင်ပြေနေကြတာ၊ ဖြစ်ချင်တော့ တစ်နေ့ သူကြီးဦးတံရ ယောက္ခမကြီး ကျွဲခတ်ခံရလို့ သေပါလေရော။ သေတာကတော့ သိပ်အကြောင်းမထူးဘူး။ သူ့သူ့ ကိုယ်ကိုယ် သေရတတ်ကြတာမျိုးကိုး၊ တစ်ခုထူးသွားတာက ကျွဲခတ်ခံရတော့ ဗိုက်တွေ ဘာတွေ ပေါက်၊ အူတွေဘာတွေ တောင် အပြင်ထွက်သွားတယ်တဲ့။ ဒီတော့ ဒီဘက်က အသုဘ ချတဲ့အခါမှာ ချမြဲချစဉ်အတိုင်း ဖျာလိပ်နဲ့ ပတ်ချတာမျိုး လုပ်လို့မဖြစ်ဘူး။ ဒီမှာတင် အကြောင်းကဆုံချင်တော့ စမ်းတွင်းက လက်သမားဆရာ ကိုအောင်စိန်က အိမ်တစ်လုံး သွားဆောက်ရင်း ထုပ်တက်ရိုက်ရာက ပြုတ်ကျထားတာမို့ တခြားလက်သမားအလုပ်တွေ လိုက်မလုပ်နိုင်တာနဲ့ ထိုင်နေတယ်။ ဒီကိစ္စတော့ နည်းနည်းရှင်းဦးမှ၊ မဟုတ်ရင် ရှုပ်ကုန်ကြမယ်။

လက်သမားဆရာ ကိုအောင်စိန်တစ်ယောက် ထုပ်တက်ရိုက်ရာက ပြုတ်ကျတော့ တင်ပါးဆုံအရိုးက ဘာဖြစ်သွားတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလားပဲ။ ဒီတော့ အရင်ကလို အိမ်ခေါ်တွေဘာတွေ မလိုက်နိုင်တော့ဘူး။ တခြားလည်း ဘာမှမလုပ်တတ်ဘူး။ ညနေတိုင်းတော့ ဘုန်းကြီးလေးဦးပညာသာမိဆီ လာပြီး စကားစမြည် ပြောတတ်တယ်။ တစ်ခါတော့ စကားစပ်မိရင်း ကိုအောင်စိန် လက်သမားပညာသင်ဘာ အစက ခေါင်းလုပ်တာ၊ ခေါင်းလုပ်တယ်ဆိုတာက လူတွေ ခင်လွယ်လွယ် ထင်ကောင်းထင်မှာပဲ။ ကိုအောင်စိန် ပြောပြသရွေ့တော့ ဘယ်လွယ်လို့တုံး၊ "သစ်ဟောင်းမှ ခေါင်းကောင်းသတဲ့"။ "သစ် သစ်ရင်၊ ထစ်ပစ်ရသတဲ့"။ ဒါ ဘာဟုတ်သေးလို့တုံး။ "ခေါင်းမှန်ရင် လှံခံနိုင်ရတယ်" တဲ့။ သစ်ဟောင်းတော့ အသားကျစ်နေတော့ လှံနဲ့ထိုးတောင် မပေါက်နိုင်ဘူးလို့ ဆိုတာ။

အဲဒီတုန်းက ဘုန်းကြီးလေး ဦးပညာသာမိက ဒကာကြီးရာ ခင်ဗျား အလုပ်မရှိတုန်း ခေါင်းလုပ်ပါလားလို့ ပြောဖူးတယ်။ ဒါပေမဲ့ ကိုအောင်စိန်က ဘုန်းကြီးရာ ဒီကလူတွေက ဖျာလိပ်နဲ့ ပတ်ချနေကျ၊ ဘယ်သူက ခေါင်းဝယ်မှာတုံးလို့ ပြောဖူးတယ်။ ဒီမှာတင် အကြောင်းဆုံလာတယ်ဆိုတဲ့ ကိစ္စပဲ။ သူကြီး ယောက္ခမ ကျွဲခတ်ခံရတော့ အူတွေဘာတွေ ထွက်နေတော့ ဘုန်းကြီးလေးကပဲ သူကြီးကိုပြောတယ်၊ ချိုးချစ်ဝ ဖျာလိပ်နဲ့ ချမယ့် အစား ခေါင်းသွင်းဖို့ သူကြီးကလည်း သဘောတူတယ်။ ဒီလိုနဲ့ လက်သမားဆရာ ကိုအောင်စိန်တစ်ယောက် ဆည်ပေါက် တစ်ကြောမှာ ခေါင်းလုပ်ငန်းနဲ့ အတော်စီးပွားဖြစ်လာတယ်။ ဒီမှာတင် သူ့စီးပွားဖက်က ချမ်းသာအိုး ဖြစ်လာတယ်တောင် ပြောရမယ်။ ချမ်းသာအိုးက မြေကြီးတူးရတာကိုး၊ ခေါင်း ခါပန်းတောင်းလို့ တွင်းထဲအချ ခက်တယ်ရယ်လို့ ညစ်လားနိုင် မခက်ပေဘူးလား။ ဒီလိုတော့ ချမ်းသာအိုးက မညည်းတတ်

www.burmeseclassic.com



ပါဘူး။ လိုရင်း ပြောရရင်တော့ ကိုအောင်စိန်နဲ့ ချမ်းသာအိုး အတော်မိတ်ဖက် ဖြစ်သွားတယ် ပြောရတော့မှာပဲ။

ဒီတော့ စမ်းတွင်းတစ်ကြောမှာ သူကြီးယောဂမ ကျွဲခတ် ခံရပြီးကတည်းက ဘာမှ ပြဿနာမရှိဘူး။ နေသူနေ၊ သေသူ သေလောက်ပဲ ရှိတယ်။ ဒီတော့လည်း လောကကြီးက ပျင်းဖို့ ကောင်း ကောင်းနေတယ်။ ဖြစ်ချင်တော့ ကိုအောင်စိန်ကြီး ဆုံးပါးသွားလေရော။ အစကတော့ လေဖြန်းသလိုဖြစ်တာ၊ နောက်တော့ လေဖြတ်ရာက ရက်ပိုင်းအတွင်း ဆုံးတာ။ မဆုံး ခင်ကတည်းက သူ့ငယ်အိမ်တောင် ပျက်သွားတာတဲ့။ ဆုံးသွား တော့လည်း ထုံးစံအတိုင်း ချလိုက်ရတာပေါ့လေ။ ချတော့ လည်း အကြောင်းသင့်တယ်ပဲ ပြောရမလားမသိဘူး၊ ခေါင်းအ ပိုတစ်လုံးက ရှိနေတော့ ချမ်းသာအိုးကိုယ်တိုင်ပဲ ကိုအောင် စိန်ကြီး ရုပ်အလောင်းကို ရေတွေဘာတွေချိုး၊ ကိုယ်တိုင် အခေါင်းသွင်းတယ်။ လုပ်ရင်းကိုင်ရင်းတော့လည်း ချမ်းသာ အိုးပါးစပ်က ဗျစ်တောက် ဗျစ်တောက် ပြောလိုက်၊ ငိုလိုက် လုပ်နေတယ်လို့ တချို့က ပြောကြတယ်၊ ဘာပြော မှန်းတော့ ဘယ်သူမှ ရေရေရာရာ မသိကြဘူး၊

ခေါင်းမြေကျသွားပြီးလို့ မြေဖို့တော့ ချမ်းသာအိုးက "လုပ်ပေါ့ အစ်ကိုရာ၊ လုပ်ပေါ့" လို့ ပြောရင်း ငိုကြီးချက်မ ဖြစ်တော့တာ။ ဒီတော့လည်း ဘုန်းကြီးလေးတို့၊ သူကြီးတို့က အစ ချမ်းသာအိုးကို ကြည့်ပြီး အားလုံးက စိတ်မကောင်း ဖြစ်နေကြတယ်။ အားလုံးကတော့ ကိုအောင်စိန်နဲ့ အတွဲများ တော့ ချမ်းသာအိုးတစ်ယောက် စိတ်မကောင်းဖြစ်ရှာမှာပဲလို့ တွေးကြတယ်၊ တဲဒီနေ့ကစလို့ပဲ ချမ်းသာအိုးတစ်ယောက် သချိုင်းက ရေစ်မှာလည်း မအိပ်တော့ဘူး။ ရွာထဲက အသုဘ

www.burmeseclassic.com



ကိစ္စတွေလည်း လိုက်မလုပ်ဘူး။ သချိုင်းနဲ့ ထန်းတောအကြားက သုံ့ပုံထားတဲ့ ပျဉ်ပြားအပုံပေါ်မှာ သွားအိပ်နေတတ်တယ်။ ညနေဘက်ကျ ထန်းရည်ကလေးများ သောက်ပြီးရင်တော့ ငိုကြီးချက်မနဲ့ ငိုငိုနေတာ။ အောင်မင်္ဂလာကျောင်းက ကျောင်းသားကလေးတွေပြောလို့ ဟိုဘက်ရွာ ဒီဘက်ရွာ နှံ့ကရောပဲ။ ဒီအကြားထဲ ပေါ်လာတဲ့ အသုဘကိစ္စတွေကို ချမ်းသာအိုးက လိုက်မလုပ်တော့ သူကြီးဦးကံရကြီးကပဲ အရပ်ထဲက လုပ်ချင်ကိုင်ချင်ရှိတဲ့ လူတွေကို အရက်ဖိုးကလေး ဘာလေး ပေးပြီး ချော့မော့ခိုင်းလိုက်ရသေးတာ။

ဒီအတိုင်း နေလို့တော့ဖြင့် မဖြစ်ဘူးလို့ ဦးကံရကော၊ ဘုန်းကြီးဦးပညာသာမိကပါ တွေးမိတယ်။ ဒီတော့ တစ်ညနေ ဘုန်းကြီးလေးနဲ့ သူကြီးဦးကံရတို့ နှစ်ယောက်သား ဆည်ပေါက်ရဲ့ တစ်ဦး၊ တည်းသော အသုဘတို့ရဲ့ရာဇာ ချမ်းသာအိုးနဲ့ ဆွေးနွေးဖို့ ချမ်းသာအိုးရှိရာ သချိုင်းနဲ့ ထန်းတောအစပ်ကို သွားကြရတယ်။ ချမ်းသာအိုးကတော့ ထန်းသမားရည်ကျွန် အချိန်ကလေးတလည်း ရထားတော့ ပျဉ်ပြားပုံပေါ်မှာ ပက်လက်လှန်အိပ်ပြီး ပါးစပ်ကလည်း တတွတ်တွတ်ပြောရင်း ငိုနေရှာတယ်။ ဘုန်းကြီးလေးတို့ အနားရောက်လာတာတောင် သိပုံမရဘူး။ ဘုန်းကြီးလေးက "ဟေး ချမ်းသာအိုး" လို့ ခေါ်သာ သာ ခေါ်လိုက်တော့မှ သုတ်သီးသုတ်ပျာ ပုဆိုးပင်ကျွတ်နဲ့ ထရပ်လိုက်တယ်။ ပြီးတော့ ဘုန်းကြီးလေးကိုရော၊ သူကြီးကိုပါ မြေကြီးမှာ အသာထိုင်ပြီး ဝတ်ဖြည့်လိုက်တယ်။

ဘုန်းကြီးလေးကတော့ ချမ်းသာအိုး အိပ်နေတဲ့ ပျဉ်ပြားပုံပေါ်မှာ အသာပဲထိုင်ချလိုက်ပြီး၊ သူကြီးကတော့ ထန်းပင်ပင် တစ်ခု လှမ်းဆွဲပြီး မြေကြီးပေါ်မှာပဲ အခင်းလုပ်ထိုင်တယ်။

www.burmeseclassic.com



ပြီးတော့မှ လာရင်းကိစ္စကို တည့်တည့်မပြောဘဲ ဟောင်တောင် အီအီတွေ ပြောနေကြသေးတယ်။ ချမ်းသာအိုးက တဲ့တိုးကြီး ပြောလို့ရမယ့် လူမျိုးမှ မဟုတ်ဘဲကိုး။ နောက်ဆုံးတော့ လာရင်းအကြောင်း ပြောပြကြတယ်။ ဒီတော့လည်း ချမ်းသာအိုး ကလည်း တည့်တည့်ပဲ ပြန်ပြောတယ်။ "တပည့်တော် သုဘ ရာဇာ မလုပ်နိုင်တော့ဘူး ဘုရား"တဲ့။ ပြောပြီးတော့ လည်း ငိုကြီးချက်မနဲ့ ငိုပြန်ပါလေရော။ ဒီတော့ သူကြီးက "ဟ ကောင်၊ ကိုဖောင်စိန်ကြီးအတွက် တို့လည်း စိတ်မကောင်း ဖြစ်ကြတာပဲ။ ဒါပေတဲ့ တို့လုပ်စရာရှိတာတွေတော့ လုပ်ကြ ရဦးမှာပေါ့။ ငိုနေလို့ချည်းတော့ ဘယ်ဖြစ်မှာတုံး" လို့ ပြော လိုက်တယ်။

"ကျုပ်မှာ ငိုစရာအကြောင်း ရှိတယ်ဗျ" လို့ ချမ်းသာအိုး က ပြန်ပြောတယ်။ "သေတာက ငိုစရာမဟုတ်ဘူး၊ ကျုပ် သေတာတွေ နေ့တိုင်း တွေ့နေကျ၊ ဘာမှ လွမ်းလောက်တာ မရှိဘူး။ ကျုပ်ဝမ်းနည်းနေတာ၊ ဝမ်းနည်းစရာ ကျုပ်မှာ အကြောင်းရှိတယ်" လို့ ဆိုတယ်။ ဒီတော့ ဘုန်းကြီးက "ကိစ္စ ရှိရင် ပြောပြမှပေါ့ကွ၊ မင်းဘာသာ ငိုနေလို့ ငါတို့ ဘယ်သိ မှာတုံး" လို့ ပြောတယ်။ "ဘုန်းကြီးတတ်နိုင်တဲ့ကိစ္စ ဟုတ် မထင်ပါဘူး" လို့ ချမ်းသာအိုးက ပြန်ပြောတော့၊ ဘုန်းကြီးက ချက်ချင်းပဲ "ငါမတတ်နိုင်ရင် သူကြီးရှိသကွာ၊ မင့်ကိစ္စသာ ပြော" လို့ ပြန်ပြောတယ်။ ဒီတင် ချမ်းသာအိုးက သူကြီး မျက်နှာ လှမ်းကြည့်လိုက်ပြီး ခုလိုပြောတယ်။

"ကျုပ်က သုဘရာဇာဆိုပေတဲ့ ကျုပ်သေရင်တော့ ခေါင်းကလေးနဲ့ ချစေချင်တယ်။ ခေါင်းကလည်း အလှတား ပဲတင်းခေါင်းမျိုး၊ နှီးဆီသေတ္တာဘဲ့နှစ်နဲ့ အရောင်လက်သားဝင်တဲ့

www.burmeseclassic.com



ခေါင်းမျိုး မလိုချင်ဘူးဗျာ။ ဒီတော့ အစ်ကိုအောင်စိန်ကို ပြောထားတယ်၊ ကျုပ်အတွက် ခေါင်းကောင်းကောင်းတစ်လုံး ဝယ်ပေးစမ်းပါလို့ ပြောထားတယ်။ အစ်ကိုအောင်စိန်ကလည်း ဝယ်ပေးမယ် ပြောတယ်၊ ဒါကြောင့် ကျုပ်က ရှာသမျှဖျဉ်တွေ စုထားတာ။ ခု ဘုန်းကြီးထိုင်နေတာ ကျုပ်အတွက် ခေါင်းလုပ်ဖို့ ဖျဉ်တွေပဲ" ချမ်းသာအိုးက ပြောနေရာက ရပ်လိုက်ပြီး မှိုက်နေပြန်တယ်။ ဘုန်းကြီးကလေးကတော့ ထိုင်ရာက ထရတော့ မလို ဖြစ်သွားပေတဲ့၊ ဣန္ဒြေမပျက် ဆက်ထိုင်နေလိုက်တယ်။ ဒီတော့ ချမ်းသာအိုးက ဆက်ပြောပြန်တယ်။

"ခုတော့ ဘယ်လိုလုပ်မလဲ၊ ကျုပ်အတွက် ခေါင်း ဘယ်သူလုပ်ပေးမှာတုံး၊ ကျုပ်သေလို့မှ ခေါင်းကောင်းကောင်းနဲ့ မသေရရင်၊ တခြားလူတွေသေတဲ့ကိစ္စ ကျုပ် ဘာပူစရာရှိတော့ လို့လဲ" တဲ့။ ဒီတော့ ဘုန်းကြီးနဲ့ သူကြီး တစ်ယောက်ကို တစ်ယောက် အပြန်အလှန်ကြည့်ရင်း ဘာပြောရမှန်းမသိဘူး။ ချမ်းသာအိုးကတော့ ထမင်းဆီဆမ်းကို ရွှေလင်ပန်းနဲ့ တောင်း မယ်လို့ စိတ်ကူးထားတာ၊ လက်ွယ်နေနဲ့တိုးလိုက်တဲ့ကလေးလို မှိုက်လို့သာနေတော့တယ်။ ဒီတုန်း ဘုန်းကြီးလေးကပဲ ဘာ မပြော ညာမပြောနဲ့ "ဟကောင်၊ တောတောကပြောရောပေါ့" လို့ ဝကားလိုက်တယ်။ ချမ်းသာအိုးတင်မကဘူး၊ သူကြီး ဦးကံရပါ ဘုန်းကြီးကို လှမ်းကြည့်လိုက်တယ်။ "သူကြီးဦးကံရ တစ်ယောက်လုံး ရှိနေတာကွာ၊ ခေါင်းကောင်းကောင်းဝယ်တဲ့လူ သူကြီး ရှာပေးမှာပေါ့။ တို့သူကြီးက အဆက်အသွယ် ကောင်း တယ်ကွ" လို့ ဘုန်းကြီးက ဆက်ပြောတယ်။

ဦးကံရကြီးလည်း ဘာပြန်ပြောရမှန်းမသိဘူး။ ချမ်းသာအိုး ကတော့ ဘုန်းကြီးကို ကြည့်နေရာက သူကြီးဘက်လှည့်ကြည့်

www.burmeseclassic.com



လိုက်တယ်။ သူကြီးကတော့ ချမ်းသာအိုးကိုကျော်ပြီး ဘုန်းကြီးကို လှမ်းကြည့်တယ်။ ဘုန်းကြီးကတော့ သူကြီးဦးကံရကို လှမ်းကြည့်ရင်း "ဟုတ်တယ် မဟုတ်ဘူးလား သူကြီး" လို့ လှမ်းပြောရင်း ခေါင်းကို မသိမသာ နှစ်ကြိမ်လောက် ညိတ်ပြလိုက်တယ်။ ဒီတော့လည်း ဦးကံရကြီးမျော ယောင်ယောင် ကမ်းကမ်းနဲ့ "တင့်ပါဘုရား၊ တင်ပါ့၊ ဟုတ်သပေါ့ ချမ်းသာအိုးရာ၊ ငါလည်း ဒီလောက်တော့စွမ်းပါတယ်" လို့ ပြောလိုက်တယ်။ ချမ်းသာအိုးမျက်နှာဟာ ချက်ချင်းပြောင်းသွားတယ်။ အတော်စိတ်ချမ်းသာသွားပုံရတယ်။ "ဒါဖြင့်ပြီးတာပဲ၊ ကျုပ်အလုပ်ကျုပ်လုပ်မယ်၊ သူကြီးအလုပ် သူကြီးလုပ်၊ သူကြီးစကားတော့တည်ပါစေ" လို့ ပြောလိုက်တယ်။ ဒီတော့ သူကြီးက "တည်ပါသကောကွာ" လို့ ပြောနေတုန်း ချမ်းသာအိုးက အသာထသွားပြီး ဘုန်းကြီးထိုင်နေတဲ့ ဖျဉ်ပြားပုံအစပ်ကိုသွားပြီး ဖျဉ်ပြားပုံကို လက်နဲ့သုံးချက်ခေါက်ရင်း "ကျုပ်အခေါင်းအတွက် ဖျဉ်တွေ သက်သေပဲ၊ ကျုပ်အလုပ် ကျုပ်လုပ်မယ်၊ သူကြီးအလုပ် သူကြီးလုပ်၊ ကျုပ်သေလို့များ ခေါင်းကောင်းကောင်း စပ်တဲ့ လက်သမား မရခဲ့ရင် သူကြီးကိုယ်တိုင် ကျုပ်အတွက် ခေါင်းစပ်ပေးရမယ်" လို့ ပြောလိုက်တယ်။

သူကြီးနဲ့ဘုန်းကြီးလည်း ဘာပြောရမှန်းမသိဘူး။ ဒီလိုနဲ့ပဲ ချမ်းသာအိုးဆီက ပြန်လာကြတယ်။ ချမ်းသာအိုးကလည်း သူ့အလုပ် သူပြန်လုပ်မယ်ဆိုတော့ သချိုင်းထဲဇရပ်ဆီ ပြန်လျှောက်လာတယ်။ ဘုန်းကြီးနဲ့သူကြီးကတော့ သချိုင်းကုန်းဘေးနားက အသာပနုံးပြီး ရွာဘက်ကို ပြန်လာကြတယ်။ နေက အတော်စောင်းစောင်းနေတော့ နေကျော်ရင် သချိုင်းဘက်က ပြန်တဲ့အခါ ၁ ကာနောက်မှ ဘုန်းကြီးကြွဆိုတဲ့ အယူကလည်း ရှိနေတဲ့အချိန်ဆိုတော့ ဦးကံရကြီးက ဘုန်းကြီးရှေ့က

www.burmeseclassic.com



ခပ်သုတ်သုတ် လျှောက်လာတယ်၊ ဘုန်းကြီးလေးကတော့ တစ်စုံတစ်ရာ ကိုရှုပြီးလျှောက်လာတယ်ဆိုတဲ့အသိနဲ့ ခပ်ဖြေးဖြေးပဲ လျှောက်လာတယ်။ ဦးကံရကြီးကတော့ အပတွေဘာတွေမှာ ကြောက်လို့လားမသိဘူး၊ ခပ်သုတ်သုတ်လျှောက်လာရင်း "ဘုရားသိကြားမလို့ ချမ်းသာအိုး အသက်ရှည်ပါစေ" လို့ စိတ်ထဲမှာ ထပ်တလဲလဲ ပြောနေမိတယ်။

တကယ်တော့ သူကြီးဦးကံရနဲ့ လုံးလုံးချည်းဆိုင်နေတဲ့ ကိစ္စလို့ မပြောနိုင်ဘူး။ ဒါပေတဲ့ လောလောဆယ် သူကြီးဦးကံရနဲ့ဆိုင်တဲ့ ကိစ္စကတော့ ချမ်းသာအိုးတစ်ယောက် အသက်နဲ့ကိုယ်နဲ့ ပြနေဖို့ပဲ၊ ခုနေ ချမ်းသာအိုးတစ်ယောက် မတော်မတည့်များ တစ်ခုခုဖြစ်ခဲ့ရင် ငါတော့ ခေါင်းစဉ်သမားဖြစ်ရချည်သေးရဲ့လို့ တွေးပြီး ပူနေပုံတော့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com

## လင်းတမဖိ ဖေါင်းမိရသည့်အကြောင်း

ရေတိမ်ကန်ကျောင်းက ဘုန်းကြီးပျံလွန်တော်မူသွားကတည်းက ကျောင်းထိုင်မယ့်သူ မရှိဘူးဖြစ်နေတယ်။ ကျောင်းထိုင်ကိုယ်တော်ကလေး ပျံလွန်ပြီး သုမယ်တော်ပါ ကွယ်လွန်သွားတော့ ဟိုပြောဒီပြော ပြောကြရင်းက ကျောင်းမှာ ကျောင်းထိုင်မယ့်ကိုယ်တော် ရှာလို့မရတော့ဘူး။ ရေတိမ်ကန်ဖက်က လူတွေ ခုဆို ဒီဘက်ကျောင်းကို လာတဲ့အခါတိုင်း ဆရာတော်ကြီးကို သူတို့ကျောင်းမှာ ကျောင်းထိုင်မယ့်ဘုန်းကြီး ရှာပေးဖို့အမှု

www.burmeseclassic.com

www.burmeseclassic.com



ကပ်ကြတယ်။ ရေတိမ်ကန်နိုးတဲ့ တာလမ်းပေါ်က ကုန်စုံဆိုင် ပိုင်ရှင် ထောင်ကဲကြီး ဦးအတွေးကများဆိုရင် "ကျောင်းထိုင် မယ့်ဘုန်းကြီး မရရင်၊ ကိုယ်တော့် တိုက်အုပ် ဘုန်းကြီးကို တပည့်တော်မိုးပြေးရလိမ့်မယ်" လို့ ရယ်သလို နောက်သလိုနဲ့ ပြောလေ့ရှိတယ်။

ခက်လာတာတစ်ခုက ဒီနှစ်က ရေတိမ်ကန်ဘုရားပွဲနှစ် ဘာကြောင့်မှန်းတော့ မသိကြဘူး။ ရေတိမ်ကန်ဘုရားပွဲက နှစ်နှစ်မှ တစ်ခါလုပ်ကြတာ။ ဒီတော့ ဘုန်းကြီးက ဒီအရပ်မှာ ငါရှိလျက်နဲ့ ရေတိမ်ကန်ကျောင်းမှာ ကျောင်းထိုင်ဖို့ဘုန်းကြီး ရှာမရလို့ ဘုရားပွဲမဖြစ်ရင် မကောင်းလှဘူးလို့ တွေးမိတယ်။ ဒီတော့ ဘုန်းကြီးက သူတိုက်အုပ်နဲ့ ညစဉ်လို သူတို့ကျောင်းထွက် တွေ၊ ငယ်တပည့်တွေစာရင်း ပြန်စဉ်းစားရတယ်။ စဉ်းစားရ သမျှကလေး ဆက်သွယ်ကြည့်တော့ စာချလုပ်နေတဲ့ ကိုယ်တော်တွေက များနေလို့ စာသင်သားတွေကိုပစ်ပြီး လာလို့ မဖြစ်နိုင်ကြဘူး။ နောက်ဆုံး ဘုန်းကြီးကပဲ ကိုယ်တော်ကလေး တစ်ပါးကို သတိရလိုက်မိတယ်။ "မောင်ဉာဏ်၊ မောင်အရှ ရှာစမ်း၊ မနှစ်က ဒီဝင်လာတုန်း တစ်နှစ် နှစ်နှစ်စလောက် စာချတာနားဦးမယ်လို့ ငါ့ကိုလျှောက်ဖူးတယ်။ သူနဲ့ဆို အတော်ပဲ၊ သူလည်း နားနားနေနေ ဖြစ်ရတာပေါ့" လို့ ဆိုလိုက် တယ်။

ဒီတော့ တိုက်အုပ်က "အရှင်ဘုရား ဦးအဝ္ဍနဲ့ ဖြစ်ပါ့ မလား၊ သူက အတော်မြို့ဆန်တယ်"လို့ တစ်ခွန်းပြန်ပြော လိုက်မိတယ်။ "မြို့နေတော့ မြို့ဆန်သပေါ့ကွာ၊ မြို့လို တွေး သပေါ့ကွာ၊ မင်းလည်း မြို့မှာကျောင်းသွားထိုင်ရင် မြို့ဆန်သွား မှာပေါ့" လို့ ပြောရင်း ပြုံးတယ်။ တိုက်အုပ်လည်း ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



လေး ဦးအာဝ္ဇနဲ့ကို ရအောင်ဆက်သွယ်ရင်း အဆုံး မှာတော့ ဦးအာဝ္ဇကို ရေတိမ်ကန်ကျောင်းမှာ ကျောင်းထိုင် ဖြစ်အောင် တိုက်တွန်းနိုင်ခဲ့တာပေါ့။ ဘုန်းကြီးလေးဦးအာဝ္ဇ ကတော့ ဆရာတော်ကြီးနဲ့ တိုက်အုပ်ကို ခပ်ရှင်းရှင်း လျှောက်ထားတယ်။ "တပည့်တော် ဘုရားပွဲပြီးတဲ့အထိတော့ကြိုးစား နေပါ့မယ် ဘုရား" လို့ လျှောက်ထားတယ်။

"တို့လည်း နီးနီးနားနား ရှိသားပဲကွာ၊ မင်းလိုတာသာ ပြော" လို့ ဆရာတော်ကြီးနဲ့ တိုက်အုပ်က ကိုယ်တော်ကလေးကို အားပေးကြရှာတယ်။ ဒီလိုနဲ့ပဲ၊ ရေတိမ်ကန်ကျောင်းမှာ ဘုန်းကြီးကလေး ကျောင်းထိုင်ဖြစ်သွားတယ်၊ ကိုယ်တော်ကလေးနဲ့ အတော်သဟာယဖြစ်တယ် ပြောရမယ်။ ကိုယ်တော်ကလေး ရောက်လာကတည်းက ရေသည်ကို မြတ်တယ်မရှိ သလောက်ပဲ။ ဆွမ်းကွမ်းက လိုလေသေးမရှိဘူး။ ကိုယ်တော်ကလေး ကြွလေရာပါတဲ့ ထရန်စစ်စတာရေဒီယိုကလေးကလည်း တယ်ပြီး အံ့ဆောင်နိုင်တာကိုး။ ညနေဆို ဘုန်းကြီး ဦးအာဝ္ဇက မုန်စမ်ခရီးနိုင်ငံခြားသတင်း၊ ရှမ်းမာရီမြည်တွင်းသတင်း နားထောင်လေ့ရှိတယ်။ အဲဒါတွေပြီးရင် ရေဒီယိုကလေးကို ကျောင်းအောက်ချပေးတော့ ရေတိမ်ကန်ကလူတွေ ဇာတ်သဘင် ဖျော်ဖြေခန်းတို့ ဘာတို့ နားထောင်ရသပေါ့။ ခုလို ရေတိမ်ကန် ကျောင်းမှာ စည်စည်ကားကားဖြစ်လာတော့ ထောင်ကဲကြီး ဦးအစကြွက သဘောကျလွန်းလို့ ဘုန်းကြီးလေးရေဒီယိုမှာ သုံးဖို့ အဲဗာရဲဒီ လေးလုံးတောင်လှူတယ်၊

ဒီဘက်ကျောင်းက တိုက်အုပ်ဦးဉာဏိန္ဒ ပြောသလို ဘုန်းကြီးလေးဦးအာဝ္ဇက မြို့ဆန်တယ်ဆိုတာကတော့ လည်း ဖြစ်နိုင်တယ်။ ရေတိမ်ကန်ဘက်ကလူတွေ တမြည့်မြည်း

www.burmeseclassic.com



နိပ်မိလာတယ်။ မြှာသို့မှာလုပ်မယ့် ရေတိမ်ကန်ဘုရားပွဲ အတွက် ပထမဝါဆိုမတိုင်ခင်ကတည်းက ဘုန်းကြီးကျောင်း အောက်ဘက်မှာ ညဘက် အစည်းအဝေးလုပ်ကြတယ်။ နောက်တော့ နှစ်ပတ်တစ်ခါ စနေနေ့ညတိုင်း အစည်းအဝေး လုပ်ကြတယ်။ အဲဒီအခါ ပင်စင်စားဆရာကြီး ဦးလှမောင်က ဘုန်းကြီးလေးနားထိုင်ပြီး ပြောတာဆိုတာတွေ လိုက်မှတ်ရတယ်။ ဦးလှမောင်ကြီးကို ဘုန်းကြီးကလေးက အဲဒီတာဝန်ပေးထား တာကိုး။ အစတော့ ဦးလှမောင်ကြီး ဘုန်းကြီးကလေးနား ထိုင်ပြီး မြောက်ကြွမြောက်ကြွရယ်၊ အတော်ကလေး ကြာလာ တော့ သိပ်သဘောကျပုံမပေါ်တော့ဘူး။ ဒီတော့ ဖင်နာ ခေါင်း ကိုက်စတာတွေ အကြောင်းပြပြီး ရှောင်တော့တာပဲ။ ဘယ် ဒီလိုရမှာတုံး။ ဘုန်းကြီးကလေးက လူလွှတ်အခေါ် ခိုင်းပြီး ဦးလှမောင်ကြီးရောက်တာနဲ့ "ပြောစမ်း၊ ခင်ဗျားရောဂါ၊ ဟောဒါက ကိုဒါနင်၊ ဟောဒါက ဘတ်စပရို၊ ဟောဒါက နာစေချောင်းဆိုးကောင်းတဲ့ ဘာမိတုံ၊ ကိုင်း ဘာဖြစ်သတုံး၊ ပြောစမ်း" လို့ ပြောတာနဲ့ ဦးလှမောင်ကြီးလည်း ဘုန်းကြီးကလေး ဆေးပုလင်းတွေကြည့်ပြီး တစ်ချီတည်း အနာပျောက်သွားဆယ်မြောက်ပါ ပျောက်တော့တာ။

အရင်ကဆို ရေတိမ်ကန်ဘုရားပွဲလုပ်ဖို့ ဝါကျွတ်မှပဲ တစ်ခါလောက်ပဲ စုပြီး ပြောဆိုကြရတာ၊ ဘုရားပွဲကြီးကို ဘုန်းကြီးတွေက ဦးစီးကြပ်မတ်ရတာဆိုတော့ များသောအားဖြင့် ဒီတစ်ကြောက ဘုန်းကြီးတွေစုတဲ့ ပဝါရနာ ပြီးရင်၊ အရပ်က လူတွေနဲ့ ပြောကြဆိုကြတာ၊ ခုတော့ ဘုန်းကြီးလေးက နှစ်ပတ် တစ်ခါ အစည်းအဝေးလုပ်ပြီး၊ အစည်းအဝေးတိုင်းမှာ ဘယ်သူ က ဘာတွေလုပ်နေတယ်၊ ဘာတွေတော့ လုပ်ပြီးပြီ ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြောရတယ်။ ဦးလှမောင်ကြီးကတော့ ဆိုင်ကြီး မှတ်ရတယ်။ ဒီလောက်နဲ့ ဘယ်ပြီးမှာတုံး။ နောက်တစ်နေ့ ဘုန်းကြီးလေး ထုတ်ပေးတဲ့ စက္ကူဖြူဖြူပေါ်မှာ ဖောင်တိန်နဲ့ အချောပြန်ရေးရတယ်။ ပြီးမှ ဘုန်းကြီးကလေးက ဖတ်ကြည့်ပြီး စာရွက်ထောင့်မှာ တံဆိပ်တုံးနှိပ်တယ်။ တံဆိပ်တုံးနှိပ်တယ် ဆိုတာက ဒီလို ဘုန်းကြီးကလေးမှာ သူ့ဘွဲ့တံဆိပ် ရာဘာတုံး ရှိတယ်။ အဲဒီတံဆိပ်တုံးကို အစည်းအဝေးအကြောင်း ဦးလှမောင်ကြီး ရေးတဲ့ စာရွက်ထိပ် ထောင့်မှာနှိပ်တယ်။ ပြီးမှ ရက်စွဲတပ် လက်မှတ်ထိုးတယ်။ ဦးလှမောင်တို့ ထောင်ကဲကြီး ဦးအကျွေးတို့လည်း ထိုးရတယ်။ ဒီဘက်ကျောင်းက ဆရာတော်ကြီးတို့ တိုက်အုပ်တို့ စကားဝိုင်းမိတဲ့အခါ ထောင်ကဲကြီးက "သောက်ကျိုးနည်း စနစ်ကျတဲ့ ကိုယ်တော်" လို့ မှတ်ချက် ချတယ်။

အဖိတ်နေ့၊ ဥပုသ်နေ့တွေမှာ ရေတိမ်ကန်ကျောင်း လာတဲ့သူတွေ ဘာတွေက နဝကမ္မဖြစ်ဖို့ ဝတ္ထုလေးဘာလေး လှူတဲ့အခါ ဘုန်းကြီးလေးက တရင်းနဲ့ အသေအချာမှတ်ပြီး ကျောင်းနဲ့ဘုရားအတွက် ဖွစည်းဝယ်တယ်။ ကြည့်လေ၊ ခုဆို ဘုရားဝင်းစည်းရိုးက အစိမ်းရောင်သုတ်ထားတယ်။ အရင်ကတော့ တစ်သက်လုံး တားထောင်ဆရာကိုမြ အလကားပေးတဲ့ ဖင်ဂျင်ဒိုင်အပေါက်နဲ့ ရေနံချေး ရောသုတ်နေတာ။ ခုတော့ အစိမ်းရောင် ဖြစ်ကုန်ပြီ။ ကျောင်းခပ်လှမ်းလှမ်းက မှန်းမြေ လည်း ညှိလိုက်ပြီး ကျောင်းသားတွေကို ဘောလုံးအကန်နိုင်း တယ်။ အရင်ကတော့ ကျောင်းနောက်နားက သစ်ပင်အုပ် အောက်မှာ ခြင်းခတ်နေကြတဲ့ ကောင်တွေ အခုညနေတိုင်း ဘောလုံးကန်နေကြတယ်။ ဘောလုံးကို ဘုန်းကြီးကလေး ကိုယ်တိုင် မြို့သွားတုန်း ဝယ်လာတာဆိုတော့ ဘယ်သူကမှ

www.burmeseclassic.com



မပြောခဲ့ကြဘူး။ ဒါတောင် ဦးလှမောင်ကြီးက မနေနိုင်မထိုင်နိုင် "သူတို့ဘာသာသူတို့ ခြင်းခတ်နေတာအကောင်းသား ကိုယ်တော်ရာ" လို့ ပြောမိလို့ ကောင်းတော့ကောင်းသပေါ့ဗျာ၊ လူဆိုတာ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက် မြင့်ကြလေ အောင်. . ." အစချီပြီး ဘုန်းကြီးလေးက နှစ်နာရီသာသာ လောက် ကြာအောင် ဦးလှမောင်ကြီးကို ပြန်ရှင်းပြလိုက်လို့ ဦးလှမောင်ကြီးလည်း အဲဒီညက ကံကောင်းလို့ ညစာမလွတ် တယ်။ အဲဒီကစလို့ ဦးလှမောင်ကြီးလည်း သိပ်ပြီး လျှာမရှည် ခဲ့တော့ဘူး။

တစ်နေ့တော့ ဘုန်းကြီးလေးက အမှတ်မထင် ပြက္ခဒိန် ကြည့်ရင်း ဘုရားပွဲလုပ်မယ့်နေ့က လကွယ်နေ့ဖြစ်နေတာ တွေ့လိုက်ရတယ်။ ဒီတော့ ချက်ချင်း ကျောင်းဆရာ ဦးလှမောင် ကို ခေါ်လွှတ်ပြီး မေးရတော့တာပေါ့။ ဦးလှမောင်ကြီးက ဘုရားပွဲရက်ကတော့ အမှန်ပဲ။ ဒီလိုပွဲလုပ်လာတာကလည်း အစဉ်အလာပဲလို့ ပြောဆိုရှင်းပြပေတဲ့၊ ဘုန်းကြီးကလေးက သိပ်မကျေနပ်ဘူး။ ဦးလှမောင်ခမျာ ကြားဖူးနားဝ ပါဠိစပ် ရာဇဝင်တွေ ဘာတွေကို ကိုးကားပြောပေတဲ့ ဘုန်းကြီးကလေးက သိပ်မကျေနပ်ဘူး။ ဒီတော့ ဦးဉာဏ်နဲ့တို့ ဆရာတပည့်မှီရာ ကျောင်းကိုသွားပြီး လျှောက်တယ်။ ဆရာတော်ကြီးကော၊ တိုက်အုပ်ကပါ ရေတိမ်ကန်ဘုရားပွဲဟာ လမိုက်ညမှသာ လုပ်လေ့ရှိကြောင်း ရှင်းပြပြီး၊ အစဉ်အလာဖြစ်နေလို့ ဘုရားပွဲ ရက်ကိုတော့ ပြောင်းလို့မဖြစ်ဘူးဆိုတာ အတော်ရှင်းလိုက် ရတယ်။ ဘုန်းကြီးလေးကတော့ သိပ်မကျေနပ်ဘူး။ ဒါကြောင့် ပြန်ခါနီးဝတ်ပြုရင်း "တပည့်တော် တစ်မျိုးတစ်မည် စဉ်းစား ကြည့်ဦးမယ်ဘုရား" လို့ ဆရာတော်ကြီးနဲ့ တိုက်အုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထားလိုက်တယ်။

အဲဒီကစလို့ ဘုန်းကြီးလေး ဦးအဂ္ဂဟာ ရေတိမ်ကန် ဘုရားပွဲအကြောင်း တတ်နိုင်သမျှ စုံစမ်းတယ်၊ ပါးစပ်ရာဇဝင် အရတော့ မင်းသားကြီးဘယ်သူဆိုလား၊ အိမ်ရှေ့ကိုယ်တော် ကလေး ဘယ်သူဆိုလား။ သူက ဒီရေတိမ်ကန်ဘုရားနား လမိုက်ညတွေမှာ လာလာပြီး သူ့တပည့်တွေနဲ့အတူ ဓားရေး ကျင့်တယ်ဆိုပဲ။ အဲဒီအစွဲနဲ့ ဘုရားပွဲကို လမိုက်ညမှာ လုပ်ကြ သတဲ့။ အဲဒီအစွဲနဲ့ပဲ ဘုရားပွဲလုပ်တိုင်း အနီးအနားက ကာလ သားတွေ ရိုက်ကြသတဲ့၊ ဒါကြောင့်လည်း ရေတိမ်ကန် ဘုရား ပွဲမှာ ခဲလံကျည်တောက် ရောင်းတဲ့အသည်တွေ ပေါ်ဆိုပဲ၊ ခဲလံ ကျည်တောက်က စားဖို့ရောင်းတာမဟုတ်ဘူးတဲ့၊ တချို့ ခဲလံကျည်တောက်သည်တွေရောင်းတာမျိုးဆို အထဲမှာ ကောက်ညှင်းက ဆိတ်စကလေးတောင် မပါဘူးတဲ့၊ 'ရိုက်ဖို့ ရိုက်လို့ကောင်းအောင် လုပ်ထားတာကိုး၊ ရွာလယ်ရပ်က မယ်ညွန့်ကြီးကတော့ ခုလိုပြောင်ပြောင်ပဲပြောတယ်၊ "ဘုန်း ကြီးကို လျှောက်ရမှာတော့ သိပ်မကောင်းဘူး၊ ဘုန်းကြီး က မြော ဆိုလို့သာ သိအောင်ပြောရတာ၊ ကျုပ်တို့ ဘုရားပွဲကြီး ညည်ဆို အရပ်ရပ်က အပျိုတွေ၊ တစ်ခုလပ်တွေ အကုန်လာကြ တာကလား၊ ဘုရားပွဲလမိုက်ရက်ဆိုတော့ ကာလသားတွေ ကလည်း ပေါသကိုး၊ အဲဒီမှာ ကောင်မတွေက ဖင်အဆိတ် ခံရတာပေါ့၊ အဲဒါကိုက အစဉ်အလာတစ်ခုဆိုတော့ တချို့များ ခရီးတစ်သောင်းလောက်က လာကြတာ" တဲ့။

ဒီကစလို့ ဘုန်းကြီးလေးက အချိန်ရသရွေ့ စဉ်းစား နေတော့တာပဲ၊ "ဒီကိစ္စဟာ တယ်နေရာမကျဘူး၊ ဘာအစဉ် အလာကြီးပြောပြော ငါဦးစီးတဲ့ဘုရားပွဲမှာ ဒါမျိုးတွေ့ မရှိရ

www.burmeseclassic.com



ရဘူး။ ဒီတော့ ဘယ်လိုလုပ်ရမလဲ" ဆိုတာ ခေါင်းထဲမှာ အမြဲရှိနေတယ်။ အဲဒီလို အမြဲစဉ်းစားနေတော့လည်း ပြဿနာ ရှင်းရန် နည်းပေါ်လာတော့တာပဲ။ "အခုကဟာ လမိုက်ရက် မှာဆိုတော့ မှောင်လို့ဖြစ်တာ၊ မမှောင်အောင် ဘယ်လိုလုပ်မလဲ၊ လင်းအောင် လသာရက်ကို ပြောင်းလို့တော့မဖြစ်ဘူး၊ ဘယ်သူ ကမှ လက်ခံမှာမဟုတ်ဘူး။ တရားပွဲလာတဲ့လူတိုင်းလည်း လင်းလင်းကျင်းကျင်းနဲ့ ပိုလာကြမယ်" ဘုန်းကြီးလေးက အဲဒီလို တွေးတာကိုး၊ အဲဒါအဖြေပဲ။

ခက်တာက မီးစက်ကိစ္စ။ မီးစက်က ငှားမယ့်သူမရှိဘူး ဝယ်မှရမယ်။ ဘုရားဝင်းတစ်ခုလုံး လင်းဖို့စက်က စက်ကြီး လိုတယ်။ ဘုန်းကြီးကလေးကိုယ်တိုင် မြို့တက်ပြီး ကြည့်ပြီးပြီ။ မီးစက်ရောင်းတဲ့ အာရစ်မောင်မြကတော့ စက်ရော မီးကြိုး၊ မီးလုံးပါ ခုနစ်ရာငါးဆယ် ကျမယ်တဲ့၊ ဘုန်းကြီးလေးကို ရိုသေ သမှုနဲ့ ခြောက်ရာငါးဆယ်နဲ့ ပေးမယ်ဆိုရုံမကဘူး၊ သူကိုယ်တိုင် မီးလိုက်ဆင်ပေးဦးမှာတဲ့၊ ဒါတင်မကဘူး၊ ကိုယ်တော်လေး ဆွမ်းစားချိန်နီးနေလို့ဆိုပြီး သူဆိုင်နားက မွတ်စလာဟာကြီး ဆိုင်မှာ ဒံပေါက်တောင် ကပ်လိုက်သေးတယ်။ ဒီတော့ ဘုန်းကြီးလေးအဖို့ ငွေ ခြောက်ရာငါးဆယ်ပဲ ရှိဖို့လိုတော့တယ်။ ကျောင်းမှာရှိနေတဲ့ ဝတ္ထု၊ ဘုရားပွဲကြီးအတွက် အားလုံး လှူကြ တန်းကြမယ့် ငွေအားလုံးတွက်လိုက်တော့ နှစ်ရာငါးဆယ် သာသာပဲ ရှိတယ်။ သူ့ဆရာ ဘုန်းကြီးကြီးတွေနဲ့ တိုင်ပင်တော့ လည်း ဒီကိစ္စက သူတို့တတ်နိုင်တဲ့ကိစ္စမှ မဟုတ်ဘဲ၊ ဒါပေတဲ့ ဖြစ်များဖြစ်ချင်တော့ ကံစပ်တယ်ပဲခေါ်မလား၊ ပစ္စည်းစပ်တယ်ပဲ ခေါ်မလား မသိဘူး၊ သီတင်းကျွတ်လမှာ ဖွင့်တဲ့ အောင်ဘာလေ မှာ ထောင်ကဲကြီးဦးအကျွေးက နှစ်သောင်းဆုပေါက်တယ်။

www.burmeseclassic.com



ဒီတင် အကုန်အဆင်ပြေသွားတော့တာပဲ။

ဒီလိုနဲ့ ထောင်ကဲကြီးဦးအကျော်လည်း မီးစက်ဝတာ ဖြစ်သွားတယ်။ ဒီလိုဆိုပြန်တော့လည်း ရေတိမ်ကန်ကျောင်းမှာ ဘုရားပွဲအတွက် ရန်ပုံငွေက နှစ်ရာငါးဆယ်သာသာ၊ သုံးရာ လောက် ပိုနေပြန်တယ်။ ဘုန်းကြီးလေး ဦးအရွှကတော့ ဒီနှစ် ဘုရားပွဲကြီးကို အဆင့်မြင့်မြင့်လုပ်မယ်လို့ စိတ်ကူးရှိတော့ ခါတိုင်းလို ဘုရားပွဲဖွင့်တဲ့မနက်၊ ဒီအနီးအနားက ကိုယ်တော် တွေကို ဆွမ်းကပ်၊ အရပ်က လူတွေကို ထမင်းကျွေးရာမှာ ကြက်သားဆီပြန်နဲ့ ငရုတ်သီးထောင်း မကျွေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ အရပ်ကလူတွေ ချက်ပြုတ်ရနဲ့ တာဝန် မများကြရအောင်ပေါ့။ ဒီတော့ မြို့က မှတ်စတားစာကြီးကို ဒံပေါက်ချက်နိုင်းပြီး ကိုယ်တော်တွေကို ဒံပေါက်ကပ်၊ အရပ်က လူတွေကို တစ်အိမ် ဒံပေါက်နှစ်ထုပ်တန်သည် အဝိုင်းမယ်။ ဒီအစီအစဉ်၊ ဒီစိတ်ကူးကလည်း တကယ်တော့ကောင်းတာပဲ။

ဘုရားပွဲနေ့မှာတော့ ဘုန်းကြီးလေးရဲ့စိတ်ကူးတွေ အကုန် အကောင်အထည်မပေါ်တယ်။ ဒံပေါက် မစားဖူးတဲ့လူတွေလည်း ဒံပေါက်စားဖူးသွားကြတယ်။ ဘုရားပွဲလုပ်တိုင်း ချက်ပြုတ် နေကျ အမွှဲသူ အမွှဲသားတွေသာ လုပ်နေကြအတိုင်း လုပ်စရာ မရှိတော့လို့ ဘာလုပ်ကြရမှန်းမသိ ဖြစ်နေကြတယ်။ ညဘက် ရောက်တော့လည်း ဘုရားပွဲလုပ်တဲ့ခင်းကြီးက မီးထိန်ထိန် သာတိုး၊ စောစောပိုင်းတော့ မီးထိန်ထိန်သာတာကိုပဲ အထူး အဆန်းဖြစ်လာကြည့်ရင်း ပွဲဈေးလျှောက်တဲ့သူတွေရှိတယ်။ မိုးချုပ်ပိုင်းမှာ လူမရှိတော့ဘူး။ ခဲလဲကျည်တောက်သည့်တွေ မရောင်းရဘူး။ မီးလင်းလင်းကြီးအောက်မှာဆိုတော့ ကာလသား တွေလည်း မနိုက်ရဲကြဘူး။ အပျိုတွေလည်း ဖင်အားလိုက် မစ်

www.burmeseclassic.com

www.burmeseclassic.com



ကြရဘူး။ မြို့က ပွဲကြည့်ဖို့လာတဲ့ ပုလိပ်သားကလေး နှစ်ယောက်လည်း ဘုရားပွဲမှာ ဘာမှထွေလီကာလီ မဖြစ်တော့ စောစောပြန်သွားကြတယ်။ အရင်ကဆို တစ်ညလုံးလိုလို ရေတိမ်ကန်ဘုရားကြီးကျောင်းအောက်ထပ်မှာ အရပ်ထဲက လူကြီးတွေ အလှည့်ကျ ပွဲကြည့်ရင်း ရေနွေးကြမ်းသောက်ရင်း တဝါးဝါးနဲ့ နေကြတာ။ ခုတော့ တိတ်လို့ မီးကြီး ထိန်ထိန် လင်းနေတော့ ဘာမှအကြောင်းကြီးငယ် ရှိမှာမဟုတ်ဘူးလို့ တွက်ပြီး ကိုယ့်အိမ် ကိုယ်ပြန်အိပ်ကြတာပေါ့။

ဘုန်းကြီးလေးဦးအာဂ တစ်ပါးပဲ ကျောင်းအထက်ထပ်ကနေ ပွဲခင်းကို လှမ်းလှမ်းကြည့်နေတယ်။ လမိုက်ညမှာ ထိန်ထိန် လင်းနေတဲ့ ပွဲခင်းကြီး၊ ဒီတော့လည်း ဦးလှမောင်ကြီး ပြောလေ့ ရှိတဲ့ ရေတိမ်ကန်ဘုရားပွဲဟာ လမိုက်ညမှာလုပ်တာ အကြောင်း ရှိပါတယ်ဘုရား ဆိုတဲ့ စကားကို ဘုန်းကြီးလေး နားထဲမှာကြား လို့သာ နေတော့တယ်။ ဘုရားပွဲကြီးပြီးလို့ တစ်ပတ်လောက် ကြာတော့ ဘုန်းကြီးလေးလည်း ဆရာတော်ကြီး နဲ့ တိုက်အုပ်ကို သွားတွေ့ပြီး အတော်ကြာကြာ စကားပြောတယ်။ အဆုံးမှာ တော့ ကိုယ်တော်လေးလည်း ခွင့်ပန်ပြီး မြို့ကို ပြန်ကြွသွား တော့တယ်။ ဘာတွေ အသေးစိတ် ပြောကြမှန်း တော့ မသိ ဘူး၊ ခပ်လှမ်းလှမ်းက ကြားလိုက်ရတဲ့ ကျောင်းသား တစ် ယောက်အပြောကတော့ ဘုန်းကြီးလေး ထပြီး ကြွခါနီးမှာ "စေတနာသာ အဓိကပါ မောင်အာဂ၊ စေတနာသာ အဓိကပါ" လို့ ဆရာတော်ကြီးက ပြောသံ ကြားလိုက်ရတယ်ဆိုတာပဲ။

ခုတော့ ရေတိမ်ကန်ကျောင်းမှာ မီးစက်ကြီးတစ်လုံး အမှတ်တရ ကျန်ခဲ့တယ်။ ဘုန်းကြီးလေးက ဘုရားပွဲမြင့် မြောက်ရေး အစည်းအဝေးမှတ်တမ်းတွေကို သူကိုးနိုးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အနုအကာ တာအုပ်စင်ပေါ်မှာပဲ ထားခဲ့တယ်။ ဒီတော့လည်း နောက်ပိုင်းမှာများ ရေတိမ်ကနစ်ကျောင်းလာထိုင်တဲ့ ကိုယ်တော်လေးတွေအနေနဲ့ ဘုရားပွဲလုပ်မယ်ဆိုရင် အဲဒီမှတ်တမ်းတွေက အတော့်ကို အထောက်အကူ ပေးလိမ့်မယ်ထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## မှာတဆစ်တခွေ

လည်ပေါ်ကျောင်းက ဘုန်းကြီး ဦးပညာဝံသက ကျောက်လမ်း ဟိုဘက်က တသင်တိုက်က တိုက်အုပ်ဦးခေမာနဲ့ ညီအစ်ကို တော်တယ်လို့ ပြောကြတယ်။ ဒါကလည်း သတင်းစုံ ကြားရ တာတွေ့ အငြိမ်းစားမှူလတန်းကျောင်းအုပ်ဆရာကြီး ဦးဖေအေး မောင်ဆီက ကြားရတာ။ လည်ပေါ်ကျောင်းမှာ ကျောင်း ထိုင်မယ့်သူ မရှိတာ အတော်ကလေး ကြာသွားတယ်။ တစ်ဝါ ဆိုမကဘူးထင်တယ်။ ဒီဘက်က ဒကာတွေက ဟိုဘက်က

www.burmeseclassic.com

www.burmeseclassic.com



တသင်တိုက်က ဆရာတော်ကြီးနဲ့ တိုက်အုပ်ကို အမှုကပ်ရာက ဆရာတော်ကြီးကပဲ "ကိုယ်တော့်ညီအစ်ကိုတော် တချတစ်ပါး ရှိရဲ့မဟုတ်လား" လို့ စလိုက်ရာက လိုရင်း ပြောရရင်တော့ လည်ပေါ်ကျောင်းမှာ ဦးပညာဝံသတစ်ပါး ကျောင်းထိုင်ဖြစ် သွားတော့တာပဲ။

အဲဒီတုန်းကတော့ ဦးခေမာက ဆရာတော်ကြီးကို ဦးပညာရဲ့ အခြေအနေ ရှင်းပြသတဲ့။ အဲဒါကို ဆရာကြီး ဦးအေးမောင်က ကြားလိုက်တာနေမှာ။ ဘုန်းကြီးဦးပညာက ပေါ်ဖြူတော့မဟုတ်ဘူးတဲ့ တောထွက်တဲ့။ အရင်က ကျောင်း ဆရာတွေ ဘာတွေလုပ်လာတာ၊ ရဟန်းဝတ်ပြီးတော့လည်း တချတာမှာ နာမည်ရသတဲ့ ဒါကြောင့် ဦးခေမာက ဆရာတော် ကြီးကို လျှောက်ရာမှာ "တပည့်တော် ကံသေကံမတော့ မပြော နိုင်ဘူး ဘုရား။ မောင်ပညာက တချတာ အားသန်တယ် ဘုရား။ ဒီတော့ ကျောင်းထိုင်ချင်မှ ထိုင်မှာ" လို့ ပါသတဲ့။ ဒီတော့လည်း ဆရာတော်က အမြော်အမြင်ရှိလေတော့ "ကိုယ်တော့်ညီကို လျှောက်သာကြည့်စမ်းပါ။ ကျုပ်တို့မလည်း အတန်းကြီးစာလိုက်တဲ့ ကိုယ်တော်တွေရှိနေတာ။ သူ့ဆီ ဖွဲ့ပေးနိုင်သားပဲ၊ လည်ပေါ်ကျောင်းနဲ့ ဒီနဲ့က ဆယ့်ငါးမိနစ် နာရီဝက်လောက်ပဲ ဝေးသဟာ" လို့ ဆိုတယ်။

ဟုတ်တော့လည်း ဟုတ်တယ်။ လည်ပေါ်ကျောင်းနဲ့ တသင်တိုက်ကြီးနဲ့က တော်ရုံခြေလှမ်းနဲ့ဆို နာရီဝက်ထက် ပိုမဝေးဘူး။ သို့ပေသိ၊ လည်ပေါ်ကျောင်းက လူ့ကုံထံ အရပ် ထဲက ကျောင်းလို ပေါက်ပေါက်ရောက်ရောက် ရှိတဲ့လူ အနေများတဲ့ အရပ်မှာရှိတဲ့ကျောင်းမျိုးလို ဖြစ်နေတယ်၊ မြစ်ဆိပ် ကျောက်သင်္ချိုင်းကြီး ဆိပ်ကြီးအိမ်ကောင်းနဲ့ ဝင်ငွေကောင်းတဲ့

www.burmeseclassic.com



လူတွေများတယ်။ ကျောင်းကြီးတိုက အရင် အဲဒီအရပ်မှာ နေခဲ့တဲ့ ဒကာကြီးတစ်ဦးက မြို့မှာလုပ်ငန်းကိုင်ငန်း ကောင်းလို့ ဖွေ့ကျောင်းကြီးကို မြန်မြန်ဆောင်ထားတာ။ ဒီဘက်မှာ အဲဒီလို လည်ပေါ်နဲ့ဘာနဲ့ ကျောင်းမျိုးက ရှားတယ်။ သို့ပေသိ၊ ကျောင်းထိုင် မမြဲဘူး၊ မမြဲရတာကလည်း ဦးဗေးမောင်ကြီး ပြောပုံကမြင့် အဲဒီအရပ်ထဲက ကြေးရတတ်တွေ၊ ပညာတတ် တွေနဲ့ သိပ်အဆင်မပြေတတ်တာက အကြောင်းရင်းပဲတဲ့။ အထူးသဖြင့်တော့ ပညာတတ်ဆိုတဲ့ ကောင်တွေကြောင့်ပဲတဲ့။ ပညာတတ်ဆိုတာကလည်း မှာကဆစ်ဆိုတဲ့ အကောင်တွေတဲ့။

လည်ပေါ်ကျောင်းဘက်နားဆီမှာနေတဲ့ သူတွေအထဲမှာ ဆရာကြီးဦးဗေးမောင် အပါအဝင် ကျောင်းဆရာလူထွက်ချည်း ခုနစ်ယောက်၊ ရှစ်ယောက်လောက် ရှိတယ်။ အဲဒီအထဲမှာ ဗေးကျော်ဆိုတာက မှာကဆစ်ခေါင်းသူကြီးပဲ။ တချို့ကတော့လည်း ဒီမှာကဆစ်ဆိုတာတွေကို ကွန်မြူနစ်လို့ ပြောကြတယ်။ ဗေးကျော်တို့တစ်တွေကတော့ ကွန်မြူနစ် ဆိုရင် တယ် မကြိုက်ကြဘူး၊ မှာကဆစ်မှ မှာကဆစ်ပဲတဲ့၊ အရပ်ထဲမှာ ကတော့ ဒီကိစ္စကို အကြောင်းကြီးငယ်လုပ်ပြီး ပြောမနေကြ ပါဘူး။ တစ်ခုတော့ရှိတယ်။ ကွန်မြူနစ်ဆိုရင်တော့ သိပ် မကြိုက်ကြဘူးဆိုပေသိ၊ ဗေးကျော်ကြီးအိမ် တောင်ဘက်က ကျောင်းဆရာလူထွက် ကိုသာဒင် ဆိုရင်တော့ အရပ်ထဲမှာ ကွန်မြူနစ်ရယ်လို့ တွင်တယ်။ သူက ဘာပြောပြော ခေါင်းတည် မောင်းတည် ပြောတတ်တယ်၊ ရှပ်ရှင်ထဲက ရာဘကြီးလိုမျိုး ဟဲဟဲ ဟဲဟဲလည်း လုပ်တတ်တယ်ဆိုပဲ၊ ပြီးတော့ ပုဆိုးက တိုတို၊ ဂတိမ်းတိုနဲ့တဲ့။ ဒီဘက်အရပ်က စံနဲ့ပြောရရင်တော့ ဒါကွန်မြူနစ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုအေးကျော်ကတော့ အဲဒီလိုမဟုတ်ဘူး။ လူကောင်ကြီးပေတဲ့ ပြောတာဆိုတာ ညင်သာတယ်၊ စကားကို တတိတိနဲ့ ပြောတတ်တယ်။ သူ မကြိုက်တာများဆိုရင် တည့်တည့်မပြောဘဲ တတိတိနဲ့ အကြာကြီး ပြောတတ်တော့ ကျောင်းဆရာကြီး ဦးအေးမောင်တို့ကဆိုရင် "အေးကျော်က တယ်အရစ်ရှည်တယ်၊ ဂျာမနီလုပ် စက်အူများလိုပဲ" လို့တောင် ပြောတယ်။ ဘာလို့ ဂျာမနီစက်အူက အရစ်ရှည်ရတယ် ဆိုတော့လည်း ဘယ်သူမှ မသိကြဘူး။ တချို့ကတော့လည်း ပျော့ပျော့နဲ့နဲ့တဲ့ ကြောင်ချေးများလိုပဲလို့ ပြောကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက မာ့ကဆစ်တော့ ပီသတယ်လို့ ပြောကြတယ်။ ဒီလို သူက သိပ်ပြီး တခြားမာ့ကဆစ်တွေလို ဘာသာရေးဆိုင်ရာကိစ္စတွေမှာ မပတ်သက်ချင်ဘူး။ သူများတွေကိုတော့ ဘာဘာညာညာ မပြောပေတဲ့၊ သူက ဟက်ဟက်ပက်ပက် မရှိဘူး။ ဒီတော့လည်း တစ်မျိုးထင်ကြဦးမယ်၊ အစကတည်းက ရှင်းရှင်းပြောဦးမှ။

သူက လမ်းတံတားဆောက်ကိစ္စတွေမှာ ဦးဆောင်ရုံမကဘူး၊ ဘုန်းကြီးလေး ဦးပညာ ရောက်စကတောင် သွားတွေ့ပြီး ဝပ်ချရင်း ဘုန်းကြီးကလေးကို နဝကမ္မပါ ဘုရားဆိုပြီး ဝတ္ထုတွေ ဘာတွေ ကပ်သေးတယ်၊ ပြီးတော့ ဝပ်ချတာနီး အရှင်ဘုရားကို ရှိသေသမှုနဲ့ကန်တော့ပါတယ်လို့ ပြောသေးတယ်၊ ဒီအချက်က အခရာပဲ။ အေးကျော်ကြီးက မာ့ကဆစ်ကြီး ဆိုတော့ ဘုန်းကြီးကို ဘုန်းကြီးအဖြစ်နဲ့ ရှိသေတာပဲလို့ ပြောချင်တာ၊ သူက တခြား ဘာအယုံအကြည် အမျှော်အကိုးမှ မရှိဘူးလို့ ဆိုချင်တာ။ အရင်ကိုယ်တော်တွေတုန်းကတော့ သိပ်အဝင် မထားမိကြဘူး၊ ဘုန်းကြီးဦးပညာနဲ့ကတော့ အဲဒီလို ပြောတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒကာကြီးက မှာကာဆစ် လားလို့ တန်းမေးတော့တာ။ အဲဒီတုန်းက ဖေအေးကျော်ကြီးက ဘာမှမပြောဘဲ မြုံးမြုံးကလေး လုပ်နေပေတဲ့ ကျောင်းဆရာကြီး ဦးအေးမောင်ကပဲ ဟောဒီ အကောင်တွေအားလုံး မှာကာဆစ်တွေဘုရားလို့ ဝင်ဖျောက် လိုက်တယ်။ ဒီတော့ ဘုန်းကြီးဦးပညာက ကောင်းသပေါ့ဗျာ၊ လူမျိုးစုံနဲ့ နေရတာပေါ့လို့ ပြောလိုက်သတဲ့။

ဟုတ်တော့လည်း ဟုတ်သား၊ ဘုန်းကြီးဦးပညာက လူမျိုးစုံနဲ့ သင်တယ်။ တခြားမပြောနဲ့ တံတားထိပ်က ကားဆိပ်မှာဆို ဘုန်းကြီးလေးကို လူတိုင်းသိတယ်။ မြို့ထဲ ကြွစရာရှိလို့ ကားဆိပ်မှာ ကားစောင့်နေတဲ့အခါများ ဦးပညာ ကို ခွမ်းကပ်ချင်တဲ့လူက အပုံကြီး။ ကားဆိပ်မှာ တာယာပြင်၊ ဘက်ထရီရောင်း စတာတွေလုပ်နေတဲ့ ခင်မောင်ကြီး၊ ခင်မောင်လေးတို့အစ ကာဆင်ဘိုင်ကြီးဆိုရင် ဘုန်းကြီးလေး ကို တွေ့တာနဲ့ ငါးကြော်တစ်ခွက် ဝယ်ကပ်တော့တာပဲ။ ကာဆင်ဘိုင်ကြီးက မြို့ကလာတဲ့ ဂါဒယန်းဆိုလားပဲ၊ အဲဒီ အင်္ဂလိပ်သတင်းစာဖတ်တော့ ခုဆို တစ်ပတ်စာ သူဖတ်ပြီးသား သတင်းစာတွေကို ဘုန်းကြီးဦးပညာဖတ်ဖို့ လူကြုံနဲ့ ပို့ပေးနေ သေးတယ်။ ဒါတင်ဘာဟုတ်သေးလဲ။ လမ်းဟိုဘက်က ပေါက်ဖော်ကြီး အာစိန်ကများတွေ့ရင် လမ်းကူးလာပြီး ဘုန်းကြီး ခေါက်ဆွဲလာစားချေလို့ အမြဲလျှောက်သေးတယ်။

လည်ပေါ်ကျောင်းမှ ဦးပညာကျောင်းထိုင်ကတည်းက ကျောင်းလည်း အတော်ကလေး စည်ကားတယ်တောင် ပြောရမယ်။ လမ်းဟိုဘက်က စာသင်တိုက်ကြီး ရောက်တုန်းကတောင် ဆရာတော်ကြီးက "မောင်ပညာ၊ စာမချရလို့ ဖျင်းနေရင် ငါတို့မှာ စာသင်သားတွေ အသင့်ရှိတယ်တဲ့" လို့ မိန့်ဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကိုယ်တော်ကလေးက "ဆရာတော်တို့က တပည့်တော်ကို ကျောင်းအထိုင်ခိုင်းထားတော့ ကျောင်းထိုင်ဆိုတော့လည်း တပည့်တော်မှာ ရွာအရေး၊ ရပ်အရေးတွေကလည်း ရှိသေးတယ် ဘုရား" လို့ ပြန်လျှောက်တယ်။ အဲဒီတုန်း အနားမှာ ရှိနေတဲ့ ဦးပညာရဲ့နောင်တော် ဦးခေမာက တစ်ခုဝင်ထောက်လိုက်သေးတယ်။ "မင်းနဲ့ ကွန်မြူနစ်တွေနဲ့ တွေ့ပြီးပလား" တဲ့။ "တွေ့ပြီးပါပြီဘုရား၊ တပည့်တော်နဲ့ အဆင်ပြေပါတယ်" လို့ ပြန်လျှောက်တယ်။ ဒီတော့ ဆရာတော်ကြီးနဲ့ ဦးခေမာက တစ်ပါးကိုတစ်ပါး အဓိပ္ပာယ်ပါပါကြည့်ရင်း မသိမသာပြုံးလိုက်တယ်။

ဦးပညာက ရွာအရေး ရပ်အရေးတွေလည်း အတော်ကြည့်တယ်။ ကျောင်းတောင်ဘက်က လက်ဆည်ကန်ကြီးကိုသာ ကြည့်၊ ခုဆို ကန်ပေါင်ပေါ်မှာ ထိုင်စရာ တန်းလျားကလေးတွေ ဘာတွေနဲ့တောင် ဖြစ်လာတယ်။ ဘုန်းကြီးကိုယ်တိုင်ကလည်း ညနေတိုင်းဆို ဤကွမ်းယာပုတ်မှုအောင် အဲဒီဘက်ဆီ စကြံလျှောက်တတ်တယ်။ ကန်ရဲ့အနောက်ဘက်ခြမ်းဆီက ဘုရားငုတ်တိုကြီးတောင် ချုံတွေပေါင်းတွေရှင်းပြီး၊ ကြည့်လို့ရှုလို့ သပ္ပာယဖြစ်အောင် ထုံးဖြူတွေဘာတွေသုတ်လို့။ အဲဒါလည်း ဒေသကျော်ကြီးတို့ မှာကဆစ်တွေ ဝိုင်းလုပ်ပေးကြတာပဲ။ ဒီတော့လည်း မှာကဆစ်တွေနဲ့ ဘုန်းကြီးဦးပညာတို့အကြား ပြဿနာမရှိဘူး၊ အဆင်ပြေနေတယ်ဆိုတာ ဘာမှသံသယဖြစ်စရာမရှိဘူး။ ဒေသကျော်တို့ သာခင်တို့ မှာကဆစ်ဆိုတာက အရပ်ဒေသနဲ့လိုက်အောင် ရေနည်းနည်း ရောထားတဲ့ မှာကဆစ်မျိုးလို့တောင် ပြောရမယ်ထင်တယ်။ ဘုန်းကြီးကျောင်း တို့ ဇရပ်တို့ ဘာတို့ကိုလည်း သူတို့လာကြသား။ ရောက်ရာ ယောင်ယောင်နဲ့ ဘုန်းကြီးတော့လည်း ကန်တော့ကြသား။

www.burmeseclassic.com

www.burmeseclassic.com



တရားပေးတဲ့အချိန်တို့ သိလယ်ခိုင်းတဲ့အချိန်တို့ကျရင်သာ မသိမသာနဲ့ အသာထသွားပြီး ဆွမ်းစားရုံနားမှာမြစ်မြစ် ရစ်နေတတ်တာ။

တစ်နေ့တော့ ပြဿနာတစ်ခု ပေါ်လာတယ်။ ပြဿနာက အေးကျော်ကြီးရဲ့ မိသားစုပြဿနာပဲ။ အေးကျော်အမေကြီး ဆုံးသွားတဲ့ကိစ္စပဲ၊ ဒီမှာ မုတ်ဆိတ်က မုတ်ဆိတ်ရဲ့ အစွမ်းပြ တော့တာကိုး။ လူဆိုတာ သေတတ်တာပဲတဲ့၊ သူ့အမေကြီး ရှစ်ဆယ့်တစ်နှစ်သေတာဟာ ဖြစ်နိုးဖြစ်စဉ်ပဲတဲ့၊ သေရင် မြေမြှုပ်ပစ်ရုံပဲတဲ့။ ဘာမှ ရွတ်ဖတ်နေဖို့ မလိုဘူးတဲ့။ ဒီတော့ သူ့အိမ်သူ ဒွေခင်နဲ့ သူ့သမက် အောင်ဖြိုးတို့က ဘုန်းကြီး ဦးပညာကို လာလျှောက်ကြတယ်။ ဒီတော့လည်း ဘုန်းကြီး ကလေးက ရှင်းပြရှာတယ်။ “ဒကာကြီး ဆန္ဒမရှိဘဲ ဒကာကြီး အပင့်အလျှောက်မရှိဘဲ ကျုပ် ဘာမှမလုပ်နိုင်ဘူး” ဆိုတာ အရပ်ထဲကလူတွေကလည်း မကျေနပ်ကြဘူး။ ယုတ်စွအဆုံး ရွာလအောင်ခင်ကတောင် သရဏဂုံမတင်ဘဲနဲ့တော့ သူ မမြှုပ်ခိုင်းဘူးတောင် ပြောလာတယ်။ ဒီတော့ အေးကျော်ကြီးက ဘယ်သူမှ ဘာမှလုပ်နေစရာမလိုဘူး။ ကျုပ်အမေ ကျုပ် ဘာသာ မြှုပ်မယ်ဖြစ်ကရော။ သူ့ကို ဘယ်သူကမှလည်း မတားရဲဘူးကိုး။

ကျောင်းဆရာကြီးဦးအေးမောင်တို့ လူကြီးတစ်သိုက်က တော့ ဥပါယ်တံမျဉ်သုံးပြီး “မင်းနှမလည်း အကြောင်းကြားဦး လေကွာ၊ မင်းအမေချည်းပဲမှ မဟုတ်တာ၊ သူ့အမေလည်း သူ့အမေပဲ” လို့ ပြောပေတဲ့ မရဘူး။ နောက်ဆုံးတော့ အေး ကျော်တစ်ယောက် သချိုင်းကကောင်တွေနဲ့ ဘယ်လို အပေါက် တည့်သွားကြတယ်မသိဘူး။ သူ့အမေကြီးဆုံးပြီး နှစ်ရက်အတွင်း

www.burmeseclassic.com



မြုပ်ပစ်ဖြစ်သွားတယ်။ သူ့အိပ်သူနဲ့ သားသမီးတွေ ငိုတာတောင် သူ့ရှေ့မှာ မငိုရဲကြဘူး။ ဘုန်းကြီးဦးပညာကတော့ ဒီသတင်းတွေ နေ့စဉ်လို ကြားနေရတယ်။ အေးကျော်ကြီးသမက် အောင်မြို့က နေ့စဉ်လို ဘုန်းကြီးကျောင်း လာနေတာကိုး။ သူ့ခမျာမှာလည်း နေ့စဉ်လို ဒီလိုအကြောင်းတွေပဲ ဘုန်းကြီးကို တိုင်တည်နေရရှာတယ်။ ဘုန်းကြီးအနေနဲ့ကတော့ ဘာမှ ဝင်မပါနိုင်တာအမှန်ပဲ၊ ဒီတော့လည်း သူ့အတွေ့အကြုံကလေးတွေလောက်ပဲ ပြောပြနိုင်တယ်။ အောင်မြို့ကလည်း မူလတန်းကျောင်းဆရာ ဆိုပေတဲ့ အမြော်အမြင်ရှိတဲ့အကောင်ပဲဟာ။ အေးကျော် အမေကြီးဆုံးပြီး တတိယမြောက်နေ့လည်းကျရော အေးကျော် သမီးအငယ်ဆုံးမ တောင်ကောင်ကာ ဖျားတော့တာပဲ။

အေးကျော်သမီး အငယ်ဆုံးမက ဆယ်တန်းတက်နေတာ။ ဘွားအေကြီးအသည်းစွဲ။ ပထမတော့ အပူရှပ်တယ်ထင်တာပဲ။ နောက်တော့ ငန်းတွေဘာတွေ ဖမ်းလာလို့ ဆေးဆရာပင့်ရတယ်တဲ့။ အရပ်က ဆေးဆရာနဲ့ မဖြစ်လို့ ကားဆိပ်မှာ ဆေးခန်းဖွင့်ထားတဲ့ ဆရာဝန်ကလေးတောင် အောင်မြို့ကိုယ်တိုင် သွားပင့်ရသတဲ့။ အောင်မြို့နဲ့ ဆရာဝန်လေးနဲ့ကလည်း ရင်းတာကိုး။ ဆရာဝန်ကလေးကတော့ နှစ်ရက် သုံးရက်တန်သည် စောင့်ကြည့်ရဦးမယ်။ လောလောဆယ်တော့ ဆေးတစ်လုံးပဲ ထိုးပေးခဲ့မယ်လို့ ပြောသတဲ့။ အဲဒီညဘက် ကျတော့ ကောင်မကလေးက ကယောင်ကတမ်းတွေဖြစ်ပြီး "ဘွားဘွားကြီး အပေါ်ထပ်က ဆင်းလာတယ်" တို့ "သမီးလည်း ဘွားဘွားနဲ့ လိုက်မယ်" တို့ စသည်ဖြင့် ပြောရောတဲ့။ ညဘက်တွေ အဖျားက ကျသွားပေတဲ့ တိုက်တိုက်ဆိုင်ဆိုင် ပြောရလေသား

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ အိမ်တောင်ဘက်က ညောင့်ကိုင်းကြီးတစ်ကိုင်း ကျိုးကျပါလေရော။ "အိမ်တောင်၊ ညောင်ကျိုး၊ အပနိုကိုး အိမ်သားမျိုးပြတ် ဖြစ်တတ်ပလေ" လို့ စကားရှိသေးတာကိုး။ "အိမ်သားမျိုးပြတ်" ဆိုတာ အိမ်တစ်အိမ်ရဲ့ အကြီးဆုံးနဲ့ အငယ်ဆုံး သေတတ်တာလို့ ယူကြတော့ အားလုံး လန့်ကြရ တာပေါ့။ ဒီတော့လည်း ရွှေခင်က "ရှင်အယူသည်းတာတွေ ကျုပ်တို့ ဒဏ်ခံရပါပကော" လို့ ပြောရင်း ငိုတော့တာ။

အားကျော်ကြီးအဖို့ကတော့ အားလုံး တိုက်ဆိုင်တယ်ပဲ ခေါ်ရတော့မယ်ထင်တယ်။ သူက မတော်တဆော် မယုံဘူးလို့ ဆိုနေတာကိုး။ အပေါ်ထပ်မှာအိပ်တဲ့ အောင်မြိုးတို့လင်မယားက ညဆယ်နာရီလောက် အောက်ထပ်ကို ပြေးဆင်းလာကြပြီး ဘုရားခန်းထဲက ဘုရားစင်မှာ ဖယောင်းတိုင်မီးတွေ တောက် နေတယ်၊ ဘွားအေကြီးအခန်းက ပြတင်းပေါက်ရော၊ တံခါးမကြီး ပါ ပွင့်နေတာ တွေ့ရလို့ သူတို့တော့ မအိပ်ရဲဘူးတဲ့။ အောက် ထပ်က အငယ်မအခန်းထဲမှာပဲ အိပ်တော့မယ်တဲ့။ ဒီတော့ အားကျော်ကြီးကလည်း အိမ်တိုင်မှာထောင်ထားတဲ့ နှစ်တစ် လက်မတစ်ချောင်း အသာကိုင်ပြီး အပေါ်ထပ် တက်ကြည့် တယ်။ ပြန်ဆင်းလာတော့ "စပယ်ပန်းတွေလည်း ကြွထား ပါလား" လို့ ပြောတယ်။ ဒီတော့ အောင်မြိုးတို့ လင်မယားက ကြည့်ကြည့်ကြောင်ကြောင်နဲ့ ကျွန်တော်တို့တွေ ကြောက်လို့ ပြေးဆင်းလာတာပဲ။ သေချာမကြည့်မိဘူးလို့ ပြောပြီး ဒေါ်လေးများ ထားသလားလို့ မေးတယ်။ ရွှေခင် ကတော့ ကျုပ်အပေါ်ထပ် မရောက်ဘူးလို့ ပြောရင်း အားကျော့်ကို လက်ညှိုးခေါက်တောက်ထိုးပြီး "အမေရေ အမျှ အမျှ" လို့ ပြောပြီး "ရှင့်ကြောင့် ရှင့်ကြောင့်" လို့ပဲ ပြောရင်း ငိုပါလေရော။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီညကတော့ တော်တော်နဲ့ မအိပ်နိုင်ကြဘူး။ အောင်ဖြိုးကတော့ လိုရမည်ရဆိုပြီး သူ့သူငယ်ချင်း မောင်စိုးနဲ့ ကျော်စိန် ကို ခေါ်သွားပြီး မီးဖိုဆောင်ဘက်မှာ အိပ်ခိုင်းတယ်၊ အေးကျော်တို့မိသားစု တစ်စုလုံးကလည်း မအိပ်ရဲကြဘူး။ ညတစ်နာရီလောက်မှ အိမ်အောက်ထပ်မှာပဲ အိပ်ဖို့ လုပ်ကြတယ်။ အောင်ဖြိုးတို့လင်မယားက အငယ်မအခန်းမှာ အိပ်ဖို့ ဝင်သွားတော့ ရွှေခင်ကလည်း သူတို့အိပ်ခန်းကို ဝင်တယ်။ ဒီတော့ မအိပ်ခင် အေးကျော်ကြီးက အိမ်အပြင်ဘက်က ရေအိမ်ကိုသွားတယ်။ အသွားမှာ မီးဖိုဆောင်ထဲက အိပ်မောကျနေတဲ့ အောင်ဖြိုးသူငယ်ချင်းနှစ်ကောင်ကို မီးထိုးကြည့်လိုက်သေးတယ်။ ရေအိမ်က ကျင်းအိမ်သာမျိုး။ သွပ်မိုးသွပ်ကာ အကျလုပ်ထားတာ။ အေးကျော်ကြီးလည်း ရေအိမ်ထဲ ရောက်ပြီး ဘာမှမကြာသေးဘူး တဘုန်းဘုန်းနဲ့ ရေအိမ်ပေါ် ခဲကြပါလေရော။ ဒီတော့ အေးကျော်ကြီးခမျာ တတ်သုတ် ရိုက်ပြီး ပြေးထွက်လာတော့ မီးဖိုဆောင်ထဲက အောင်ဖြိုး သူငယ်ချင်းနှစ်ယောက် ပြေးထွက်လာကြရင်း "ဘာတုံးဦးလေး" လို့ မြိုင်တူမေးလိုက်ကြတယ်။

"ရေအိမ်ခဲကျတာ တဘုန်းဘုန်းနဲ့ မင်းတို့ကြားလိုက်လား" လို့ အေးကျော်ကမေးတော့ နှစ်ယောက်သား အေးကျော်ကို တအံ့တသြနဲ့ ပြန်ကြည့်ရင်း ကျွန်တော်တို့ ဦးလေးအော်သံကြားလို့ လန့်နိုးသွားကြတာဆိုပဲ။ အေးကျော်လည်း အိမ်ရှေ့ခန်း ပြန်ရောက်တာနဲ့ အားလုံးကိုနှိုးပြီး ခဲကျသံ ကြားမကြား မေးတော့၊ ဘယ်သူမှ မကြားကြဘူးတဲ့။ အဲဒီတုန်းပဲ အောင်ဖြိုးသူငယ်ချင်းနှစ်ယောက်က အိမ်ရှေ့ခန်းဆီ ဝင်လာပြီး ခုလို ပြောပြန်တယ်။ "ဦးလေးက ခဲကျတယ်ဆိုလို့ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးနားသွားကြည့်တာ ဘာမှမတွေ့ဘူး။ ရေလည်ကူးကာလေး မှာတော့ ဝံပယံပန်းတွေ ခြွေချထားတာ အများကြီးပဲ" တဲ့။ ဒီတော့ ရွှေခင်က ဘုရားတာလိုက်ရင်း သူလက်ထဲကိုင်ထားတဲ့ စိပ်ပုတီးကို သမီးငယ်မ လည်ပင်းမှာ အသာစွပ်ပေးလိုက်ရင်း ဖအေးကျော်ကို ခေါင်းတည်မောင်းတည်နဲ့ "ကျုပ် မနက်ကျရင် အမေ့အတွက် သက်ပျောက်နဲ့ မြေကျဆွမ်းကပ်မယ်။ ဦးပညာ ကို ပရိတ်လေးဘာလေး ရွတ်နိုင်းမယ်၊ နင်ကြိုက်ကြိုက် မကြိုက်ကြိုက် ကျုပ်လုပ်မယ်။ နင်နဲ့ နှင်းမှာကဆစ်တွေ လုပ် ချင်ရာလုပ်ကြ၊ မလာချင်မလာကြနဲ့။ ကျုပ်မှာ သားရယ် သမီး ရယ် ဆိုတာတွေရှိတယ်။ သူတို့အတွက် ကြည့်ရမယ်" လို့ ပြောတော့တယ်။

ဖအေးကျော်ကြီးကတော့ ဘာမှပြန်မပြောဘူး။ အတော် ကြာတော့မှ "အောင်မြိုး မနက်စောစော ဘုန်းကြီးသွားပင့်ချေ နေ့ဆွမ်းလုပ်၊ ဒါမှ အချိန်ရမယ်" လို့ လှမ်းပြောလိုက်တယ်။ အဲဒီညကတော့ ဖအေးကျော်တို့ တစ်အိမ်သားလုံး မအိပ်ကြရ တော့ဘူး။ အငယ်မတောင် အပြင်းဖျားရာက ယူပစ်သလို ပျောက်သွားတယ်။ နောက်တစ်နေ့ မနက်တော့ ဘုန်းကြီး ဦးပညာကို နေ့ဆွမ်းကပ်ကြတယ်၊ သီလယူချိန်ကျတော့ ဖအေးကျော်ကြီး ထသွားမလိုလိုလုပ်တော့ ဘုန်းကြီးဦးပညာက "ဒကာကြီး၊ ခင်ဗျားရှိနေမှ ကောင်းတယ်၊ ပြီးရင် ဘုန်းကြီး အမှာဝေမယ်၊ သို့ပေတဲ့ ခင်ဗျားသဘောပဲ" လို့ လှမ်းပြောတော့ တစ်မိသားစုလုံး ဖအေးကျော်ကို လှမ်းကြည့်လိုက်ကြတယ်။ ဒီတော့ ဖအေးကျော်လည်း "တင်ပါဘုရား" တစ်ခွန်းပဲ ပြော အသာပြန်ထိုင်နေလိုက်တယ်။

ဖအေးကျော်အမေအတွက် ရက်လည်တော့ ပြည့်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ လုပ်တယ်။ တသင်တိုက်က ဦးခေမာကြီးတောင် ကြွတယ်။ လူတော်တော်များများလည်း လာကြတယ်။ သီလ ပေးခါနီးတော့ ဦးပညာက ဦးခေမာကို လျှောက်ပေတဲ့ ဦးခေမာ က ဦးပညာကိုပဲ သီလပေး၊ ရေစက်ချတွေ လုပ်စေတယ်။ သူကျောင်း သူ့ဒကာ အခြေအနေကို ဦးခေမာက နောက်နားက ကြည့်နေပုံရတယ်။ အဲဒီနေ့ကတော့ ဘေးကျော်ကိုယ်တိုင် သီလယူရှိတင်မကဘူး ကိုယ်တိုင် ရေစက်ချတယ်။ နောက်နား က ထိုင်နေတဲ့ ကျောင်းဆရာကြီး ဦးအေးမောင်တို့ လူတစ်သိုက် တတော့ ပြုံးစိပြုံးစိနဲ့ပဲ။ ပြီးတော့ အမေ့အတွက် ရည်စူးပြီး ကျောင်းဝင်းထဲက ရေယ်တစ်ဆောင် ဖြင့်ပါရစေလို့ ခွင့်တောင်း တယ်။ တစ်လက်စတည်း "တပည့်တော်ကို့ ဆရာဒကာရင်း လို့ မှတ်ပါဘုရား" လို့ လျှောက်တယ်။ ဘုန်းကြီးဦးပညာက သာဓု ခေါ်ရင်း ပြုံးတယ်။

အဲဒီနေ့ ညနေဘက်တော့ ဆွမ်းကျွေးမှာ ဝိုင်းဝန်းလုပ် လိုက်ကြတဲ့ ဘောင်ဖြိုးတို့တစ်သိုက်ကတော့ အပန်းဖြေရတောင် တဲတားထိပ် ကားဆိပ်က အာစိန့်ကြီး ခေါက်ဆွဲဆိုင်ကို ချီတက် သွားကြလေရဲ့။ အာစိန့်ကြီးဆိုင်၊ နောက်ဖေးခန်းထဲမှာ ဆယ်ခုနစ်ကျပ်ခွဲတောင် ပေးရတဲ့ မန္တလေးမော့ဝီစကီတစ်လုံးနဲ့ အာစိန့်ရဲ့ နာမည်ကျော် ကုန်းဘောင်ကြီးကျော်နဲ့ ဇမတ်ကို ကျနေကြတာ။ ဆေးခန်းပိတ်တော့ ဆရာဝန်ကလေးတောင် သူတို့ဝိုင်းထဲ ပါလာသေးတယ်။ ဘားရင်းသောက်ရင်း မောင်ရိုး က ပြောတယ်။ "မင်းယောက္ခမကောင်းမှု ငါ့အိမ်က စံပယ် တစ်ရုံလည်း ကုန်ပါပကော" တဲ့။ ဒီတော့ ကျော်စိန်က "သောက်ကျိုးနည်းတဲ့ မှာကဆစ်တွေ၊ တရွှေတော့လည်း ကြောက်သေးသကိုး" တဲ့။ ဘောင်ဖြိုးကတော့ ဖခင်တော့ကို

www.burmeseclassic.com



အောင်မြင်နဲ့ညာသားပြီး ကျေနပ်တဲ့လေမျိုးနဲ့ တစ်ခွန်းပဲ ဝင်ပြောတယ်။ "ဘယ်ရလိမ့်မတုံး ဒီမှာကဆစ်တွေ၊ တို့ကိုယ်တော်ကလည်း မှာကဆစ်က ကျွတ်လာတာ၊ မှာကဆစ်လူထွက်ပဲ၊ သင်းတို့လောက်တော့ အရေမျှပဲ" တဲ့။

ဘေးကျော်အာမေ ရက်လည်ဆွမ်းကျွေးအပြန်တုန်းကတော့ ကျောင်းဆရာကြီးဦးဘေးမောင်က သူ့အိမ်သူကို ခုလိုပြောသတဲ့။ "ဘေးကျော်ကိုယ်တိုင် အမျှဝေလို့တော့မြင့် လည်ပေါ် ကျောင်းမှာ ဦးပညာမြဲပဟော့"

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူင်ဖြင်း၏ ရက်စက်မှု

ဒီတကြောမှာ ဘုန်းကြီးဦးသောဘနက အဆုံးအမ ကောင်းတယ်လို့ နာမည်ရတယ်။ အမှန်မှာ ဦးသောဘနက ဆရာတော်ကြီး၊ သာမန်ဘုန်းကြီး မဟုတ်ဘူး။ သူ့အောက် မှာကို တချိုဘုန်းကြီး လေး ငါး ရှစ်ပါးလောက် ရှိတယ်။ ဒီဘက်တကြောမှာက တသင်တိုက်ကလည်း ရှားတော့ ဦးသောဘနကျောင်းမှာ တလိုက်ချင်တဲ့ ကိုယ်တော်မရှားဘူး။ ဆရာတော်ကြီးကို တချိုကိုယ်တော်ကြီးတချို့တို့က သာသာနေ့ရို့ တောင်း

www.burmeseclassic.com

www.burmeseclassic.com



ပန်ထားလို့ တမချွတော့ဘူး။ ဒါပေမဲ့ ရပ်ကိစ္စ ရွာကိစ္စတွေ ကျရင် ဘုန်းကြီးကြီးဝင်ပြီး ပါနေရသေးတယ်။

"ကိုယ်တော်တို့ တပည့်တော်ကိုတော့မြင့် ဒီကိစ္စ ခွင့်ပြုကြပါ။ ဒီအရပ် ဒီဒေသဟာ တပည့်ဆက်ခဲ့သပါ။ တပည့်တော် တင်းနေလို့ မသင့်ပါဘူး။ ဒေသန္တရချာချာ ဆင်ခြင်ကြည့်ရင် ရပ်ကိစ္စ ရွာကိစ္စမှာ တပည့်တော်ကို လိုအပ်လို့ လာပြီး တိုင်တည်ကြတဲ့အခါ မင်းတို့ဘာသာ ကြည့်လုပ်ကြလို့ ပြောပြီး မျက်နှာလွှဲနေဖို့တော့ မကောင်းဘူးပေါ့ဘုရား"

ဘုန်းကြီးကြီးက သူ့ဘုန်းကြီးတွေကို အဲဒီလို ခွင့်ပန်တတ်တယ်။ အမှန်မှာတော့ ကိုယ်တော်တွေက သူတို့ ဆရာတော်ကြီးကို နားနားနေနေ နေစေချင်တာသာ အဓိကပါ။ ဝါကျွတ်ပြီးလို့ တချို့ကိုယ်တော်တွေ၊ စာသင်သားတွေ အရပ်ကို ပြန်တဲ့အခါ ကျောင်းမှာ တိုက်တုပ်ဦးပညာဝံသနဲ့ ကိုယ်တော် သုံး လေးပါးလောက်ပဲ ကျန်တတ်တယ်၊ အဲဒီအခါမျိုးကျတာ မှပဲ အလှူအတန်း ပွဲလမ်းက ပေါပါ၏။ အဲဒီကျရင် ဆရာတော်ကြီး ကိုယ်တိုင် အပင်ပန်းခံ လိုက်ရရှာတယ်၊ ကိုယ်တော်ကလေး တွေကတော့ ကျောင်းစောင့် နေရစ်ပါလို့ ဆရာတော်ကြီးကို လျှောက်ပြီး ကျောင်းမှာပဲ ကိုရင်၊ ကျောင်းသား စတာတွေနဲ့ ထားရစ်တတ်ကြတယ်၊

ခက်နေတာက ဘုန်းကြီးကြီး အဟောအပြောကိုလည်း အရပ်က သဘောကျတယ်။ ဘုန်းကြီးအချင်းချင်းတောင် ဆရာတော်ကြီး ဟောတာ ပြောတာကို သဘောကျ၊ နားတွေ့ ကြလို့ နမူနာယူကြရတယ်။ ကွင်းသားဆယ့်တစ်ရွာက သိမ် ကျောင်းဆရာတော်ကြီးများဆိုရင် သူ့တပည့်တွေကို "ဟဲ့ မင်း တို့ဘုန်းကြီး ဦးသောဘန ပြောဆိုတာကို မှတ်ကြ၊ နမူနာ ယူ

www.burmeseclassic.com



ကြ၊ ဟောတယ်ပြောတယ်ဆိုတာ အသံကောင်းတာထက် အကြောင်းကောင်းဖို့ အရေးကြီးတယ်။ ဘုန်းကြီးကြီးက ဟောတဲ့ပြောတဲ့အခါ ချိတ်ဆက်မိတယ်။ ပါဠိ ပါဠ်သားတွေ ချည်း နင်းရွတ်တာမဟုတ်ဘူး။ လူသူလေးပါး နားဝင်အောင် ပြောတတ် ဟောတတ်ဖို့ လိုတယ်။ ဆရာတော်ကြီး ဟောတဲ့ အခါတိုင်း ဆင်ဆင်ခြင်ခြင် ပြောဖို့လုပ်ဖို့ပါတာ ကိုယ်တော်တို့ သတိထားမိကြရဲ့လား" လို့ ပြောလေ့ရှိတယ်။

မှန်တော့လည်း မှန်တယ်။ ဆရာတော်ကြီး ဟောပြောတဲ့အခါ ဆင်ဆင်ခြင်ခြင်ရှိကြဖို့၊ ဆင်ခြင်တတ်ကြဖို့ အမြဲလို ပါတတ်တယ်။ ဆရာတော်ကြီးက နေ့စဉ်ဘဝထဲမှာ ပညတ်နဲ့ ပရမတ် ကွဲပြီးထက်၊ ကွဲကွဲပြားပြား သိနားလည်ဖို့ သမုတိသဘော နဲ့ ဖြစ်ပျက်နေတာတွေ နားလည်ဖို့ စေ့စေ့သည်းသည်းဖြင့် ဟောပြောလေ့ ရှိတယ်။ အတင်း ဟိုဟာလုပ်၊ ဒီဟာလုပ်လို့ မတိုက်တွန်းဘူး။ နေ့စဉ်ဘဝနဲ့ မကင်းနိုင်ကြသေးသူတွေအနေနဲ့ နေ့စဉ်ဘဝ ထဲမှာ ဆင်ခြင်တုံတရား အခြေခံထားဖြစ်ကြဖို့ စေ့စေ့သည်းသည်းဖြင့် ဟောပြောလေ့ရှိတယ်။ ဒါကြောင့်လည်း အရင်က ကွန်မြူနစ် လုပ်လာတယ်ဆိုတဲ့ ကျောင်းဆရာလူထွက် နှုတ်ခမ်းမွေးရေးရေးနဲ့ ကိုဦးကြည်ကတောင် ခုဆို ဆရာတော်ကြီး ဟောတာပြောတာ တွေကို သဘောကျလာတယ်။

ကိုဦးကြည်က ဒီဘက်ကမဟုတ်ဘူး။ ကွင်းသာ ဆယ့် တစ်ရွာ ခပ်သာသာမှာရှိတဲ့ အဝေးသင်က။ အဝေးသင် ဆိုတာ က ခုလို ကျောင်းနာမည်တွေ ဘာတွေ မဟုတ်ပါဘူး။ ရှေးက အဝေသအင်းဆိုတဲ့နေရာ၊ ကာလရွေ့လျားလာတော့ အဝေသ အင်းကနေ အဝေးသင်း။ အဝေးသင်းကနေ အဝေးသင် ဖြစ်လာတာ၊ အခုတော့ ရွာကြီးပေါ့။ ကိုဦးကြည် တော့

www.burmeseclassic.com



ယောက္ခမများက အတော်ကြီး အသက်က တောက်လာ တော့ ကိုဦးကြည်က ဒဲဒီက ကျောင်းဆရာတွေ ဘာတွေလုပ်၊ တောတွေဘာတွေ နိုးနေတယ်ဆိုပဲ။ သူ့အိမ်သူကသာ ဒီအရပ်က၊ ခုတော့ ယောက္ခမများက အတော်ကြီး အသက်ကြီးလာတော့ ကိုဦးကြည်ကိုလည်း အလုပ်ပင်စင်ယူပြီး ဒီမှာလာပြီး ဦးစီး လုပ်ကိုင်ပေးရင်း အချိန်ကုန်နေတာ။ ဒီတော့လည်း ဘုန်းကြီးကြီး နဲ့ ပြောဖော်ဆိုဖော် ရနေတာပဲ။

အရင် ရောက်စကတော့ ကိုဦးကြည်က ဘုန်းကြီးကျောင်း တွေ ဘာတွေ သိပ်လာကြတယ် မြင်ကြတယ် မရှိဘူး။ သူက လည်း မာ့ကဆစ် ဖြစ်ခဲ့ဖူးတယ်ဆိုတော့ ယုံတာ မယုံတာတွေ အသာထား၊ ဘုန်းကြီးကျောင်းနဲ့ ခပ်ကင်းကင်းနေသပေါ့။ မာ့ကဆစ်ဆိုတာက ဟန်ကောင်းရတယ်ဆိုတာကိုး။ လေတောင် ဖမ်းပြီး ဝါးတန်းချည်နိုင်တဲ့ လူမျိုးတွေမဟုတ်ဘူးလား။ ဒါပေတဲ့ သူ့ယောက္ခမကြီး ဦးဆယ် ဆုံးသွားပြီးကတည်းက ကျောင်းမှာ အဝင်အထွက် များလာတယ်။ နောက်ပိုင်းတော့ ကျောင်းမှာပဲ အနေများလာတယ်။ ဒီပြင် "ငါက မာ့ကဆစ်ဖြစ်ခဲ့ဖူးလို့ ပြောတာမဟုတ်ဘူး၊ ကို့ကိုယ်တော်ကြီး ဟောတာပြောတာ တွေက လက်တွေ့ကျတယ်၊ ဘဝဆိုတာ လက်တွေ့ဆန်ရ တယ်။ လက်တွေ့နဲ့ နီးစပ်အောင် တွေးရတယ်" စသဖြင့် ပြောလာတယ်။ ဒီက လူတွေကတော့ မာ့ကဆစ်ဆိုတာ ဘာမှန်းလည်း မသိကြပါဘူး။ ဒါပေတဲ့ ကိုဦးကြည် ဒဲဒီလို မပြောခင်ကတည်းက ဆရာတော်ကြီး ဟောတာပြောတာ ကြိုက်ကြပြီးသားပဲ။

ကိုဦးကြည်တောင် ဆရာတော်ကြီးက အတော်ချွတ်လိုက် ရတယ်။ ချွတ်တယ်ဆိုတာထက် မြန်တိမ်းပေးလိုက်တယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောရင် ကောင်းမလားမသိဘူး။ ဒီလို ကိုဦးကြည်ကြီးက အဲဒီမှာကဆစ်ဆိုတာ ဖြစ်လာခဲ့တော့ စကားပြောကြဆိုကြတဲ့အခါ တိုင်ယာလက်သစ်ဆိုလား၊ ဒိုင်ယာလက်တစ်ဆစ်ဆိုလား မသိဘူး ပြောလေ့ရှိတယ်။ ဒီတော့ အမှန်တရားဆိုတာက မှတ်နှာမလိုက်ဘူးတဲ့ ဟိုဘက်မျက်နှာမနာအောင် ဒီဘက် မျက်နှာမနာအောင် နေတာက အမှန်တရားပဲ သေချာပြင် ပြောတတ်တယ်။ ခက်တာက သူက ကျောင်းဆရာလည်း လုပ်လာ၊ မာ့ကဆစ် ဆိုတာကြီးလည်း ဖြစ်ခဲ့ဖူးတော့ ဘယ်သူကမှ သိပ်ပြန်မမေးရဲကြဘူး။ သူပြောရင် နားမလည်ပေတဲ့ နားလည်သလိုလိုနဲ့ နားထောင်တတ်ကြတယ်။ မာ့ကဆစ်ကြီး ပြောတာ နားလည်သလိုလိုဆိုတော့ ဘေးဘီကလည်း အထင် ကြီးသာပေါ့လေ။

အရင်က ကိုဦးကြည် ပြောလေ့ပြောထရှိတာ တစ်ခု ရှိတယ်။ အမှန်တရားဆိုတာ ဒင်းပြားက ခေါင်းဆိုတစ်မျိုး၊ ပန်းဆိုတစ်မျိုးရယ်လို့ မရှိဘူးတဲ့။ ဒင်းပြားဟာ ဘယ်ဘက်မှ မျက်နှာမလိုက်ဘူးတဲ့။ ဒီတော့ အမှန်တရားဆိုတာ အဲသလို ပဲတဲ့။ သူက ရှင်းပြတဲ့အခါ မုလာတို့ ပတီတို့ သမ္မာတို့ ဆိုတာ တွေလည်း ပါတယ်။ ဒါပေမဲ့ ဒီကလူတွေက ပသီဆိုရင်တော့ အာခေါင်ထဲက အမှုဆိုတာလောက်ပဲ သိကြတော့ ကိုဦးကြည် ကို ပြန်ပြီး သိပ်ပြီး မေးစမ်းမနေကြတော့ပါဘူး။ စကားဝိုင်း ထဲမှာ ဘုန်းကြီးလူထွက် လူပြန်တော် ကိုရိုး ပါလာမှသာ တော တောတောင်တောင် မေးတတ်တာ။ တစ်နေ့တော့ ကိုဦးကြည် ကြီးအကြောင်း ကိုရိုးတာပဲ ဘုန်းကြီးကြီးကို လျှောက်တာ။

"အရှင်ဘုရား၊ အရှင်ဘုရားလူတော့ ကြည်လှပြီး၊ အမှန်တရားဆိုတာ ဒင်းပြားများလိုပဲ မျက်နှာမလိုက်ဘူးလို့

www.burmeseclassic.com



ပြောပြောနေတယ် ဘုရား။ သူတို့ဆရာကြီး ကုလားမတ်ဆိုတာက ပြောသတဲ့၊ ကုလားမတ်ဆိုတာက မော်တော်ကားတိုင်ယာတွေ ဘာတွေ ရောင်းပုံရတယ်။ ကိုဦးကြည်က ပြောတိုင်း ကုလားမတ်ရဲ့ တိုင်ယာလက်သစ်နည်းဆိုလား မသိဘူး ဘုရား" ဒီတော့ ဘုန်းကြီးကြီးက "ဆင်ဆင်ခြင်ခြင် မြင်ရင်ပြီးတာပဲ ဒကာကြီးရဲ့၊ လူဆိုတာက သူ့အမြင်နဲ့သူကိုး။ ကြုံတဲ့အခါ ကျုပ်ပြောစမ်းပါ့မယ်" လို့ပဲ သာသာပြန်ပြောတယ်။ ဒါပေတဲ့ အကြောင်းသင့်လို့ ကြုံတိုင်း ဘုန်းကြီးကြီးက တစ်လုံးပြော နှစ်လုံးပြော ပြောရာက ကိုဦးကြည်လည်း အတော်ပဲ အချိုးပြောင်းသွားတာ။ အခုကတော့ ကိုဦးကြည်ပြောပြောနေတဲ့ အမှန်တရားဆိုတာ ဒင်္ဂါးပြားလို မျက်နှာမလိုက်ဘူးဆိုတဲ့ကိစ္စ။ ဘုန်းကြီးကြီး ရှင်းပြတာက ဒီလို။

"ဒကာကြီး၊ ဒကာကြီးပြောပြောနေတာကြာတော့ ကျုပ်လည်း ရတဲ့အချိန်ကလေးတွေမှာ တွေးကြည့်မိတယ်။ အမှန်တရားဆိုတာက မျက်နှာမလိုက်ဘူးလား။ ဒီတော့ ဒကာကြီးပြောတဲ့ ဒင်္ဂါးပြားကိုပါ ထည့်တွေးရတာကို ဒင်္ဂါးပြားမှာက ခေါင်းရယ် ပန်းရယ် ပါသမို့လား။ ကျုပ်က ကလေးတွေ ခေါင်းပန်းလှည့်တာ ကြည့်မိလိုက်တယ်။ ခေါင်းကျချင်တဲ့ကလေး ခေါင်းရှိနိုင်သပေါ့ဗျား။ နိုင်ချင်တာ အနိုင်ရတာတော့ မှန်တာပေါ့။ ဒီတော့ အမှန်တရားဆိုတာက မျက်နှာလိုက်တယ်။ ပန်းကျတဲ့အခါ နိုင်ချင်တဲ့ကလေး မနိုင်ရတော့ဘူး။ ပန်းတောင်းထားတဲ့ ကလေးက နိုင်တယ်။ တွေ့ပြီလား။ အမှန်တရားဆိုတာက မျက်နှာလိုက်တာပဲ၊ ဘာကို မျက်နှာလိုက်သလဲ။ အမှန်တရားဘက်ကို မျက်နှာလိုက်တာ။ ဒီတော့ ဒကာကြီးပြောသလို ဟိုလိုလို ဒီလိုလိုဟာက အမှန်

www.burmeseclassic.com

www.burmeseclassic.com



တရား မဟုတ်ဘူးဗျ။ အမှန်တရားဘက်ကို မျက်နှာ လိုက်မှ သာ မှန်တာ"

ဒီတော့လည်း ကိုဦးကြည်က မြန်မြန် မငြင်းဘူး။ မှန်ပါ မှန်ပါလောက်သာ လိုက်တာ၊ ဒီတော့လည်း ဘုန်းကြီးကြီးက အဓိကကျတာကလေးတစ်ခု နှစ်ခု ဆက်ရှင်းတယ်။ "တကယ် တော့ နေ့စဉ်ဘဝထဲမှာက ကျုပ်တို့တွေအနေနဲ့ ပုည-ကုသလ- ဓမ္မ စတာတွေ လိုပေတဲ့၊ ဆင်ခြင်ဉာဏ်ကလေးကလည်း လိုသေးတယ် ဒကာကြီး။ နေ့စဉ်ဘဝမှာက သဘာဝ ယုတ္တိတွေ မယုတ္တိတွေ အပုံကြီးကိုး။ ဒီတော့လည်း ယုတ္တိရှိအောင် တွေးရ မယ်ဗျ ဆင်ခြင်ရမယ်" တဲ့။ ဘုန်းကြီးကြီးက အဲဒီလိုပြောတော့ ကိုဦးကြည်က ဘာမှပြန်မပြောပေတဲ့ အနားမှာရှိနေတဲ့ ဘုန်းကြီးလူထွက် ကိုစိုးတို့၊ သူကြီးတူ မောင်မှတ်တို့ကတော့ ဆိုင်းနောက်ထမျှားလိုပဲ မှန်ပါ့ ဟုတ်ပါ့ဘုရား ဆင်ခြင်တတ်ဖို့ က လိုတယ်ဘုရား စသည်သဖြင့် အသံတွေ မြိုင်တူ ထွက်လာ တယ်။

ကိုဦးကြည်ကြီးက အသက်ကလည်း ရလာတော့ ဘုန်း ကြီးကြီးပြောတာကို ဘာမှစောဒက တက်မနေရှာဘူး။ ဟို တုန်းက မှာကဆစ် ဖြစ်ခဲ့သူတွေလည်း ဝမ်းဖောဝမ်းရောင်နဲ့ လျှောကုန်တာများတော့ ကိုယ့်ကိုယ်ကိုယ်လည်း သတိထောင် ထားနေရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘုန်းကြီးကြီး ပြောတာ ကတော့ မှန်ပါပေတယ်၊ တိုင်ယာလက်သစ်နည်းတကျ တွေး ရင်တောင် ဆင်ခြင်နည်းတကျ ဘဝကို တည်ဆောက် ရမယ် ဆိုတာကိုး။ ဆင်ခြင်နည်းကျဖို့က လိုတယ်၊ ဆင်ခြင် ကြရ မယ်။ စသည်ဖြင့် ကိုဦးကြည် အတွေးထဲမှာ ပဲ့တင်လာ တော့ တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့တစ်နေ့ကတော့ ဦးသောဘနကျောင်းမှာ လူကြီးတချို့နဲ့ ကလေးတွေပဲ ရှိကြတယ်။ အရပ်ထဲက လူအတော်များများက ဆည်ပေါက်က ဘုန်းကြီးကျောင်း နှစ်စဉ်မြို့ကထိန်ပွဲကြီးအတွက် သွားကူကြတယ်။ အဲဒါကလည်း ထုံးစံပဲ။ ရွာလုံးကျွတ်နီးပါး သွားကူကြတော့ လူကြီးတချို့လောက်ပဲ ကျန်တယ်။ ဒီတော့ လူကြီးတွေက ဘုန်းကြီးကျောင်းမှာ သွားနေကြတယ်၊ ကလေးတွေလည်း ကျောင်းကို ပို့ထားတယ်။ ကလေးတွေကို ကိုရင်ကြီးစံမောင်က ကြည့်ရတယ်၊ ကိုရင်ကြီးစံမောင်ကလည်း အားလုံးတော့ ဘယ်နိုင်မှာတုံး၊ ကလေးတွေ ကျောင်းဝင်းထဲရှိနေရင် ပြီးတာပဲလို့ သဘောထားရတာ၊ များသောအားဖြင့် ကလေးတွေက ဇရပ်ပေါ်မှာ မဟုတ်ရင် ဆွမ်းချက်ရုံနားမှာ ဆော့ကြတာများတယ်။ ကျောင်းဆောက်ထပ်မှာတော့ ဂီလာန ကိုယ်တော်တစ်ပါးပဲ ကျန်ရစ်တယ်၊

ဘုန်းကြီးကြီးကလည်း ညနေဘက်ရောက်တော့ ကျောင်းဆောက်ထပ် ဆင်းပြီး ဂီလာနကိုယ်တော်ကို စကားပြောရင်း မေးစမ်းနေတယ်။ ပြီးတော့ ကျောင်းပေါ် ပြန်မတက်သေးဘဲ ဂန္ဓကုဋိတိုက်ဘက် သွားတဲ့နေရာဘေးမှာရှိတဲ့ မကျည်းပင်ကြီးအောက်က သစ်သားကွပ်ပျစ်ကြီးပေါ် သွားထိုင်ရင်း ခပ်လှမ်းလှမ်းမှာ ကလေးတွေ ဆော့တာ လှမ်းကြည့်နေလိုက်တယ်။ အဲဒီတုန်း ဇရပ်ပေါ်မှာ ရှိနေကြတဲ့ ကိုဦးကြည်တို့ ကိုစိုးတို့လည်း ဘုန်းကြီးကြီးရှိရာ စကားစမြည်ပြောဖို့ ရောက်လာကြတယ်။ ဒီတော့ ဘုန်းကြီးကြီးနဲ့ ကျောင်းထဲရောက်နေကြတဲ့ လူကြီးအချို့ စကားဝိုင်းကလေး ဖြစ်သွားတယ်။ အကြောင်းထူးတော့ မပါပါဘူး။ တောင်အကြောင်း တောအကြောင်း ရပ်အကြောင်း ရွာအကြောင်းပဲ၊ အဲဒီတုန်းပဲ ထိပ်ကွက်တစ်ကို

www.burmeseclassic.com



မောင်ငယ်က ကလေးမကလေးတစ်ယောက်ရယ် သူငယ်ကလေး တစ်ယောက်ရယ်ကို နားရွက်ဆွဲပြီး ဘုန်းကြီးကြီးရှိရာ ခေါ်လာ တယ်။ ပြီးတော့ ဘုန်းကြီးကြီးကို လျှောက်တယ်။

"သင်းတို့နှစ်ကောင်၊ ဆွမ်းချက်ရုံနားမှာ သတ်ကြမလို့ တောင်နေလို့ တပည့်တော် ခေါ်လာခဲ့တယ်ဘုရား" ဒီတော့ ဘုန်းကြီးကြီးက ဘာမျှ မပြောသေးခင် ကိုစိုးက "ဟဲ့၊ ကိုရင်ကြီး ဆီ ခေါ်သွားပါလား၊ ကိုရင်ကြီး ဘယ်သွားတုံး" လို့ မေးလိုက် တယ်။ "ကိုရင်ကြီး တာလမ်းဘက်ကဆိုင်မှာ ဆေးသွားဝယ် တယ်" "အေ အေ၊ ထားခဲ့ ထားခဲ့" လို့ ဘုန်းကြီးကြီးက ပြော လိုက်ရင်း၊ တစ်ဆက်တည်း "ဟဲ့၊ နင်က နောက်ဖေးတန်းက သန်းရွှင်သမီး မဟုတ်ဘူးလား" လို့ လှမ်းမေးတယ်။ ကလေးမ ကလေးက ခေါင်းပဲ အသာညိတ်ပြတယ်။ ဒီတော့ ကောင်ကလေး ကို သေသေချာချာ ကြည့်လိုက်ပြန်ရင်း "မင်းက စိန်ထွန်းသား မဟုတ်လား" လို့ မေးလိုက်ပြန်တယ်။ ကောင်ကလေးကတော့ ခပ်ရဲရဲပဲ "တင်ပါ့" လို့ ဖြေလိုက်တယ်။ "ဟဲ့၊ မင်းတို့တွေက မောင်နှမဝမ်းကွဲတွေပဲ။ ဘာလို့ တစ်ယောက်နဲ့တစ်ယောက် သတ်ချင်ရတာတုံး" လို့ ဘုန်းကြီးကြီးက မေးလိုက်ပြန်တယ်။ ဒီတော့မှ ကောင်မလေးက ပြောတယ်။

"တပည့်တော်ကို သူက ရန်လုပ်နေတယ်ဘုရား။ ဘွား အေကြီး မစိန်ဆုံးတုန်းက ရက်လည်ဆွမ်းကျွေးတာ သူတို့ သား အဖတွေကို မဖိတ်မိလို့တဲ့ ဘုရား"

ဘုန်းကြီးကြီးရော အနားမှာရှိနေကြတဲ့ ကိုဦးကြည်တို့ လူတစ်သိုက်လည်း ပြုံးလိုက်ကြတယ်။ သူတို့က သန်းရွှင်တို့ မောင်နှမအကြောင်း သိတာကိုး၊ ဒီမောင်နှမက သိပ်မတည့် ကြဘူး။ ဒါနဲ့ ဘုန်းကြီးကြီးက ဝင်မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့လား၊ နင်တို့ကတော့ ဘာလို့မဖိတ်တာတုံး"

"အမေကတော့ ဖိတ်ဖို့ပြောပါတယ်၊ အမေက သူ့တစ်ကိုကို ကြည့်လို့မရလို့ မဖိတ်ရဘူး ပြောလို့ပါ" လို့ ကောင်မကလေးက ပြောတယ်။ ဘုန်းကြီးကြီးက ကောင်ကလေးကို လှမ်းကြည့်လိုက်ရင်း. . .

"ဟကောင်၊ ကြားပြီလား၊ သူ့မှာ ဘာအပြစ်မှ မရှိဘူး၊ မင့်အဖေါနဲ့ မင့်အမေ မသင့်လို့ဖြစ်ကြတဲ့ကိစ္စ၊ သေချာစဉ်းစားကြည့်၊ မင်းက သူ့ကိုသွားပြီး နားတိုက်လို့ ပါးတိုက်တာမျိုးလုပ်လို့ ဘယ်ဖြစ်မှာတုံး။ ကြားလား" လို့ မိန့်လိုက်တယ်၊ ကောင်ကလေးက ဘာမှပြန်မပြောပေတဲ့ မျက်နှာက သိပ်ကျေနပ်ပုံ မပေါ်ဘူး၊ ဘုန်းကြီးကြီးကလည်း ရိပ်မိလိုက်တယ်၊ ဒါနဲ့ ထပ်ပြောလိုက်ပြန်တယ်၊

"ဟကောင်၊ ငါပြောတာကြားလား"

"တင်ပ့ါဘုရား"

"မင်းက ဘာများ ပြောချင်သေးတုံး"

ဒီတော့ ကောင်ကလေးက ဘုန်းကြီးကြီးကို ဘာမှ ပြန်မပြောဘဲ ကောင်မကလေးကို လှမ်းကြည့်လိုက်ရင်း၊ သေသေချာချာ တွေးနေပုံရတယ်၊ ကောင်မကလေးကလည်း ပြန်ကြည့်နေတယ်၊ ပြီးမှ ခုလို ပြောလိုက်တယ်၊

"ကောင်းပါတယ်၊ တို့အလှည့်လည်း လာဦးမှာပါ၊ ငါ့ဘိုးဘေးကြီး ဦးသာမြလည်း ခုဆို ဖျားလို့ အိပ်ရာထဲလဲနေတာ သုံးရက်တောင်ရှိပါပြီ"

ဘုန်းကြီးကြီးကော၊ လူကြီးတွေပါ ဘာပြောရမှန်း မသိဘူး ဖြစ်သွားကြတယ်၊ ဘုန်းကြီးကြီးက ဘာမှမပြောတော့ဘဲ ခေါင်းခါလိုက်တယ်၊ ကိုဦးကြည်ကြီးကတော့ တစ်ခွန်း "နွှီ"

www.burmeseclassic.com



ခနဲ အသံထွက်အောင် ရယ်လိုက်ပြီး မျက်နှာပိုးသတ်နေလိုက်တယ်။ သူကြီးတွေ မောင်မှုသာ ခပ်လှမ်းလှမ်းက ကျောင်းသားကြီးတစ်ယောက်ကို လှမ်းခေါ်လိုက်ပြီး "ဒီကလေးတွေခေါ်သွားစမ်း၊ ကိုရင်ကြီး ပြန်မလာမချင်း မင်းကြည့်နေ၊ ရန်တွေဘာတွေ မဖြစ်စေနဲ့"လို့ ပြောတယ်။

ဒီနောက်တော့ မန်ကျည်းပင်ကြီးအောက်က ကွပ်ပျစ်ပေါ်မှာ ထိုင်နေကြတဲ့ ဘုန်းကြီးကြီးရော၊ လူကြီးတွေပါ စကားစရှာလို့ရပုံ မပေါ်ဘူး။ ကျောင်းဝင်းထဲကနေ လှမ်းမြင်ရတဲ့တောင်နံ့ကိုသာ အဓိပ္ပာယ်မဲ့ ကြည့်နေကြတယ်။ စိတ်ထဲမှာတော့ လေဟာမတိုက်ဘဲနေတဲ့အခါ ဘာများ လုပ်နေပါလိမ့်လို့များ တွေးနေကြသလား မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com

## သံပုရာတစ်ပင်ခြံ

(၁) လိုရိုနာကိုအကြောင်းပြု၍ ကျွန်တော် သံပုရာတစ်ပင်ခြံသို့
ပြန်ရောက်ခဲ့ရပါသည်။

(၂) ကျွန်တော်တည်းရာ ဟော်တယ်သို့ သူကိုယ်တိုင်ကား
မောင်း၍ လာခေါ်သည်။

(၃) ဟော်တယ်မှထွက်၍ အတော်ကြာသည့်တိုင်၊ ကျွန်တော်
တို့နှစ်ယောက်သား
စကားတစ်ခွန်းမျှ မပြောဖြစ်ကြသော်လည်း၊ ဟောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



ကွင်းကိုကျော်၍ တိုက်ရွာနံရံခွဲအနီးက၊ မီးပွိုင့်တွင် ကားရပ်ရသောအခါ သူက ကျွန်တော့်ကို လှည့်ကြည့်ရင်းမေးသည်။

(၄) နင့် မိန်းမနဲ့ သမီးတွေ နေကောင်းလား။

(၅) ကျွန်တော်က အသာခေါင်းညိတ်ပြရင်း၊ နင့်မှာ တစ်ခြားမေးစရာကော မရှိဘူးလားဟု မေးလိုက်မိသည်၊

(၆) လိုရိနာက မီးစိမ်းသွားသဖြင့် ကားကိုမောင်းနေရင်း ခုနေတော့ ဒါပဲမေးစရာရှိတယ်။ အချိန်တန်ရင်ထပ်မေးမှာပေါ့ဟု၍ ပြန်ပြောသည်။

(၇) ဒီတော့ ကျွန်တော်ကပင် မဆီမဆိုင်အကြောင်းအရာတစ်ခုကို ပြောလိုက်မိသည်။

(၈) နင်နဲ့ ပရာဒိုနဲ့ဆိုတော့ ကြီးမနေဘူးလား . . . စပို့ကားလေး ဘာလေး ဝယ်ပါလား။

(၉) လိုရိနာက ကျွန်တော့်ကိုလှည့်မကြည့်ဘဲ၊ နင် သိချင်လို့မေးတာလား၊ ဝေဖန်တာလား၊ သွယ်ဝိုက်ပြီး နင်ကဖြစ်စေချင်တာကို အကြံပေးနေတာလားဟု ပြန်မေးသည်၊

(၁၀)လိုရိနာတွင် ငယ်ငယ်ကတည်းက၊ စကားလုံးကို အကျအနကောက်တတ်သော အကျင့်ရှိ၍၊ သူ့ကို ကျွန်တော်ပြန်လည်ရှင်းမပြတော့ဘဲ၊ ရှေ့ကသွားနေသော ကားများ၏ နောက်မြီးများကိုသာ အဓိပ္ပါယ်မရှိ လှမ်းကြည့်နေလိုက်မိသည်။

(၁၁)အရင်က ဗဟန်းရေခဲဆိုင်ဟုခေါ်သော ကားမှတ်တိုင်အနားသို့ ဖြတ်လာသောအခါ၊ ကျွန်တော်သည် ဘယ်ဖက်သို့လှည့်ကာ ဟိုဟိုဒီဒီကြည့်လိုက်သည်ကို သူက သတိထားလိုက်မိပုံရသည်။

(၁၂)ကိုရင်ထွန်းတို့ဒဲဒီမှာ မရှိကြတော့ဘူးဟု ကျွန်တော်က မမေးဘဲ သူက ကားမောင်းနေရင်း လှမ်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၃)ငါ ဘာရှာတယ်ဆိုတာ နင်ဘယ်လိုလုပ် သိသလဲဟု သူ့ကို ကျွန်တော်ကလှမ်းမေးလိုက်သည့်အခါ၊ သူက ကားမောင်း နေရာမှ ကားမောင်းမျက်မှန်အဝါရောင်အောက်က သူ့ မျက်လုံးတစ်လုံးကို အသာမှိတ်ပြရင်း ပြန်မေးလိုက်သည်။

(၁၄)ဒီအနားမှာ နင်သိတာ ပန်းချီဆရာ ကိုရင်ထွန်းကလွဲလို့ ဘယ်သူရှိလို့တုံး။

(၁၅)ကျွန်တော့်တွင် အတော်ကြာအောင် ဘာမျှပြန်ပြောစရာ မရှိတော့။

(၁၆)အရာရာတို့မှာ ပြောင်းလဲနေသည်မှန်သော်လည်း၊ ကျွန် တော်သည် တစ်နေရာရာ တွင်ရပ်၍ ကျန်နေရစ်ခဲ့သည် ဟု မြင်လိုက်မိသည့်တိုင်၊ ကိုယ့်ဆန္ဒနဲ့ ကိုယ်ရစ်ကျန်နေ တာလား၊ ဘာကြောင့်လည်းဆိုသည်ကို မဝေခွဲနိုင်။

(၁၇)အတော်ကလေးကြာသောအခါ နင့် ဘယ်ဖက်ကလမ်း ကြား မှတ်မိလားဟု လိုရိနာက လှမ်းမေးရင်း သူ့ဖာသာ ဖြေလိုက်သည်။

(၁၈)ချင်းချောင်း အဲဒီဓမ္မာရုံလေး၊ ထိပ်နားမှာ အန်ကယ် ဦးသိန်းမောင် နေတယ်လေ. . ဆာဂျေအော့ သမက်လေ . . . အဲဒီက ဆက်သွားရင် လမ်းထောင့်မှာ နှင်းမိန်းမ အမျိုးတွေလေ၊ ဟို စကားများများနဲ့ အဖွားကြီးလေ၊ မစွစ်တင်မောင် ခေါ်တယ်မဟုတ်လား။

(၁၉)အေ . . . အေ . . . ဟု ဖြေလိုက်မိသော်လည်းကျွန်တော် သိပ်မသေချာလှ။

(၂၀)မသေချာလှသည့်အထဲတွင် ကျွန်တော်ဘာ့ကြောင့် သံပုရာ တစ်ပင်မြို့သို့သွားနေရသည်ပင် သိပ်မသေချာ၊

(၂၁)လိုရိနာ၊ ငါတို့တကယ်ပဲ သံပုရာတစ်ပင်မြို့ကိုသွားဖို့ လိုအပ်သလား။

www.burmeseclassic.com



(၂၂)နင့်အတွက်တော့ ငါမပြောနိုင်ပေတဲ့ ငါ့အတွက်တော့ လိုတယ်လို့ပြောရမှာပဲ၊ ငါ ညီညီကို ကတိပေးထားခဲ့တယ်။

(၂၃)ညီလေးဆုံးတာ ဒီနေ့ ငါးနှစ်ပြည့်သလားဟု ကျွန်တော်က မေးလိုက်မိသည်။

(၂၄)အေး၊ ဟု ပြန်ဖြေပြီးနောက် အတော်ကြာကြာ သူကဘာမှပြန်မပြောတော့ဘဲနေ ပြီးနောက် လှမ်းမေးလိုက်ပြန်သည်။

(၂၅)နင့်မှာ တစ်ခြားအရေးကြီးတာတွေ လုပ်စရာရှိလား။

(၂၆)မရှိပါဘူးဟာ . . . ငါ့အနေနဲ့က ဒါမျိုးတွေကို နားမလည်တတ်ဘူး။ ခံစားချက် မရှိဘူးဆိုတော့ ငါ့မှာသာတွေးကြည့်လိုက်မိလို့ပါ။

(၂၇)ဘာတွေးကြည့်မိလို့လဲဟု လိုရိုနာက ကားမောင်းနေရင်း မေးလိုက်ပြန်သည်။

(၂၈)ကျွန်တော်က တစ်ခုခုဖြေမည်ဟု စဉ်းစားနေစဉ်၊ သူက ပင်ဆက်၍ ပြောလိုက်ပြန်သည်။

(၂၉)ငါ တစ်ခုပြောပါရစေ ဟယ် . . . . တို့တစ်တွေဟာ၊ လူတွေဟာ တစ်ခါတစ်လေအဓိပ္ပါယ်ရှိလို့၊ အဲသလိုမှ မဟုတ်ရင်လဲ အဓိပ္ပါယ်သိလို့ လုပ်ကိုင်နေကြတာ မဟုတ်ပါဘူး . . . တစ်ကြောင်းကြောင်းကြောင့်၊ ခံစားချက်ကြောင့်၊ လုပ်သင့်တယ်ထင်လို့ဆိုတဲ့ ကိုယ်ကျင့်တရားဆိုင်ရာအသိကြောင့် စတဲ့အကြောင်းကြောင်း တွေကြောင့် လုပ်ကိုင်နေကြတာတွေလည်း ရှိပါတယ် . . . လူတွေရဲ့ အပြုအမူတွေဟာ နင် တိုင်းထွာနေတဲ့ ပေတံနဲ့တော့လည်း အမြဲတော့ အံကျမနေနိုင်ဘူးထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



(၃၀)ကျွန်တော် သူပြောသမျှကို နားထောင်နေ လိုက်မိသည်။

(၃၁)လိုရှိနာ ကားမောင်းနေသည်ကို ဘေးတိုက်အသာကြည့်နေ လိုက်မိသည်။

(၃၂)သူ ပြောလိုက်သောစကားများကို ပျော်စေ၊ ပျက်စေပြော လိုက်ပုံ မရသဖြင့်၊ ကျွန်တော်က သူ့ကို ရယ်စရာပြန်ပြော မည်ဟု စိတ်ကူးထားသည်များကို အကောင်အထည်မဖော် လိုက်တော့။

(၃၃)အင်းယားကန် ကန်ဘောင်ရိုးကို ကျွန်တော်မြင်နေမိသော် လည်း ကန်ရေကိုမတွေ့ရ။

(၃၄)ကားထဲတွင် တိုးတိုးကလေးဖွင့်ထားသော စီဒီမှ သီချင်း သံကို ကျွန်တော်တောက် လျှောက် သတိမထားမိခဲ့သော် လည်း၊ ရုတ်တရက် ကျွန်တော်သတိထားမိလိုက်သည်။

(၃၅)ကြွေမလိုနဲ့ ဝေ . . . ဝေမလိုနဲ့ ကြွေ ဆိုသလားပဲ။

(၃၆)ကျွန်တော်က သီချင်းသံကို နည်းနည်းကျယ်ရန် ခလုတ် ကလေးကို အသာလက်ဖြင့် ထောက်လိုက်သောအခါ လိုရှိနာက သူ့ညာလက်ဖြင့် ကျွန်တော့်လက်ကို ပုတ်ချ လိုက်ပြီး စီဒီပိတ်သည့်ခလုတ်ကို နှိပ်လိုက်သည်။

(၃၇)သီချင်းသံပျောက်သွားပြီး ခဏကြာမှ ဆောရီးဟု လှမ်းပြော ပြီး၊ ဘာမျှဆက်မပြောဘဲ နေသည်။

(၃၈)ညီညီဟာ ငါ့လက်ကိုကိုင်ပြီး အသက်ထွက်သွားတာဟု ပြောလိုက်သော လိုရှိနာ ၏အသံကြားရမှ ကျွန်တော်လည်း သူ့ကိုလှည့်ကြည့်လိုက်မိသည်။

(၃၉)သူက ကားကို မြေနီလမ်းထဲသို့ ချိုးကွေ့လိုက်သည်။

(၄၀)မြေနီလမ်းသည် ကတ္တရာလမ်းကဲ့သို့ နက်ပြောင်ချော မွတ်မနေဘဲ၊ ချိုင့်ခွက်များနှင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၄၁)လမ်းဘေး၌ တွေ့လိုက်ရသော ပင်လယ်ကစွီးပင် အချို့၏ လှုပ်ယမ်းလိုက်ပုံမှာ ဘိုကိုမှတ်မိလားဟု ကျွန်တော့်ကို လှမ်းမြွနေသလိုပဲဟု ထင်မိလိုက်သည်။

(၄၂)သံပုရာတစ်ပင်ခြံရှေ့၌ ကားရပ်သည်အထိ လိုရီနာက ဘာမျှမပြောသဖြင့်၊ ကျွန်တော်လည်း ဘာမှ မမေးမပြော ဘဲ နေလိုက်မိသည်။

(၄၃)ခြံကို ဦးကောင်းဇံကြီးက စောင့်ပေးတယ် . . . သူက ညီညီ ကိုလည်း သံယောဇဉ်ရှိတယ် မဟုတ်လား . . . သူ တံခါး လာဖွင့်ပေးပါလိမ့်မယ်ဟု ပြောရင်း၊ လိုရီနာက ကားဟွန်း ကို နှိပ်ချက်တီးလိုက်သည်။

(၄၄)ခြံတံခါးမှာ ကျွန်တော်တို့ မိသားစု၏ ခြံဝင်းတံခါးများတွင် အစဉ်အလာတစ်ခုအဖြစ် သုတ်လေ့ရှိသော၊ အောက်ပိုင်း၌ အစိမ်းရင့်ရောင် သုတ်ထားပြီး၊ အပေါ်ပိုင်းတွင် အဖြူ ရောင်သုတ်ထားသည်။

(၄၅)ဦးကောင်းဇံက တံခါးဖွင့်ပေးပြီးနောက်၊ လိုရီနာက ကား မောင်းဝင်လိုက်သောအခါ အိုမင်းလာပြီဖြစ်သော ကန့် ကော်ပင်များကို ကျွန်တော် သတိထားမိလိုက်ပြန်သည်။

(၄၆)ကန့်ကော်ပင်တွေတောင် အိုလှပြီ . . . ပွင့်ကော ပွင့်သေး လား လိုရီနာ။

(၄၇)ဟုတ်တယ်၊ . . . ကန့်ကော်ပင်တွေဟာ အိုလှပြီ . . . ဒါပေတဲ့ ဘယ်လောက်အိုအို ရွက်နုထွက်ချိန်တန်ရင်ထွက် သေးတယ် . . . ပွင့်ချိန်တန်ရင် ပွင့်သေးတယ်။

(၄၈)လိုရီနာက ကားကိုသရက်ပင်ကြီးအောက်တွင် ရပ်လိုက် ပြီး၊ ဆင်းဟု တစ်ခွန်းသာထပ်ပြောသည်။

(၄၉)ကျွန်တော်က ဦးကောင်းဇံကြီးနှင့် မာကြောင်းသာကြောင်း

www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေစဉ်သူက ဦးကောင်းဇံကို အိမ်တံခါးပွင့် ထားသလားဟု လှမ်းမေးပြီး ကျွန်တော့်ညာ လက်မောင်းကို လှမ်းဆွဲလိုက်ကာ လာဟု တစ်ခွန်းသာ ပြောဖြစ်သည်။

(၅၀)ကျွန်တော်သည် ကျွန်တော်၏ ဆင်ခြင်တုံတရား တစ်စုံမျှ မပါဘဲ လုပ်သင့်သည်ဟု မသိစိတ်က စေခိုင်းသမျှကို လိုက်လုပ်နေပုံရသည်။

(၅၁)ကုန်းစောင်းကလေးအတိုင်း အိမ်ကလေးရှိရာသို့ လျှောက်လာစဉ်၊ လိုရိနားသည် ကျွန်တော့်ရှေ့မှ ရုတ်တရက်ရပ်လိုက်ပြီး ကျွန်တော့်မျက်နှာကို သေသေချာချာ ကြည့်ကာ မေးသည်။

(၅၂)နင့် ညီကလေးနေသွားတဲ့ အိမ် . . . . နင့် ညီကလေး သေသွားတဲ့အိမ်ကို နင်မကြည့်ချင်ဘူးလား။

(၅၃)ကျွန်တော့်ခေါင်းထဲတွင် ဘာ့ကြောင့် ဘာဖြစ်လို့ . . . စသဖြင့် မေးခွန်းပေါင်းများစွာ ခုန်ပေါက်ပြေးလွှားနေကြပုံရသော်လည်း သူ့ကိုဘာမျှပြန်မပြောဖြစ်ဘဲ၊ ကားမောင်းမျက်မှန် ချွတ်ထားသောကြောင့် ယခုမှ သေသေချာချာ မြင်ရသော သူ့မျက်လုံးများကို ကြည့်နေမိသည်။

(၅၄)ဘာသာစကားများအားဖြင့် အမြဲလိုတင်းမာနေတတ်သော်လည်း။ သူ့မျက်လုံးများသည် ဟိုစဉ်ကလိုပဲ အားငယ်နေသေးသည်ဟု ကျွန်တော်သတိထားလိုက်မိသည်။

(၅၅)ကျွန်တော်က ဘာမျှမပြောဘဲ သူနှင့်တန်းတူဖြစ်အောင် လျှောက်လိုက်ရင်း သူ့လက်မောင်းကို အသာပုတ်ပြီး သွားဟု တစ်ခွန်းသာပြောလိုက်သောအခါ လိုရိနားသည် ဘာမျှ မပြောတော့ဘဲ၊ အိမ်ဘက်သို့ အသာဆက်၍ လျှောက်သွားတော့သည်။

www.burmeseclassic.com



(၅၆)အိမ်ကလေးမှာ အတော်အတန်ပြုပြင်၍ ဆောက်ထားသဖြင့် အရင်ကပုံစံမျိုးမဟုတ်တော့ . . . အထူးသဖြင့် နောက်ဖက်တွင် ဝရန်တာကို အကျယ်ကြီး ပြန်ပြင်ထားသည်။

(၅၇)ကျွန်တော်တို့ ဝရန်တာပေါ်မှ ထမင်းစားစားပွဲနှင့် ကုလားထိုင်များချထားရာတွင် ထိုင်လိုက်သောအခါ ဦးကောင်းခံ့သည် အချိုရည်တစ်ပုလင်း၊ ဝီစကီတစ်ပုလင်းနှင့် ဖန်ခွက်နှစ်ခု ယူလာပေးရင်း၊ အငယ်ကောင်က မင်းအတွက်ထားခဲ့တာဟုပြောသည်။

(၅၈)ဦးကောင်းခံ့က ကျွန်တော်တို့ဘကြီးက ကျွန်တော်တို့ကို ခေါ်သည့်အတိုင်း အကြီးကောင်၊ အလတ်ကောင်၊ အငယ်ကောင်ဆိုသည့် အသုံးအနှုန်းများနှင့် ယဉ်ပါးနေ သူဖြစ်သည်။

(၅၉)လိုရှိနှာက ဝီစကီပုလင်းကို ကျွန်တော့်ရှေ့ တွန်းပေးလိုက်ရင်း၊ ကိုကို ဒီလာတဲ့အခါ သောက်ဖို့လို့ပြောပြီး ညီညီက ထားခဲ့တာ . . . နင်သောက်ချင် သောက်ချင်၊ မသောက်ချင် သောက်ချင်၊ စတီတော့သောက်လိုက်ပါလားဟုပြောသည်။

(၆၀)ကျွန်တော်က ဘာမှမပြောဘဲ ဝီစကီပုလင်းကိုဖွင့်တာဖန်ခွက်ထဲ လက်သုံးလုံးခန့်ထည့်လိုက်ပြီးမှ၊ ဝီစကီသောက်တာပဲဟာယ် . . . အဆိပ်တို့၊ ရေနံဆီတို့သောက်တာမှ မဟုတ်တဲ့ဟာဟုပြောရင်း သူ့ကိုလှမ်းကြည့်လိုက်မိသည်။

(၆၁)လိုရှိနှာက သောက်လက်စ အချိုရည်ဖန်ခွက်ကို အသာချလိုက်ရင်း၊ ဘာမှမပြောဘဲ ကျွန်တော့်ကို စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၆၂)ထိုအကြည့်ထဲတွင် နင်ဟာ ဘာမှခံစားချက်မရှိတဲ့ လူမျိုးပဲ ဟု ပြောနေသလားဟု ကျွန်တော့်စိတ်ထဲတွင် ဖြစ်လာမိသည်။

(၆၃)သူက ဘာမှမပြောဘဲ ခေါင်းအသာခါလိုက်ရင်း ထိုင်နေသောခုံ၏ အနေအထားကို ပြောင်းလိုက်သည်။

(၆၄)ညီညီ မဆုံးခင် တစ်လလောက်ကတည်းက မရတော့ဘူးဆိုတာ သိကြတယ်. . . ဒီတော့ အန်ကယ်တင်ထွန်းနဲ့ တိုင်ပင်ကြတယ် . . . အန်ကယ်ကပဲ အကြံပေးတယ် . . . ငယ်ငယ်ကတည်းက ညီညီက ဖယ်မှာကို အစ်မကြီးတစ်ယောက်လို အားကိုးတယ် . . . ဒီတော့ သူ့ကိုခေါ်ပြီးပြောနိုင်းရတာပဲ . . . အဲဒီနေ့က ဆက်ဒရစ်လည်းပါတယ် . . . အန်ကယ်ကိုယ်တိုင်လည်း ပါတယ်။

(၆၅)လိုရိန္နာသည် ကျွန်တော့်ကို နားထောင်စေချင်၍ ပြောသည်လား၊ သူ့ဟာသာပြောချင်၍ ပြောနေသည်လား မသိပါ။

(၆၆)ညီညီက မတုန်လှုပ်ဘူး . . . ကျွန်တော်သိပါတယ်တဲ့ . . . နင်ကလည်း ပြောဖူးသတဲ့ . . . လူဆိုတာဖြစ်လာကတည်းက သေပေးဖို့ တာဝန်ရှိနေတယ်တဲ့ . . . ဒီတော့ သူမသေခင် စိတ်အေးအေးဖြစ်အောင် စီမံချင်တာတွေ စီမံနိုင်အောင်ကူညီပေးဖို့ပြောတော့၊ အန်ကယ်က သူ့မိတ်ဆွေ ရှေ့နေတစ်ယောက် ခေါ်ပေး တယ်. . . သူပေးချင်တာတွေ၊ သူ့ပန်းချီကားတွေ ဆေးတွေအပါအဝင် စာရင်းလေးနဲ့လုပ်ပြီး နောက်ဆုံး ဒီ သံပုရာတစ်ပင်မြို့ကို ငါ့နာမည်ပြောင်းပြီး ငါ့ကိုပေးခဲ့ချင်တယ် ဖြစ်ပါလေရော။

(၆၇)လိုရိန္နာက စကားကိုခဏရပ်လိုက်ပြီး အချိုရည်တစ်ငုံသောက်လိုက်စဉ်၊ ကျွန်တော်က ခြံ၏နောက်ဖေးဆီမှ ငှက်

www.burmeseclassic.com



ပျောတောကို လှမ်းကြည့်လိုက်ရင်း ဝီစကီတစ်ငုံ သောက်လိုက်မိသည်။

(၆၈)လိုရီနာက ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်လိုက်ရင်း မြနေဘက်မျက်သို့ပင် မျက်နှာမူလျှက် ဆက်ပြောပြန်သည်။

(၆၉)ငါမလိုချင်ဘူးလို့ ငြင်းတယ် . . . ငါ စောင့်ရှောက်ထား ပေးပါဆိုရင် စောင့်ရှောက်ပေးပါ့မယ် . . . ယူတော့ မယူ ပါရစေနဲ့လို့ . . . နင်လည်းသိသားပဲ၊ ငါ့မှာလည်း အမွေရ ထားတာတွေက အများကြီး . . . ငါ့မှာ ဘာမှမလိုဘူးဆို တာ. . . ဒါပေတဲ့ ဘယ်လိုမှ ပြောလို့မရဘူး . . . အန် ကယ်ရော၊ အယ်မာရော၊ ဆက်ဒရစ်တာပါ ဝိုင်းပြောကြ တယ် . . . ညီညီ စိတ်ပြောင်ပြောင့်နဲ့ ဖြစ်စေချင် တယ် တဲ့ . . . ဒီတော့ ငါက တွစ်ခု ကတိတောင်းရတယ် . . . တကယ်လို့များ နင်နဲ့ နင့်သားသမီးတွေက လိုချင်တယ်ဆို ရင် ငါပေးပါရစေ ဆိုတာပဲ။

(၇၀)လိုရီနာက စကားရပ်လိုက်ပြီး ကျွန်တော့်ကို လှမ်းကြည့် သဖြင့်၊ ကျွန်တော်က အသာခေါင်းခါပြလိုက်မိသည်။

(၇၁)ထို ခေါင်းခါပြလိုက်ခြင်းတွင် ဟုတ်တယ်ကိုဆိုလိုသည် လား၊ မဟုတ်ဘူးဟု ဆိုလိုသည်လားဆိုသည်ကို ကျွန်တော် ယတိပြတ် ပြောမပြနိုင်ပါ။

(၇၂)အားလုံးစီစဉ်ပြီးတော့ တစ်ညနေ အယ်မာရယ်၊ ဆက်ဒ ရစ်ရယ်၊ ငါရယ် ဒီဝရံတာပေါ်မှာပဲ ညီညီနဲ့ထိုင်ပြီး စကား ပြောကြတယ် . . . အဲဒီတော့ ညီညီက အောက်ပိုင်း မလှုပ် နိုင်တော့ဘူး . . . ထိုင်ခုံနဲ့ပဲ နေရတော့တယ် . . . မဒ်း ခင်တစ်ပတ်လောက်မှာပဲထင်တယ် . . . အဲဒီမှာ ညီညီ

www.burmeseclassic.com



ကပြောပြတယ် . . . ဒီ သံပုရာတစ်ပင်မြေကို ငါရသင့်သတဲ့ . . . နင်တို့အကြီးသုခက နင်တို့ညီအစ်ကို သုံးယောက် ကို ပေးခဲ့တာ သူ့မျိုးဆက်တွေလက်ထဲမှာ ကျန်ခဲ့စေချင်လို့ပဲ တဲ့ . . . ငါဟာ နင်တို့သုံးယောက်နဲ့ အပတ်သက်ဆုံးလူပဲတဲ့ . . . နင်ကတော့မြန်လာမှာလည်းမဟုတ်ဘူး . . . ဘယ်လိုဓိစားချက်မှလည်း မရှိဘူးတဲ့။

(၇၃)ကျွန်တော် ဖြုန်းခနဲ လိုက်သည်မှာ ကျွန်တော့်ဖာသာ ဘာလုပ်မည်ဟု မဆုံးဖြတ်ရခင်ဖြစ်၍၊ ကျွန်တော့်ဖာသာ အပြစ်တစ်ခုခုတရာ ကျူးလွန်မိသကဲ့သို့ ဖြစ်သွားမိသည်။

(၇၄)နင်တို့ အစ်ကိုကြီးနဲ့ ငါ့ကိုပေးစားမယ်လို့ စီစဉ်ကြတုန်းက ညီညီက မတွေ့နိုင်ဆုံးပဲ . . . နောက်မှ အယ်မာက ပြောပြတယ် . . . ညီညီက အယ်မာ့ဆီ သွားသွားပြီး ပြောပြရင်းငိုသတဲ့ . . . အကိုကြီးနဲ့ ငါက ခုနှစ်နှစ်လောက်ကွာတာကိုး၊ နောက် နင်တို့အစ်ကိုကြီး နိုင်ငံခြားမှာ ပညာသင်သွားရင်း ဆုံးတော့ ညီညီကအတော်ပျော်ဆိုပဲ . . . နင်နဲ့ငါ့ကိုယူစေချင်သတဲ့ . . . အဲဒီတုန်းက လူကြီးတွေကာပါ အဲဒီလိုဖြစ်စေချင်တာ မဟုတ်ဖူးလား။

(၇၅)ကျွန်တော် အသာပင် ခေါင်းငြိမ့်ပြလိုက်မိပါသည်။

(၇၆)ဒါပေတဲ့ သူ့ခမျာ ဝမ်းနည်းနေရှာတာဟု လိုရီနာက ဆက်ပြောပြန်သည်။

(၇၇)အဲဒီနေ့ညနေက ငါ့လက်ကိုကိုင်ရင်း အားလုံးရှေ့မှာ သူ လေသံသဲ့သဲ့နဲ့ ပြောတယ် . . . ကျွန်တော်က မမကိုအမြဲချစ်နေတာ တဲ့။

(၇၈)လိုရီနာက လက်ကိုင်ပုဝါဖြင့် သူ့မျက်လုံးအိမ်အတွင်းမှ ထွက်ဆင်းလာသော မျက်ရည်စကို အသာသုတ်လိုက်သည်ကို ကျွန်တော်တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



(၇၉)သူ အိတ်ထဲမှ နေကာမျက်မှန်ကိုထုတ်ကာ တပ်လိုက်ရင်း၊ လက်ကိုင်အိတ်ထဲမှ ငွေဘူးကလေးတစ်ခုကို ထုတ်ကာ၊ ဒါ ညီညီမြာ . . . နင်လာတဲ့အခါ ဟို သံပုရာပင်ကြီးခြေရင်းမှာ ကြဲစေချင်တာ၊ သူ့ဆန္ဒပဲ . . . သွား၊ သွားကြဲလိုက်ချေ ဟုပြောသည်။

(၈၀)ကျွန်တော့်အဖို့မှာမူ အဓိပ္ပါယ် တစ်စုံတစ်ရာမျှ မရှိသော်လည်း၊ လိုရီနာသည်သူ့နေကာမျက်မှန်ကိုအသာချွတ်ကာ၊ မတ်တတ်ထရပ်တွေဆိုင်းနေသော ကျွန်တော့်ကို စိုက်ကြည့်နေသဖြင့် ကျွန်တော်လည်း ဘာမှမပြောတော့ဘဲ ထိုင်ရာမှအသာထပြီး ငွေဘူးကလေးအထဲမှ ပြာများကို သံပုရာပင်ကြီးအောက်၌ အသာကြဲလိုက်မိသည်။

(၈၁)ပြီးမှ ဝရန်တာပေါ်သို့ ပြန်လာပြီးနောက် ဖန်ခွက်ထဲမှ ဝီစကီလက်ကျန်ကို အချောင့်လိုက်သောအခါ၊ လိုရီနာက ခုလိုနေသာနေတဲ့ တစ်မနက် ညီညီဟာ ဒီနေရာက ထိုင်ပြီး မြနောက်ဖေးဘက်ကိုကြည့်ရင်း ငါ့လက်ကိုကိုင်ပြီး အသက်ထွက်သွားရှာတယ်ဟု ပြောသည်။

(၈၂)ထိုသို့ပြောနေစဉ်က လိုရီနာက နေကာမျက်မှန်တပ်ထားသဖြင့် မျက်ရည် ကျ မကျ ကျွန်တော်မပြောနိုင်။

(၈၃)ကျွန်တော်က ဝီစကီပုလင်းကို ကောက်ကိုင်ရင်း ငါထမင်းဆာပြီ၊ သွားကြရအောင်ဟုပြောရင်း သူ့ပုခုံးကို သာသာပုတ်လိုက်မိသည်။

(၈၄)သံပုရာတစ်ပင်ခြံမှ ထွက်လာခဲ့ပြီးနောက်၊ မြေနီလမ်းကလေးပေါ်မှ လမ်းမကြီးပေါ်သို့ ရောက်ရှိလာသောအခါ ကျွန်တော်က လိုရီနာ . . . အစ်ကိုကြီးဆုံးသွားတဲ့နောက် နင်နဲ့ ငါ့ကို လူကြီးတွေက ပေးစားဖို့ စီစဉ်တုန်းက နင်၊ ငါ့ကို ကြိုက်သလားဟု မေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၈၅)အဲဒီတုန်းက ငါ၊ နင့်ကို ကြိုက်နေတယ်ထင်တယ်ဟု တားမောင်းနေရင်း သူကချက်ချင်းပြန်ဖြေပြီး၊ ခဏကြာမှ ငါ နင့်ကိုဆယ်တန်းလောက်ကတည်းက ကြိုက်ခဲ့ နေတယ် ထင်တယ်။ ဒါပေမဲ့ နင်က ငါ့ကို မယူပါရစေနဲ့လို့ ငြင်းခဲ့ တယ် မဟုတ်လား။

(၈၆)ကျွန်တော်သည် လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ကျော်က သူ့ကို ရှင်းပြခဲ့သောဆင်ခြေများကို ပြန်၍ရှာတွေ့ရမြင် သည်။

(၈၇)နင့်မှာ၊ ယောကျ်ားတစ်ယောက်အနေနဲ့ မကြိုက်စရာ ဘာမှမရှိဘူး . . . ရုပ်ရည်ရှိတယ်၊ ပညာရှိတယ်၊ ဂုဏ်ရှိတယ် . . . ဒါပေမဲ့ နင်ကခံစားတတ်တယ်၊ လွမ်းတတ်တယ်၊ ငါ့အရင်ကလည်း ပြောဖူးသားပဲ . . . ငါ့အဖို့ကတော့ လွမ်းနေတာ၊ ခံစားတာတွေဟာ လူ့ဘဝရဲ့ အချိန်တွေ အလကားဖြုန်းပစ်လိုက်တာပဲ၊ . . . ခံစားချက်တို့ ဦးစား ပေးလာတဲ့အခါ လူမှာလုပ်နိုင်ကိုင်နိုင်တဲ့ အရည်အသွေး တွေလျော့ပါးလာတယ် . . . ခံစားချက်ဆိုတာကလည်း မဆုံးနိုင်အောင် လွမ်းမောနေစရာ တို့ . . . လူဟာ တီရို ဆွာန်တွေထက်သာတာ အများကြီးပဲ၊ ဒါပေမဲ့လူဟာ တိရိစ္ဆာန်တွေထက် ညံ့တာကတော့ လွမ်းတတ်တာပဲ . . . နင့်ကို ငါပြောခဲ့ပြီးပါပကော. . . နင့်ကို ငါမကြိုက်လို့ မဟုတ်ဘူး . . . နင့်မှာ ဘာအပြစ်မှမရှိဘူး . . . ငါ့အနေနဲ့ လွမ်းတတ်တဲ့သူ၊ လွမ်းချင်တဲ့သူ၊ ခံစားချင်တဲ့ သူနဲ့ တစ်သက်လုံး အတူမနေချင်လို့ဘဲ။

(၈၈)မရမ်းကုန်းလမ်းဆုံတွင် မီးနီသဖြင့် ကားကိုရပ်လိုက်ရ သောအခါ၊ လိုရိနာက သူ့အကျင့်အတိုင်း တားမောင်း

www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်အဝါအောက်မှ သူ့မျက်လုံးတစ်ဖက် မှိတ်ပြလိုက်ရင်း၊ ခပ်လျှောင်လျှောင် အပြုံးဖြင့် ခုလို တစ်ခါတစ်လေ တွေ့တာမျိုးက တော့ နင့်မှာ ပြဿနာမရှိဘူး မဟုတ်လားဟု ပြောသည်။

(၈၉)ကျွန်တော်ဘာမှ ပြန်မပြောမိဘဲ ကားအပြင်လမ်းဘေး တစ်ချက်သို့ ကြည့်တာပြုံနေလိုက်မိဝဦး၊ လိုရီနာက မေးမြန်သည်။

(၉၀)သံပုရာတစ်ပင်ခြံနဲ့ ပတ်သက်လို့ ငါတစ်ခုမေးစမ်းပါရစေ . . . နင်တို့ဘကြီးက မြေကြီး လေး-ငါးဧကမှာ ကန့်ကော်လို၊ ထင်းရှူးလိုအပင်ကြီးတွေကဘာ၊ ဝိန်းပန်းတွေ၊ သစ်ခွတွေရော . . . ခြံနောက်မှာလည်း သရက်ပင်အုပ်ကြီးနဲ့ ငှက်ပျောတောနဲ့ . . . တကယ့်သစ်တောကလေး တစ်ခုလို ဖန်တီးပြီး၊ ခြံကြီးကို "မြိုင်" လို့ နာမည်ပေးထားခဲ့တယ် မဟုတ်လား . . . မြိုင် ဆိုတဲ့နာမည်က သူနဲ့အကြောင်း မပါလိုက်ရတဲ့၊ သူ့ ငယ်ရည်းစား နာမည်ဆို၊ ဟုတ်လား။

(၉၁)ဟုတ်တယ်။ Rhetoricity ပေါ့ဟာ . . .

(၉၂)ဟော့ ဟော့ . . . ငါ ကြီးကြီးကျယ်ကျယ်တွေ မကြားချင်ဘူး . . . ငါသိချင်တာပဲ ငါ မေးတာ . . . ငါ့ကို ပညာရှိလို ဖြေမနေနဲ့ဟု လိုရီနာကပြောရင်း၊ မရမ်းကုန်း လမ်းဆုံအနီးမှ ခြံနှင့် ဝင်းနှင့် တဲသောက်ဆိုင်တစ်ခုအတွင်း ကားကိုချိုးကွေ့လိုက်သည်။

(၉၃)နင်တို့ ညီအကိုတစ်တွေ လက်ထက်မှာ ဘာဖြစ်လို့ သံပုရာတစ်ပင်ခြံလို့ ပြောင်း ပစ်ရတာလဲ . . . ခြံကြီးတစ်ခြံလုံးထဲမှာ သံပုရာပင်ကလည်း ဒီတစ်ပင်ပဲရှိတာကို နင်တို့က ဘာစိတ်ကူးနဲ့ နာမည်ပြောင်းပစ်လိုက်တာလဲ

www.burmeseclassic.com

www.burmeseclassic.com



(၉၄)ငါက ပြောင်းလိုက်တာပါဟု ပြောကာ၊ ကျွန်တော် ဝန်ခံလိုက်မိသည်။

(၉၅)ကိုကြီး ဆုံးပြီးတော့၊ နင်နဲ့ ငါလည်း မယူဖြစ်ကြတော့ဘူး ဆိုတဲ့အချိန်မှာ၊ ငါ ညီညီကို အကျိုးအကြောင်းပြောရင်း နာမည်ပြောင်းဖို့ သူ့ဆီက သဘောတူညီချက်ယူပြီး၊ ငါက သံပုရာတစ်ပင်ခြံရယ်လို့ နာမည်ပြောင်းလိုက်တာ။

(၉၆)ဒါပေမယ့် တယ် . . . သံပုရာပင်က တစ်ပင်ထဲရှိတာဟု လိုရိနာပါးစပ်ကအမိပ္ပါယ် အသေအချာမဖော်နိုင်သော စကားတစ်ခွန်း ထွက်လာသည်။

(၉၇)ဟုတ်တယ် လိုရိနာ . . . သံပုရာက တစ်ပင်တည်းရှိတာ . . . ဒီတော့ သံပုရာတစ်ပင်ခြံပေါ့ . . . တစ်ခါက မြို့ကိုအစွဲပြုပြီး နာမည်ပေးထားခဲ့တဲ့ခြံကြီးကို ငါက သံပုရာတစ်ပင်ခြံလို့ ပြောင်းလိုက်တာပဲ . . . ညီညီနဲ့ ငါ့အတွက်က သံပုရာတစ်ပင်ဟာ အားလုံးထက် ထူးခြားနေတာကိုး . . . နင်မကြိုက်လို့ နာမည် ပြောင်းချင်ရင် ပြောင်းလိုက်ပေါ့ . . . နင့် သဘောပါဟု ပြောလိုက်သောအခါ၊ လိုရိနာသည် အံ့ဩသင့်သွားသည့်မျက်နှာဖြင့် ကျွန်တော့်ကို လှမ်းကြည့်နေသည်။

(၉၈)ကျွန်တော့်ကိုကြည့်၍ လိုရိနာက ခေါင်းကို ဖြည်းဖြည်း ခါပြီး၊ အော် သံပုရာပင်က တစ်ပင်တည်း ကိုးဟု သူ့ဟာသာ ရေရွတ်နေရာမှ ခေါင်းကိုခပ်သာသာညိမ့်ကာ ကျွန်တော့်ကို မပွင့်တပွင့်ပြုံးပြလိုက်သည်။

(၉၉)ကျွန်တော်က သူ့ကို ပြုံး၍သာကြည့်နေမိသည်။

www.burmeseclassic.com

## အစားထိုးထားသော ဘာသာအတွက် စာလုံးများ

မင်းကို

ငါ စာရေးလိုက်တယ်၊ ဒေါသတွေပြေအောင် စိတ်ကို အေးအောင်အချိန်ယူပြီး၊ ငါဒီစာရေးလိုက်တယ်၊ သံပုရာတစ်ပင်ခြံ ကိုသွားပြီး နောက်ဘက်ဝရံတာမှာထိုင်ရင်း စာရေး လိုက်တာပဲ၊ ဒေါ် သ ထွက်နေတုန်းကတော့ ငါ နင့်ကိုသတ်ပစ် ချင်လောက်အောင် ဖြစ်မိတယ်၊ တစ်ချိန်တည်းမှာပဲ နင်ပြော တာ ငါသတိရလိုက်တယ်၊ ဒေါသဆိုတာကလည်း ကြွေကြာ

www.burmeseclassic.com

www.burmeseclassic.com



နေရင် ပြေတတ်တာပဲဆိုတာ။ ဒီ တော့လည်း ငါ တစ်ခု တွေးမိတယ်၊ ဘာလို့ ငါဟာ နှင်းနဲ့ကွင်းပြီး မနေနိုင်တာလဲဆိုတာပဲ၊ ငါ စဉ်းစားလို့မရဘူး။

တစ်နေ့ အယ်မလီက တတိုက်ကနေ နှင်းရေးတာပါတဲ့ မဂ္ဂဇင်းပို့လိုက်တယ်။ တအိတ်ဖွင့်လိုက်တာနဲ့ ငါသိလိုက်တယ်၊ အယ်မာက ဝတ္ထုပါတဲ့စာရွက်မှာ ပိုစကာဒ်အဝါရောင်ကလေး ကပ်ပြီး That Micky . . . လို့ ရေးပြီး ပေးလိုက်တယ်။ ငှါပါ်းစပ်ကတော့. . . Of course . . . Of course လို့ပဲ အလိုလို ထွက်သွားမိတယ်။ နှင်းရေးတာကို ငါက ဖတ်ပြီးပြီ။ ငါနဲ့နေတဲ့ ငှါတွေကျော်ဇောနိုင်တို့ လင်မယားက တသိတ်ဖတ်တာ၊ နှင်းမှတ်မိတယ် မဟုတ်လား၊ ခေါင်းဖြူဖြူနဲ့ ကောင်လေးလေး၊ ယောက်ျားကရှေ့နေ၊ မိန်းမက တကြည့်တိုက်မှူး၊ ထွက်တဲ့ မဂ္ဂဇင်းမလွတ်ဘူး။ တစ်ခါတုန်းလေညာဘက် ထမင်းစားကြရင်း လင်မယားနှစ်ယောက်သား ဝေဖန်ချက်တွေ လုပ်နေကြသေးတယ်။ နှင့် "သံပုရာတစ်ပင်ခြံ" ပါလာတော့၊ ငါ့ဆီ ပြေးလာကြပြီး ဘာဖြစ်တယ် ညာဖြစ်တယ် ပြောရင်း နှင့်ကို ချီးကျူးနေလေရဲ့၊ "အနိတီလေးကို မင်းသိမ်းလုပ်ထားတယ်" လို့လည်း ပြောသေးတယ်။ ငါကတော့ စ ဖတ်တာနဲ့ ဒေါသ ထွက်ရတာပဲ။

နှင်း တစ်ခု စဉ်းစားကြည့်။ နှင့်အကြောင်း ငါ့အကြောင်းဟာ တတစ်ရောင် ပေတစ်ပွဲ ရေးနေ စရာ မလိုဘူး၊ နှင်းနဲ့ငါ ပြောကြ ဆိုကြတာတွေ ဟာ လူတိုင်းသိနေစရာ မလိုဘူး။ နှင်းနဲ့ငါဟာ စာလုံးတွေထဲမှာ ရှိနေတာ မဟုတ်ဘူး။ နှင်းနဲ့ ငါဟာ တကယ့်ဘဝထဲက လူတွေ၊ ဒါကို နှင်းက စာလုံးတွေအဖြစ် ပြောင်းပစ်လိုက်တယ်။ နှင်း ရေးတာ မဟုတ်တာတွေပါတာ မဟုတ်ပေမယ့် စာလုံးဟာ တကယ့်ဘဝ မဟုတ်

www.burmeseclassic.com



တော့ဘဲ စာလုံး တွေ ဖြစ်သွားတော့ လူတွေက ဝေမျှခံစားလို့ ရသွားကြတယ်။ ဒီမှာ နှင့်ဘဝကို လူတွေကို ဝေမျှ ခံစား စေချင်တာ၊ ဝေမျှ မခံစားစေချင်တာ နှင့်အလုပ်။ ဒါပေမယ့် ငါ့ဘဝဟာ လူတွေ ဝိုင်းပြီး ဝေမျှခံစားပေးဖို့ မဟုတ်ဘူး။ မလို ဘူးလို့ ငါ ထင်တယ်။ နှင်နဲ့ငါရဲ့ အကြားက ဆက်ဆံရေးဟာ အနှိုးသားဆုံး ချစ်ခြင်းနဲ့ အခြေခံ ဆက်ဆံတာပါ။ ဒါပေမယ့် နှင်ရေးတာကို ဖတ်ပြီးတဲ့ လူတွေက တစ်မျိုး မြင်ချောင်း မြင်ကြမယ်။ ဒီတော့ စာလုံးထဲက ဘဝနဲ့ တကယ့်ဘဝကို ဖတ်တဲ့လူတွေ အနေနဲ့ နားလည်ပုံတွေ ရောသွားတော့မှာပေါ့။

ကြည့်၊ ငါ တစ်ခု ပြောမယ်။ မကြာခင်က သီတင်း ကျွတ်ပြီးတော့ တို့ ဓနိတောက်ရှန်ကျောင်း က ဆရာဟောင်းတွေ ကန်တော့ပွဲလုပ်တယ်။ ဆရာဟောင်းကြီးတွေက မရှိသ လောက်ပါပဲ။ ညဘက်တော့ ညစာစားပွဲလုပ်တယ်။ အယ်မာ လည်း ဆင်းလာတယ်။ ငါတို့ စားပွဲမှာတော့ ငါရယ်၊ အယ်မာ ရယ်၊ ကျောင်းအုပ်ဆရာမကြီး ဖြစ်သွားတဲ့ (နှင့်သူငယ်ချင်း ဖီးလစ်မိန်းမ) မချိုရယ်၊ အင်မတန် စကားနည်းတဲ့ ကလယ် ရယ်၊ ဆက်ဒရစ်တို့ လင်မယားရယ်။ မယ်ရလင်က သူ ယောကျ်ားကို အပါခေါ်လာတာ၊ ဖီးလစ်ကတော့ နိုင်ငံခြား မှာမို့ ပါမလာဘူး။ တို့ဝိုင်းမှာ လူမပြည့်ဘူး။ အမှန်တော့ ဆက်ဒရစ်တို့ လင်မယား ရောက်လာ မှ ပြဿနာ စတာပဲ ပြောရမယ်။ ရောက်တာနဲ့ ဆက်ဒရစ်က "အရွယ်လွန် အပျို ဟိုင်းကြီးများ ဝိုင်းမှာ ထိုင်ရတာ ဂုဏ်ယူပါသဗျာ" လို့ ပြောရာ က စတာပဲ။ အဲဒီမှာ မချိုက ဘာကို သတိရသွားတယ် မသိဘူး။ "ဒီစာရင်းထဲ ငါ မပါဘူး ဆက်ဒရစ်။ နေဦး နေဦး ငါ သံပုရာတစ်ပင်ခြံက မင်းသမီးကို မေးစရာရှိသေးတယ်" လို့ ငါ့ကို ညွှန်ပြီး ပြောပါလေရော။

www.burmeseclassic.com



ဒီတော့ အားလုံးက ဝါးခနဲ ရယ်လိုက်ကြ တော့ ငါလည်း ရောရယ်မိလိုက်တယ်။ ဆက်ဒရစ် ကပဲ "ငါက လွမ်းခန်းလောက်မှာ ခဏလောက်ပဲ ပါလိုက်ရတာ၊ အယ်မာ နင့်အခန်းက ငါ့ထက် ပိုများတယ်၊ ဒါတော့ မတရားဘူး"လို့ နောက်ပြန် တယ်။ ဒီမှာ မချိုက ကြားဖြတ်ပြီး "ဇာတ်လမ်းက ကောင်းတုန်း ရပ်သွားတယ်၊ ငါတို့ မသိတဲ့အပိုင်းက ထမင်း စားတဲ့အပိုင်းက စရလိမ့်မယ်။ ကိုင်း၊ သပုရာတစ်ပင်ခြံက မင်းသမီးဇာတ်လမ်း ဆက်ပါဦး" လို့ ပြောတယ်။ ဒီတော့ အားလုံးက ငါ့ကို ဝိုင်းကြည့်နေကြတယ်။ ငါ့ဘေးမှာ ထိုင်နေတဲ့ အယ်မာကတော့ ငါ့ကို တတောင်နဲ့ အသာတွက်ရင်း ရယ်ငါ့ လေရော။ စကား အင်မတန် နည်းတဲ့ ကလယ်တောင် ဝင်ပြော တယ်။ "ကိုးဆယ့်ကိုးမှာ ဆုံးထားတော့ ဇာတ်လမ်းက မပြီး သေးဘူး၊ တစ်ရာကျမှ ပြီးမှာကိုး။ တစ်ရာတစ် ကနေလည်း ပြန်ပြီး ဇာတ်လမ်းအသစ်လို့ ရသေး တယ် မဟုတ်လား"တဲ့။ ကိုင်း၊ ကောင်းရော နင်က အမှန်အတိုင်း ရေးလိုက်ပေမယ့် ဖတ်တဲ့လူက ဘယ်လို မြင်သလဲ နင် စဉ်းစားကြည့်စမ်း။ ငါ့ အနားမှာသာ နင်ရှိနေရင် ထပြီး နားရင်းရိုက်မိ မှာပဲ။

"တို့ ထမင်းစားပြီးတော့ အဲဒီမှာပဲ ထိုင်ပြီး အတော်ကြာ ကြာ စကားပြောနေဖြစ်ကြတယ်။ ပြီးတော့ ငါ သူ့ကို ဟိုတယ် ပြန်ပို့လိုက်တယ်၊ ဒါပဲ" လို့ ငါလည်း ပြန်ပြောပြလိုက်တယ်။ အဟုတ်ပဲလေ။ နင်နဲ့ငါ အတော်ကြာအောင် ထိုင်စကား ပြောပြီးတော့ နင့် ဟိုတယ် ငါ ပြန်ပို့လိုက်တာပဲ မဟုတ်လား။ ဒီတော့ ဆက်ဒရစ်က "ဟယ် ဇာတ်လမ်းက ကိုးလိုးကန့် လန့်ကြီးပါလား"လို့ ပြောတယ်။ မချိုကလည်း တစ်ခုခုပြော မယ်လုပ်တုန်း ငါလည်း စိတ်ထွက်ထွက်နဲ့ ပြောလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အားလုံးက ငါးခုနဲ့ ရယ်လိုက်ကြ တော့ ငါလည်း ရောရယ်မိလိုက်တယ်။ ဆက်ဒရစ် ကပဲ "ငါက လွှမ်းခန်းလောက်မှာ ခဏလောက်ပဲ ပါလိုက်ရတာ၊ အယ်မာ နှင့်အခန်းက ငါ့ထက် ပိုများတယ်၊ ဒါတော့ မတရားဘူး"လို့ နောက်ပြန် တယ်။ ဒီမှာ မချိုက ကြားဖြတ်ပြီး "ဇာတ်လမ်းက တောင်းတုန်း ရပ်သွားတယ်၊ ငါတို့ မသိတဲ့အပိုင်းက ထမင်း စားတဲ့အပိုင်းက စရလိမ့်မယ်။ ကိုင်း၊ သပ္ပရာတစ်ပင်ခြံက မင်းသမီးဇာတ်လမ်း ဆက်ပါဦး" လို့ ပြောတယ်။ ဒီတော့ အားလုံးက ငါ့ကို စိုင်းကြည့်နေကြတယ်။ ငါ့ဘေးမှာ ထိုင်နေတဲ့ အယ်မာကတော့ ငါ့ကို တတောင်နဲ့ အသာတွက်ရင်း ရယ်ငါ လေရော။ စကား အင်မတန် နည်းတဲ့ ကာလယ်တောင် ဝင်ပြော တယ်။ "ကိုးဆယ့်ကိုးမှာ ဆုံးထားတော့ ဇာတ်လမ်းက မပြီး သေးဘူး၊ တစ်ရာကျမှ ပြီးမှာကိုး။ တစ်ရာ့တစ် ကနေလည်း ပြန်ပြီး ဇာတ်လမ်းအသစ်လို့ ရသေး တယ် မဟုတ်လား"တဲ့၊ ကိုင်း၊ ကောင်းရော နင်က အမှန်အတိုင်း ရေးလိုက်ပေမယ့် ဖတ်တဲ့လူက ဘယ်လို မြင်သလဲ၊ နင် စဉ်းစားကြည့်စမ်း။ ငါ့ အနားမှာသာ နင်ရှိနေရင် ထပြီး နားရင်းရိုက်မိ မှာပဲ။

"တို့ ထမင်းစားပြီးတော့ အဲဒီမှာပဲ ထိုင်ပြီး အတော်ကြာ ကြာ စကားပြောနေဖြစ်ကြတယ်၊ ပြီးတော့ ငါ သူ့ကို ဟိုတယ် ပြန်ပို့လိုက်တယ်၊ ဒါပဲ" လို့ ငါလည်း ပြန်ပြောပြလိုက်တယ်။ အဟုတ်ပဲလေ၊ နင်နဲ့ငါ အတော်ကြာအောင် ထိုင်စကား ပြောပြီးတော့ နင့် ဟိုတယ် ငါ ပြန်ပို့လိုက်တာပဲ မဟုတ်လား၊ ဒီတော့ ဆက်ဒရစ်က "ဟယ် ဇာတ်လမ်းက တိုးလိုးတန်း လန်းကြီးပါလား"လို့ ပြောတယ်။ မချိုကလည်း တစ်ခုခု ပြော မယ်လုပ်တုန်း ငါလည်း စိတ်ထွက်ထွက်နဲ့ ပြောလိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



စကား ပြတ်သွားတယ်။ သွားခါနီးတော့ ၎င်းကို ပြောသွားသေးတယ်။ "နောက်တစ်ခါ ငါလာရင် နင် ကိုယ်တိုင်ချက်တဲ့ ထမင်းဟင်း စားချင်တယ်၊ ဆိုင်က ဟာတွေ မစားချင်ဘူး"တဲ့။ ငါကလည်း ပြောလိုက်ပါတယ်။ "နင်လာရင် ကြာကြာနေပေါ့၊ နှစ်ရက် သုံးရက်နဲ့ ပြန်ပြေးတော့ ငါက နင့်ကို ဘယ်လိုက်ရှာပြီး ဘာကို ချက်ကျွေးရမှာလဲ"လို့ ပြောလိုက်မိတယ်။ ဒီတော့ သူက "အေး ဟုတ်တယ်။ ငါက နင့်လို့ အားနေတာကိုး" ဆိုပြီး ငေါ့သွားသေးတယ်။

"ဒီလို ဒီလို"လို့ ပြောရင်း အယ်မာက စကားဖြတ်လိုက်တယ်။ "မိုးတွင်းတုန်းက လီလီ လာတော့ ငါတို့ နင့်အိမ်မှာ ဆုံကြတာ မှတ်မိလား" လို့ ပြောရင်း ငါ့ကို လှမ်းကြည့်တယ်။ မချိုကပဲ "မှတ်မိတယ်၊ ဘာဖြစ်လို့လဲ"လို့ မေးတယ်။ ဒီတော့ အယ်မာက "လီလီက သူနဲ့ သူတို့လင်မယားနဲ့ လန်ဒန်မှာ ဆုံကြတာ ပြောတယ် မဟုတ်လား" ပြီးတော့ လီလီက "သူက တော့ အရင်အတိုင်းပဲ၊ ပြောင်းလဲပုံ မရဘူး၊ သူ့မိန်းမကတော့ သူ့ကို နားလည်ပုံရတယ်။ ငါကတော့ သူ့မိန်းမကို ချီးကျူးတယ်၊ ခင်လည်း ခင်တယ်"လို့ ပြောတယ်။ အဲဒီတုန်းက ငါကပဲ "ဟုတ်တယ်၊ သူ ပြောင်းလဲ မလာတာတော့ သူ့အမြစ်ပဲလို့ ပြောလိုက်တယ် လေ" အဲဒီနောက်တော့ သူ့အကြောင်း တစ်ယောက် တစ်ပေါက် ပြောကြတယ်လေ။ အဲဒီတုန်းက မယ်ရလင်ကတောင် ဒီလို ဝင်ပြော လိုက်သေးတယ်လေ။ He's always subjective but acknowledges the difference လို့ ပြောသေးတယ် မဟုတ်လား။ အဲဒါတွေကို လီလီက ဒီက ပြန်သွားတော့ သူ့ကို ပြန်ပြောတာ ဖြစ်မယ်။ အဲဒါ တွေကို ရည်ရွယ်ပြီး သူ ပြောတာ နေမှာ"လို့ ပြောတယ်။ ပြီးတော့ သူကပဲ ဆက်ပြော သေးတယ်။

www.burmeseclassic.com



"အဲဒီညက ထမင်းစားရာက ပြန်တော့ ငါ့ဆီ ဖုန်းဆက်တယ်၊ စုတာနဲ့ ငါ့ကို ပြောတယ်၊ နင်တို့အစနေနဲ့ ငါ့ကို ပြောင်းလဲလာစေချင်တာ၊ နင်တို့ မြင်ချင်ကြည့်ချင်တဲ့ပုံ ဖြစ်စေချင်လို့ပဲ မဟုတ်လားတဲ့၊ နင်တို့ ဆန္ဒရှိတဲ့အတိုင်း ဖြစ်စေ ချင်လို့ မဟုတ်လားတဲ့၊ ငါလည်း အစတော့ သူ ဘာပြောမှန်းမသိဘူး၊ နောက်တော့မှ သဘောပေါက်တယ်၊ တစ်နာရီလောက် ကြာအောင် ဖုန်းပြောတယ်၊ နောက်ဆုံးတော့ ငါ ပြောင်းလဲခဲ့တယ် ဆိုရင်တောင် နင်တို့ သိစရာမလိုဘူး၊ နင်တို့ အလုပ် မဟုတ်ဘူးတဲ့၊ ငါလည်း အသာပဲ၊ အေးပါ အေးပါ၊ လုပ်လိုက်ရတယ်"လို့ အယ်မာက ပြောတယ်၊ ဒီမှာ ငါ တစ်ခု ပြောပါရစေဟယ်၊ နင် ပြောင်းလဲတာ မပြောင်းလဲတာ ငါတို့ အလုပ် မဟုတ်ပါဘူး၊ လီလီလာတုန်းက ကိုတစ်တွေ ပြောကြတာ စကားစပ်မိလို့ ပြောကြတာပါ။ လီလီက နင့်မိန်းမဟာ နင့်ကို သိမ်နားလည်တဲ့ အကြောင်း ပြောတယ်၊ "ကိုတစ်တွေဟာ လူမမာ ကို ဆရာဝန်လက်ထဲ အပ်လိုက်ရသလိုပဲ၊ ငါတော့ စိတ်ချမ်းသာတယ်။ ကိုမှ ဘာမှ မလုပ် တတ်ပဲကိုး၊ ဆရာဝန်ကတော့ လူမမာ အခြေအနေကို သိတယ် မဟုတ်လား"တဲ့၊ ဟုတ်တယ်လေ၊ နင့်ကို အနှစ်သုံးဆယ်ကျော် ပေါင်းသင်းနေနိုင်တဲ့ မိန်းမကိုမှ မချီးကျူးရင်၊ ကို ဘယ်သူ့ကို ချီးကျူးရမလဲ၊

ငါ တစ်ခု ပြောမယ်၊ နင်က မဟုတ်တာ မလုပ်ဘူး၊ ဒါပေမယ့် လုပ်ချင်ရာသာ လုပ်နေတာ၊ ငါ့အမြင်မှာတော့ လုပ်ချင်ရာ လျှောက်လုပ်နေတာ က မဟုတ်တာ လုပ်တာထက် ဆိုးလိမ့်မယ်၊ မဟုတ်တာလုပ်တာက မြင်ပေးလို့ ရတယ်၊ လုပ်ချင်ရာ လုပ်နေတာက တားလို့ မလွယ်ဘူး၊ မြင်ပေးလို့ လည်း မဖြစ်ဘူး၊ ဒါက ငါ့အမြင်၊ ငါ မှားချင်လည်း မှားလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဒီလို လုပ်ချင်ရာ လုပ်နေတဲ့ လူတစ်ယောက်ကို နားလည်ဖို့ဆိုတာ မလွယ်ဘူး။ ငါလည်း နင့်ကို နားလည်အောင်ကြိုးစားခဲ့ဖူးတာပဲ။ နားလည်တယ်လို့လည်း ထင်မိ ခဲ့ဖူးတာပဲ။ တကယ်တော့ နင့်ကို ငါ တစ်ခါကမှ နားမလည်ခဲ့ဖူးဘူး။ နင့်မှာ ခံစားချက် မရှိဘူး၊ မလွမ်းတတ်ဘူးဆိုတာ ဟုတ်တယ်။ ဒါပေမယ့် တို့ ငယ်ငယ်က နင်ဟာ ရေကန်စောင်ပေါ်မှာ ကန်ရေပြင်ကို နှစ်နာရီ သုံးနာရီလောက် ကြာအောင် ငြိမ်ငြိမ်ကြည့်နေတတ်တာ ငါ မှတ်မိ နေတယ်။ ဒါ တစ်ခုခု ခံစားနေတာပဲ မဟုတ်ဘူးလား။ ဆောင်းအကုန်မှာ ရေကန်ထဲအသိုက် ပြောင်းလာကြတဲ့ ဘဲတစ်အုပ်ကို နင် မျှော်နေတတ်တယ်၊ လွမ်းနေတတ်တယ်။ လာချိန်တန် မလာရင် နင်မှုတယ်။ နွေဘက်ကူးတဲ့အခါ တဖြည်းဖြည်း ပျောက်သွားတဲ့မြောက်ဘက်က လေအေးတွေ အတွက် နင် ဝမ်းနည်းနေတတ်တယ် မဟုတ်ဘူးလား။ ညီညီ ပြောဖူးတယ်။ ဆောင်းကုန်တော့မယ်ဆိုရင် ကိုကိုဟာ ညဉ့်နက်သန်းခေါင် အခန်းပြတင်းပေါက်ဖွင့်ပြီး အပြင်ဘက်က အမှောင်ထဲကို ငေးရင်းညီလေးလေအေးတွေ ပြန်ကြတော့မယ်လို့ ပြောလေ့ရှိတယ်တဲ့။ ပိတောက်ပန်းတွေ ပွင့်လာတဲ့အခါ နင် သိပ်မုန်းတာပဲ မဟုတ်လား။ ဒီအကြောင်းတွေ ငါလည်း သိတယ်၊ လီလီယံလည်းသိတယ်၊ ဒီတော့ နင့်ကို မလွမ်းတတ်ဘူး၊ မခံစားတတ်ဘူးလို့ဘယ်လိုပြောရမလဲ။ နင် ပြောသလို သိတာနဲ့ နားလည်တာတခြားစီပဲလို့ပဲ ပြောရတော့မယ် ထင်တယ်။

ခု နင်ရေးလိုက်တဲ့ ဝတ္ထုနဲ့ ပတ်သက်လို့ ငါ တစ်ခုပြောစမ်း ပါရစေဟယ်။ နင် နင့်နဲ့ ငါ တွေ့ကြတဲ့အကြောင်းကိုနင်က တကယ့်ဘဝထဲ က ထုတ်ပြီး စာလုံးတွေနဲ့ ပြန်ဖင်း

www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက် ပြလိုက်တယ်။ ဒီဖန်တီးမှုဟာ တကယ်ဖြစ်ပျက်ခဲ့တာ ဆိုပေမယ့် စာလုံးတွေအထဲက ဖန်တီးမှုဟာ တကယ်မဟုတ်ဘူး။ ဒါဟာ တကယ့်ဘဝအတွက် အစားထိုးပေးလိုက်တာ တစ်ခု ဖြစ်သွားတယ် မဟုတ်လား။ စာဖတ်တဲ့သူတွေတတော့ ဒီလို ဖန်တီးပြီး အစားထိုးပေးလိုက်တာဟာ တကယ်ပဲ၊ တကယ်လိုပဲ။ ငါတို့ရဲ့ တကယ့်ဘဝဟာ အဲဒီအစားထိုးထားတာလောက် မမှန်ဘူးလို့တောင် ဖြစ်နေတယ် မဟုတ်ဘူးလား၊ ဒီတော့လည်း တခြားလူတွေ မပြောနဲ့ မချိုတို့လို၊ ဆက်ဒရစ်တို့ လို၊ ကိုယ့်လူတွေကတောင် တစ်မျိုးထင်တယ်။ ဟိုတယ်ရောက်တော့ နင်က ကားပေါ်က မဆင်းခင် ငါ့ကားထဲက ဒီဒီ နားထောင်ချင်လို့ တောင်းတာနဲ့ ငါက ထုတ်ပြီး ပေးလိုက်တယ်လို့ ပြောပြတာ တောင် သူတို့က ဖြုံကြတယ်၊ ငါကတော့ ဘာမှ ရှင်းပြမနေတော့ဘူး။ ဒါပေမယ့် နင့်ကို စိတ်ဆိုး မိတာတော့ အမှန်ပဲ။ ဒါပေမယ့်တယ် ရှည်ရှည် ဝေးဝေး တွေးကြည့်ရင် နင့်ကို စိတ်ဆိုးနေရတာ ဟာ ငါ့ကိုယ်ငါ စိတ်ဆိုးနေရသလိုပဲ။ ဒါကြောင့် လဲ ငါ နင်နဲ့ ပတ်သက်လို့ ဒေါသမထွက်မိအောင် စိတ်မဆိုးမိအောင် ကြိုးစားနေပါတယ်။

ဒါပါပဲဟယ်။ နင့်မိန်းမနဲ့ သမီးတွေကို သတိရကြောင်း ပြောပြလိုက်ပါ။

လိုရီနာ

P.S. ငါ Celica SX ဝယ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## မလှမ်းနိုင်ဘူးတဲ့ဈာတို့

တံတားထိပ် ကားဆိပ်က ဆရာဝန်ကလေး ကို၊ ဆရာဝန်ကြီးခေါ်တဲ့သူကခေါ်၊ ဆရာဝန် ကလေး ခေါ်တဲ့သူကခေါ်။ ခုထိ ဘယ်သူကမှ ဆရာဝန်ကလေးနာမည် တိတိကျကျ မသိသေးဘူး။ ဒီကြောင်းလာခါစကတော့ ဆေးခန်းအဝမှာ လက်တစ်ဝါးသာသာလောက်ရှိတဲ့ ဆိုင်းဘုတ် ကလေး ချိတ်ထားတာတွေ့ကြရဖူးတယ်။ အဲဒီ ဆိုင်းဘုတ်ကလေးကလည်း ဆေးကခပ်ပြယ်ပြယ်ရယ်။ နောက်တော့ အဲဒီဆိုင်းဘုတ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တောင် မတွေ့ရတော့ဘူး။" ဟိုတုန်းက ဆိုင်းဘုတ်.ကလေး ဖတ်ထားလိုက်ရတဲ့ တချို့ကတော့ ဆရာဝန်ကလေးနာမည်က အောင်သစ်လွင် ဆိုသလား၊ တချို့ကတော့ မောင်သစ်လွင် ဆိုသလားတဲ့။ တစ်ယောက် နှစ်ယောက်ကတော့ ထူးထူးခြားခြား အောင်ချစ်ခင်လို့တောင် ပြောကြတယ်။ ဆရာဝန်ကလေး ဆေးခန်းနဲ့ ဓားလွယ်ခုတ်က အာ့စိန်ကြီးဆိုင်ဘေးမှာ။ ထန်းရည်လိုင်စင်စီ လုပ်တဲ့ ငထိုက်ကြီးတို့၊ ကြည်ဝင်းတို့က "လူတွေက သောက် အလုပ်ကို ရှုပ်တယ်။ ဆရာဝန်၊ ဆရာဝန် ပေါ့။ တံတားထိပ် ကားဆိပ်က ဆရာဝန်ဆို လူတိုင်း သိနေကြတဲ့ ဥစ္စာ၊ ဘာလို့ နာမည်တွေ ဘာတွေ သိချင်နေရတာတုန်း"လို့ ပြောရာက ခုတော့ ဆရာဝန်ကလေးဟာ တံတားထိပ်၊ ကားဆိပ်က ဆရာဝန်ကလေးလို့ တွင်နေတယ်။ လူတိုင်းလည်း သိတယ်။ မသိလို့လည်း မဖြစ်ဘူး။ ဒီနားမှာ ဆရာဝန်ဆိုလို့ သူပဲရှိတာ။

ဆရာဝန်ကလေး နာမည်သာ မသိကြတာ မဟုတ်ဘူး။ ဆရာဝန်ကလေးရဲ့ ဇာတိမြစ်လည်း မသိကြဘူး။ အရင်ကဆို တချို့က ဆရာဝန် အစစ်တောင် ဟုတ်ရဲ့လားလို့ တွေးကြတယ်။ လူပုံပန်းကြည့်လိုက်တော့ ဆရာဝန်နဲ့ မတူတာ အမှန်ပဲ။ ဆရာဝန်ကလေးက ချောင်းရဲ့ ဟိုဖက်ထိပ် နှုတ်ခမ်းပေါ်မှာ ဆောက်ထားတဲ့ ရဲဘော်ဖြူ လူထွက် အောင်ရင့်အိမ်တစ်လုံးမှာ ငှားနေတယ်။ စားတော့ မသောင်းထမင်းဆိုင်တို့၊ အာ့စိန်ကြီး ဆိုင်တို့မှာ စားတယ်။ အမှန်မှာတော့ အောင်မင်လာ ကျောင်းကို ကျောင်းထိုင်ဖို့ ကြွလာ တဲ့ ဘုန်းကြီးလေး ဦးပညာသာမိ ခေါ်လာတာနဲ့ ပါလာတာဆိုပဲ။ မန္တလေးမှာ ဘုန်းကြီးလေးနဲ့ တွေ့တော့ "တောဘက်သွားမြို့ ဆေးခန်းလေး၊

www.burmeseclassic.com

www.burmeseclassic.com



ဘာလေးဖွင့်ချင်တယ်" ပြောလို့ "တောသူ တောင်သားစစ်စစ် တွေနဲ့ တွေ့ချင် လိုက်ခဲ့လေ" လို့ ပြောပြီး ဘုန်းကြီးလေးက ခေါ်လာတာတဲ့။ ဘုန်းကြီးလေးနဲ့ ဆရာဝန်ကလေးတို့ ဒီကို ရောက်တဲ့နေ့ကိုတော့ အာစိန်ကြီး မမေ့ဘူး။ မမေ့ဆို အဲဒီ နေ့က ဘုန်းကြီးလေးတို့ စီးလာတဲ့ ဂျီးနှစ်ကောင်တဲဆိပ်နဲ့ မင် လာမောင်နှံ အဝေးပြေး ကားက ကားဆိပ်မှာ ရပ်တုန်း ရှပ်ကိုး သွားတာ။ ဘုန်းကြီးလေးတို့လည်း ဘယ်လို ခနီးဆက်ကြ ရမယ်မှန်း မသိကြဘူး။ ဒီတော့ အာစိန်ကြီးကပဲ သူ့ဆိုင်ထဲပင် ပြီး ဘုန်းကြီးလေးကို ကရင်ဆောင်ဒါ ကပ်တယ်။ ဒီလိုနဲ့ ဘုန်း ကြီးလေးနဲ့ရော၊ ဆရာဝန်ကလေးနဲ့ပါ မိတ်ဖြစ်သွားတာပေါ့။

အာစိန်ကြီးက သနားတတ်တယ်။ ကူညီ တတ်တယ်။ ဒီတော့လည်း ဒီအနီးအနားမှာ အာစိန်အကြောင်း မသိတဲ့လူ ရှားတယ်။ ကျွတ်မှာ၊ လေထိုးလုပ်နေတဲ့ ကာဆင်ဘိုင်ရဲ့ မိန်းမ ကားပေယ်ယာတစ်ယောက်နဲ့ လိုက်ပြေးတုန်းက များဆို အာစိန်ကြီး ရှိပေလို့ပဲ။ ကာဆင်ဘိုင်က မယားထိ - မားကြည် ဆိုတဲ့ လူမျိုးမဟုတ်ဘူး။ အင်မတန် ပျော့တာ။ ဒီတော့ ဆိုင်ရောင် မဖွင့် နိုင်တော့ဘဲ တန့်နဲ့ဖြစ်နေတော့တာ။ သူ့အ မေ အဲစမ်အင်မောင်ခင် ကိုယ်တိုင် မြစ်ဟိုဘက်ကမ်းက လာပြီး သူ့သားကို ဖျောင်းဖျပေတဲ့ မရဘူး။ အာစိန်ကြီးကတော့ သူ့ဆိုင် လုပ်ငန်းတာနဲ့ ကာဆင့် ကို သွားသွားပြီး ချော့ရှာတယ်။ နောက်တော့ မြို့ပေါ်မှာ သူ မာရောင် သွားကစားတဲ့နေရာ တွေ ဘာတွေကိုတောင် ခေါ်သွားတယ်။ အာစိန်ကြီး အပြော တော့ အဲဒီမှာ အနှိပ်သည်ကောင်းကောင်း ရှိတယ်တဲ့။ ကာဆင်ဘိုင်က လုပ်မီးစိတ်နွမ်းဖြစ်နေ တော့ အပုကလေး ဘာလေး ထုတ်ပစ်နိုင်းရတယ် ဆိုပဲ။ လိုင်းပြောင်းပေးရတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပဲ။ အဲဒီ နောက်တော့ သူ့ဗိုက်ခွေတစ်ယောက် သွေးသား ထဲက မခွဲဆိုတဲ့ တရုတ်ကပြားမကလေးနဲ့ စပ်ပေး လိုက်လို့ ခုဆို ကာဆင်နဲ့ မရွှေပေါင်းနေတာ ကလေးတောင် နှစ်ယောက် ရပြီ။

အာစိန်ကြီးက အဲဒီလို အရပ်စကားနဲ့ ပြောရရင်တော့ သူက လူတွေပျော်တာကို ကြည့်ချင်တယ်၊ ဒီတော့လည်း သူ့ တတ်နိုင်တာ ကူတယ်။ ဆရာဝန်ကလေး တံတားထိပ် ကားဆိပ်မှာ ဆေးခန်းဖွင့်ဖြစ်တာကလည်း သူ့အစီအမံပဲ။ တံတားထိပ်က ကင်းတဲ့အဆောင်းကို မြင်ဆောက်ပြီး ဆေးခန်း လုပ်ပစ်တာ။ ဒါတင်မကဘူး။ ဆရာဝန်ကလေး ကူဖော် လောင်ဖက်ရအောင် ချောင်းဟိုဘက်က ဝမ်းဆွဲဆရာမ မြညွန့် တို့တောင် ခေါ်ပေးသေးတယ်၊ ခုဆို မြညွန့်က တစ်ပတ် သုံးရက် ဒီမှာ လာအလုပ်လုပ်တယ်၊ မြညွန့်ကပဲ ပြောလို့ ဆရာဝန်ကလေးကို သူသတိထားမိတာ ရှိတယ်။ ဆရာဝန်က လေးက ဒီမှာ ပျော်ပုံမရသလိုပဲ။ တစ်ခါကတော့ အာစိန်ကြီး က တည့်တည့်ပဲ မေးကြည့်ဖူးတယ်။

"ဒေါက်တာလေး၊ ဒီမှာပျော်ရဲ့လား"

"ပျော်ပါသော်ကောရှာ။ ကျွပ်နေချင်တာ လည်း ဒီလို နေရာမျိုးပဲ၊ နေပါဦး၊ ဘာလို့ မေးတာ တုန်း"လို့ ဆရာဝန် ကလေးက ပြန်မေးတယ်။ ဒီတော့လည်း အာစိန်က "ဘာရယ် မဟုတ်ပါဘူး" လို့ ပြောပြီး လျှော့ချလိုက်ရတယ်။ သို့ပေတဲ့ သူ့ဖာသာ သူတော့ သိဝ်ဘဝင်မကျဘူး၊ မကျဆို သူ သတိ ထားမိနေတာ တစ်ခုရှိတယ်။ တစ်ခါ တလေ ဆရာဝန် ကလေးက ဆေးခန်း စောစော ပိတ်ပြီး ချောင်းအထက်ဘက် က တွေ့နားမှာ သွားထိုင်ပြီး ရေမရှိတဲ့ ချောင်းကို ငေးငေးတတ်

www.burmeseclassic.com



တာကိုး၊ အဲဒီလို သွားမယ့် နေ့မျိုးဆို အာစိန်ဆီမှာ ခေါ်ဒါပုလင်းတစ်လုံးစာ ရမ်ခြောက်ပက်နဲ့၊ အခေါက်အသား တစ်ကျပ်ဖိုးဖြစ်ဖြစ်၊ တစ်ကျပ်ခွဲတန် ကုန်းဘောင်ကြီးကြော်ဖြစ်ဖြစ် ဝယ်တတ်တယ်။ ပြီးတော့ မိုးကြီးစုတ်စုတ်ချုပ်တဲ့အထိ အဲဒီမှာ သွားပြီး သူ့ဟာသာ ထိုင်နေတတ်တယ်။ အဲဒီလို နေ့မျိုးဆိုရင် အာစိန်ကြီးက ကြော်ရင်းလှော်ရင်း သူ့မီးဖိုချောင် ပြတင်းပေါက်က လှမ်းလှမ်းပြီး ကြည့်တတ်တယ်။ သူ့ဆိုင်က ကမူထိပ်မှာဆိုတော့ ဆရာဝန်ကလေး ထိုင်နေတဲ့ ချောင်းကွေ့ထိပ်က မကျည်းပင်ကို အသေအချာ တွေ့ရတာကိုး၊ ဒီတော့ အာစိန်ကြီးခမျာ စိတ်မချမ်းမသာ ဖြစ်ရ ပြန်တယ်။ ဆရာဝန်ကလေး ဖျင်းများနေသလားလို့ စောင်းပါးရိပ်ခြည် မေးကြည့်ပေတဲ့လည်း ဆရာဝန်ကလေးက မဖျင်းဘူးလို့ဆိုတော့ အာစိန်ကြီးမှာ အကြပ်တွေ့ရပြန်တယ်။

တစ်နေ့တော့ မြို့က ကထိန်က ပြန်လာတဲ့ ဘုန်းကြီး ဦးပညာသာမိကို ကားဆိပ်မှာတွေ့လို့ အာစိန်ကြီးက သူ့ဆိုင်ကို ပင့်လာတယ်။ ဆိုင်ရဲ့ နောက်ဘက် အဓိဋ္ဌာန်ထားတဲ့နေရာကို ပင့်လာ ပြီး ဖရွှတိုကာပ်ရင်း လျှောက်တယ်၊

“ကိုယ်တော့် ဆရာဝန်ကလေး ကြည့်ရတာ ဒီမှာ မပျော်ဘူးထင်တယ်။”

ဒီတော့ ဘုန်းကြီးလေးက အံ့အားသင့်သွား ပုံရတယ်။ “ဘာလို့တုန်း၊ အာစိန်ကြီး။ ကျုပ်နဲ့ မကြာမကြာ တွေ့နေသားပဲ။ ကျောင်းဆီ တောင် သွားလာနေသေးတာပဲ။ ကျုပ်ကိုတော့ ဘာမျှ မပြောဘူး။ သူ ဒီမှာ သဘောကျတဲ့ အကြောင်းပဲပြောတယ်”လို့ ပြန်မေးတယ်။ ဒီတော့ အာစိန်က ဆရာဝန်ကလေးတစ်ယောက်တည်း ချောင်းကွေ့

www.burmeseclassic.com



ထိပ်မှာ သွားထိုင်နေတတ်တဲ့ အကြောင်း၊ သူကိုယ်တွေ့မြင်ရတာကို ပြောပြတယ်။ ဒီတော့ ဘုန်းကြီးလေးက "ကိုင်း၊ ဒီလိုမြင့် ဆရာဝန် ကလေးကို အားရင် ဒီကိုလာခဲ့ပါဦးလို့ ခေါ်ခိုင်းချည်။ ကျုပ် မေးကြည့်ပေးမယ်။ ခင်ဗျားလည်း စိတ်ရှင်းသွားအောင်ပေါ့"လို့ ပြောတယ်။ ဆရာဝန် ကလေး ရောက်လာတော့ ဘုန်းကြီးလေးက စကားတွေ၊ ဘာတွေ သိပ်ပလွှင်ခံမနေဘဲ၊ တဲ့တိုးပဲ မေးလိုက်တယ်။ "ဒကာကြီး၊ ဒီမှာ ပျော်ရဲ့လား"

ဒီတော့ ဆရာဝန်ကလေးက အံ့အား သင့်တဲ့ မျက်နှာနဲ့ ဘုန်းကြီးလေးကို ကြည့်ရင်း ဖြေလိုက်တယ်။

"ပျော်ပါတယ် ဘုရား၊ ဘာလို့တုန်း"လို့ ပြန်မေးတယ်။

"ပေါက်ဖော်ကြီးက ခင်ဗျား ချောင်းတွေ့ ထိပ်မှာ တစ်ယောက်တည်း သွားသွားထိုင်နေတာ တွေ့လို့ တစ်ခုခုများ လားလို့" ပြောပြီး ပြုံးရင်း "ဒကာကြီးမှာ လွမ်းစရာများ ရှိနေသလား"လို့ မေးလိုက်တယ်။

ဒီတော့ ဆရာဝန်ကလေးက ပြုံးပြီး ပြန်ဖြေတယ်။

"တပည့်တော်မှာ လွမ်းစရာ မရှိဘူး ဘုရား ၊ အဲဒါ တပည့်တော် ပြဿနာပဲ။ တပည့်တော် လွမ်းချင်နေတာ။ တပည့်တော်မှာ လွမ်းစရာ မရှိဘူး ဖြစ်နေတယ်"

ဒီတော့ ဘုန်းကြီးလေးရော၊ အာ့စိန်ကြီး ရော ဘာပြန်ပြောကြရမှန်း မသိဘူး။ အဲဒီတုန်း ဘုန်းကြီးလေး အတွက် ကားကြုံရပြီလို့ လာပြော တာနဲ့ စကား ပြတ်သွားကြတယ်။ ဘုန်းကြီးလေး ကတော့ ကြွခါနီးမှာ ခုလို ပြောတယ်။

"ဘုန်းကြီးကတော့ လွမ်းတဲ့ကိစ္စ မသိဘူး။ လွမ်းချင်တဲ့ ကိစ္စလည်း နားမလည်ဘူး။ ဒီတော့ အာ့စိန်ကြီး၊ ဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



ကလေး လွမ်းလောက်အောင် ခင်ဗျားက စိတ်ဝင်ပေးလိုက်ပေါ့လို့ ရယ်စရာ ပြောလိုက်တယ်။ ဆရာဝန်ကလေးက ရယ်တယ်။ အာစိန်ကြီးကတော့ မရယ်နိုင်ရှာဘူး။ လွမ်းတယ် ဆိုတာ သူကမှ မသိဘဲကိုး။ ဒီတော့ သူ့အတွက် ပြဿနာတစ်ခု တိုးတော့တာပဲ။ ဒီကိစ္စ မာဂျောင် ကစားလည်း သူ့ခေါင်းထဲက မထွက်ဘူး။ တောက်တောက်ကြော် ကြော်လည်း သူ့ခေါင်းထဲက မထွက်ဘူး။ တစ်နေ့တော့ နေ့ခင်းဘက် ဆိုင်မှာ လူပါးလို့ အာစိန်တစ်ယောက် ဆိုင်နောက်ဘက်မှာ စီးကရက် ထိုင် သောက်နေတုန်း၊ သူ့ဆိုင်ဘေးက ထန်းရည်လိုင်စင်စီ ဝထိုက်ကြီးတစ်ယောက် ဆိုင် နောက်ဖေးဘက် ဝင်လာတယ်။ သူက လာနေကျ။

ဒါကတော့ နည်းနည်း ရှင်းပြရလိမ့်မယ်။ ဝထိုက်ကြီးတို့က ထန်းရည်လိုင်စင်စီတို့ ထုံးစံ အတိုင်း ဆန်ဆေးရေရော လှေ့ရှိတယ်။ ဒါပေတဲ့ အာစိန်က ဆန်ဆေးရေ ရောတာထက် ကောင်းတဲ့နည်း ဝထိုက်ကြီးတို့ကို ပေးလိုက်တယ်။ အဲဒါက ပဲစိမ်တဲ့ရေထဲ သစ်ကျိုးအခေါက်ကလေးထည့်၊ ချက်အရက်နဲ့ သကာရည်နည်းနည်းကို ရေနွေးနွေး ကလေးထဲ ထည့်ပြီး ထန်းရည်နဲ့ ရောတာပဲ။ သေသွားတဲ့ သူ့ဦးလေးနည်းတူ သူ့ဦးလေးကလည်း ထန်းရည်လိုင်စင်စီပဲကိုး။ ဝထိုက်ကြီးတို့လည်း အဲဒီရောနည်းကလေးရတာတည်းက အတော် တန်ကျလာတယ်။ အာစိန်က ပဲတီပင်ပေါက် ဖောက်ဖို့ ပဲရေစိမ်တော့၊ ခုဆို နေ့ခင်းတိုင်း ဝထိုက်ကြီးက အဲဒီပဲစိမ်တဲ့ရေ လာယူလေ့ရှိတယ်။ အဲဒီနေ့တော့ နောက်ဖေးမှာ တစ်ယောက်တည်း ထိုင်ပြီး စီးကရက်သောက်နေတဲ့ အာစိန်ကြီးကို တွေ့တော့ ဝထိုက်ကြီးက ခဏထိုင်ပြီး စကားပြောတယ်။ အဲဒီတုန်း

www.burmeseclassic.com

www.burmeseclassic.com



ဘာ့စိန်က ထောက်ကို လှမ်းတဲ့အကြောင်း မေးမိတယ်။

"ထောက်၊ လှမ်းအောင် ဘယ်လိုလုပ်ရ သတုန်းကွ။ မင်းမှာ နည်းရှိလား"

ထောက်ကြီးက အတော် အံ့အားသင့်သွားပုံ ရတယ်။ "ကျုပ်က ဘယ်လိုလုပ် လှမ်းတတ်မှာတုန်း၊ လှမ်းနည်းရှိမှာတုန်း"လို့ ပြောတယ်။ ပြီးမှ "နေဦး ဗျ၊ ခင်ဗျား မောင်မှုတို့ မေးရင် သိမလားပဲ၊ ဒီ အကောင်က တစ်ခါတစ်ခါ ကျွန်ဆိုင်မှာ သောက်တဲ့အခါ အမှိန်ကလေးရရင် ငိုတတ်သဗျ။ အဲဒါ လှမ်းလို့ ငိုတာ နေမှာ"လို့ ပြောတယ်။

ဘယ် မောင်မှုတုန်း"

"သူကြီးတူ မောင်မှုလေဗျာ၊ နှစ်လုံးပြူး ကြီးနဲ့ ယုန်လိုက်လေ့ရှိတဲ့ မောင်မှုတို့၊ မောင်တာတို့ လေဗျာ။"

ဒီတော့ ဘာ့စိန်ကြီး လမ်းစတစ်ခု တွေ့သွားတယ်။ တစ်နေ့လောက်တော့ ဆရာဝန် ကလေးနဲ့ မောင်မှုတို့၊ မောင်တာတို့နဲ့တွေ့ပြီး စကားစမြည်ကလေး ဘာလေး ပြောနိုင်ရင် ကောင်းမှာပဲ၊ ဆရာဝန်ကလေးသည် မောင်မှုဆီ က လှမ်းနည်းလေး ဘာလေး ရနိုင်တယ်လို့ တွေးလိုက်မိတယ်။ အတော်ပဲ နောက်အပတ်ထဲ ကျရင် တရုတ်နှစ်သစ်ကူးမို့ ဆိုင်သုံးရက်ပိတ်မယ်။ တစ်ရက်ကတော့ ထုံးစံအတိုင်း မြို့တက်ပြီး မာကျောင် ကစားရမယ်။ ကျန်တဲ့နှစ်ရက်ထဲက တစ်ရက်မှာ ဆရာဝန်ကလေးနဲ့ မောင်မှုတို့နဲ့ စကားစမြည် ပြောဖြစ်အောင် သူကပဲ အိတ်စိုက် ထမင်းကျွေး၊ အရက်တိုက်မယ်။ နှစ်သစ်ကူးလည်း နှစ်သစ်ကူးအတွက်ပေါ့။ ဒီတော့ လူကြုံနဲ့ မောင်မှုနဲ့ မောင်တာကို တံတားထိပ်က ပေါက်ဖော်ကြီးက နှစ်သစ်ကူးအတွက် ထမင်းကျွေး၊ အရက် တိုက်မှာမို့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့ ဘယ်ရက်လာခဲ့ပါလို့ သတင်း ပေးလိုက်တယ်။ ဆရာဝန်ကလေးကိုလည်း ပြောထားလိုက်တယ်။ အဲဒီနေ့ကျတော့ ကာဆင်ဘိုင့်ညီ မာမက် ရောက်နေတာနဲ့ တိုးလို့ အာ့စိန်ကြီးက စကားဝိုင်းကို ခေါ်လာတယ်။ ကောင်လေးက ဆယ်တန်းမြေမှာဆိုတော့ မွန်ရည်တယ်။

အဲဒီညနေမှာ ဆရာဝန်ကလေး သွားထိုင် တတ်တဲ့ မကျည်းပင်ကြီးအောက်မှာ လူစုကြတယ်။ အာ့စိန်က ရမ်တစ်လုံး၊ အမြည်းတစ်လုံး ယူလာရုံတင် မကဘူး၊ ဘာဘာညာညာ ချက်ပြုတ်လာသေးတာ၊ အစတော့ ဟိုဟိုဒီဒီ ပြောကြတာပေါ့လေ။ နောက် အမှိန်အတော်ကလေး ရလာတော့၊ အာ့စိန်ကြီးကပဲ စပြီး ပြောတယ်။

"မောင်မှူး တို့ ဒေါက်တာကလေးက လွမ်းချင်နေသတဲ့၊ လွမ်းစရာ မရှိဘူးတဲ့။ မင်းကတော့ မူးလာတိုင်း ငိုတတ်တော့ မင်းမှာ လွမ်းစရာရှိမယ် ငါထင်တယ်။ ငါတို့ကို ပြောစမ်းပါဦးဟ။ ဘယ်လို လွမ်းရတယ်ဆိုတာ"

မောင်မှူက အာ့စိန်ကြီး ပြောတာ နားထောင် နေရာက ဆရာဝန်ကလေးကို လှမ်းကြည့်တယ်။ အာ့စိန်ကြီး ပြောနေတုန်း ရမ် မော့နေတဲ့ မောင်တာကတော့ စကားလည်း ဆုံးရော နှီးခနဲ အသံထွက်ပြီး ရယ်လိုက်တာ သီးများတောင် သွားတယ်။ မောင်မှူက မောင်တာ့ ကို တစ်ချက် လှည့်ကြည့် လိုက်ပေတဲ့ ဘာမှ ပြန် မပြောဘူး။ ပြီးတော့မှ ဆရာဝန်ကလေးကို ကြည့်ရင်း ပြောတယ်။

"ဆရာရယ်၊ လူမှန်ရင် လွမ်းစရာတော့ ရှိရ မှာပေါ့ဗျ။ လွမ်းစရာ မရှိဘူးရယ်လို့ . . . မဟုတ်က ဟုတ်ကာဗျ"

"တကယ်ပြောတာဗျ"လို့ ဆရာဝန်ကလေးက ပြန် ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး၊ ဆရာသမားရယ်။ ဘာမှ လွမ်းစရာမရှိတောင်၊ အဖေ အမေတော့ လွမ်းစရာ ရှိမှာပေါ့"

"ကျုပ် အဖေ အမေက ကျုပ်ငယ်ငယ် ကတည်းက မော်တော်နစ်လို့ ဆုံးသွားကြတယ်။ ကျုပ် မြင်တောင် မမြင်ဖူးဘူးဗျာ"

"ဟောဗျာ၊ ဆရာသမားလည်း ကျုပ်လိုပါ ပဲလား။ ကျုပ်လည်း ငယ်ငယ်ကတည်းက မိဘမဲ့။ ဒေါ်ကြီးက မွေးစားထားတာ။ သားသမီးရင်းလိုပဲ။ ခု ဒေါ်ကြီးဆုံးသွားတော့ ဦးကြီးသူကြီးမင်းက ဆက်ပြီး ကျွေးမွေးထားတာ။ ဒါတင်မကဘူး၊ သူ မရှိတဲ့အခါ ဆက်ခံဖို့တောင် စီစဉ်ပေးထား သေးတယ်"

"ကျုပ်လည်း ဒီလိုပဲ"လို့ ပြောရင်း၊ ဆရာဝန်ကလေးက ရမ်နည်းနည်းမော့လိုက်တယ်။ ပြီးမှ စကားကို ဆက်လိုက်ပြန်တယ်။ "ကျုပ်က ကြီးတော်ကြီးရော၊ ဦးကြီးပါ မရှိတော့ဘူး။ သူတို့ ကောင်းမှုကြောင့် ကျုပ်ဆရာဝန် ဖြစ်လာရတာပဲ"

"အဲဒါ လွမ်းစရာပဲပေါ့ ဆရာသမားရယ်။ ကျုပ်တော့ ကျုပ်မမြင်ဘူးလိုက်တဲ့ အဖေ၊ အမေ လည်း လွမ်းသဗျာ။ ဒေါ်ကြီးလည်း လွမ်းမိသဗျာ။ ဟီး ...။ ဟီး ...။" ပြောရင်းနဲ့ မောင်မှုငိုပါလေရော။ မောင်မှုအနားက၊ အာ့စိန်ကြီးလည်း ဘာလုပ်ရမှန်းမသိဘူး ဖြစ်သွားရှာတယ်။ အခါ ကျော်ရဲ့ ရှိသေးတယ်၊ ဖြုန်းဆို မိုးရွာချလိုက်သလိုကိုး။ ဆရာဝန်ကလေးကတော့ အားနာသွားပုံရတယ်။ ဘာမှတော့ မပြောဘူး။ မောင်တာကြီး ကတော့ ခေါင်းငုံ့ပြီး အမြည်းနှိုက်လိုက်တယ်။ မာမက်ခမျာမှာတော့ စကားဝိုင်းထဲမှာ သူက အငယ်ဆုံးဆိုတော့ ဘာပြောရမှန်းမသိဘူး ဖြစ်နေရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အာ့စိန်ကြီးက မောင်မှုကို အသာ ပုခုံး ပုတ်ရင်း ဖက်ထားလိုက်တယ်။ မောင်မှုကပဲ ငိုကြီး ချက်မနဲ့ ဆက်ပြောပြန်တယ်။

"လူဆိုတာ လွှမ်းစရာ ရှိကြတာချည်းပေါ့ ဗျာ။ လွှမ်းတဲ့နည်းရယ်လို့တော့ ဘယ်ရှိမှာတုန်း။ ဒါပေတဲ့ သူ့ဖာသူ ဖြစ်လာတာပဲ၊ လွှမ်းစရာ မရှိဘူးရယ်တော့ ဘယ်ဟုတ်မလဲ၊ လွှမ်းစရာ မရှိလည်း ရွာထိပ်က ညောင်ပင်ကြီးကိုပဲဖြစ်ဖြစ် လှမ်းပြီး လွှမ်းလို့ ဖြစ်နေသားပဲဟာ၊ ဟီး . . . ဟီး။"

မောင်မှုက ဆက်ငိုပြန်ရော။ 'အာ့စိန်ကြီး တောင်မျက်စိမျက်နှာ ပျက်လာတယ်။ မောင်မှု ပုခုံးကို အသာပုတ်ရင်း၊ "ဟုတ်တာပေါ့ကွာ၊ ဟုတ်တာပေါ့"လို့ ပြောရင်း အာ့စိန်ကြီးလည်း မျက်ရည်တွေ ကျလာတယ်။ ဒီတော့ မောင်တာနဲ့ ဆရာဝန်ကလေးက တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိတယ်။ ဆရာဝန်ကလေးက ပြုံးပြ တော့၊ မောင်တာကလည်း ပြန်ပြီး ပြုံးပြလိုက်တယ်၊ ပြီးမှ မောင်တာက အာ့စိန်ကြီးကို မေးလိုက်တယ်။

"ပေါက်ဖော်ကြီး၊ ခင်ဗျားက ဘာလို့ မျက်ရည်ကျရတာတုန်း"

အာ့စိန်ကြီးက မျက်ရည်သုတ်ရင်း ပြန်ပြောတယ်၊

"ဘယ်သိမလဲကွ။ ငါလည်း ငိုချင်လာတာပေါ့။ မောင်မှု ဒီလောက် လွှမ်းနေမှတော့ ငါလည်း လွှမ်းသွားတာပေါ့။ မောင်မှုပြောသလို၊ လွှမ်းတာ သူ့ဖာသူ ဖြစ်လာတာပေါ့၊ မဟုတ်လား မောင်မှု"

မောင်မှုကတော့ ဝါးစပ်က ပြန်မဖြေနိုင်ဘူး။ [illegible] နဲ့သာ ငိုနေတော့တယ်၊ ဆရာဝန်ကလေး ကတော့ အာ့စိန်ကြီး ယူလာတဲ့ ဘဲကင်ထဲက လည်ချောင်းရိုးကို [illegible]ပါလက်ပါနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုက်နေလေရဲ့။ မောင်တာကြီးကတော့ သူ့ထုံးစံအတိုင်း ရယ်ကျဲကျဲ လုပ်နေတယ်။ ဒီတော့ ဘာလုပ်ရမှန်း မသိတဲ့ မာမက်က ထိုင်ရာက မတ်တတ်ရပ်ပြီး "ကျွန်တော် ပြန်တော့မယ်ဗျာ"လို့ ပြောပြီး၊ ချောင်းရိုးအတိုင်း လျှောက်သွားတယ်။ အဲဒီတုန်း ပေါက်ပေါက်ရှာရှာ တွေးတတ်တဲ့ မောင်တာကြီးက မာမက်ကို လှမ်းပြောတယ်။

"ဟကောင်လေး၊ မင်းဖြေမယ့် စာမေးပွဲမှာ လွှမ်းတယ် ဆိုတာကို ရှင်းလင်းပြပါဆို နင်ဘယ်လို ဖြေမှာတုန်း"

မာမက်ခမျာ ခြေလှမ်းတွေ တုံ့သွားတယ်။ ဟုတ်ပါရဲ့။ လွှမ်းတာကို ရှင်းပြပါဆို ဘယ်လို ရှင်းပြရမှာတုန်း။ ဒီတစ်ပုဒ်တည်းနဲ့ ငါတော့ စာမေးပွဲကျရချေရဲ့လို့ တွေးလိုက်မိတယ်။ ပြီးတော့မှ ဟာ . . . ဟုတ်သေးပါဘူးလို့ တွေးလိုက်မိပြန်တယ်။ တော်ပါသေးရဲ့။ ကျောင်းမှာ လွှမ်းတဲ့အကြောင်း မသင်ပေလို့ပဲ။ သင်များသင်ရင် ဒုက္ခပဲလို့ တွေးရင်း၊ ရေမရှိတဲ့ ချောင်းကို လှမ်းကြည့်လိုက်မိတယ်။ ချောင်းဆိုတာ ရေတော့ ရှိမှပေါ့။ ခု ရေမရှိပေတဲ့ လူတွေဟာ ချောင်းကို ဘာလို့ ချောင်းလို့ ခေါ်နေကြသေးတာ တုန်းလို့ ဆက်တွေးရင်း မာမက်ခမျာ သင်ရိုးမရှိတဲ့ ဘဝရဲ့အကြောင်း၊ တောင်အကြောင်း မြောက် အကြောင်း စဉ်းစားရင်းနဲ့ တံတားထိပ် ကားဆိပ်ဘက်ကို လျှောက်လာမိတော့တယ်။

မြင့်သန်း

www.burmeseclassic.com